
လူ့လောကသို့
ဘေးဒုက္ခပေါင်းစုံ
ယူဆောင်ခဲ့သော
ဒါဝင်ဝါဒ
ဟာရွန် ယဟ်ယာ

بسم الله الرحمن الرحيم

# THE DISASTERS DARWINISM BROUGHT TO HUMANITY

# လူ့လောကသို့ ဒုက္ခဆင်းရဲပေါင်းစုံ ယူဆောင်ခဲ့သော ဒါဝင်ဝါဒ

ဟာရွန် ယဟ်ယာ

# စာရေးသူအကြောင်း

## ABOUT THE AUTHOR



ဤစာအုပ်ကို **ဟာရွန်ယဟ်ယာ**ဟူသော ကလောင်အမည်ဖြင့်ရေးသားသူ စာရေးဆရာကြီးသည်၊ တူရကီနိုင်ငံ အန်ကာရာမြို့၌ ၁၉၅၆ခုနှစ်တွင် မွေးဖွားခဲ့၍၊ အန်ကာရာမြို့တွင်ပင် အထက်တန်း ကျောင်းပညာ သင်ယူခဲ့လေသည်။ အစ္စတန်ဘူလ်မြို့ရှိ မီမာရ်ဆီနန်တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာ ရပ်ကို ဆက်လက်ဆည်းပူးကာ ဝိဇ္ဇာဘွဲ့နှင့်မဟာဝိဇ္ဇာဘွဲ့ကိုဆွတ်ခူးခဲ့လေသည်။ ထိုနောက် အစ္စတန် ဘူလ်တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ဆွတ်ခူးခဲ့လေသည်။ ၁၉၈၀ခုနှစ်မှစ၍ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ သိပ္ပံဘာသာရပ်နှင့် ယုံကြည်ချက်ဆိုင်ရာအရေး များနှင့်ပတ်သက်သည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပေသည်။ အီဗိုလူးရှင်းခေါ်တစ်စတစ်စ ဆင့်ကဲပြောင်းလဲဖြစ်ပေါ်ခြင်းအတွေးအခေါ်ဝါဒီများ၏အယောင်ဆောင်လိမ်လည်မှုနှင့် ၎င်းတို့ ၏ အခိုင်အမာအဆိုပြုချက်များသည် ကျိုးကြောင်းဆီလျော်မှုမရှိကြောင်းအပြင်၊ ဒါဝင်ဝါဒနှင့် တကွ ကမ္ဘာပေါ်တွင် သွေးချောင်းစီးစေခဲ့သည့် ဖက်ဆစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့ကို နောက် ကွယ်မှနေ၍ ဆက်စပ်ပေးနေသူတို့အကြောင်းကို စာအုပ်ပေါင်း များစွာရေးသား၍ ဖေါ်ထုတ်ခဲ့ လေသည်။

သူ၏ကလောင်အမည်သည် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သူတို့အား အတိုက်အခံလုပ်ရာ၌ ကျော်ကြားခဲ့ကြသော တမန်တော်နှစ်ပါးဖြစ်သည့် ဟာရွန်(အာရွန်)နှင့် ယဟ်ယာ (ယောဟန်)တို့၏အမည်နှစ်ခုကို ပေါင်းစပ်ထားသောအမည်ဖြစ်ပေသည်။ ဤစာအုပ်၏မျက်နှာဖုံးများတွင်ပါသည့် တမန်တော်မြတ်၏တံဆိပ်သည် စာအုပ်အတွင်းရှိအကြောင်းအချက်များနှင့် ဆက်စပ်လျက် ရှိနေပါသည်။ နောက်ဆုံးကျမ်းတော်မြတ်ဖြစ်သောကုရ်အာန်ကျမ်းတော်မြတ်နှင့် နောက်ဆုံးတမန်တော်မြတ်ဖြစ်သည့်မိုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟေ့ဝဆလ္လမ်)တို့ကိုကိုယ်စားပြုထားခြင်းဖြစ်သည်။ ဘုရားမဲ့ဝါဒတို့၏အခြေခံရေသောက်မြစ်အချက်အလက်များကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဆွန္နတ်(တမန်တော်မြတ်၏ဩဝါဒကျင့်စဉ်)များ၏သွန်သင်ချက်ပါ သက်သေအထောက်အထားများဖြင့်ချေပပယ်ဖျက်ပစ်၍ ဘာသာအယူဝါဒများကို တားမြစ်စွပ်စွဲသောအသံများအား တိတ်ဆိတ်သွားစေပါသည်။ ပညာ့အလင်းကိုရရှိ၍ ပကတိပြည့်စုံကောင်းမွန်သောအကျင့်သိက္ခာနှင့် ကိုယ်ကျင့်တရားများဖြင့်ပြည့်စုံသည့် နောက်ဆုံးတမန်တော်မြတ်၏တံဆိပ်တော်ကိုအသုံးပြု၍ တမန်တော်မြတ်အလိုတော်ရှိခဲ့သည့်အတိုင်း ထိုဘုရားမဲ့ဝါဒီတို့၏အသံကို တိတ်ဆိတ်သွားစေခြင်း ဖြစ်ပါသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာပေများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်၏သတင်းမှာကြားချက်များကို ပို့သပေး၍၊ စာဖတ်သူတို့ကို ယုံကြည်ချက်နှင့်သက်ဆိုင်သည့် အခြေခံအချက်အလက်များကို စဉ်းစားဆင်ခြင်သုံးသပ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းနှင့် ထိုအရှင်မြတ်သည် တစ်ပါးတည်းသောအရှင်မြတ် ဖြစ်တော်မူကြောင်းကို သိရှိကြ၍၊ ဖေါက်ပြန်သောဘာသာတရားမဲ့အတွေးအခေါ်များ၏ ကျိုးကြောင်းခိုင်လုံမှုမရှိသည့် အခြေခံများကို ဖေါ်ထုတ်ပြသရန်သာ အဓိကပန်းတိုင် ဖြစ်ပေသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာအုပ်များကို အိန္ဒိယနိုင်ငံမှအမေရိကန်နိုင်ငံအထိ၊ အင်္ဂလန် နိုင်ငံမှအင်ဒိုနီးရှားနိုင်ငံအထိ၊ ပိုလန်နိုင်ငံမှဘော့စနီးယားနိုင်ငံအထိ၊ စပိန်နိုင်ငံမှ ဘရာဇီးလ်နိုင်ငံအထိ၊ စသဖြင့် ကမ္ဘာအနှံ့အပြားမှ စာဖတ်ပရိသတ်တို့ ဖတ်ရှုကြပါသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အီတလီ၊ ပေါ်တူဂီ၊ အူရဒူ၊ အာရဗီ၊ အလ်ဘေးနီးယန်း၊ ရုရှား၊ ဆာဘို– ခရိုအက်၊ ပိုလန်၊ မလေး၊ အွီဂုရ်၊ တူရကီနှင့် အင်ဒိုနီးရှားဘာသာစကားများဖြင့် ပြန်ဆိုထား သည်ကိုလည်း ဖတ်ရှုနိုင်ပါသည်။

ဟာရွန်ယဟ်ယာ၏ စာအုပ်များသည်၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ စာဖတ်သူပရိသတ်၏ ကြိုက်နှစ်သက်ခြင်းရှိသည့်အပြင်၊ အမြောက်အမြားသောပုဂ္ဂိုလ်တို့ကို အစ္စလာမ်သာသနာသို့ ပြန် လည်ရောက်ရှိလာစေ၍ သူတို့၏ အီမာန်ယုံကြည်ချက်ကိုလည်း ပိုမိုခိုင်မာစေရာတွင် အရေးပါလှပေသည်။ သူ၏စာသားများသည် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံ၍ ရှင်းလင်းပြတ်သားသည့်အပြင်၊ နားလည်သဘောပေါက်လွယ်သော ရေးနည်းရေးဟန်များဖြစ်ကာ၊ ဖတ်ရှုသူ၏အသိတရားကို လွယ်ကူစွာပွင့်လင်းစေပါသည်။ ဤစာအုပ်တွင်ရေးသားထားသောအချက်များသည်၊ ရုပ်ဝါဒအတွေးအခေါ်များကို လျင်မြန်ထိရောက်စွာချေပထားခြင်းများဖြင့် စီကုံးထားသောကြောင့်၊ ဤစာအုပ်များကို အလေးအနက်ထားသူတို့သည်လည်း ဘုရားမဲ့ဝါဒနှင့်အတူ အခြားဖေါက်ပြန်သောအတွေးအခေါ်များကို ဆက်လက်ထောက်ခံကြတော့မည်မဟုတ်ပေ။ အကယ်၍ ဆက်လက်ထောက်ခံနေကြသေးသော်လည်း၊ တမင်သက်သက်ပေကပ် နေခြင်းသာဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤစာအုပ်များသည် ထိုကဲ့သို့သောအတွေးအခေါ်များကို ၎င်းတို့၏အခြေခံရာအုတ်မြစ်များမှစတင်၍ လှန်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့လက်ရှိအချိန်တွင် အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်သောလှုပ်ရှားမှုများအားလုံးသည်၊ ဟာရွန်ယဟ်ယာ၏စာအုပ်များကြောင့် အတွေးအခေါ်အရ စစ်ရေးရှုံးနိမ့်သွားကြပြီး ဖြစ်သည်။

ယင်းရလဒ်များသည် ကုရ်အာန်ကျမ်းတော်မြတ်ရှိဉာဏ်အလင်းနှင့် ယင်း၏ရှင်းလင်းပြတ်သားမှုများကြောင့်ဖြစ်သည်မှာ ယုံမှားသံသယမရှိနိုင်တော့ပေ။ စာရေးသူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းမှန်ကို အများလူသားများရှာဖွေစူးစမ်းရာတွင် အထောက်အကူဖြစ်စေရန် ရိုးသားသော စေတနာအရင်းခံရည်ရွယ်ချက်ထားရှိပါသည်။ ဤစာအုပ်များကို ရေးသားထုတ်ဝေသောလုပ်ငန်းတွင် မည်သည့်ရုပ်ဝတ္ထုအမြတ်အစွန်းကိုမျှ မျှော်ကိုးခြင်းအလျင်းမရှိပါ။

ဤစာအုပ်များကို အခြားသူများဖတ်ရှုရန် အားပေးကူညီရင်း၊ ၎င်းတို့ကို အလ္လာဟ်အရှင်မြတ်၏ သစ္စာရှိသောကျေးကျွန်များဖြစ်လာအောင် သူတို့၏စိတ်နှလုံးသားများကို ဖွင့်ပေး၍ အလ္လာဟ်အရှင်မြတ်၏လမ်းစဉ်သို့ ခေါ်ဆောင်သွားနိုင်သူတို့သည် တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးကျယ်သော အကျိုးဆောင်သူများပင်ဖြစ်ပေသည်။

ယခုအချိန်တွင် လူများ၏စိတ်ကို ဇဝေဇဝါရှုပ်ထွေးစေ၍၊ သူတို့၏စိတ်ထဲရှိ ဒွိဟသံသယဖြစ်နေခြင်းများကိုထိရောက်စွာ ရှင်းလင်းစေနိုင်ခြင်းမရှိသည့်အပြင် ခိုင်လုံသောသက်သေသာဓကများ မရှိသည့် ရှုပ်ထွေးသောအတွေးအခေါ်ဆီသို့ ဦးဆောင်သွားနိုင်မည့်စာအုပ်များကို ဖြန့်ဝေခြင်းသည် အလဟဿအချိန်ဖြုန်းနေခြင်းသာလျှင်ဖြစ်နေပါလိမ့်မည်။ လူအများအား အီမန်ယုံကြည်မှုပျောက်ကွယ်နေခြင်းမှ ကယ်တင်လိုသည့်မွန်မြတ်သောရည်ရွယ်ချက်ထက်၊ စာရေးသူ၏စာပေအစွမ်းကိုပြရန်ကိုသာ အဓိကထားသည့်စာအုပ်များသည် ထိရောက်မှုမရှိနိုင်ပေ။ ဤအချက်ကို သံသယဖြစ်သူတိုင်းသည်ဟာရွန်ယဟ်ယာ၏စာအုပ်တွင် အီမန်ယုံကြည်မှုကင်းမဲ့ခြင်းကို ချိုးနှိမ်ကျော်လွှား၍ ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားချက်ကျင့်စဉ်တန်ဖိုးများကိုသာ အဓိကထားဖြန့်ဖြူးသည်ကိုကြည့်၍ စိတ်ရှင်းသွားနိုင်ပါသည်။ ဤအကျိုးဆောင်ချက်၏ အောင်မြင်မှုသည် စာဖတ်သူတို့၏ ခံယူချက်အပေါ်တွင် သရုပ်သကန်ပေါ်လွင်လာမည်သာဖြစ်၏။

ယနေ့ကမ္ဘာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှု၊ သဘောထားကွဲလွဲမှုကြောင့်ရင်ဆိုင်တိုက်ခိုက်ပဋိပက္ခ ဖြစ်နေကြခြင်းနှင့်အတူ လူအများကြုံတွေ့နေကြရသည့် အခြားဒုက္ခဆင်းရဲခြင်းအပေါင်းတို့သည်၊ အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ငြင်းပယ်သည့် အတွေးအခေါ်များလွှမ်းမိုးမှုကြောင့် ဖြစ်သည်ကို အရေးကြီးဆုံးအချက်အဖြစ် မှတ်သားထားရန်လိုအပ်ပါသည်။ ထိုဒုက္ခပင်လယ်မှ လွတ်မြောက်နိုင်ရန်မှာ အလ္လာဟ်အရှင်မြတ်၏ အံ့ဖွယ်မခန်းသော ဖန်းဆင်းခြင်းကို သတိတရားရရှိကြပြီး ထိုအရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် သင်ကြားပို့ချထားသော ကျင့်ဝတ်တရားဒေသနာတော်များကို ဖြန့်ချိခြင်းဖြင့် မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ကို ဆုံး

ခန်းတိုင် ချေဖျက်ပစ်ရန်လိုအပ်ပေသည်။ လက်ရှိကမ္ဘာ့အခြေအနေကို ကြည့်လိုက်ပါက၊ အကြမ်းဖက်ခြင်းမျိုးစုံနှင့် ဖေါက်ပြန်မှုပဋိပက္ခအမျိုးမျိုးသို့သာလျှင် ရှေ့ရှုဦးတည်လျက် ရှိနေသဖြင့်၊ အချိန်မနှောင်းမီ အလ္လာဟ်အရှင်မြတ်၏ဒေသနာတော်ကို ထိရောက်စွာနှင့် လျင်မြန်စွာ ပို့ချဖြန့်ဝေရန် လိုအပ်နေကြောင်း ထင်ရှားနေပေသည်။

ယင်းကြိုးပမ်းချက်တွင်၊ ဟာရွန်ယဟ်ယာရေးသားသော စာအုပ်များသည် ရှေ့တန်းမှ ပါဝင်လျက်ရှိပေသည်။ အင်ရှာအလ္လာဟ် (အလ္လာဟ်အရှင်မြတ်အလိုတော်ရှိပါက)၊ နှစ်ဆယ့်တစ်ရာစုနှစ်ရှိ ကမ္ဘာ့သူကမ္ဘာ့သားများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် ကတိကဝတ်ပြုထားသည့်အတိုင်း ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် သာယာပျော်ရွှင်မှုများကို ရရှိအောင် ပေးဆောင်ရာတွင် ဤစာအုပ်များမှတစ်ဆင့် ရရှိသော အသိတရားများက တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နိုင်ပါလိမ့်မည်။

# စာဖတ်သူသို့
# TO THE READER

အီဗိုလူးရှင်းသီအိုရီ ပျက်သုဉ်းသွားခြင်းအကြောင်းကို ဤစာအုပ်၌ အထူးအခန်းတစ်ခန်းအဖြစ် ဖော်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤသီအိုရီသည်၊ ဘုရားမဲ့ဝါဒနှင့် ဘာသာအယူဝါဒကို ဆန့်ကျင်သည့်အတွေးအခေါ်များအားလုံး၏အခြေခံသဘောတရားများ ပါရှိသောကြောင့် ဖြစ်ပါသည်။ ဒါဝင်ဝါဒက ဖန်ဆင်းခြင်းယုံကြည်ချက်ကို ငြင်းပယ်လိုက်ခြင်းဖြင့်၊ အလ္လာဟ်အရှင်မြတ်ရှိခြင်းကိုလည်း ငြင်းပယ်ရာရောက်သောကြောင့်၊ လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀ကျော်အတွင်း လူအမြောက်အမြားအား သူတို့၏ဘာသာအယူဝါဒယုံကြည်ချက်များကို စွန့်လွှတ်သွားစေခဲ့ခြင်း ဒွိဟသံသယဖြစ်စေခြင်းများ ပြုခဲ့ပေသည်။ ထို့ကြောင့် ၎င်းသီအိုရီအတွေးအခေါ်သည် လိမ်လည်လှည့်စားခြင်းသာလျှင်ဖြစ်ကြောင်းကို လူအများသိရှိသဘောပေါက်ရှင်းလင်းအောင်တင်ပြရန်မှာ မလုပ်မနေရတာဝန် ဖြစ်ပေသည်။ စာဖတ်ပရိသတ်အချို့သည် ကျွန်ုပ်တို့၏စာအုပ်အချို့ကိုသာ ဖတ်မိကြမည်ဖြစ်သောကြောင့်၊ ထိုသီအိုရီအကြောင်းကို အကျဉ်းချုပ်၍ ဖော်ပြသင့်သည်ဟု ယူဆပါသည်။

စာရေးသူရေးသားခဲ့သော စာအုပ်အားလုံးတွင်၊ ဘာသာရေးယုံကြည်မှုနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်အာယတ်တော်များဖြင့်ရှင်းပြ၍၊ စာဖတ်သူကို အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားသွန်သင်ချက်များကို လေ့လာမှတ်သားကာ ထိုသွန်သင်ချက်များအတိုင်း နေထိုင်ရန် ဖိတ်ခေါ်ထားပေသည်။ အလ္လာဟ်အရှင်မြတ်၏အာယတ်တော်များနှင့်ပတ်သက်သောအကြောင်းရပ်များကိုရှင်းပြရာ၌ စာဖတ်သူ၏စိတ်တွင် ဒွိဟသံသယကင်းရှင်း၍ နောက်ထပ်မေးခွန်းများထုတ်ရန်မရှိနိုင်အောင် ရှင်းလင်းတင်ပြထားပေသည်။ စာရေးသူ၏ စိတ်ရင်းစေတနာမှန် အရင်းခံသော ရေးနည်းရေးဟန်နှင့် လွယ်ကူရှင်းလင်းသောအသုံးအနှုန်းများသည် စာဖတ်သူလူကြီးလူငယ်အရွယ်တိုင်းနှင့် လူမှုရေးအုပ်စုတိုင်းက လွယ်ကူစွာနားလည်သဘောပေါက်နိုင်ပါသည်။ ထိရောက်၍ ရှင်းလင်းသောစာသားများကြောင့် တစ်ထိုင်တည်းတွင် အပြီးဖတ်ရှုနိုင်ပေသည်။ ဘာသာအယူဝါဒများကို ပြင်းထန်စွာငြင်းပယ်သူတို့ပင်လျှင်၊ ဤစာအုပ်ပါ မှန်ကန်သည့် ရှင်းလင်းချက်နှင့် ကိုးကားချက်များကို ငြင်းဆန်၍ မရနိုင်ကြချေ။

ဤစာအုပ်နှင့်အတူ စာရေးသူ၏ ကျန်စာအုပ်အားလုံးတို့ကို တစ်ဦးချင်းဖတ်ခြင်းသို့မဟုတ် အုပ်စုလိုက် ဆွေးနွေးခြင်းပြုနိုင်ပါသည်။ စာရေးသူ၏စာအုပ်များမှ အကျိုးကျေးဇူးရရှိလိုသူတို့အတွက် အုပ်စုဖွဲ့၍ဆွေးနွေးရန်အလွန်သင့်လျော်ပါသည်။ ထိုသို့ပြုခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး၏ အမြင်နှင့်အတွေ့အကြုံများကို နှီးနှောဖလှယ်နိုင်မည်ဖြစ်၏။

ထို့အပြင်၊ ဤစာအုပ်ကို ရေးသားခြင်းသည် အလ္လာဟ်အရှင်မြတ်၏နှစ်သက်ခြင်းကို ရယူရန်ကိုသာ ရည်ရွယ်သောကြောင့်၊ ဖတ်ရှုခြင်းနှင့်ပုံနှိပ်ထုတ်ဝေခြင်းသည် ကြီးကျယ်သောအစ္စလာမ့်အကျိုးဆောင်ခြင်းပင်ဖြစ်ပေသည်။ ဤစာရေးဆရာ၏စာအုပ်များသည် ဖတ်ကောင်းရုံမက ယုံကြည်ထိုက်သောစာအုပ်များဖြစ်ပါသည်။ ထို့ကြောင့်၊ မှန်ကန်သော ဘာသာအယူဝါဒအတွက် အခြားသူများကို ဆက်သွယ်ရာ၌ ဤစာအုပ်များကို ဖတ်ရှုရန်တိုက်တွန်းခြင်းသည် အကောင်း ဆုံးသော နည်းလမ်းဖြစ်ပါသည်။

ဤစာရေးသူ၏စာအုပ်များတွင်၊ စာရေးသူ၏ပုဂ္ဂလိကအမြင်များ၊ ဒွိဟသံသယဖြစ်ဖွယ်သော ကိုးကားချက်များဖြင့်ရှင်းလင်းတင်ပြခြင်း၊ ရှိသေလေးစားထိုက်သောမွန်မြတ်သည့်အရာများနှင့် ယုံကြည်ချက်များကို ထိပါးသည့်အသုံးအနှုန်းများ၊ စာဖတ်သူ၏စိတ်ကို ရှုပ်ထွေးစေမည့် ဝေဖန်သုံးသပ်ချက်များ ကင်းရှင်းပါသည်။

# ဘာသာပြန်သူ၏အမှာ
## Foreword from the Translator

ကျွန်ုပ်သည် ဘာသာရေးကိုင်းရှိုင်းသော နှစ်ခြင်းခရစ်ယာန်သာသနာဝင် အိမ်ထောင်စုတွင် မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်ပါသည်။ ငယ်စဉ်ကတည်းကစ၍ တနင်္ဂနွေနေ့တိုင်း ကလေးသူငယ်များအား ခရစ်တော်၏ ဒေသနာတော်နှင့်သမ္မာကျမ်းသင်ခန်းစာများကို ကျွန်ုပ်၏ရွာမှ အတန်ဝေးကွာသောမြို့ရှိ ဘုရားရှိခိုးကျောင်းတွင် မှန်မှန်တက်ရောက်ဆည်းပူးခဲ့ပါသည်။ ဓမ္မဆရာများက သုံးဆူသည် တစ်ဆူတည်းဖြစ်ကြောင်း သင်ကြားရာတွင် ကျွန်ုပ်သဘောပေါက်အောင် မည်သူကမျှရှင်းလင်းပြနိုင်ခြင်းမရှိခဲ့ကြပါ။ အလယ်တန်းကျောင်းသားဘဝ ၁၅ နှစ်သားအရွယ်တွင် မွတ်စလင်မ်ဒိုင်ဂျက်နှင့် အစ္စလာမစ်ရီဗြူးမဂ္ဂဇင်းများအပြင် ကမ္ဘာ့အလင်းစာစောင်ကိုဖတ်ရှုခွင့်ရရှိခဲ့ရာမှစ၍၊ အစ္စလာမ်သာသနာသည် ဖန်ဆင်းရှင်နှင့်ပတ်သက်၍ အရှင်းလင်းဆုံးသင်ကြားသောသာသနာအဖြစ် လက်ခံသဘောပေါက်သဖြင့်၊ ၁၉၅၅ ခုနှစ်ဦးပိုင်းတွင် “တောဝ်ဟီဒ်”ခေါ် တစ်ပါးတည်းသောဖန်ဆင်းရှင်ကိုသာလျှင် ကိုးကွယ်ဆည်းကပ်သော အစ္စလာမ်သာသနာကို တွေ့ရှိလက်ခံ၍ အသက် ၁၆ နှစ်တွင် ကာလီမာရှဟာဒတ် ဖတ်ခဲ့ပါသည်။

ထိုခေတ်ကာလတွင် နောင်အနာဂတ်နိုင်ငံရေးလောကသို့ ခြေလှမ်းကြမည့် ကျောင်းသားများသည် ပြင်ဆင်ရေးအဖြစ် အထက်တန်းအဆင့်မှစ၍ တက္ကသိုလ်ကျောင်းသားဘဝအထိ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများတွင် ပါဝင်ကြသည်။ နိုင်ငံရေးကိုပိုမို၍စိတ်ဝင်စားသည့်ကျောင်းသားများသည်လည်း အထူးသဖြင့် နိုင်ငံရေးသိပ္ပံ၊ ဒဿနိကဗေဒနှင့် မနုဿဗေဒဘာသာရပ်များကို ရွေးချယ်ဆည်းပူးကြပေသည်။ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီ၊ အမျိုးသားဆိုရှယ်လစ်ဝါဒ၊ ပြင်သစ်စက်မှုတော်လှန်ရေးအကြောင်း၊ မားက္စ်၊ အင်ဂျဲလ်၊ လီနင်၊ ထရော့စ်ကီ၊ စတာလင်နှင့်မော်စီတုံးတို့အကြောင်းတွေကိုလည်း နှောကြေကြပေသည်။ ယုတ္တိဗေဒနည်းဖြင့် ကျိုးကြောင်းဆင်ခြင်၍ အဖြေရှာသောရုပ်ဝါဒဟုအဓိပ္ပါယ်ရသော ဒိုင်အာလက်တစ်(အနုပဋိလောမ)ရုပ်ဝါဒ (dialectic materialism) အတွေးအခေါ်ကိုလည်း ထက်အောက်တွင်းပြင် မွှေနှောက်ကျက် မှတ်ထားကြပေသည်။ ထိုခေတ်တွင် အင်အားအကြီးဆုံးတောတွင်းတော်လှန်ရေးအဖွဲ့ဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)သို့ ဝင်၍တောခိုခဲ့ကြသောကျောင်းသားများသည်လည်း ထိုကျောင်းသားများပင်ဖြစ်သည်။ မြန်မာမွတ်စလင်မ်တို့ဖွဲ့စည်းသည့် ပသီကောင်စီအဖွဲ့ဝင်တို့ပင်လျှင် ဗကပနှင့်ဆက်သွယ်၍ မြေပေါ်မြေအောက်နိုင်ငံရေးလှုပ်ရှားကြပေသည်။ နောင်တွင်မော်စီတုံး၏ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်သင်တန်းတက်ခဲ့သူတို့သည် ဗကပဌာနချုပ်သို့ ပြန်လည်ရောက်ရှိလာသောအခါ၊ အစွန်းရောက်အောင် လက်ရဲဇက်ရဲသတ်ဖြတ်ခဲ့ကြလေသည်။ မိမိတို့၏အတွေးအခေါ်ဝါဒနှင့် အနည်းငယ်ကွဲလွဲသူတို့ကို၊ မိမိ၏မွေးမိခင်ဖခင်ပင်ဖြစ်စေ၊ လည်လှီး၍ ထိုလည်ချောင်းသွေးဖြင့် ခြေဆေးခဲ့ကြသည်။ (အသေးစိတ်သခင်သန်းထွန်း၏နောက်ဆုံးနေ့များတွင်ဖတ်ပါ)။ ထိုကွန်မြူနစ်အဖွဲ့ဝင်တို့လည်း ဘာသာသာသနာကိုးကွယ်ဆည်းကပ်သည့်မိဘများမှ မွေးဖွားလာခဲ့ကြသူများဖြစ်ကြသော်လည်း အဘယ့်ကြောင့် ထိုမျှလောက်လူမဆန်အောင်ရက်စက်ကြမ်းကြုတ်ခဲ့ကြသည်ကို အံ့သြကြီးစွာဖြင့် သဘောမပေါက်နိုင်ခဲ့ပါ။ ဟာရွန်ယဟ်ယာ ရေးသားသော၍“လူ့လောကသို့ ဒုက္ခဆင်းရဲပေါင်းစုံယူဆောင်ခဲ့သောဒါဝင်ဝါဒ” စာအုပ်ကို ဖတ်ရှုမိသဖြင့် ထိုရက်စက်မှုများ၏နောက်ကွယ်ရှိအတွေးအခေါ်အင်အားစုကြီးနှင့်ပတ်သက်၍ ရှင်းလင်းစွာရှိ သိရပါသည်။

ထို့ကြောင့် မျိုးချစ်မြန်မာမွတ်စလင်မ်လူငယ်များသည်လည်း၊ မိမိတို့၏ မျိုးချစ်စိတ်ဓါတ်ထက်သန်မှုတစ်ခုတည်းကြောင့် မှားယွင်းသောနိုင်ငံရေးဝါဒနောက်သို့ မလိုက်မိကြစေရန်နှင့် ထိုနိုင်ငံရေးဝါဒတို့၏ ပင်ရင်းရေသောက်မြစ် ဘယ်မှာရှိသည် ဟူသောအချက်ကို သိရှိသဘောပေါက်ကြစေရန်၊ စေတနာကောင်းဖြင့် ဘာသာပြန်လိုက်ပါသည်။ ဤစာအုပ်သည် ဆရာကြီးဟာရွန်ယဟ်ယာ၏စာအုပ်များကို မြန်မာဘာသာဖြင့် ပြန်ဆိုသည့် တတိယမြောက်စာအုပ်ဖြစ်ပါသည်။

မိုဟမ္မဒ်အလီတန်ဂွန်း

အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင်
ရပ်တည်ရန် ရည်ရွယ်ချက်ဖြင့်
ကျွန်ုပ်၏ ချစ်လှစွာသော
ဇနီး၊ သားသမီးများ၊
ညီအစ်ကိုများနှင့်မိတ်သင်္ဂဟများကို
နှစ်ရှည်လများ ခွဲခွာခဲ့ခြင်းဂျီဟာဒ်တွင်
တစိတ်တဒေသ ဖြည့်တင်းပါစေဟု ရည်စူးလျက်
ဤစာအုပ်ကို ကုသိုလ်ဖြစ် မြန်မာဘာသာပြန်ဆိုပါသည်။

ဤမြန်မာဘာသာပြန် စာအုပ်ကို
မည်သူမဆို လွတ်လပ်စွာပုံနှိပ်ထုတ်ဝေရောင်းချဖြန့်ဖြူးခွင့် ပေးပါသည်။

အလီတန်ဂွန်း

၂၀၀၇–ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့
(၂၀၀၉–ခုနှစ် နိုဝင်ဘာလတွင် ထပ်မံစစ်ဆေးပြင်ဆင်သည်။)

# မာတိကာ


စာမျက်နှာ


| | |
|---|---|
| နိဒါန်း။ ၂၀ ရာစုနှစ်သို့ ဘေးဒုက္ခအပေါင်းကို ယူဆောင်လာခဲ့သူများ | ၁၁ |
| ဒါဝင်ဝါဒသမိုင်းအကျဉ်းချုပ် | ၁၅ |
| ဒါဝင်၏ လူမျိုးခွဲခြားရေးဝါဒနှင့် ကိုလိုနီစနစ်ဝါဒ | ၂၈ |
| ဒါဝင်ဝါဒနှင့် ဖက်စစ်ဝါဒအကြား ကြောက်မက်ဖွယ်သော မဟာမိတ် | ၅၆ |
| ဒါဝင်ဝါဒ – ကွန်မြူနစ်ရက်စက်မှု၏ ပင်ရင်း | ၉၄ |
| အရင်းရှင်စနစ်နှင့် စီးပွားရေးလောကတွင် အသက်ရှင်ရေးအတွက် တိုက်ခိုက်ကြရခြင်း | ၁၄၀ |
| ဒါဝင်ဝါဒယူဆောင်ခဲ့သော ကိုယ်ကျင့်တရားပျက်ပြားမှု | ၁၅၁ |
| နိဂုံး။ ဒါဝင်ဝါဒတည်းဟူသော ညှံ့တောကြီးကို ခြောက်သွေ့သွားအောင် ဖေါက်ထုတ်ပစ်ရမည် | ၁၅၈ |
| နောက်ဆက်တွဲ။ အီဗိုလူးရှင်းသီအိုရီ၏ မှားယွင်းသောခံယူချက် | ၁၆၁ |

# နိဒါန်း

## ၂၀ရာစုနှစ်သို့ ဘေးဒုက္ခအပေါင်းကို

## ယူဆောင်လာခဲ့သူများ



## နိဒါန်း

**ကျွန်ုပ်**တို့ မကြာသေးမီကကျော်လွန်ခဲ့သော နှစ်ဆယ်ရာစုနှစ်သည်၊ ဒုက္ခဆင်းရဲခြင်း နာကြည်းဖွယ်ကောင်းသည့် သေကျေပျက်စီးခြင်းနှင့်ပြည့်နက်စေသော စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း၊ ပဋိပက္ခဖြစ်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ ဆင်းရဲနွမ်းပါးမှုရှိခြင်း၊ ကြီးမားသည့် ပျက်စီးမှုများရှိခြင်း၊ စသည်တို့နှင့် ပြည့်နက်ခဲ့သော ရာစုနှစ်ဖြစ်၏။ လူပေါင်းသန်းပေါင်း မြောက်မြားစွာ အသက်ဆုံးရှုံးခဲ့ကြ၏။ သတ်ဖြတ်ခံခဲ့ကြရ၏။ အသက်သေဆုံးသွားသည်အထိ ငတ်မွတ်အောင်ပစ်ထားခြင်း ခံခဲ့ကြရ၏။ အမိုးအကာမရှိ၊ အိမ်မဲ့ယာမဲ့၊ အကာအကွယ်မဲ့ ပစ်ထားခြင်းခံကြရ၏။ ထိုသို့သော ရက်စက်ကြမ်းကြုတ်မှုများသည်လည်း ဝါဒရေးရာသွေဖြည်မှုကို အလုပ်အကျွေးပြုသည့်တစ်ခုတည်းသောအကြောင်းကြောင့်သာလျှင် ဖြစ်ပေသည်။ လူပေါင်းသန်းပေါင်းများစွာကို တိရစ္ဆာန်များပင် မခံစားထိုက်သည့် အဖြစ်သို့ ပို့ဆောင်ခဲ့ကြပေသည်။ အဖြစ်အပျက်တိုင်းတွင်လည်း စတာလင်၊ လီနင်၊ ထရော့စကီ၊ မော်၊ ပွန်ပွတ်၊ ဟစ်တလာ၊ မိုဆိုလိုနီ၊ ဖရန်ကို၊ ---စသည့် ရက်စက်ကြမ်းကြုတ်သောအာဏာရှင်များ၏လက်ချက် ပါဝင်လျက်ရှိ၏။ ထိုပုဂ္ဂိုလ်များအနက် အချို့သည် ဝါဒရေးရာတွင် တူညီကြ၍၊ အချို့မှာ သူသေငါသေ ရန်ဘက်များဖြစ်ကြလေသည်။ ထိုသို့ရန်ဘက်ဖြစ်နေကြခြင်းမှာ၊ တစ်ဦး၏ခံယူချက်ဝါဒသည် အခြားသူတစ်ဦး၏ဝါဒနှင့် ဆန့်ကျင်နေခြင်းကတစ်ခုတည်းသောအကြောင်းရင်းဖြစ်ပေသည်။ သူတို့အချင်းချင်းရန်ဘက်ပဋိပက္ခဖြစ်ရာတွင် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ဆွဲသွင်းကာ၊ ညီအစ်ကိုအချင်းချင်းကို သတ်ဖြတ်စေ၍ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်စေသည်။ အချင်းချင်း ဘုံးခွဲသတ်ဖြတ်စေသည်။ မော်တော်ကားများ၊ အိမ်ခြေအဆောက်အအုံများ၊ ဈေးဆိုင်များ စသည်တို့ကို ဖျက်ဆီးမီးရှို့စေ၍၊ အကြမ်းဖက်ဆန္ဒပြ ကြွေးကျော်စေကြသည်။ သူတို့၏လက်ထဲသို့ သေနတ်လက်နက်များကို ပေးအပ်၍၊ ခလေးလူကြီး မိန်းမယောက်ျား တွေ့သမျှတို့ကို ရိုက်ပုတ်ပစ်ခတ် သတ်ဖြတ်စေကြသည်။ မည်သူ့ကိုမဆို၊ ဦးခေါင်းကိုသေနတ်နှင့်တေ့ထား၍ မျက်စိကိုအတိုင်းသားကြည့်ကာ ပစ်သတ်သည်အထိ ရက်စက်ကြသည်။ သူတို့သတ်ဖြတ်လိုက်သောသားကောင်အလောင်း၏ ဦးခေါင်းကိုပင်ခြေနှင့် နင်းချေလိုက်ကြသေးသည်။ ထိုမျှလောက် ရက်စက်ရခြင်းအကြောင်းရင်းသည်လည်း ထိုသားကောင်မှာ အခြားဝါဒကို ထောက်ခံအားပေးသောကြောင့်သာ ဖြစ်ပေသည်။ လူတို့၏နေအိမ်မှ အတင်းမောင်းထုတ်ကြသည်။ မိန်းမ၊ ခလေးသူငယ် အိုမင်းမစွမ်းသူတို့ကိုလည်း ချန်ထားခြင်း မရှိပေ။

ဤကား ကျွန်ုပ်တို့ လောလောလတ်လတ်ကျော်လွန်ခဲ့သည့် ၂၀ ရာစုနှစ်အတွင်း အိပ်မက်ဆိုးကြီးပမာ၊ တစ်ခုနှင့်တစ်ခုဆန့်ကျင်သည့် အတွေးအခေါ်ဝါဒများကို အထောက်အကူပြုကာ ထိုထောက်ခံမှုအမည်ဖြင့် လူသားလောကတစ်ခုလုံးကို သွေးချောင်းစီး ဒုက္ခပင်လယ်တွင် မျောစေခဲ့သူများအကြောင်းကို အကျဉ်းချုပ်နိုင်ဆုံး ဖေါ်ပြခြင်းဖြစ်ပါသည်။

ကမ္ဘာသူကမ္ဘာသားတို့ ခံခဲ့ရသည့် ထိုဒုက္ခပင်လယ်ကို ဆောင်ကျဉ်းခဲ့သည့် အတွေးအခေါ်များအနက်၊ ဖက်ဆစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့သည် ထိပ်တန်းက ပါဝင်ခဲ့ပေသည်။ ထိုအတွေးအခေါ်နှစ်မျိုးသည်၊ ရန်ဘက်များအဖြစ် အချင်းချင်းချေမှုန်းပစ်ရန် ကြိုးပမ်းခဲ့ကြပေသည်။ အမှန်မှာ ထိုအတွေးအခေါ်နှစ်မျိုးစလုံးတွင် အလွန်စိတ်ဝင်စားဖွယ်အချက်တစ်ချက်ရှိပေသည်။ အတွေးအခေါ်ဝါဒနှစ်မျိုးစလုံးသည် မိမိတို့ဘက်သို့ လူထုကိုဆွဲဆောင်နိုင်ရန် တစ်ခုတည်းသောအတွေးအခေါ်၏ အင်အားကိုအသုံးပြုကြပေသည်။ သို့သော်လည်း ထိုရေသောက်မြစ်အတွေးအခေါ်ကို မည်သူကမှသတိမထားမိကြဘဲ၊ ယနေ့အချိန်ထိ နောက်ကွယ်တွင် လျှိုနေရင်း လူအများရှေ့တွင် မိမိ၏မျက်နှာကို ရိုးစင်းသယောင် တစ်ချိန်လုံး ဟန်ဆောင်နေခဲ့ပေသည်။ ထိုရေသောက်မြစ်ကြီးမှာ ရုပ်ဝါဒအတွေးအခေါ်ဖြစ်သည့် **ဒါဝင်အတွေးအခေါ်** (တစ်နည်းအားဖြင့်)

**ဒါဝင်ဝါဒ**၏ အီဗိုလူးရှင်းသီအိုရီပင် ဖြစ်ပေသည်။ ထိုအတွေးအခေါ်ကို မိမိတို့၏လိုရာသို့ သဘာဝတရားအဖြစ် ဆွဲယူအသုံးပြုကြပေသည်။

ဒါဝင်ဝါဒသည် ရှေးစူမာရ်နှင့်ဂရိလူမျိုးတို့၏ခေတ်များတွင် လက်ခံကျင့်သုံးခဲ့ကြသော ယုံကြည်ချက်ကို အပျော်တန်းဇီဝဗေဒပညာရှင်ဖြစ်သည့် ချားလ်စ်ဒါဝင်က ပြန်လည်ဖော်ထုတ်သောအတွေးအခေါ်ဖြစ်၍ ယင်းအတွေးအခေါ်ကပင်၊ လူသားကမ္ဘာတစ်ခုလုံးကို အန္တရာယ်ပြုခဲ့သော အတွေးအခေါ်ဝါဒများ၏ အခြေခံအုတ်မြစ်ဖြစ်ပေသည်။ သိပ္ပံပညာကို မျက်နှာဖုံးတပ်ထား၍ ယင်းအတွေးအခေါ်ကို ထောက်ခံသူများအား သူတို့၏ရက်စက်ကြမ်းကြုတ်သည့် အတွေးအခေါ်ဝါဒများကို လက်တွေ့ကျင့်သုံးရာ၌ တရားဝင်မှုကို မှားယွင်းစွာပေးအပ်ခဲ့လေသည်။

ထိုမှားယွင်းသည့် တရားဝင်မှုကြောင့်၊ အီဗိုလူးရှင်းသီအိုရီသည် ဇီဝဗေဒနှင့် နိခါတကဗေဒ(ကျောက်ဖြစ်ရုပ်ကြွင်းပညာ)များမှ လွတ်ထွက်၍ လူ့သမိုင်းနှင့် နိုင်ငံရေးလူမှုရေးပညာများသို့ကူးစက်ပြန့်သွားလေသည်။ ဒါဝင်အတွေးအခေါ်သည် ၁၉ ရာစုနှစ်တွင် စတင်ပြန့်ပွားလှုပ်ရှားစပြုနေသောအတွေးအခေါ်အချို့ကို အားပေးထောက်ခံလျက်ရှိသောကြောင့်၊ ထိုအတွေးအခေါ်အသိုင်းအဝိုင်း၏ ထောက်ခံအားပေးမှုကို အကျယ်တဝင့်ရရှိခဲ့လေသည်။ အထူးသဖြင့် လူတို့က သဘာဝတွင် "အသက်ဆက်ရှင်ရေးအတွက် တိုက်ခိုက်ကြရသည်" ဟူသောအတွေးအခေါ်နှင့် "အင်အားကြီးသူကသာ အနိုင်ရ၍၊ ကျန်သောသူတို့သည် ရှုံးနိမ့်၍ ပျောက်ကွယ်သွားကုန်သည်" ဟူသောအတွေးအခေါ်များကို လူ့သဘာဝကိုဖော်ထုတ်ရာတွင် စတင်အသုံးချခဲ့ကြလေသည်။ ဒါဝင်ဝါဒအရ၊ လူ့လောကသည် ပဋိပက္ခနှင့်ပြည့်နက်လျက် တိုက်ခိုက်ယှဉ်ပြိုင်လုံးပန်းကြရသည့်ယင်ပြင်ဖြစ်သည် ဟူသောအချက်ကို လူသားလောကနှင့် လူ့အဖွဲ့အစည်းတွင် စတင်အသုံးချကြတော့သည်။ ဟစ်တလာ၏ မဟာလူမျိုးကြီးတည်ဆောက်ရေး၊ မားက့်စ်၏ "လူ့သမိုင်းသည် လူတန်းစားပြိုင်ဆိုင်မှုသမိုင်းဖြစ်သည်" ဟူသောကြွေးကြော်ချက်၊ ခနရှင်ဝါဒ၏ "အင်အားကြီးသူသည် အင်အားချိနဲ့သူကိုခေါင်းပုံဖြတ်၍ ပိုမို၍ချမ်းသာကြွယ်ဝ နိုင်ခွင့်ရှိသည်"၊ "ဗြိတိသျှကဲ့သို့သော နယ်ချဲ့အရင်းရှင်တို့၏ ကိုလိုနီနယ်ချဲ့စနစ်နှင့်အတူ အသားရောင်လူမျိုးခွဲခြားရေးဝါဒကျင့်သုံး၍ လူနီလူဝါလူမဲများကိုတိုက်ခိုက်နှိမ်နင်းခြင်း" စသည့်လုပ်ရပ်များကို အနည်းနှင့်အများတရားဝင် ဖြစ်သွားစေလေသည်။

"အသိတရားရှိသော တိရစ္ဆာန်" (The Moral Animal) ဟူသောစာအုပ်ကို ရေးသားခဲ့သည့် ကလောင်ရှင် ရောဘတ် ရိုက်သည်၊ သူကိုယ်တိုင် အီဗိုလူးရှင်းသမားတစ်ဦးဖြစ်လင့်ကစား၊ လူ့သမိုင်းသို့အီဗိုလူးရှင်းသီအိုရီက ပေးဆောင်ခဲ့သော ပျက်စီးယိုယွင်းမှုဘေးဒုက္ခများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> အီဗိုလူးရှင်းသီအိုရီကို အသုံးချခဲ့သောသက်တန်းမှာ၊ လူ့သမိုင်းတွင် အလွန်ယုတ်ပတ်ရှည်လျားသောအချိန်ကာလ ဖြစ်ခဲ့ပေသည်။ ၂၀ ရာစုနှစ်အကူးပိုင်းတွင် "လူမှုရေး ဒါဝင်ဝါဒ" (Social Dawinism) ဟုခေါ်သော မပြတ်မသားမရေရာသည့်နိုင်ငံရေးအတွေးအခေါ်နှင့် ရောနှောဆက်စပ်မိသည့်နောက်ပိုင်းတွင်၊ လူမျိုးခွဲခြားရေးဝါဒီများ၊ ဖက်ဆစ်ဝါဒီများနှင့် သနားကြင်နာစိတ်ကင်းမဲ့သောအရင်းရှင်ကြီးများ၏လက်ကိုင်ဒုတ် ဖြစ်သွားလေသည်။[၁]


ဤစာအုပ်တွင် ရှေ့ဆက်၍ ဖော်ပြမည့်အခန်းများတွင် ဒါဝင်ဝါဒသည် အသက်ရှင်ခြင်း၏မူလဘူတအကြောင်းကိုသာ ရှင်းပြသည့်သိပ္ပံပညာအတွေးအခေါ်တစ်ခုအဖြစ်သာမဟုတ်တော့ကြောင်းကို ဖတ်ရှုရပါမည်။ အတွေးအခေါ်အချို့ကို ထောက်ခံအားပေးသည့်ပုဂ္ဂိုလ်အချို့က၊ ယနေ့တိုင် ဒါဝင်ဝါဒသည် သိပ္ပံပညာတွင် အကျုံးမဝင်မှားယွင်းသော အတွေးအခေါ်ဖြစ်သည်ဟု သက်သေထူထားပြီးဖြစ်သော်လည်း၊ ၎င်းကို တရားသေအတွေးအခေါ်အဖြစ် ကာကွယ်နေကြဆဲဖြစ်၏။ ယနေ့အချိန်တွင်၊ သိပ္ပံပညာရှင်၊ နိုင်ငံရေးသမားနှင့် အတွေးအခေါ်ရှင် အ

မြောက်အမြားတို့သည်၊ ဒါဝင်ဝါဒ၏ရုပ်ဆိုးမှောင်မဲသောမျက်နှာကို သိ၍ဖြစ်စေ မသိဘဲဖြစ်စေ ထောက်ခံအားပေးနေကြဆဲဖြစ်ပေသည်။

ရက်စက်ကြမ်းကြုတ်သော အာဏာရှင်များအတွက် လူမဆန်ဘဲ တစ်ကိုယ်ကောင်းကိုယ်ကျိုးကိုသာကြည့်သည့် အတွေးအခေါ်များကို စေ့ဆော်ပေးသော ဒါဝင်၏အီဗိုလူးရှင်းသီအိုရီသည် သိပ္ပံပညာအရ ယုတ္တိမတန် မမှန်ကန်ကြောင်းကို လူတိုင်း သိရှိသဘောပေါက်သည့်တစ်နေ့တွင်မူ ကမ္ဘာ့လူသားများ ကြုံတွေ့နေရသည့် ဒုက္ခပင်လယ်ဝဲသြဂမှ လွတ်မြောက်သွားနိုင်ကြမည်ဖြစ်ပေသည်။ ယုတ်ညံ့သိမ်ဖြင်း ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို စနစ်တကျ စီမံကွပ်ကဲ၍ လက်တွေ့အသုံးချကြသူများသည်လည်း၊ "ဤသည် သဘာဝတရားဖြစ်သည်"ဟု ယမယ်ရှာနိုင်ကြတော့မည်မဟုတ်ပါ။ သူတို့၏ တစ်ကိုယ်ကောင်းအတ္တဆန်၍ သနားကြင်နာခြင်းကင်းမဲ့သည့်ကမ္ဘာ့အမြင်ကို သိပ္ပံဆန်သည်ဟု ထောက်ခံနိုင်ကြတော့မည် မဟုတ်ပေ။

အန္တရာယ်ဖြစ်သည့် အတွေးအခေါ်များ၏ရေသောက်မြစ်ဖြစ်သော ဒါဝင်ဝါဒကို ချေမှုန်းလိုက်နိုင်သည့်အချိန်တွင်၊ တစ်ခုတည်းသောအမှန်တရားသာလျှင် ကျန်ရစ်ပေတော့မည်။ ယင်းသည်ကား၊ လူသားများနှင့်အတူ စကြာဝဠာတစ်ခုလုံးကို ထာဝရဘုရားသခင် အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားသည် ဟူသောအချက်ပင်ဖြစ်ပေသည်။ ယင်းအချက်ကို သိရှိသဘောပေါက်သူတိုင်းသည်လည်း၊ အမှန်တရားသည် ထိုအရှင်မြတ်ချပေးတော်မူသော ကျမ်းဂန်တွင်သာလျှင်ရှိသည် ဟူသောအကြောင်းကို ထပ်မံသိရှိလာကြပေလိမ့်မည်။ လူအများစုက ယင်းအမှန်တရားကို သိရှိကြပြီးနောက်တွင်ကား၊ ဒုက္ခရောက်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ဘေးဒုက္ခကပ်ဆိုက်ခြင်း၊ မတရားပြုကျင့်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ စသည်တို့အစား၊ ဉာဏ်အလင်းနှင့်ပြည့်စုံခြင်း၊ ပွင့်လင်းခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ပေါများခြင်း၊ ကျန်းမာသန်စွမ်းခြင်း၊ ချစ်ခင်ကြင်နာမေတ္တာတရားရှိခြင်း၊ စသည်တို့ အစားထိုးလာလိမ့်မည်။ ထိုသို့သော အခြေအနေသို့ ရောက်ရှိနိုင်ရန်မှာ၊ လူသားလောကကို အန္တရာယ်ဖြစ်စေမည့် မှားယွင်းသော အတွေးအခေါ်များပျောက်ကွယ်သွားသည်တိုင်အောင် တိုက်ခိုက်ချေမှုန်းပစ်ရန် လိုအပ်ပေသည်။ သို့မှသာလျှင်၊ ကျမ်းတော်မြတ်ရှိ မွန်မြတ်သည့်ဒေသနာတော်ပြန့်ပွား၍ လူသားလောကကို လှပခြင်း ပေးဆောင်မည်ဖြစ်ပေသည်။ ကျောက်ခဲနှင့်ပေါက်သူကို ကျောက်ခဲနှင့် ပြန်လည်ကိုင်ပေါက်ခြင်း၊ မျှားနှင့်ပစ်သူကို မျှားဖြင့်ပြန်လည်ပစ်၍ ချေပခြင်း၊ ကျူးကျော်ရက်စက်သူကို၊ ထို့ထက်မကပို၍ကျူးကျော်ရက်စက်ခြင်း၊ စသည်တို့သည် ပြေလည်အောင် ဖြေရှင်းသောနည်း မဟုတ်ပေ။ အကောင်းဆုံးဖြေရှင်းနည်းမှာ၊ ထိုသူတို့၏ အတွေးအခေါ်ကို စေတနာကောင်းဖြင့် စိတ်ရှည်လက်ရှည် အမှန်တရားဖြင့်လဲလှယ်အောင် ရှင်းပြခြင်းပင် ဖြစ်ပေသည်။

ဤစာအုပ်ကို ရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်မှာ၊ ဒါဝင်ဝါဒ၏ မဲမှောင်သော မျက်နှာဖုံးကို၊ သိ၍ဖြစ်စေ မသိ၍ဘဲဖြစ်စေ၊ ထောက်ခံသူတို့အား၊ သူတို့သည် မည်သို့သော အတွေးအခေါ်ကို ထောက်ခံအားပေးနေသည်၊ ထိုကဲ့သို့ အမှန်တရားကိုမသိဟန်ဆောင်၍ လစ်လျူရှုထားခြင်းဖြင့်၊ မည်မျှတာဝန်ကြီးလေးနေသည်၊ စသည်တို့ကို နားလည်သဘောပေါက်ကြစေရန် ဖြစ်ပါသည်။ နောက်ထပ်ရည်ရွယ်ချက်တစ်ခုမှာ၊ ဒါဝင်ဝါဒကို ယုံကြည်မှုမရှိသူကိုလည်း၊ လူ့လောကအတွက် ၎င်းအတွေးအခေါ်၏အန္တရာယ် မည်မျှကြီးမားသည်ကို သတိပေးရန် ဖြစ်ပါသည်။




ဒါဝင်ဝါဒက လူ့လောကကြီးသို့ ဒုက္ခပေါင်းစုံ ယူဆောင်လာခဲ့သည့်အကြောင်းသို့ မလှည့်မီ၊ ၎င်း၏သမိုင်းအကျဉ်းချုပ်ကို ဦးစွာလေ့လာကြည့်ကြပါစို့။ လူအများအားဖြင့်၊ အီဗိုလူးရှင်းသီအိုရီကို ချားလ်စ်ဒါဝင်က စတင်၍ သိပ္ပံနည်းကျကျ လေ့လာစမ်းသပ်ချက်များနှင့်အတူ သက်သေသာဓကများအပေါ်မူတည်၍တင်ပြခဲ့သောသီအိုရီဖြစ်သည်ဟု ယုံကြည်ကြပေ

သည်။ အီဗိုလူးရှင်းသီအိုရီကို အစပျိုးသူသည် ချားလ်စ်ဒါဝင်မဟုတ်သည့်အပြင်၊ သိပ္ပံပညာ အရ သက်သေထူထားသော သီအိုရီလည်းမဟုတ်ပါ။

တစ်ချိန်တုန်းက မယ်ဆိုပိုတေးမီးယားတွင်၊ ရုပ်ထုကိုးကွယ်သော ဘာသာတစ်မျိုး ပေါ်ပေါက်လွှမ်းမိုးခဲ့ရာ၊ အသက်ရှင်ခြင်းနှင့် စကြာဝဠာဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်သော ဒဏ္ဍာရီပုံပြင်များကိုယုံကြည်ခြင်း အယူသီးခြင်းများနှင့် ပြည့်နှက်ခဲ့လေသည်။ ယင်းအယူဝါဒများအနက် "အီဗိုလူးရှင်း"ယုံကြည်ချက်သည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ပေသည်။ စူမာရ်လူမျိုးတို့၏ခေတ်လက်ထက်မှ အီနူမာ–အီလစ် ကျောက်စာများအရ၊ ကမ္ဘာကြီးကို ရေလွှမ်းမိုးခဲ့ပြီးချိန်တွင် လဟ်မူနှင့် လာဟာမူခေါ်သောနတ်မင်းရုပ်ဆင်းတုနှစ်ပါးပေါ်ပေါက်လာခဲ့သည်ဟု ဆိုသည်။ ထိုရုပ်ဆင်းတုနှစ်ပါးသည် မိမိတို့ကိုယ်ကို ဖန်ဆင်းယူပြီးနောက် ကျန်သောစကြာဝဠာရှိရုပ်ဝတ္ထုများကိုလည်း ဆက်လက်ဖန်ဆင်းခဲ့သည်ဟုဆို၏။ စူမာရ်တို့၏ယုံကြည်ချက်အရ အသက်ရှင်ခြင်းဟူသည် ရေမှစတင်၍ အဆင့်အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်လာခဲ့သည်ဟု ဆိုထားသည်။

ထိုယုံကြည်ချက်သည်၊ အီဗိုလူးရှင်းသီအိုရီ၏အဆိုဖြစ်သော "သက်ရှိအရာများသည် သက်မဲ့ပစ္စည်းများမှ တစ်စတစ်စဖြစ်ပေါ်တိုးတက်လာသည်" ဟူသောအဆိုနှင့် တူညီနေပေသည်။ ထို့ကြောင့် အီဗိုလူးရှင်းအတွေးအခေါ်သည်၊ ဒါဝင်က အစပျိုးခဲ့ခြင်းမဟုတ်ဘဲ စူမာရ်လူမျိုးတို့၏ ရုပ်ထုကိုးကွယ်မှုမှ စတင်ခဲ့ခြင်းဖြစ်လေသည်။

နောင်သောအခါတွင် အီဗိုလူးရှင်းအတွေးအခေါ်သည် ရုပ်ထုကိုးကွယ်သည့် အခြားယဉ်ကျေးမှုတစ်ခုဖြစ်သော ဂရိယဉ်ကျေးမှုခေတ်တွင် အခြေစိုက်ပြန်လေသည်။ ရှေးဂရိလူမျိုး ရုပ်ဝါဒီတို့သည်လည်း၊ ရုပ်ဝတ္ထုပစ္စည်းကိုသာလျှင် အဓိကထားကြလေသည်။ စူမာရ်လူမျိုးတို့၏ ယုံကြည်ချက်ကိုအမွေခံ၍ ကမ္ဘာလောကကြီးနှင့် စကြာဝဠာတစ်ခုလုံး စတင်ဖြစ်ပေါ်လာခြင်းကို အီဗိုလူးရှင်း(သူ့အလိုလိုတစ်စတစ်စဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာခြင်း)အတွေးအခေါ်ဖြင့် ရှင်းပြကြလေသည်။ ဤသို့ဖြင့် ရုပ်ဝါဒအတွေးအခေါ်နှင့် အီဗိုလူးရှင်းယုံကြည်မှုတို့သည် ရှေးဂရိလူမျိုးတို့၏ခေတ်တွင် ပြိုင်တူပေါ်ထွန်းလာခဲ့၏။ ထို့နောက် ရောမလူမျိုးတို့၏ခေတ်သို့ ဆက်လက်၍ ကူးသွားလေသည်။



စူမာရ်လူမျိုးတို့၏ ရေဘုရားကို သရုပ်ဖော်ထားသော ပုံဖြစ်သည်။ ဒါဝင်ဝါဒီသည်လည်း၊ အသက်၏ မူလဘူတသည် ရေမှမတော်တဆ ကြုံ၍ဖြစ်ပေါ်လာခဲ့သည်ဟု ယုံကြည်ကြသည်။ တစ်နည်းအားဖြင့်၊ အသက်ကိုစတင်ဖြစ်ပေါ်စေသော ရေကို ဘုရားအဖြစ် မြင်ကြ၏။

ထိုယုံကြည်ချက်နှစ်ခုစလုံးသည် ရုပ်ထုကိုးကွယ်သူတို့၏ ဒဏ္ဍာရီယုံကြည်ချက်ဖြစ်၍၊ ခေတ်သစ် ၁၈ ရာစုနှစ်တွင် ပြန်လည်အသက်သွင်းလာခဲ့ခြင်းဖြစ်ပေသည်။ ရှေးဂရိလူမျိုးတို့အကြောင်းကိုလေ့လာသူ ဥရောပတိုက်သားပညာရှင်အတွေးအခေါ်ရှင်အချို့တို့သည်၊ ထို

ရုပ်ဝါဒကို သဘောကျခဲ့ကြသည်။ ထိုအတွေးအခေါ်ရှင်အားလုံးတို့၏ တူညီချက်တစ်ခုမှာ၊ သူတို့အားလုံးသည် ဘာသာရေးဆန့်ကျင်သူများဖြစ်ကြ၏။

၎င်းတို့၏အသိုင်းအဝိုင်းတွင်၊ အီဗိုလူးရှင်းသီအိုရီကို အသေးစိတ်ကိုင်တွယ်သူမှာ၊ ပြင်သစ်လူမျိုး ဇီဝဗေဒပညာရှင် ဂျင်း ဘက်တစ္စတေ လာမာက် ဖြစ်သည်။ သူ၏သီအိုရီတွင်၊ သက်ရှိအရာများအားလုံးတို့သည်၊ သူတို့၏သက်တန်းအတွင်း အနည်းငယ်စီပြောင်းလဲခြင်းဖြင့် တစ်ဆင့်စီပြောင်းလဲတိုးတက်လာခဲ့ကြသည်ဟု ဆိုထားသည်။ နောင်တွင် ယင်းသီအိုရီမှာ မှားယွင်းသောအတွေးအခေါ်ဖြစ်ကြောင်း သက်သေပြထားပြီးဖြစ်သည်။ လာမာက်၏သီအိုရီကို အနည်းငယ်ပြုပြင်၍ အသုံးပြုသူမှာ၊ ချားလ်စ်ဒါဝင် ဖြစ်၏။

ဒါဝင်က သူရေးသားသော အင်္ဂလန်နိုင်ငံ၌ ၁၈၅၉ ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေသည့် "*မျိုးစုတို့စတင်ဖြစ်ပေါ်ခြင်း*" သို့မဟုတ် မျိုးစုတို့၏အစမူလဘူတဟု အဓိပ္ပါယ်ရသော ***The Origin of Species*** စာအုပ်ဖြင့် သူ၏သီအိုရီကို တင်ပြခဲ့လေသည်။ ထိုစာအုပ်တွင် ဒါဝင်က ရှေးစူမာရ်နှင့် ဂရိလူမျိုးတို့မှဆင်းသက်လာခဲ့သော အီဗိုလူးရှင်းဒဏ္ဍာရီကို ထပ်မံမွမ်းမံ၍ အသေးစိတ်တင်ပြထား၏။ ဒါဝင်၏အဆိုအရ သက်ရှိသတ္တဝါများသည် ရေထဲတွင် မတော်တဆကြုံ၍စတင်ဖြစ်ပေါ်လာခဲ့သော တစ်ခုတည်းသောသက်ရှိသတ္တဝါမှ ဆင်းသက်လာကြ၍၊ တစ်စတစ်စ အနည်းငယ်စီပြောင်းလဲလာခြင်းဖြင့် မတူညီသောသတ္တဝါပေါင်းအမြောက်အမြား ပေါ်ထွန်းလာခဲ့သည်ဟု တင်ပြထားသည်။



ရုပ်ဝတ္ထုကိုးကွယ်သောအသိုင်းအဝိုင်းသည်၊ ဒါဝင်ကဲ့သို့ပင် အသက်ဟူသည် ရေမှစတင်၍ မတော်တဆ အလိုလိုကြုံ၍ ဖြစ်ပေါ်လာခဲ့သည်ဟု ယုံကြည်ကြ၏။ အဓိပ္ပါယ်ကင်းမဲ့သော ထိုအဆိုပြုချက်အရ၊ အထက်ပါပုံတွင်ပြထားသကဲ့သို့ ကမ္ဘာဦးကာလတွင် အရာဝတ္ထုစွမ်းအင်အမျိုးမျိုးထိတွေ့ပူးပေါင်း၍ သက်ရှိသတ္တဝါများ ဖြစ်ပေါ်လာခဲ့သည်ဟုဆို၏။

ဒါဝင်၏ ထိုတင်ပြချက်ကို သူ၏ခေတ်ကာလမှ သိပ္ပံပညာရှင်လောကတွင် လက်ခံခြင်းမရှိခဲ့ချေ။ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ဒါဝင်၏တင်ပြချက်မှာ စိတ်ကူးယဉ်သက်သက်သာဖြစ်ကြောင်း သိရှိကြပေသည်။ အချိန်အတန်ကြာလာသောအခါ ဒါဝင်၏သီအိုရီကို အခြားအသိုင်းအဝိုင်းမှ လက်ခံအားပေးမှု ရရှိလာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၁၉ ရာစုနှစ်ပိုင်းတွင် ကြီးစိုးနေခဲ့သည် အုပ်ချုပ်ရေးအင်အားစုအတွက် ဟာနေသောအခြေခံအတွေးအခေါ်တစ်ခုကို ဒါဝင်၏သီအိုရီက ပေးဆောင်သောကြောင့်ဖြစ်ပေသည်။

## ဒါဝင်၏အတွေးအခေါ်ကို လက်ခံခြင်းသည် ဝါဒရေးရာကြောင့်ဖြစ်၏

ဒါဝင်၏ *မျိုးစုတို့စတင်ဖြစ်ပေါ်ခြင်း* စာအုပ်ဖြင့် အီဗိုလူးရှင်းသီအိုရီကိုတင်ပြသည့် ခေတ်ကာလတွင် သိပ္ပံပညာသည် အလွန်ခေတ်နောက်ကျနေသေး၏။ ဥပမာ၊ ယနေ့ပစ္စုပ္ပန်ခေတ်တွင်၊ အလွန်အမင်းရှုပ်ထွေးနက်နဲကြောင်းတွေ့ရှိထားသည့်ဆဲလ်ကို ထိုခေတ်က မှန်ဘီလူးတွင် အစက်အကွက်တစ်ခုအဖြစ်သာ တွေ့မြင်ရသေးသည်။ ထို့ကြောင့်၊ ဒါဝင်အနေဖြင့် သက်ရှိပစ္စည်းများသည် သက်မဲ့ရုပ်ဝတ္ထုမှ အလိုအလျောက်ကြုံကြိုက်၍ ဖြစ်ပေါ်လာသည်ဟု တင်ပြရာ၌ မည်သို့သော ပြဿနာမှ မကြုံခဲ့ရချေ။




ယခုခေတ်နှင့် နှိုင်းယှဉ် ပါက ဒါဝင်၏ ၁၉ရာစုနှစ် များတွင် ရှိ ခဲ့သောမှန်ဘီလူးသည်ဆဲလ်များ ကိုအစက်အကွက်များအဖြစ်သာ တွေ့မြင်ရသေးသည်။

ထိုနည်းတူ၊ ကျောက်ဖြစ်ရုပ်ကြွင်းစုဆောင်းမှုမှတ်တမ်းများသည်လည်း သက်ရှိပစ္စည်းများသည် တစ်ခုနှင့်တစ်ခု အနည်းငယ်စီကွာခြားအောင် တစ်စတစ်စပြောင်းလဲလာခဲ့သည် ဟူသောအချက်ကို ငြင်းပယ်ရန်မှာလည်း၊ လုံလောက်သောမှတ်တမ်းများ မရှိသေးသောအချိန် ဖြစ်နေသေးသည်။ သို့သော်လည်း၊ အထက်က ခပ်တိုတိုရှင်းပြခဲ့သည့်အတိုင်း၊ ခေတ်သစ်ကျောက်ဖြစ်ရုပ်ကြွင်းစုဆောင်းမှုမှတ်တမ်းများမှ အချက်တစ်ချက်ကမျှပင် ဒါဝင်၏တင်ပြချက်ဖြစ်သည့် သက်ရှိသတ္တဝါမျိုးကွဲများအားလုံးသည် တစ်မျိုးမှအနည်းငယ်စီ ပြောင်းလဲလာခြင်းဖြင့် အခြားတစ်မျိုးသို့ ဖြစ်ပေါ်လာသည်ဟူသောအချက်ကို ထောက်ခံခြင်း မရှိချေ။ မကြာသေးမီ အချိန်အထိ၊ အီဗိုလူးရှင်းဝါဒီတို့သည် "နောင်တစ်နေ့နေ့တွင် တွေ့ရလိမ့်မည်" ဟုသာ ပြောခဲ့ကြ၏။ သို့သော်လည်း၊ ယခုအချိန်တွင် ဤအပြောမျိုးဖြင့် သူတို့၏မှားကွက်ကို ဖုံးကွယ်ထား၍ မရကြတော့ပေ။ (အသေးစိတ်ကို 'အီဗိုလူးရှင်းသီအိုရီ၏ မှားယွင်းသောခံယူချက်' အခန်းတွင် ဖတ်ပါ)။

မည်သို့ပင်ဖြစ်စေ၊ ဒါဝင်ဝါဒီများသည် အီဗိုလူးရှင်းသီအိုရီတွင် တွယ်ကပ်မြဲ တွယ်ကပ်လျက်ပင်ရှိနေကြသေးသည်။ ဒါဝင်ကို ထောက်ခံအားပေးသူတို့သည် နှစ်ပေါင်း ၁၅၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း၊ ဒါဝင်ကို သစ္စာရှိရှိ သူတို့၏ခံယူချက်အမွေအနှစ်ကို ယနေ့ကျွန်ုပ်တို့၏ခေတ်အထိ လက်ဆင့်ကမ်းလာခဲ့ကြပေသည်။

ကောင်းပြီ၊ ဒါဝင်ဝါဒသည်၊ ယုတ္တိမရှိသောအတွေးအခေါ်ဖြစ်ကြောင်း သိပ္ပံနည်းအရ သက်သေထူထားပြီးဖြစ်သော်လည်း၊ အချို့အသိုင်းအဝိုင်းအတွက် နှစ်သက်ဖွယ်ကောင်း၍ အဘယ့်ကြောင့် အလေးအနက်ထားပြီး အကြီးအကျယ် ဝါဒဖြန့်နေကြသေးသနည်း။



ချားလ်စ် ဒါဝင်

ဒါဝင်၏သီအိုရီတွင် အပေါ်လွင်ဆုံးအင်္ဂါရပ်မှာ၊ ဖန်ဆင်းရှင်ရှိခြင်းကို ငြင်းပယ်ထားခြင်းပင်ဖြစ်ပေသည်။ အီဗိုလူးရှင်းသီအိုရီအရ၊ အသက်ဟူသည် သက်မဲ့ရုပ်ဝတ္ထုပစ္စည်းမှ ကြုံကြိုက်၍ သူ့အလိုလိုဖြစ်ပေါ်လာသည်ဟု ဆိုသည်။ ဒါဝင်အနေဖြင့်၊ ဖန်ဆင်းရှင်ဘုရားမဲ့အတွေးအခေါ်များကို သိပ္ပံနည်းမကျသော်လည်း သိပ္ပံနည်းကျသည့်ပုံစံဖြင့် ထောက်ခံပေးလိုက်ရင်း၊ ရုပ်ဝါဒအတွေးအခေါ်ကို စတင်ပေးလိုက်လေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ၁၉ရာစုနှစ်မတိုင်မီကာလမှသိပ္ပံပညာရှင်တို့သည်၊ သိပ္ပံပညာဟူသည် ဘုရားသခင်(အလ္လာဟ်အရှင်မြတ်)ဖန်ဆင်းထားတော်မူသောအရာများကို လေ့လာဆည်းပူးဖော်ထုတ်သော နည်းတစ်ခုအဖြစ် ခံယူကြသောကြောင့်ဖြစ်၏။ ထိုအတွေးအခေါ်ကို ထိုခေတ်ကာလတွင် အကျယ်တဝင့်ခံယူထားကြသဖြင့်၊ ဘုရားမဲ့ဝါဒီများနှင့် ရုပ်ဝါဒအတွေးအခေါ်များက မိမိတို့၏အတွေးအခေါ်များကို တိုးတက်ဖွံ့ဖြိုးစေနိုင်မည့် သင့်တော်သည့်အခြေခံရပ်တည်မှုကို မတွေ့နိုင်ဘဲ ဖြစ်နေခဲ့ကြသည်။ ဖန်ဆင်းရှင်ကို ငြင်းပယ်၍ ဘုရားမဲ့ဝါဒနှင့် ရုပ်ဝါဒယုံကြည်ချက်တို့ကို မရေမရာသော်လည်း အထောက်အကူအဖြစ် အသုံးပြုရန်မှာ အီဗိုလူးရှင်းသီအိုရီသည် အကောင်းဆုံးအခွင့်အရေး ဖြစ်နေခဲ့ပေသည်။ ထို့ကြောင့်၊ ထိုအတွေးအခေါ်နှစ်မျိုးစလုံးသည် အီဗိုလူးရှင်းသီအိုရီကို သူတို့၏ကိုယ်ပိုင်အတွေးအခေါ်ဝါဒအဖြစ် ဖန်တီးယူလိုက်ကြလေသည်။

ဒါဝင်အတွေးအခေါ်က ဘုရားသခင်ရှိခြင်းကို ငြင်းပယ်ထားသည့်အပြင်၊ ၁၉ ရာစုနှစ်များတွင် ခေတ်စားလာသော ရုပ်ဝါဒအတွေးအခေါ်ကို အားပေးသည့်အချက်တစ်ချက်မှာ၊ "သက်ရှိသတ္တဝါတို့၏ တိုးတက်ဖွံ့ဖြိုးမှုကို သဘာဝအလျောက် ပြိုင်ဆိုင်ခြင်းနှင့် ဆက်စပ်ပေးခြင်းပင်ဖြစ်၏။ ယင်းသည်ကား၊ "အင်အားအကြီးဆုံးသူသည် သဘာဝအလျောက် အနိုင်ရစမြဲဖြစ်

သည်၊ အင်အားနည်း ချိနဲ့သူသည် ရှုံးနိမ့်၍ နောက်ဆုံးပျောက်ကွယ်သွားမည်သာဖြစ်၏ ” ဟူသော ခံယူချက်ဖြစ်လေသည်။

ဒါဝင်၏အတွေးအခေါ်သည်၊ အခြားစီးပွားရေးနိုင်ငံရေးနှင့် လူမှုရေးအတွေးအခေါ်များနှင့် ပူးပေါင်းကာ ကမ္ဘာလောကကြီးသို့ ပျက်စီးယိုယွင်းခြင်း ဘေးဒုက္ခပေါင်းစုံ ယူဆောင်လာခြင်းသည် ဤအချက်တစ်ချက်တည်းဖြင့်ပင် ထင်ရှားနေပေသည်။

## လူမှုရေး ဒါဝင်ဝါဒ။ လူသားများ၏အမူအကျင့်နှင့်ပတ်သက်၍ တောတိရိစ္ဆာန်တို့၏ ကြီးနိုင်ငယ်ညှင်းသဘာဝကို သင့်လျော်သလို ဆွဲယူအသုံးပြုခြင်း။

အီဗိုလူးရှင်းသီအိုရီ၏ အရေးကြီးဆုံးတင်ပြချက်မှာ၊ သဘာဝတွင် သက်ရှိသတ္တဝါတို့၏တိုးတက်ဖွံ့ဖြိုးခြင်း၌ “အသက်ရှင်ရေးအတွက် ရုန်းကန်တိုက်ခိုက်ကြရသည်” ဟူသောအချက်ပင်ဖြစ်ပေသည်။ ဒါဝင်၏အဆိုအရ၊ သဘာဝတွင် အသက်ရှင်ရေးအတွက် သနားကြင်နာခြင်းကင်းမဲ့စွာ တိုက်ခိုက်ကြရခြင်းသည် အဆုံးမရှိနိုင်သော ပဋိပက္ခဖြစ်သည်ဟုဆို၏။ အင်အားကြီးသူသည် အင်အားနည်းသူကို အနိုင်ရရှိဖယ်ရှားပစ်မှသာလျှင် တိုးတက်ဖွံ့ဖြိုးမှု ရှိနိုင်သည်ဟုဆို၏။ *မျိုးစုတို့စတင်ဖြစ်ပေါ်ခြင်း* စာအုပ်၏ အခန်းငယ်ဖြစ်သော “*အသက်ရှင်ခြင်းအတွက် ရုန်းကန်လုံးပန်းကြရာတွင် ပိုမိုကောင်းမွန်သောမျိုးရိုးကို စောင့်ရှောက်ထိန်းသိမ်းထားရန် သဘာဝအလျောက်ရွေးချယ်မှုအရ မျိုးစုတို့ စတင်ဖြစ်ပေါ်ခြင်း* ” တွင် အသေးစိတ်ဆွေးနွေးထား၏။

ဤကိစ္စနှင့်ပတ်သက်၍ ဒါဝင်၏အတွေးအခေါ်ကိုသြဇာညောင်းစေသည့်ပင်ရင်းမှာ၊ အင်္ဂလိပ်လူမျိုး စီးပွားရေးဘောဂဗေဒပညာရှင် သောမတ်မော်လ်တပ်၏ *An Essay on the Principle of Population* ခေါ် လူဦးရေနှင့်ပတ်သက်သောမူ ဟုအဓိပ္ပါယ်ရသည့် စာတမ်းပင်ဖြစ်ပေသည်။ ဤစာတမ်းအရ လူသားလောကကြီးကို မှောင်မိုက်သောအနာဂတ်က စောင့်မျှော်နေပေသည်။ မော်လ်တပ်၏ တွက်ချက်မှုအရ၊ မည်သည့်ဆောင်ရွက်မှုမျှမရှိဘဲ ပစ်ထားပါက၊ ကမ္ဘာ့လူဦးရေသည် အလွန်လျင်မြန်သောနှုန်းဖြင့် တိုးပွားလာလိမ့်မည်ဟု ဆိုသည်။ ကမ္ဘာ့လူဦးရေသည် ၂၅ နှစ်တိုင်းတွင် နှစ်ဆဖြစ်လာလိမ့်မည်ဟုဆိုထားသည်။ သို့သော်လည်း အစားအစာတိုးတက်နှုန်းသည် ထိုလောက်မရှိနိုင်ချေ။ ထို့ကြောင့် လူသားများသည် မပြတ်မစဲသောငတ်မွတ်ခေါင်းပါးခြင်းအန္တရာယ်နှင့် တွေ့ကြုံကြရမည်ဟု ဆိုသည်။ ထိုကဲ့သို့သော လူဦးရေတိုးပွားနှုန်းကို ထိန်းသိမ်းထားသောအင်အားမှာ၊ ပျက်စီးယိုယွင်းခြင်း အနိဋ္ဌာရုံများဖြစ်သည့် စစ်ဖြစ်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရောဂါကပ်ဆိုက်ခြင်းကြောင့် လူအုပ်စုလိုက်သေကျေကြခြင်း၊ စသည်တို့ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် အသက်ရှင်ခြင်းဟူသည် “အဆက်မပြတ်သောစစ်ပွဲ ”ဖြစ်သည်။

မော်လ်တပ်၏စာအုပ်က အသက်ရှင်ရေးအတွက် ရုန်းကန်ကြရခြင်းအကြောင်း သတိရစေပါသည်ဟု ဒါဝင်က အောက်ပါအတိုင်းတင်ပြထားပေသည်။

> ၁၈၃၈ ခုနှစ် အောက်တိုဘာလသည် ကျွန်ုပ်စနစ်တကျလေ့လာသောလုပ်ငန်းစတင်ပြီးနောက် တစ်ဆယ့်ငါးလရှိလေပြီ။ မော်လ်တပ်၏ လူဦးရေဆိုင်ရာစာအုပ်ကို အမှတ်မထင် အပြင်းပြေကောက်ဖတ်မိပါသည်။ ကျွန်ုပ်ရောက်ရှိရာအရပ် နေရာတကာတွင် တိရစ္ဆာန်များ၏ အမူအကျင့်များကို အချိန်ကြာမြင့်စွာ လေ့လာခဲ့သဖြင့်၊ အသက်ရှင်ရေးအတွက် ရုန်းကန်မှုနှင့်ပတ်သက်၍ ကောင်းစွာသဘောပေါက်ထားပြီးဖြစ်ရာ၊ မော်လ်တပ်၏လူဦးရေဆိုင်ရာအချက်အလက်များအရ ပြောင်းလဲလျက်ရှိသောအခြေအနေများတွင်၊ သဘာဝက အသာစီးရသောမျိုးစုများကိုသာလျှင် ဆက်လက်ထိန်းသိမ်းအသက်ရှင်စေ၍၊ အရေးနိမ့်သောညံ့သောမျိုးစုများကိုမူ၊ ပျက်စီးပျောက်ကွယ်သွားစေမည်သာဖြစ်ကြောင်းကို သတိရပါသည်။ နောက်ဆုံးအဖြေမှာ မျိုးစုအသစ်ထပ်မံပေါ်ပေါက်လာပေ

သည်။ ဤသို့ဖြင့် ကျွန်ုပ်ဆက်လက်၍ လုပ်ဆောင်အသုံးပြုနိုင်မည့် သီအိုရီတစ်ခုကို ထပ်မံရရှိခဲ့ပါသည်။[၂]

၁၉ ရာစုနှစ်များတွင် မော်လ်တပ်၏အတွေးအခေါ်ကို လူထုအတွင်း အကျယ်တဝင့် လက်ခံခဲ့ကြပေသည်။ အထူးသဖြင့် ဥရောပတိုက်ရှိ အထက်တန်းလွှာ ပညာရှင်များက မော်လ်တပ်၏အတွေးအခေါ်ကို ထောက်ခံခဲ့ကြပေသည်။ မော်လ်တပ်၏လူဦးရေဆိုင်ရာအတွေးအခေါ်ကို အရေးတယူလက်ခံကြရာတွင်၊ အရေးကြီးဆုံးမှာ ***နာဇီတို့၏ "လူမျိုးသန့်စင်ရေး" အစီအစဉ်၏ သိပ္ပံနည်းကျသောအခြေခံ*** ဟူသောဆောင်းပါးဖြစ်ပေသည်။

၁၉ ရာစုထက်ဝက်ကျော်နှစ်ပိုင်းများတွင်၊ ဥရောပတခွင်လုံး၌ နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များစုဝေး၍၊ အသစ်စက်စက်တွေ့ရှိသော မော်လ်တပ်၏ "လူဦးရေပြဿနာ"ကို မော်လ်တပ်လုပ်ပိုင်ခွင့်အာဏာအရ၊ ဆင်းရဲသူဆင်းရဲသားများ၏ သေကျေပျက်စီးနှုန်းကို မည်သို့မြှင့်တင်ရမည်ကို အကျယ်တဝန့်ဆွေးနွေးတိုင်ပင်ကြလေသည်။ "ဆင်းရဲသားများကို သန့်ရှင်းရေးအကြောင်း သင်ပေးမည့်အစား၊ ဆန့်ကျင်ဘက်ကို အားပေးရမည်။ ကျွန်ုပ်တို့၏ မြို့များတွင်၊ လမ်းများကို ကျဉ်းမြောင်းစွာ ဆောက်လုပ်ရမည်။ အိမ်တိုင်းတွင် လူဦးရေ ပိုမိုများပြားစွာ ပြွတ်သိပ်စေရမည်။ ပုလိတ်ရောဂါတစ်ကျော့ပြန်ရောက်လာအောင် ဆောင်ရွက်ရမည်။ ကျေးရွာများတွင် ညွံ့တောအနီး၊ ရေကန်အနီးစသည့် ကျန်းမာရေးနှင့် မသင့်တော်သည့် နေရာများတွင် ရွာတည်ခြင်း၊ ရပ်ကွက်များတည်ဆောက်ခြင်း လုပ်စေရမည်၊" စသည့်အစီအစဉ်များကို လက်တွေ့ဆောင်ရွက်ရမည်။[၃]

**ဒါဝင်ကို သြဇာသက်ရောက်၍ စစ်ဖြစ်ခြင်းနှင့် ဈေးကြီး၍ရှားပါးခြင်းတို့သည်၊ လျင်မြန်သော လူဦးရေတိုးတက်မှုကို ထိန်းထားနိုင်လိမ့်မည် ဟု တင်ပြသော သောမတ် မော်လ်တပ်၏ပုံ။**



ဤကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့် ပေါ်လီစီက၊ အသက်ရှင်ရေးရုန်းကန်မှုတွင် အင်အားကြီးသူက အင်အားချိနဲ့သူကို အနိုင်ယူဖယ်ရှားပစ်ခြင်းဖြင့်၊ လျင်မြန်လှသော လူဦးရေတိုးတက်နှုန်းကို ထိန်းထားနိုင်မည်ဟု ယုံကြည်ရင်း၊ လက်တွေ့ကျင့်သုံးလာကြပေသည်။ ၁၉ ရာစုနှစ်များတွင် အင်္ဂလန်နိုင်ငံ၌ အထက်ပါဆင်းရဲသားများအား ဖျောက်ဖျက်ပစ်ရေး အစီအစဉ်ကို လက်တွေ့ကျင့်သုံးဆောင်ရွက်ခဲ့ကြပေသည်။ အသက်ရှစ်နှစ်ကိုးနှစ်အရွယ်များကို ကျောက်မီးသွေးတွင်းများတွင် တစ်ရက်လျှင် ၁၆ နာရီ အလုပ်လုပ်စေခြင်းဖြင့်၊ ဆိုးရွားသော လုပ်ခွင်အခြေအနေကြောင့် အသက်သေကျေ ဆုံးရှုံးကြကုန်၏။ အသက်ရှင်ခြင်းအတွက် ရုန်းကန်ကြရခြင်းသီအိုရီကို မော်လ်တပ်၏အတွေးအခေါ်အရ မရှိမဖြစ်သောသဘာဝတရားအဖြစ် ဖေါ်ထုတ်လိုက်သောကြောင့်၊ အင်္ဂလန်နိုင်ငံတွင် ဆင်းရဲသားလူဦးရေ သန်းနှင့်ချီ၍ ဒုက္ခပင်လယ်တွင် မျောခဲ့ကြရလေသည်။

မော်လ်တပ်၏သြဇာညောင်းခြင်းခံရသောဒါဝင်က ဤအမြင်ကို သဘာဝသို့ဆွဲသွင်းလိုက်၍၊ စစ်မက်ဖြစ်ပွားခြင်းတွင် အင်အားအကြီးဆုံး အသင့်တော်ဆုံးဖြစ်သူက အနိုင်ရရှိခြင်းသည် သဘာဝအလျောက်သာလျှင်ဖြစ်သည်ဟု တင်ပြခဲ့လေသည်။ ဒါဝင်၏တင်ပြချက်တွင်၊ အပင်များ၊ တိရစ္ဆာန်များနှင့် လူသားများအားလုံး ပါဝင်လေသည်။ ထိုအသက်ရှင်ရေးအတွက် ရုန်းကန်တိုက်ခိုက်ကြရခြင်းသည် သဘာဝအလျောက် အမြဲမပြတ်ရှိရမည့် မပြောင်းမလဲ အမြဲထာဝရတည်ရှိမည့် နိယာမတရားဖြစ်သည်ဟု ထပ်မံဖြည့်စွက်ထား၏။ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)၏ဖန်ဆင်းခြင်းကို ငြင်းပယ်ခြင်းဖြင့်၊ ထိုရက်စက်ကြမ်းကြုတ်သော "အသက်ရှင်ရေးအတွက်ရုန်းကန်မှု"တွင် အပဟန့်အတားဖြစ်နေသည့်၊ ဘာသာရေးယုံကြည်မှုကိုယ်ကျင့်တရားများကို ပစ်ပယ်ထားကြရန် ဒါဝင်က လူတို့အား ဖိတ်ခေါ်ခဲ့လေသည်။

ထို့ကြောင့်၊ ဒါဝင်၏သီအိုရီကို စတင်၍တင်ပြသည့်အချိန်မှစပြီး ပထမအင်္ဂလန်နိုင်ငံနှင့် နောက်ပိုင်းတွင် ဥရောပတခွင်လုံးရှိ သြဇာရှိရေးဝါဒီအဖွဲ့အစည်းတို့က နောက်ကျောမှထောက်ခံအားပေးမှုရှိခဲ့လေသည်။ နယ်ချဲ့အာဏာရှင်များ၊ အရင်းရှင်ကြီးများ၊ ရုပ်ဝါဒီများက သူတို့၏အဖွဲ့အစည်းလုပ်ငန်းဆောင်တာအားလုံးကို သိပ္ပံနည်းကျကျကျောထောက်နောက်ခံ ပြုပေးသော ဤသီအိုရီကို ဆိုင်းမနေတော့ဘဲ လိုလိုလားလားအုံးအုံးကြွက်ကြွက် ကြိုဆိုကြလေသည်။ မကြာမီအချိန်အတွင်း၊ အီဗိုလူးရှင်းသီအိုရီသည် လူမှုရေးသိပ္ပံမှအစ လူ့သမိုင်းအထိ၊ စိတ်ပညာမှအစ နိုင်ငံရေးအထိ၊ စသည့်လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် ဘာသာရပ်နယ်ပယ်အားလုံးအတွက် အဓိကကိုးကားရသော အခြေခံဖြစ်သွားလေတော့သည်။ အတွေးအခေါ်နယ်ပယ်တိုင်းတွင်၊ "အသက်ရှင်ရေးအတွက် တိုက်ပွဲဆင်နွှဲရမည်"ဟူသော ကြွေးကြော်သံနှင့် "အသင့်တော်ဆုံးသူသာလျှင် ဆက်လက်အသက်ရှင်မည်" ဟူသောကြွေးကြော်သံများဖြင့် ကျော်ကြားသွားလေပြီ။ နိုင်ငံရေးပါတီများ၊ နိုင်ငံအစိုးရများ၊ အုပ်ချုပ်ရေးပိုင်းများ၊ စီးပွားရေးအဆောက်အအုံများ၊ ပုဂ္ဂလိကအသိုင်းအဝိုင်းများ စသည်တို့တွင် ထိုကြွေးကြော်သံများ ဟိန်းနေတော့၏။ နိုင်ငံအုပ်ချုပ်သည့် အတွေးအခေါ်ရှင်တို့သည် ဒါဝင်ဝါဒကို တွေ့ရှိရွေးချယ်လိုက်ပြီဖြစ်သဖြင့်၊ ဒါဝင်ဝါဒဖြန့်မှုသည်၊ ပညာရေးမှအစ အနုပညာအထိ၊ နိုင်ငံရေးမှအစ လူ့သမိုင်းဘာသာရပ်များအထိ ပျံ့နှံ့အသုံးပြုကြလေသည်။ ဘာသာရပ်တိုင်းကို ဒါဝင်အတွေးအခေါ်နှင့် အီဗိုလူးရှင်းသီအိုရီကို ကြိုးစား၍ ဆက်စပ်ကြလေသည်။ အနည်းဆုံး ဒါဝင်အတွေးအခေါ်၏ အမြင်နှင့် ဆက်စပ်တွေးခေါ်ကြလေသည်။ နောက်ဆုံးတွင်၊ ဒါဝင်ဝါဒကို မသိဘူးမကြားဘူး သူတို့၏ဘဝနှင့် ပတ်ဝန်းကျင်တွင်ပင်၊ ဒါဝင်က ခန့်မှန်းခဲ့သော လူမှုအဖွဲ့အစည်းပုံစံများ ဖြစ်ပေါ်လာပေသည်။

ဒါဝင်ကိုယ်တိုင်က သူ၏အီဗိုလူးရှင်းသီအိုရီကို လူမှုရေးသိပ္ပံဘာသာရပ်မှ ကိုယ်ကျင့်တရားဆိုင်ရာ သဘောပေါက်မှုများနှင့်ပတ်သက်၍ အခြေခံသဘောတရားအဖြစ်တည်ဆောက်ရန် ထောက်ခံပြောဆိုခဲ့ပေသည်။ အိပ်ချ်သီးလ် (H. Thiel) ထံသို့ ၁၈၆၉ ခုနှစ်တွင် ရေးပို့ခဲ့သောစာတစ်စောင်တွင် ဒါဝင်က အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

> လူကြီးမင်းကနေ၊ ကျွန်ုပ်၏မျိုးစုများ၏ပြောင်းလဲမှုနှင့်ပတ်သက်၍ အသုံးပြုသော ပုံစံကို စိတ်ဓါတ်ရေးရာကျင့်ဝတ်အပိုင်းနှင့် လူမှုရေးအပိုင်းတွင် ဆင်တူရိုးမှားအမြင်များအနေဖြင့်အသုံးချနေသည်ကို ကျွန်ုပ်မည်မျှနှစ်ထောင်းအားရစိတ်ဝင်စားစွာ စောင့်ကြည့်နေသည်ကို သံသယကင်းစွာ ယုံကြည်လိမ့်မည်ဟု မျှော်လင့်ပါသည်။[၆]




သဘာဝအလျောက် ရှန်းကန်ပြိုင်ဆိုင်နေခြင်းကို လူ့သဘာဝတွင်လည်း လက်ခံကြသဖြင့်၊ လူမျိုးရေးပဋိပက္ခများ၊ ဖက်ဆစ်ဝါဒ၊ ကွန်မြူနစ်ဝါဒနှင့် နယ်ချဲ့ဝါဒအမည်များဖြင့်၊ သူတို့က အားနည်းသည်ထင်သောသူတို့ကို ချေမှုန်းပစ်ရန်မှာ သိပ္ပံအရေခြုံ၍ တရားဝင်စေလေပြီ။ ထိုသို့ရက်စက်ကြမ်းကြုတ်သောအုပ်စုလိုက်သတ်ဖြတ်မှုများ၊ လူသားများကို တိရစ္ဆာန်များပမာ ပြုကျင့်ခြင်း၊ အခြားလူများကို သူတို့၏ မျိုးရိုးနှင့်လူမျိုးရေးကြောင့်မုန်းတီးခြင်း၊ ပြိုင်ဆိုင်မှုအမည်ဖြင့် လုပ်ငန်းငယ်များကို ပိတ်ပစ်ခြင်း၊ ဆင်းရဲသားများကို ကူညီစောင်မခြင်းတွင် ငြင်းဆန်ခြင်း၊ စသည်တို့ကို တားဆီးအရေးယူရန် မဖြစ်နိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ထိုလုပ်ရပ်များအားလုံးသည် "သိပ္ပံနည်းကျသော" သဘာဝနိယာမတရားအတိုင်း လုပ်ဆောင်ခြင်းသာ ဖြစ်သွားသောကြောင့်တည်း။

၎င်းသိပ္ပံနည်းကျသည်ဟု အတင်းယူဆကြသည့် လုပ်ရပ်များကို အခြေခံမှုအဖြစ် လမ်းပြသောအတွေးအခေါ်ကို **"လူမှုရေး ဒါဝင်ဝါဒ" "Social Dawinism"** ဟု ခေါ်တွင်၏။

ကျွန်ုပ်တို့၏ခေတ်ရှိ အီဗိုလူးရှင်းသိပ္ပံပညာရှင်များအနက် ဤအချက်နှင့်ပတ်သက်၍ ပထမဦးဆုံး လက်ခံသူသည် အမေရိကန်လူမျိုး ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်ဖြစ်သူ စတီဖင်ဂျေ ဂေါလ် ဖြစ်ပေသည်။ ၁၈၅၉ ထုတ် *"မျိုးစုတို့ စတင်ဖြစ်ပေါ်ခြင်း"* စာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီးသည့်နောက်တွင်၊ "နောက်ထပ်ဆက်လက်၍၊ ကျွန်ုပ်ခြင်းအကြောင်း၊ ကိုလိုနီနယ်ချဲ့အကြောင်း၊ လူမျိုးရေးကွဲပြားမှု၊ လူတန်းစားအရေးရှန်းကန်မှုနှင့် ကာမရာဂကိစ္စများ စသည်တို့အားလုံးနှင့်ပတ်သက်သည့်ဆွေးနွေးငြင်းခုံမှုတို့သည်၊ အခြေခံအားဖြင့် သိပ္ပံပညာဟူသောခေါင်းစဉ်အောက်သို့ ရောက်သွားလေသည်။"[၅] ဟု ရေးသားခဲ့လေသည်။

## တကမ္ဘာလုံးတွင်ဖြစ်သည့် ဖိနှိပ်မှုများ

ဒါဝင်ဝါဒအရ ရှန်းကန်မှုနှင့်ပဋိပက္ခများသည် လူသားတို့၏ သဘာဝဖြစ်သည် ဟူသော လိမ်လည်ချက်ကို လက်ခံလိုက်ကြသည်နှင့် အတူ၊ ဝမ်းနည်း ကြေကွဲဖွယ်ကောင်းသော ကမ္ဘာစစ်များ သတ်ဖြတ်မှုများ ကြီးနိုင်ငယ် ညှင်းလုပ်ရပ်များသည်လည်း သိပ္ပံနည်းကျသည် ဟူသောဝတ်ရုံတွင် ခြုံထား အောင်းထားလိုက်ကြသဖြင့်၊ ၂၀ရာစုနှစ်သည် ဒုက္ခပင်လယ်ဝေ၍ သနားကြင်နာမှုကင်းမဲ့သည့်ရာစုနှစ် ဖြစ်ခဲ့၏။






နာကြည်းဖွယ်ရာလက်ကျန်ရှင်းတမ်း။

ဤနေရာတွင် အချက်တစ်ချက်ကို သတိထားရန်အရေးတကြီးလိုအပ်ပါသည်။ လူ့သမိုင်းတလျှောက်လုံးတွင် စစ်မက်ဖြစ်ပွားခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ အကြင်နာတရားကင်းမဲ့ခြင်း၊ လူမျိုးရေးခွဲခြားမှုရှိခြင်း၊ ပဋိပက္ခဖြစ်ခြင်း စသည်တို့နှင့် ပြည့်နက်နေခဲ့ပေသည်။ သို့သော်လည်း ယင်းလုပ်ရပ်များသည် မှားယွင်းကြောင်းနှင့် ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း၊ အေးချမ်းသာယာစွာ နေထိုင်ခြင်းအဖြစ်သို့ရောက်အောင် ဘာသာတရားများက အမြဲသတိပေးနှိုးဆော် ဖိတ်ခေါ်ခဲ့သည်ချည်း ဖြစ်ခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော် လူသားတို့သည် ဖန်ဆင်းရှင်၏သာသနာတရားတော်ကို သိရှိကြ၍၊ မိမိတို့၏လုပ်ရပ်များကို လွန်ကျူးခြင်းမရှိအောင် ထိန်းသိမ်းကြသောကြောင့်ဖြစ်ပေသည်။ သို့သော်လည်း၊ ၁၉ ရာစုနှစ်မှစ၍ ဒါဝင်ဝါဒ က အမြတ်အစွန်းအတွက်ရုန်းကန်ခြင်းနှင့်မတရားမှုများကို သိပ္ပံနည်းကျသော အင်္ဂါရပ်ဖြစ်သည်ဟု တရားဝင်အောင်ပြုပေးလိုက်၍၊ ထိုလုပ်ရပ်များသည်၊ လူ့သဘာဝသာလျှင်ဖြစ်သည်၊

လူသားများက ရက်စက်ကြမ်းကြုတ်ခြင်း၊ ကြူးကျော်စော်ကားခြင်းအကျင့်များကို ဘိုးဘေး ဘီဘင်များအား အပြစ်ပုံချလိုက်စေသည်။ ထိုနည်းတူ၊ တိရစ္ဆာန်များတွင် အင်အားအကြီးဆုံး တိုက်ရည်ခိုက်ရည်အရှိဆုံးအကောင်က ဆက်လက်အသက်ရှင်နေနိုင်ခြင်းကို လူသားအတွက် အကြိုးဝင်အောင် အသုံးပြုလိုက်သည်။ ဤအတွေးအခေါ်အောက်တွင်၊ ကမ္ဘာတစ်ဝှမ်းလုံး စစ်မက်ဖြစ်ပွားခြင်း၊ ဒုက္ခရောက်ခြင်းနှင့် အုပ်လိုက်အစုလိုက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခဲ့လေသည်။ ဒါဝင်ဝါဒက ကမ္ဘာပေါ်တွင် သွေးချောင်းစီးခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းဖြစ်စေသည့် လုပ်ရပ်များနှင့်လူပ်ရှားမှုများကို တရားဝင်စေသော ကျောထောက်နောက်ခံပေးသဖြင့် လူတို့က လက်တွေ့ကျင့်သုံးကြလေသည်။ ထိုကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်အတွေးအခေါ်များကို သိပ္ပံပညာက ကျောထောက်နောက်ခံပေးလိုက်သဖြင့်၊ နေ့ချင်းညချင်းကြီးထွား အင်အားကြီးလာသောကြောင့်၊ ၂၀ ရာစုနှစ်ကို "ဒုက္ခဖိစီးသောရာစုနှစ်" ဟူသောအမည်တံဆိပ် ခပ်နှိပ်ပေးလိုက်လေသည်။

သမိုင်းပါမောက္ခ ချက် ဘာရ်ဇွန်းက လက်ရှိကမ္ဘာတွင် သိပ္ပံပညာ၊ လူမှုဆက်ဆံရေးနှင့် ယဉ်ကျေးမှုတို့ကြောင့် ကိုယ်ကျင့်တရားအလွန်အမင်းပျက်ပြားနေခြင်းနှင့်ပတ်သက်၍ *ဒါဝင်၊ မားက္စ်၊ ဝေဂ်နာ* ဟူသောစာအုပ်တွင် အောက်ပါအတိုင်း သုံးသပ်ချင့်တွက်ထားပေသည်။ ဤကမ္ဘာလောကတွင် ဒါဝင်ဝါဒ၏ ဩဇာလွှမ်းမိုးမှုနှင့်ပတ်သက်၍ ဘာရ်ဇွန်း၏ ဝေဖန်သုံးသပ်ချက်သည် အင်မတန်မှန်ကန်လွန်းလှပေသည်။

> "––၁၈၇၀ ခုနှစ်နှင့် ၁၉၁၄ ခုနှစ်ကြားကာလနှစ်များတွင် ဥရောပတခွင်လုံးနိုင်ငံတိုင်း၌၊ လက်နက်တပ်ဆင်မှုကိုလိုလားသောစစ်အုပ်စု၊ သနားကြင်နာမှုကင်းမဲ့စွာ ပြိုင်ဆိုင်ခြင်းကိုလိုလားသောအတ္တဝါဒီအုပ်စု၊ ခေတ်နောက်ကျနေသောလူတို့ကို လက်လွတ်စပယ်ကိုင်တွင်နိုင်ခွင့် တောင်းဆိုသည့် နယ်ချဲ့အုပ်စု၊ အာဏာသိမ်းခြင်းကိုလိုလားတောင်းဆိုသောဆိုရှယ်လစ်ဝါဒီအုပ်စု၊ ပြည်တွင်းရှိ လူမျိုးခြားအားလုံးကို သတ်ဖြတ်သုတ်သင်ပစ်ခွင့် တောင်းဆိုသည့် လူမျိုးရေးဝါဒီအုပ်စု စသည်တို့ မှိုလိုပေါက်လာခဲ့သည်။ ၎င်းတို့က အများလူထု၏ ကြိုက်နှစ်သက်မှုကို ဆွဲဆောင်နိုင်ခြင်းနှင့် ၎င်းတို့၏ကျော်ကြားမှုဂုဏ်ကြက်သရေတွေ ကျဆင်းလာသည်နှင့်အမျှ၊ စပင်ဆာနှင့်ဒါဝင်တို့ကို စတင်ကိုးကားလာကြလေသည်။ သိပ္ပံယောင်ဆောင်သည့် ဒုစရိုက်များဟုပင် ဆိုရပေမည်။ ––လူမျိုးခွဲခြားရေးသည် ဇီဝနိယာမဖြစ်သွား၏။ လူမှုရေးဖြစ်စဉ်အဖြစ်သာ ယူဆကြတော့သည်။ ဒါဝင်ဝါဒီတို့၏အမူအကျင့်နှင့် ဆောင်ရွက်မှုတွေချည်း ဖြစ်ပေသည်။[၆]"



*ဒါဝင်၊ မားက္စ်၊ ဝေဂ်နာ* စာအုပ်ကို ရေးသူ
ပါမောက္ခ ချက် ဘာရ်ဇွန်း၏ပုံ

၁၉ ရာစုနှစ်တွင် ဒါဝင်က သက်ရှိအရာများကို ဖန်ဆင်းထားခြင်းမဟုတ်၊ မတော်တဆ ပေါ်ပေါက်လာ၍ လူသားများနှင့်တိရစ္ဆာန်များသည် တစ်ခုတည်းသောဘိုးဘေးမှဆင်းသက်လာကာ မတော်တဆကြုံ၍အမြင့်မားဆုံးဖွံ့ဖြိုးမှုဖြစ်ပေါ်ခဲ့သည်ဟု တင်ပြသည့်အချိန်၌၊ လူအများအားဖြင့် ထိုတင်ပြချက်၏ နောက်ဆက်တွဲအဖြေသည် မည်သို့ဖြစ်လာလိမ့်မည်ကို မည်သူကမျှ မခန့်မှန်းနိုင်ခဲ့ကြချေ။ သို့သော်လည်း ၂၀ ရာစုနှစ်ကုန်ပိုင်းတွင် ရရှိသောနောက်ဆုံး

အငြေမှာ၊ ကြောက်မက်ဖွယ်ကောင်းသောဘဝသက်တန်းများဖြစ်ခဲ့ကြောင်း တွေ့ရှိကြရပေသည်။ လူသားကို ဖွံ့ဖြိုးသောတိရစ္ဆာန်အဖြစ်လက်ခံယုံကြည်သူတို့သည်၊ အင်အားချိနဲ့သူတို့၏ကျောကိုနင်းချေ၍ မြင့်သောအဆင့်သို့တက်ရန် ဝန်မလေးကြချေ။ နာဖျားမကျန်းသူတို့နှင့် အင်အားချိနဲ့သူတို့ကို ဖျောက်ဖျက်ပစ်ရန်နှင့် သူတို့အမြင်တွင် အဆင့်နိမ့်သည်ဟု ထင်သော လူမျိုးများကို အစုလိုက်သတ်ဖြတ်ပစ်ရန် နည်းလမ်းရှာကြလေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ခံယူယုံကြည်သည့်သိပ္ပံမျက်နှာဖုံးတပ်ထားသောသီအိုရီက ထိုကဲ့သို့လုပ်ခြင်းသည် "သဘာဝနိယာမ" တရားဖြစ်သည်ဟု သင်ပေးထားသောကြောင့် ဖြစ်၏။

ဒါဝင်ဝါဒက ကမ္ဘာကြီးသို့ယူဆောင်လာခဲ့သော ပျက်စီးခြင်းဒုက္ခအပေါင်းသည် ဤကဲ့သို့စတင်ခဲ့၍၊ လျင်မြန်သောနှုန်းဖြင့်၊ တကမ္ဘာလုံးသို့ ပြန့်နှံ့သွားလေတော့သည်။ ၁၉ ရာစုနှစ်များတွင်၊ ဘုရားမဲ့ဝါဒီတို့သည်၊ ဒါဝင်ဝါဒ၏ကူညီထောက်ခံမှုကြောင့် ကြီးထွားလာကြပြီးဖြစ်သော်လည်း၊ လူအများစုမှာ လူသားကို ဘုရားသခင်ကဖန်ဆင်းထား၍၊ ဘုရားသခင်က ဖန်ဆင်းပေးအပ်ထားသော ဝိညာဉ်ရှိခြင်းကြောင့် အခြားသတ္တဝါများနှင့် ကွဲပြားခြားနားသည်ဟု ခံယူယုံကြည်ကြပေသည်။ မည်သည့်လူမျိုးကိုမဆို၊ ဘုရားသခင်ကဖန်ဆင်းထားသော လူသားများအဖြစ် ဘုရားသခင်၏ ကျေးကျွန်များအဖြစ် မြင်ကြပေသည်။ ရှေးယခင်ကတည်းက အမွေဆက်ခံလာခဲ့ကြ၍ ဒါဝင်ဝါဒက အင်အားဖြည့်တင်းပေးလိုက်သော၊ ဘာသာရေးယုံကြည်မှု ကင်းမဲ့သူတို့၏ လူမှုအသိုင်းအဝိုင်းအုပ်စုတွင်မူကား၊ ရက်စက်ကြမ်းကြုတ်စွာပြိုင်ဆိုင်မှုကမ္ဘာ့အမြင်သာရှိသဖြင့်၊ လူသားများသည် အမြင့်ဆုံးတိုးတက်ဖွံ့ဖြိုးသော တိရစ္ဆာန်တစ်မျိုးသာလျှင် ဖြစ်သည်ဟု ယုံကြည်သောကြောင့် အရေးကြီးသည့် ကိုယ်ကျင့်တရားထိန်းသိမ်းနေရန်မလိုအပ်ချေ။ ဘုရားသခင်ကို ငြင်းပယ်သောလူတို့၏ ယဉ်ကျေးမှုတွင်၊ တစ်ကိုယ်ကောင်းဆန်ခြင်းအတ္တဝါဒ မှန်သမျှသည် တရားဝင်၏။ ဤကဲ့သို့သော ယဉ်ကျေးမှုမှ ဝါဒအမျိုးမျိုးပေါ်ပေါက်ခဲ့၍၊ ၎င်းတို့တစ်ခုချင်းသည်လည်း ကမ္ဘာကြီးနှင့် လူ့လောကအတွက် ဘေးဒုက္ခကပ်ဆိုက်ခြင်းသာလျှင် ဖြစ်ပေါ်စေပေသည်။

ရှေ့တွင်လာမည့် စာမျက်နှာများတွင်၊ ဒါဝင်ဝါဒက တရားဝင်စေသည့် ထိုဝါဒအတွေးအခေါ်များ မည်ကဲ့သို့အချင်းချင်းဆက်စပ်နေကြပုံ၊ ဒါဝင်ဝါဒနှင့် မည်သို့သက်ဆိုင် ဆက်စပ်နေပုံ စသည်တို့အပြင်၊ သူတို့၏ အချင်းချင်းဆက်စပ်ယှိုင်းပင်းမှုကြောင့် ကမ္ဘာလောက တခွင်မည်သို့အကျိုးယုတ်ခဲ့သည်တို့ကို ဆန်းစစ်ကြပါမည်။

# အခန်း ၂

## ဒါဝင်၏ လူမျိုးခွဲခြားရေး ဝါဒနှင့် ကိုလိုနီစနစ်ဝါဒ



ဒါဝင်၏ ရင်းနှီးသော မိတ်ဆွေဖြစ်သည့် ပါမောက္ခ အာဒမ် ဆက်ဝိက်သည်၊ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီကြောင့် နောင်အနာဂတ်တွင် သက်ရောက်မည့်အန္တရာယ်ကို တွေးမြင်မိသူများအနက် တစ်ဦးဖြစ်ပေသည်။ ဒါဝင်ရေးသားသော *မျိုးစုတို့ စတင်ဖြစ်ပေါ်ခြင်း* စာအုပ်ကို ဖတ်ရှုပြီးသည့်နောက်၊ ဤသို့မှတ်ချက်ချခဲ့လေသည်။ **"ဤစာအုပ်ကို အများလူထုက လက်ခံကြလျှင်၊ လူသားလောကသို့ ယ္ခင်ကမတွေ့မမြင်ခဲ့ဘူးသော ရက်စက်ကြမ်းကြုတ်မှုများ ယူဆောင်လာကြလိမ့်မည်။"**[၇]



Professor Adam Sedgwick

အမှန်တကယ်လည်း ဆက်ဝိက်က သံသယဖြစ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း သက်သေထူလိုက်လေပြီ။ ၂၀ ရာစုနှစ်သည် လူ့သမိုင်းတွင် လူတို့သည် လူမျိုးမတူခြင်းတစ်ခုတည်းကြောင့် အချင်းချင်းသတ်ဖြတ်ကြသည့် အမှောင်ခေတ်ဖြစ်ခဲ့လေပြီ။

အမှန်မှာ ဒါဝင်မတိုင်မီ နှစ်ပေါင်းမြောက်မြားစွာကတည်းက၊ လူ့သမိုင်းတွင် ခွဲခြားမှုနှင့် မျိုးဖြုတ်ဖျက်ဆီးမှုများ ရှိခဲ့ပြီးဖြစ်ပေသည်။ **သို့သော်လည်း၊ ဒါဝင်က ထိုခွဲခြားမှုများကို သိပ္ပံနည်းကျသည့်မှန်ကန်ခြင်းအဖြစ် နားသွင်းလိုက်ခြင်းမှာ အင်မတန်မှားယွင်းသောအချက်ပင် ဖြစ်၏။**

## "လက်ရွေးစဉ် လူမျိုးများကို ထိန်းသိမ်းခြင်း--"

ကျွန်ုပ်တို့၏ခေတ်ရှိ ဒါဝင်ဝါဒီတို့က၊ ဒါဝင်ကိုယ်တိုင်သည် လူမျိုးရေးသမားမဟုတ်၊ လူမျိုးရေးခွဲခြားမှုနှင့်ပတ်သက်၍ ဝေဖန်သုံးသပ်သူတို့က သူတို့၏လိုရာ ကိုယ်ပိုင်အမြင်ကို အထောက်အကူပြုစေရန် ဘက်လိုက်၍ ရေးသားကြခြင်းသာဖြစ်သည်ဟု ဆိုကြသည်။ *"လက်ရွေးစဉ်(လူမျိုး)မျိုးနွယ်များကို ထိန်းသိမ်းခြင်း"* ဟူသော*မျိုးစုတို့စတင်ဖြစ်ပေါ်ခြင်း* စာအုပ်တွင် ပါရှိသည့်အခန်းသည် တိရစ္ဆာန်များနှင့်သာ သက်ဆိုင်ပါသည်ဟု တင်ပြကြ၏။ သို့သော်လည်း၊ ထိုသို့တင်ပြသူတို့သည်၊ ဒါဝင်က သူ၏စာအုပ်တွင် လူသားများအကြောင်းရေးသားထားသည်ကို လစ်လျူရှုထားခြင်းသာလျှင် ဖြစ်ပေသည်။

ဒါဝင်က သူ၏စာအုပ်တွင်တင်ပြသောအမြင်အရ၊ လူသားတို့သည် အီဗိုလူးရှင်းအဆင့်အမျိုးမျိုးကို ကျော်လွန်၍ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်ဟုဆိုသည်။ ထိုသို့ပြောင်းလဲတိုးတက်လာရာတွင်၊ လူမျိုးအချို့တို့သည် အခြားလူမျိုးများထက် ပိုမို၍ဖွံ့ဖြိုးတိုးတက်ကြသည်ဟုဆိုသည်။ အချို့လူမျိုးများမှာ မျောက်များ၏အဆင့်လောက်တွင်သာလျှင် ကျန်ရစ်နေကြသေးသည်ဟုလည်း ဆို၏။

"အသက်ရှင်ရေးအတွက် တိုက်ခိုက်ကြရသည်" ဟူသောအချက်သည်လည်း၊ လူသားများနှင့်ပတ်သက်၍ အသုံးပြုထားလေသည်။ "လက်ရွေးစဉ်လူမျိုးများ"သည် ထိုရှန်းကန်တိုက်ခိုက်ခြင်းမှ ပေါ်ပေါက်လာသည်ဟု တင်ပြထားပေသည်။ ဒါဝင်၏အဆိုအရ လက်ရွေးစဉ်လူမျိုးများမှာ၊ ဥရောပတိုက်သားများဖြစ်သည်။ အာရှတိုက်သားများနှင့် အာဖရိကတိုက်သားများမှာ၊ ထိုအသက်ရှင်ရေးတိုက်ပွဲတွင် ရှုံးနိမ့်ကျန်ရစ်သူများဖြစ်သည်ဟု ဆိုထားသည်။ ထို့

နောက်၊ ထိုလူမျိုးများသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ယင်းအသက်ရှင်ရေးတိုက်ပွဲ၌ လုံးဝရှုံးနိမ့်သွားပြီး နောက်ဆုံးတွင် လုံးဝပျောက်ကွယ်သွားကြမည်ဖြစ်သည်ဟု ထပ်ကွန့်အဆိုပြုထားပေသည်။

> ရှေ့လာမည့် ရာစုနှစ်အနည်းငယ်အတွင်း၊ ယဉ်ကျေးသောလူမျိုးများသည်၊ ရိုင်းစိုင်းလျက်ရှိနေသေးသောလူမျိုးများကို တကမ္ဘာလုံးအတိုင်းအတာဖြင့် မျိုးဖြုတ်ပစ် ရှင်းလင်းပစ်လိမ့်မည်။ ထိုအချိန်တွင် အင်တြိုပိုမိုဖတ် မျောက်ဝံများသည်လည်း လုံးဝပျောက်ကွယ်သွားမည်မှာ မလွဲမရှောင်သာ ဖြစ်ပေသည်။ လူသားနှင့် သူ၏အနီးဆုံးဆွေမျိုးသတ္တဝါအကြား ခွဲထွက်ခြင်း ကွာခြားချက်သည်လည်း ပိုမိုကျယ်ဝန်းသွားပေတော့မည်။ အဘယ့်ကြောင့်ဆိုသော်၊ သဘာဝက ပိုမိုယဉ်ကျေးသောအဆင့်သို့ ရောက်အောင် ပို့ဆောင်မည်ဖြစ်၏။ ကော့ကဆပ်လူမျိုးများနှင့် ဘာဘွန်းကဲ့သို့သော အနိမ့်ဆုံး မျောက်ဝံတို့အကြား ကွာခြားချက်ကဲ့သို့၊ လက်ရှိ နီဂရိုးလူမျိုးများ သို့မဟုတ် ဩစတေးလျလူမျိုးများနှင့် ဂေါ်ရီလာမျောက်ဝံအကြားကွာခြားချက်ထက် ပိုလိမ့်မည်။[၈]

*မျိုးစုတို့ စတင်ဖြစ်ပေါ်ခြင်း* စာအုပ်နောက်တစ်နေရာတွင် အဆင့်နိမ့်သော လူမျိုးများ ပျောက်ကွယ်သွားရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီးသော လူမျိုးများသည်လည်း ထိုလူမျိုးများကို ဆက်လက်အသက်ရှင်နေကြရန် အကာအကွယ်ပေးနေရန် မလိုအပ်ကြောင်း၊ ရေးသားထားပေသည်။ သူ၏အဆိုကို လူများက တိရစ္ဆာန်မွေးမြူသောအခါ ကောင်းသောအမျိုးကိုသာ ချန်ထား၍ ညံ့သောအကောင်များကို မျိုးအဖြစ်မထားဘဲ သတ်ဖြတ်ပစ်သည့်အလေ့အထနှင့် နှိုင်းယှဉ်ထားလေသည်။

> ကိုယ်ခန္ဓာသို့မဟုတ် စိတ်ဓါတ်အရ အားနည်းသူတို့ပျောက်ကွယ်သွားကြသည်နှင့်အမျှ၊ အသက်ဆက်လက်ရှင်နေသူတို့လည်း အားမာန်တက်ကြွသော ကျန်းမာရေးအခြေအနေကို ဖေါ်ပြကြပေလိမ့်မည်။ ယဉ်ကျေးသောကျွန်ုပ်တို့သည်၊ ထိုကဲ့သို့သော မျိုးဖြုတ်ဖြစ်စဉ်ကို အတတ်နိုင်ဆုံးကြည့်ရှုစစ်ဆေးစောင့်ရှောက်ကြရမည်။ ရူးသွပ်စိတ်မနှံ့သူများ၊ နာဖျားမကျန်းဖြစ်သူများနှင့် မစွမ်းမသန်သူများအတွက် ခိုလှုံရာဌာနများကို ဆောက်လုပ်၍ သူတို့နောက်ဆုံးအသက်ရှုသည်အထိ စောင့်ရှောက်ကြပေမည်။ ရောဂါကာကွယ်ရေး ဆေးထိုးခြင်းသည် ထောင်ပေါင်းမြောက်မြားစွာသော လူတို့၏အသက်ကို ကယ်တင်နိုင်ကြောင်း ယုံကြည်ရပေသည်။ အမှန်မှာ ထိုအဆင့်နိမ့်သည့် ကိုယ်ခန္ဓာနှင့် ဉာဏ်အခြေအနေတွင်ရှိသူတို့သည် ကာကွယ်ရေးဆေးမထိုးပေးပါက သေကြေကုန်ကြမည်သာ ဖြစ်ပေသည်။ ထိုကဲ့သို့ နိမ့်ကျသူများ၏အသက်ကယ်ရန် ကာကွယ်ရေးဆေးများ ထိုးပေးခြင်းသည်လည်း၊ ယဉ်ကျေးသောလူမျိုးများထဲမှ စိတ်ဓါတ်ပျော့ညံ့သူတို့၏ လုပ်ရပ်သာလျှင်ဖြစ်ပေသည်။ ထိုသို့ပြုလုပ်ခြင်းသည် လူသားလောကအတွက်မည်မျှနစ်နာစေနိုင်သည်ကို တိရစ္ဆာန်မွေးမြူရေးသင်တန်းတက်ဘူးသူများက ကောင်းစွာသဘောပေါက်ကြမည် ဖြစ်၏။[၉]

ဒါဝင်က သူ၏ *မျိုးစုများ စတင်ဖြစ်ပေါ်ခြင်း*စာအုပ်တွင်၊ ဩစတေးလျနိုင်ငံတိုင်းရင်းသားများနှင့် နီဂရိုးလူမျိုးများကို ဂေါ်ရီလာမျောက်ဝံအဆင့်သာရှိသည်၊ ၎င်းလူမျိုးတို့သည် ကမ္ဘာလောကမှ ပျောက်ကွယ်သွားလိမ့်မည်ဟု တင်ပြထားသည်ကို တွေ့ရှိရပေသည်။

ဒါဝင်အနေနှင့် "အဆင့်နိမ့်သည်"ဟု သတ်မှတ်ထားသောအခြားလူမျိုးများကိုလည်း လူဦးရေထပ်မံတိုးပွားလာစေခြင်းမရှိအောင် ဟန့်တားထားရမည်၊ ၎င်းတို့ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားအောင်လည်း ဆောင်ရွက်ရမည်ဟု ဆိုထားသည်။ ယွင်ကတည်းက ရှိလာခဲ့သော လူမျိုးရေးခွဲခြားမှုများနှင့် ကျွန်ုပ်တို့၏ခေတ်တွင် ဖြစ်ပေါ်၍တွေ့မြင်နေရသော အဖြစ်များကို ဒါဝင်အနေဖြင့် မှန်ကန်တရားဝင်ကြောင်း ဤနည်းဖြင့်ဘဝင်တွေ့တွေ့ ထောက်ခံလိုက်ပေသည်။

ဒါဝင်၏အတွေးအခေါ်အရ၊ "ယဉ်ကျေးပြီးသောလူ"တို့၏တာဝန်မှာ ထိုအီဗိုလူးရှင်း ပြောင်းလဲမှုကို အနည်းငယ်ထပ်မံမြန်ဆန်သွားအောင် ကူညီပေးရန်ဖြစ်ကြောင်းကို ရှေ့လာမည့်အပိုင်းများတွင် ပိုမိုအသေးစိတ် ဖတ်ရှုရပါမည်။ ယခုလက်ရှိအခြေအနေအရ၊ ထိုလူမျိုးများကို ဖျောက်ဖျက်ပစ်ရန် လုပ်ဆောင်ချက်များကို "သိပ္ပံပညာပိုင်းမှ"မည်သို့မျှ တားမြစ်ခြင်း မရှိကြသေးချေ။

ဒါဝင်၏လူမျိုးခွဲခြားရေးအပိုင်းကို သူ၏ရေးသားချက်များနှင့် လေ့လာချက်များတွင် ပို မိုထင်ရှားပေသည်။ ဥပမာ၊ သူ၏ရှည်လျား ကြာမြင့်သော ၁၈၇၁ ခုနှစ်မှ ပင်လယ်ခရီးစဉ် အတွင်း တွေ့မြင်ခဲ့ရသည့် တီယာရာဒဲလ် ဖူဂို အရပ်မှ တိုင်းရင်းသားများအကြောင်း ရေးသား ဖော်ပြထားချက်တွင် သူ၏လူမျိုးခွဲခြားရေးစိတ်ဓါတ်ကို ပွင့်လင်းစွာပင် ဖော်ပြထားပေသည်။ ထိုတိုင်းရင်းသားများသည် "ကိုယ်တုံးလုံးနေကြ၍၊ အရောင်မျိုးစုံဆိုးထားကြသည်။ တိရစ္ဆာန် များကဲ့သို့ တွေ့ရာအားလုံးစားကြသည်။ အုပ်ထိန်းမှုမရှိကြချေ။ သူတို့လူမျိုးမဟုတ်သူအားလုံး ကို ရက်စက်ကြသည်။ ရန်သူကို နှိပ်စက်ရာ၌ ပျော်မြူးကြသည်။ သွေးဖြင့်ယစ်ပူဇော်ကြသည်။ ခလေးသူငယ်များကို သတ်ဖြတ်ကြသည်။ သူတို့၏ဇနီးမယားများကို နှိပ်စက်ကလူပြုကြသည်။ မဖွယ်မရာသော အယူသီးခြင်းနှင့် ပြည့်နက်လျက်ရှိသည်။" ဟု ရေးထားသည်။ ထိုဒေသသို့ ဒါဝင်မရောက်မီ ၁၀ နှစ်အလျင်ကသွားရောက်ခဲ့သောသုတေသနပညာရှင် W.P.Snow (ဒဗလျူ



ဒါဝင်ထွက်ခဲ့သောခရီးစဉ်တွင် သူ၏လူမျိုးခွဲခြား ရေးစိတ်ဓါတ်ကို ဖော်ပြထားပေသည်။ ဥပမာ၊ "တောရိုင်းတိရစ္ဆာန်" ဟူသောဝေါဟာရသည် အခြားသုတေသနပညာရှင်များ ဆွေးနွေးခဲ့သော လူမျိုးများနှင့် သင့်တော်သည်ဟု ဒါဝင်က ယူဆ၏။

ပီ စနိုး)၏ ရေးသားချက်နှင့် တခြားစီဖြစ်နေပေသည်။ စနိုး၏ဖော်ပြချက်အရ၊ တီယာရာ ဒဲလ် ဖူဂို အရပ်သားများသည်၊ တောင့်တင်းခန့်ငြားသူများဖြစ်ကြသည်။ သူတို့၏ ခလေးသူငယ်များ ကို ချစ်ခင်တတ်ကြ၏။ သူတို့၏အသုံးအဆောင်ပစ္စည်းများသည် လက်ရာမြောက်ပေသည်။ ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာထုံးဓလေ့အချို့လည်းရှိ၏။ သက်ကြီးဝါကြီး အမျိုးသမီးများ၏ ဩဇာ အာဏာကို လေးစားလက်ခံကြပေသည်။[၁၀]

ဤဥပါဒ်ဟုရန်များအရ၊ ဒါဝင်သည် လူမျိုးခွဲခြားရေးသမား အပြည့်အဝဖြစ်ပေသည်။ *What Darwin Really Said* ဟူသောစာအုပ်ကို ရေးသားသည့် ဘင်ဂျမင် ဖါရင်တန်က ဒါဝင် ရေးသားသည့် *The Descent of Man* စာအုပ်မှ **"ထင်ရှားသော လူမျိုးများအကြား ပိုမိုကျယ် ဝန်းသောခြားနားချက်များ"** ဟူသောအခန်းနှင့် ပတ်သက်၍ အကျယ်တဝင့် ဝေဖန်သုံးသပ်ထား ပေသည်။[၁၁]

ထို့ထက်ပိုသည့်အချက်မှာ၊ ဒါဝင်၏သီအိုရီသည် ထာဝရဘုရားသခင်ကိုငြင်းပယ်ထားသဖြင့်၊ ဒါဝင်သီအိုရီကြောင့် ထာဝရဘုရားသခင်က လူသားများအားလုံးကို တန်းတူအဆင့်အဖြစ်ဖန်ဆင်းထားသည်ဟု လူတို့က မမြင်ကြတော့ချေ။ ဤသည်ကပင်၊ လူမျိုးခွဲခြားရေးဝါဒကြီးထွားလာခဲ့ခြင်းနှင့် ယင်းဝါဒကို တကမ္ဘာလုံးတွင် အရှိန်အဟုန်ကြီးစွာဖြင့် လက်ခံလာကြခြင်း၏အကြောင်းရင်းတစ်ခု ဖြစ်ပေသည်။ အမေရိကန်လူမျိုး သိပ္ပံပညာရှင် ဂျိမ်းစ် ဖါဂူဆန်က လူမျိုးခွဲခြားရေးဝါဒ ကြီးထွားလာခဲ့ခြင်းနှင့် ဖန်ဆင်းခြင်းယုံကြည်ချက်ကို ပစ်ပယ်ခြင်းတို့ တိုက်ရိုက်ဆက်နွယ်နေကြောင်းကို အောက်ပါအတိုင်း ကြေညာထားလေသည်။

> နောင်များမကြာမီအတွင်း၊ မနုဿဗေဒသစ်သည်လည်း လူသားများ၏အစမူလဘူတ နှင့်ပတ်သက်၍ အမြင်ချင်းဆန့်ကျင်ဘက်ဖြစ်သောအုပ်စုနှစ်ခုတို့၏ အခြေခံဖြစ်လာလေသည်။ "ဧကဗီဇဝါဒ" ခေါ် လူသားများအားလုံးသည် အသားအရောင်နှင့် အခြားအင်္ဂါရပ်များမတူကြသော်လည်း မျိုးဗီဇတစ်ခုတည်းမှ ဆင်းသက်လာသည်ဟု ယုံကြည်သောအုပ်စုသည်၊ လူသားတို့၏အစမူလဘူတသည် ပထမလူသား အာဒမ်မှဆင်းသက်လာ၍ ထာဝရဘုရားသခင်၏ဖန်ဆင်းခြင်းအလုပ်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဤအုပ်စုသည် သက်တန်းပို၍ကြာညောင်းပြီဖြစ်၍ ပို၍အခြေခိုင်သောအုပ်စုဖြစ်သည်။ ဧကဗီဇဝါဒကို ခရစ်ယာန်သာသနာအဖွဲ့မှပြဋ္ဌာန်း၍၊ အတွေးအခေါ်အရသြဇာညောင်းသည့်အီဗိုလူးရှင်းသီအိုရီက ဆန့်ကျင်ဘက်အတိုက်အခံဖြစ်သော "ဗဟုဗီဇဝါဒ "ကို မီးထိုးပေးသည့်အချိန်မတိုင်မီ ၁၈ ရာစုနှစ်အထိ တကမ္ဘာလုံးလက်ခံယုံကြည်ခဲ့ကြလေသည်။ အီဗိုလူးရှင်းသီအိုရီသည် မတူညီသောလူမျိုးစုတို့သည် မတူညီသောမျိုးဗီဇမှပြောင်းလဲ ပေါ်ပေါက်လာသည်ဟု ဆိုသည်။[၁၂]

အိန္ဒိယလူမျိုး မနုဿဗေဒပညာရှင် လာလိတာ ဗိဒီယာတီသည်၊ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီက လူမှုရေးသိပ္ပံတွင် လူမျိုးခွဲခြားရေးအတွေးအခေါ်ကို မည်သို့မည်ပုံလက်ခံသွားအောင် ရွေ့ဆောင်သွားပုံကို ရှင်းပြထားပေသည်။


> ထိုခေတ်က လူမှုရေးသိပ္ပံပညာရှင်များက ဒါဝင်၏ အင်အားအကြီးဆုံးအသင့်တော်ဆုံးသူက ဆက်လက်အသက်ရှင်သည် ဟူသောအတွေးအခေါ်ကို လှိုက်လှိုက်လှဲလှဲကြိုဆိုလက်ခံကြလေသည်။ လူသားများသည် အဆင့်ဆင့်ပြောင်းလဲမှုအီဗိုလူးရှင်းမြောက်မြားစွာကို ကျော်လွှန်လာခဲ့ကြရာ၊ အသားဖြူများ၏ယဉ်ကျေးမှုသည် အထွတ်အထိပ်ရောက်သည်ဟု ယုံကြည်ကြလေသည်။ တစ် ဆယ့်ကိုးရာစုနှစ်ဒုတိယပိုင်းမှစ၍ လူမျိုးခွဲခြားရေးကို အမှန်တရားဖြစ်သည်ဟု အနောက်နိုင်ငံသား သိပ္ပံပညာရှင်အများစုတို့က လက်ခံကြလေသည်။[၁၃]

ဒါဝင်ဝါဒီတို့သည် ဒါဝင်၏နောက်မှပေါ်လာသူများဖြစ်ကြသည်နှင့်အညီ၊ ဒါဝင်၏လူမျိုးခွဲခြားရေးဝါဒမှန်ကန်ကြောင်း၊ သက်သေထူရန် အင်မတန်ကြိုးပမ်းကြပေသည်။ ထိုကဲ့သို့ကြိုးပမ်းကြရာတွင် သိပ္ပံပညာအရမညီမညွတ်ကွဲလွဲသောအဆိုများနှင့် တမင်လုပ်ကြံ လိမ်လည်သည့်အဆိုများကိုရှာဖွေတင်သွင်းကြရာ၌ သူတို့၏ကိုယ်ကျင့်တရားသိက္ခာများကိုပင် ငဲ့ညှာနိုင်ခြင်းမရှိကြတော့ချေ။ ထိုကဲ့သို့ လူမျိုးခွဲခြားရေးဝါဒသည် မှန်ကန်၍တရားဝင်ကြောင်း သက်သေထူနိုင်ပါက၊ သူတို့၏ "အဆင့်မြင့်"မှုနှင့် ဖိနှိပ်ချုပ်ချယ်ခြင်း၊ ကိုလိုနီနယ်ချဲ့ခြင်း၊ လိုအပ်ပါက အခြားလူမျိုးများကို ဖြောက်ဖျက်သုတ်သင်ပစ်ခြင်း စသည်တို့ကိုပါ မှန်ကန်၍တရားဝင်ကြောင်း သက်သေထူရာကျသည်ဟု ယူဆကြပေသည်။

စတီဖင် ဂျေ ဂေါလ်ဒ်ရေးသားသော *The Mismeasure of Man* (လူသား၏မှားယွင်းသောတိုင်းတာမှု) စာအုပ်၏ တတိယအခန်းတွင်၊ မနုဿဗေဒပညာရှင်တို့သည်လည်း ထိုကဲ့သို့တွေ့ရှိချက်များကို လိမ်လည်ကြရာတွင် အပြစ်မကင်းကြပေ။ ဂေါလ်ဒ်၏ အဆိုအရ၊ ၎င်းတို့က လိမ်လည်သောအပိုင်းသည် အများအားဖြင့် သူတို့တွေ့ရှိခဲ့သောကျောက်ဖြစ်ရုပ်ကြွင်းများ၏ဦးနှောက်အရွယ်အစားဖြစ်ပေသည်။ ဦးနှောက်အရွယ်သည် ဉာဏ်ထက်မြက်ခြင်းနှင့်ပတ်သက်သည်ဟု ယုံကြည်ကြသဖြင့်၊ မနုဿဗေဒပညာရှင်အများအားဖြင့် ကော့ကေးရှန်လူမျိုး(လူဖြူ)

များ၏ဦးနှောက်အရွယ်အစားကို အရှိထက်ပို၍ဖော်ပြကြ၍၊ လူမဲနှင့်အိန္ဒိယလူမျိုးများ၏ ဦးနှောက်အရွယ်အစားများကိုမူ အရှိထက် ပိုမိုသေးငယ်အောင် ဖော်ပြလေ့ရှိကြပေသည်။[၁၄]

ဂေါလ်ဒ်ရေးသားသော ***Ever Since Darwin*** ဟူသောစာအုပ်တွင် ဒါဝင်ဝါဒီများက အချို့သောလူမျိုးများသည် အဆင့်နိမ့်သောလူသားများဖြစ်သည်ဟု ဖော်ပြနိုင်ရန်မယုံကြည်နိုင်လောက်အောင် တင်ပြကြခြင်းကို ရှင်းပြထားပေသည်။



စတီဖင် ဂျေး ဂေါလ်နှင့် သူ၏စာအုပ်က ဒါဝင်၏လူမျိုးခွဲခြားရေးအပိုင်းကို ဖေါ်ထုတ်ထား၏။

ဟေကယ်လ်နှင့်သူ၏အပေါင်းပါများလည်း၊ မြောက်ပိုင်းဥရောပတိုက်သား လူဖြူများသည် လူမျိုးအရအဆင့်မြင့်ကြောင်းအတည်ပြုကြရန်တစ်ကြော့ပြန်၍တောင်းဆိုခဲ့ကြလေသည်။ လူသားတို့၏ခန္ဓာကိုယ်တည်ဆောက်ပုံအစိတ်အပိုင်းများနှင့်အမူအကျင့်များမှအထောက်အထားဖြစ်ဖွယ်ရာများကို ဦးနှောက်မှအစ ဝမ်းပိုက်ရှိချက်အထိ ရနိုင်သမျှအသေးစိတ်လိုက်လံရှာဖွေကြသည်။ ဟားဘတ်စပင်ဆာက "ယဉ်ကျေးမှု မရှိသေးသောလူမျိုးတို့၏အသိဉာဏ်သည် ---ယဉ်ကျေးပြီးသောလူမျိုး ကလေးသူငယ်များတွင် တွေ့ရှိရပေသည်။" ဟု ရေးသားထားလေသည်။ ကားလ်ဗို့ဂ်က ၁၈၆၄ ခုနှစ်တွင်၊ "အရွယ်ရောက်ပြီးသော နီဂရိုးတစ်ယောက်၏ အသိဉာဏ်ပိုင်းသည် ကလေးသူငယ်များနှင့်ဆင်တူပေသည်။--အချို့သောလူမျိုးများမှာ၊ ထူးဆန်းသောအဖွဲ့အစည်းအုပ်ချုပ်ပုံများဖြင့် တိုင်းနိုင်ငံများတည်ထောင်ကြ၏။ သို့သော်လည်း ကျန်လူများကိုပါ ထည့်စဉ်းစားမည်ဆိုလျှင်၊ လူမျိုးတစ်မျိုးလုံးသည် အတိတ်တွင်သော်လည်းကောင်း၊ ပစ္စုပ္ပန်တွင်သော်လည်းကောင်း၊ လူသားလောကအတွက် တိုးတက်ဖွံ့ဖြိုးစေမည့်လုပ်ဆောင်

ချက်တစ်ခုတစ်လေမျှမရှိပေ။ သို့မဟုတ်သူတို့ကို လူ့လောကတွင် ဆက်လက်ထိန်းသိမ်းထားလောက်အောင် တန်ဘိုးမရှိပေ။[၁၅]ဟု ပြင်းပြင်းထန် ထန်ရေးသားထား၏။

ပြင်သစ်လူမျိုး ဆေးပညာဆိုင်ရာ ခန္ဓာဗေဒပညာရှင် အီတီယံဆာရက်က လူမဲယောက်ျားများ၏ချက်က အောက်ပိုင်းရောက်လွန်းနေသဖြင့် ၎င်းတို့သည် ကမ္ဘာဦးလူများအတိုင်းရှိနေသေးသည်ဟု အပြင်းအထန်ငြင်းခုံခဲ့လေသည်။

ဒါဝင်နှင့် တစ်ခေတ်တည်းပေါ်ခဲ့သော အီဗိုလူးရှင်းဝါဒီ ဟဲဗ်လော့(ခ်)အဲလစ်က အဆင့်မြင့်သောလူမျိုးနှင့် အဆင့်နိမ့်သောလူမျိုးတို့ ကွာခြားကြကြောင်း "သိပ္ပံနည်းကျ"သည်ဟူသော ရှင်းလင်းချက်များကို အောက်ပါအတိုင်းပေးထားလေသည်။

> အာဖရိကလူမျိုးကလေးများသည်၊ ဥရောပလူမျိုးခလေးများထက် ဉာဏ်ထက်မြက်မှု နည်းခြင်းကို ရှားရှားပါးပါးတွေ့ရပေသည်။ သို့သော်လည်း ထိုကလေးများက ကြီးပြင်းလာသောအခါတွင်မူ၊ ထုံထိုင်းနုံအခြင်း၊ ရိုးရိုးနေရိုးရိုးစားဘဝကိုသာသိခြင်းဖြစ်လာပေသည်။ ဥရောပတိုက်သားများတွင် သူတို့၏ကလေးဘဝမှမြူးတူးပျော်ရွှင်တတ်သောဗီဇကို ဆက်လက်၍ရှိခြင်းကိုတွေ့ရှိရပေသည်။[၁၆]

ပြင်သစ်လူမျိုးမနုဿဗေဒပညာရှင် ဗါချာ ဒီ လာပေါက်က ပါရီမြို့တွင် ၁၉၀၉ ခုနှစ်တွင်ရိုက်ထုတ်သော *Race et Milin Social Essais d'Anthroposociologie* (Paris 1909) တွင်၊ လူဖြူမဟုတ်သူတို့သည် လူရိုင်းများမှဆင်းသက်လာကြသူများဖြစ်၍၊ ယဉ်ကျေးမှုကို သင်ယူတတ်မြောက်ခြင်းမရှိခဲ့ကြသူများဖြစ်ကြသည်။ သို့မဟုတ် သွေးရော၍ပေါက်ဖွားလာသူများက နောင်တွင်ဆုတ်ယုတ်သွားခဲ့သူများဖြစ်ကြသည်။ သူ၏အဆိုကို ထောက်ခံရန် ပါရီမြို့ရှိ အထက်တန်းလွှာနှင့် အောက်တန်းလွှာတို့၏ သင်္ချိုင်းများမှ ဦးခေါင်းခွံများကို တိုင်းတာခြင်းဖြင့် သက်သေထူလေသည်။ သူ၏လေ့လာချက်အရ၊ "လူတို့၏ဦးနှောက်ခွံအတိုင်းအတာပေါ် မူတည်၍၊ အချို့သောလူတို့သည် ကြွယ်ဝချမ်းသာခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ လွတ်လပ်စွာတွေးခေါ်ခြင်း ရှိကြ၏။ အခြားသူတို့မှာမူကား၊ မယုတ်မလွန်ဖြစ်၍ ရေးဆန်ကြခြင်း၊ ရသမျှ ရှိသမျှနှင့် တင်းတိမ်နိုင်ကြခြင်း၊ ကောင်းသောအစေခံအရည်အချင်းအားလုံးနှင့် ပြည့်စုံခြင်း၊ ရှိကြသည်။ လူတန်းစားသည် လူမှုရေးအရ ရွေးချယ်မှုဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်း၏အထက်တန်းလွှာသည် အဆင့်မြင့်သောလူမျိုးများမှဆင်းသက်လာကြ၍၊ သူတို့၏ဥစ္စာဓနကြွယ်ဝမှုအတိုင်းအတာသည် ဦးခေါင်းခွံအတိုင်းအတာပေါ်မူတည်နေပေသည်။" လာပေါက်က၊ ဤသို့ ဟောကိန်းထုတ်ထားခဲ့လေသည်။ "နောင်လာမည့်နှစ်များတွင် လူတို့သည် သူတို့၏ ဦးခေါင်းများ လုံးဝိုင်းခြင်း ချွန်ခြင်းတို့ကြောင့် အချင်းချင်းသတ်ဖြတ်ကြလိမ့်မည်"ဟု ဆို၏။[၁၇] ဤဟောကိန်းသည်လည်း မှန်ကန်ခဲ့ပေသည်။ နောက်လာမည့် စာမျက်နှာများတွင်၊ ၂၀ ရာစုနှစ်အတွင်း လူမျိုးရေးကြောင့် အုပ်စုလိုက်သတ်ဖြတ်ကြသည်ကို ဖတ်ရှုရပါလိမ့်မည်။

မနုဿဗေဒပညာရှင်များသာလျှင်မဟုတ်၊ ပိုးမွှားဗေဒပညာရှင်များသည်လည်း၊ ရေပန်းစားနေသော ဒါဝင်၏လူမျိုးခွဲခြားရေးဝါဒအတိုင်း ပိုးမွှားများနှင့်ပတ်သက်၍ မယုံကြည်နိုင်လောက်သောအဆိုများကိုအခွင့်အရေးမလွှတ်ဘဲ တင်ပြခဲ့ကြပေသည်။ ဥပမာ၊ ၁၈၆၁ ခုနှစ်တွင် အင်္ဂလိပ်လူမျိုးပိုးမွှားဗေဒပညာရှင်တစ်ဦးသည်၊ ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့၏သန်းများကို စုဆောင်းလေ့လာကြည့်ရာတွင် လူမျိုးတစ်မျိုး၏သန်းသည် အခြားလူမျိုး၏သွေးကို မစုတ်ကြောင်းတွေ့ရှိရသည်ဟုဆိုသည်။ အမှန်မှာ သိပ္ပံပညာအရ ယင်းအဆိုသည် အဓိပ္ပါယ်ကင်းမဲ့သောအဆိုသာလျှင်ဖြစ်ပေသည်။[၁၈] သိပ္ပံပညာရှင်အဆင့်ရှိသူများကပင် ထိုသို့ကြေညာပါက၊ ထက်အောက်စဉ်းစားဆင်ခြင်ခြင်းကင်းမဲ့သူ၊ တစ်ယူသန်လူမျိုးခွဲခြားရေးသမားငတုံးများ၏ "နီဂရိုးသန်းက နီဂရိုးဘဲဖြစ်သည်"ဟူသော ဆင်ခြင်တုံတရားကင်းမဲ့၍ အဓိပ္ပါယ်ကင်းမဲ့သည့် ဝါဒဖြန့်ကြွေးကြော်သံသည်လည်း အံ့သြစရာမရှိတော့ချေ။

အချုပ်အားဖြင့် ဒါဝင်သီအိုရီ၏ လူမျိုးခွဲခြားရေးအပိုင်းသည် ၁၉ ရာစုနှစ်ဒုတိယပိုင်းတွင် အင်မတန်ကောင်းမွန်သော အခြေခံကို ရရှိလေတော့သည်။ အဘယ့်ကြောင့်ဆိုသော်၊ ထို

အချိန်ကာလများတွင် ဥရောပတိုက်သား "လူဖြူ"တို့သည်၊ သူတို့ကျူးလွန်ကြသော ပြစ်မှုများကို တရားဝင်စေမည့် သီအိုရီကိုသာ စောင့်မျှော်နေကြသော အချိန်ဖြစ်သောကြောင့်တည်း။

## ဗြိတိသျှကိုလိုနီနယ်ချဲ့ဝါဒနှင့် ဒါဝင်ဝါဒ

ဒါဝင်၏သီအိုရီကြောင့် အမြတ်အများဆုံးထုတ်နိုင်ခဲ့သော နိုင်ငံသည် သူ၏မွေးဇာတိနိုင်ငံ ဗြိတိသျှနိုင်ငံတော်ပင်ဖြစ်လေသည်။ ဒါဝင်က သူ၏သီအိုရီကိုတင်ပြသည့်အချိန်ကာလသည်၊ ဗြိတိသျှနိုင်ငံက ကမ္ဘာပေါ်တွင် ကိုလိုနီနယ်ချဲ့အင်ပါယာအကြီးဆုံး တည်ဆောက်နေသည့်အချိန် ဖြစ်ပေသည်။ အိန္ဒိယမှလက်တင်အမေရိကတိုက်အထိရှိ သယံဇာတပစ္စည်းများကို ဗြိတိသျှအင်ပါယာက လက်ဝါးကြီးအုပ်ခေါင်းပုံဖြတ်နေသောအချိန်ဖြစ်သည်။ "လူဖြူကြီး"က ကမ္ဘာကို သူ၏အကျိုးအမြတ်အတွက် အဓမ္မလုယက်ယူနေပေသည်။

သို့သော်လည်း၊ ဗြိတိန်နိုင်ငံမှအစ မည်သည့်ကိုလိုနီနယ်ချဲ့တိုင်းပြည်ကမှ၊ မိမိတို့ကို သယံဇာတပစ္စည်းများ "လုယက်ယူသူ"အဖြစ်မမြင်စေချင်ကြသည့်အပြင်၊ သမိုင်းလည်းမတွင်စေလိုကြချေ။ ထို့ကြောင့် သူတို့၏လုပ်ရပ်သည် မှန်ကန်ကြောင်း တရားဝင်ကြောင်း ပြနိုင်မည့် ရှင်းလင်းချက်ကို ရှာနေကြပေသည်။ ထိုသို့သော ရှင်းလင်းချက်သည် ကိုလိုနီနိုင်ငံသားများကို "ကမ္ဘာဦးလူသားများ" သို့မဟုတ် "တိရစ္ဆာန်နှင့်တူသော သက်ရှိသတ္တဝါများ"အဖြစ် ပြသရန် ဖြစ်ပေသည်။ ဤသို့ဖြင့် သူတို့က အုပ်စုလိုက်သတ်ဖြတ်နေသူများနှင့် လူမဆန်သော လုပ်ရပ်များဖြင့် ဖိနှိပ်ခံနေရသူများကို လူသားများအဖြစ်မမြင်စေဘဲ၊ တိရစ္ဆာန်တစ်ဝက် လူသားတစ်ဝက်ဖြစ်သောသတ္တဝါများအဖြစ်ပြသခြင်းဖြင့် သူတို့၏ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို ပြစ်မှုကျူးလွန်ခြင်းမဟုတ်ဟု မြင်စေလိုခြင်းဖြစ်ပေသည်။

အမှန်မှာ၊ ထိုကဲ့သို့ရှာဖွေနေခဲ့ခြင်းသည် အသစ်အဆန်းမဟုတ်ချေ။ ၁၅ ရာစုနှစ်နှင့် ၁၆ ရာစုနှစ်များကတည်းက ဖြစ်ပေသည်။ လူမျိုးအချို့ကို လူတစ်ဝက်တိရစ္ဆာန်တစ်ဝက်အဖြစ် ပထမဆုံးတင်ပြသူသည် အမေရိကတိုက်သို့ခရီးဆန့်ခဲ့သော ခရစ္စတိုဖါ ကိုလမ်ဘတ်ပင်ဖြစ်လေသည်။ သူ၏တင်ပြချက်အရ၊ အမေရိကတိုက်တိုင်းရင်းသားများသည်၊ လူအစစ်မဟုတ်ကြဘဲ၊ လူတစ်ဝက်တိရစ္ဆာန်တစ်ဝက်ဖြစ်သော သတ္တဝါများဖြစ်သည်ဟူ၏။ ဤသို့ဖြင့် နယ်ချဲ့စပိန်လူမျိုးတို့၏ကျွန်အဖြစ် အလုပ်အကျွေးပြုစေခဲ့လေသည်။

ရုပ်ရှင်ဇာတ်ကားများတွင် ကိုလမ်ဘတ်က အမေရိကတိုက်ကို တွေ့ရှိခဲ့စဉ်က တိုင်းရင်းသားများကို မည်မျှပြုပြုငှာငှာအကြင်နာတရားရှိစွာဆက်ဆံပုံ ပြသသော်လည်း၊ အမှန်စင်စစ် ကိုလမ်ဘတ်က ထိုတိုင်းရင်းသားများကို လူသားများအဖြစ် မသတ်မှတ်ခဲ့ချေ။[၁၉]

ခရစ္စတိုဖါ ကိုလမ်ဘတ်သည် ကြီးကျယ်သောအုပ်စုလိုက်သတ်ဖြတ်မှုအရှိန်ကို စတင်ခဲ့သူဖြစ်သည်။ ကိုလမ်ဘတ်သည် သူတွေ့ရှိသောနယ်မြေများကို ကိုလိုနီနယ်မြေများအဖြစ် ဖန်တီးပြီး၊ တိုင်းရင်းသားများကို ကျွန်ပြုကာ ကျွန်ရောင်းဝယ်ခြင်းကို ပထမဦးဆုံးစတင်ခဲ့သူ ဖြစ်၏။ ၁၆ ရာစုနှစ်အတွင်း မက်စီကိုနှင့် ပီရူးနိုင်ငံများကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည့် ကွန်ကွီစတိဒေါစပိန်တပ်များသည်၊ ကိုလမ်ဘတ်အသုံးပြုသော ဖိနှိပ်မှုနှင့်ကျွန်ပြုခြင်းပေါ်လစီကို တွေ့ပြီး ၎င်းတို့က ဆက်လက်ပြုကျင့်ကြလေသည်။ အုပ်စုလိုက်သတ်ဖြတ်မှုသည်လည်း မယုံကြည်နိုင်လောက်သောအတိုင်းအတာအထိ ရောက်ခဲ့လေသည်။ ဥပမာ၊ ကျွန်းတစ်ကျွန်းတွင် ကိုလမ်ဘတ် ပထမဦးဆုံးရောက်စဉ်က ၂၀၀၀၀၀ ခန့်ရှိသောတိုင်းရင်းသား လူဦးရေသည်၊ နှစ်၂၀ အတွင်း ၅၀၀၀၀ သာလျှင်ကျန်တော့သည်။ ၁၅၄၀ ခုနှစ်တွင်မူ လူပေါင်းတစ်ထောင်သာ ကျန်ရစ်လေသည်။ ၁၅၁၉ ခုနှစ်တွင် စပိန်လူမျိုး ကောတက်အမည်ရှိ ကွန်ကွီစတိဒေါက မက်စီကိုသို့ပထမဦးဆုံးခြေချချိန်တွင်၊ စုစုပေါင်းတိုင်းရင်းသားလူဦးရေ ၂၅ သန်းရှိခဲ့သော်လည်း၊ ၁၆၀၅ ခုနှစ်ရောက်သောအခါ တစ်သန်းအထိလျော့သွားခဲ့သည်။ ဟစ်ပါနီအိုလာကျွန်းတွင် ၁၄၉၂ ခုနှစ်တွင် လူဦးရေ ၇-၈ သန်းခန့်ရှိခဲ့သော်လည်း၊ ၁၄၉၆ ခုနှစ်တွင် ၄ သန်းသာ

ကျန်ရစ်ခဲ့လေသည်။ ၁၅၇၀ ခုနှစ်တွင်မူ တိုင်းရင်းသား ၁၂၅ ယောက်သာကျန်တော့သည်။ သမိုင်းဆရာများ၏အဆိုအရ၊ ကိုလမ်ဘတ် အမေရိကတိုက်သို့ခြေချသည့်အချိန်မှစ၍ ကိုလိုနီနယ်ချဲ့များ တိုက်နှစ်တိုက်စလုံးရှိလူဦးရေပေါင်း ၉၅ သန်းအထိသတ်ဖြတ်ခဲ့သည်ဟု ဆို၏။ ကိုလမ်ဘတ်အမေရိကတိုက်တွင် ပထမဆုံးခြေချစဉ် လူဦးရေ သန်း၃၀ ရှိသောလူမျိုးတစ်မျိုးမှာ ယနေ့ ၂ သန်းနီးပါးသာကျန်ရစ်သဖြင့်၊ ပျောက်ကွယ်သွားသောလူမျိုးဟုပင် ခေါ်ကြပေသည်။

ဤမျှလောက် သနားကြင်နာခြင်းကင်းမဲ့စွာသော အတိုင်းအတာအထိ သတ်ဖြတ်ခဲ့ခြင်းအကြောင်းရင်းမှာ၊ ထိုတိုင်းရင်းသားများကို လူသားအဖြစ်မမြင်ဘဲ တိရစ္ဆာန်များအဖြစ်မြင်ကြခြင်းကြောင့်ဖြစ်ပေသည်။


သို့သော်လည်း ထိုကိုလိုနီနယ်ချဲ့တို့၏အဆိုကိုထောက်ခံသူ အလွန်နည်းပါးခဲ့သည်။ ဥရောပတိုက်၌၊ ထိုအချိန်ထိုခေတ်တွင် လူတို့ကို ဘုရားသခင်က တန်းတူညီတူဖန်ဆင်းထားသည်၊ လူသားအားလုံးသည် ကမ္ဘာ့ပထမဦးဆုံးဘခင် အာဒမ်မှမွေးဖွားဆင်းသက်လာသည်ဟု ယုံကြည်ကြပေသည်။ အထူးသဖြင့် ကာသောလစ်ခရစ်ယာန်သာသနာဝင်များက ထိုကဲ့သို့ဖျက်ဆီးလုယက်မှုများကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ခဲ့ကြလေသည်။ ကိုလမ်ဘတ်နှင့်အတူ ကမ္ဘာသစ်သို့ရောက်ခဲ့သော ချီယာပတ်မှဘိရှော့ ဘာတိုလုမ်း ဒီလာ ကာဆပ်က ကိုလိုနီနယ်ချဲ့သမားများ၏တင်ပြချက်ဖြစ်သော "တိုင်းရင်းသားများသည် တိရစ္ဆာန်တစ်မျိုးဖြစ်သည်"ဟူသောအချက်ကို ချေပခဲ့ပေသည်။ ၁၅၃၇ ခုနှစ်တွင် တတိယမြောက်ပုပ်ရဟန်းမင်းကြီးပေါလ်က၊ ထိုယုတ်ရင်းကြမ်းတမ်းရက်စက်ကြမ်းကြုတ်သည့်အလုပ်ကိုလုပ်ဆောင်သူများအား ကြိမ်းဆဲ၍၊ ထိုတိုင်းရင်းသားများသည်၊ ခရစ်ယာန်သာသနာကို လက်ခံယုံကြည်ထိုက်သည့် လူသားစစ်စစ်များဖြစ်ကြကြောင်း ကြေညာခဲ့လေသည်။[၂၀]

သို့သော်လည်း၊ ၁၉ ရာစုနှစ်တွင်မူ၊ အခြေအနေက ပြောင်းလဲသွားလေသည်။ လူ့အဖွဲ့အစည်းအတွင်း ရုပ်ဝါဒအတွေးအခေါ်ပြန့်ပွားသွားသည်နှင့်အမျှ လူထုကလည်း ဘာသာရေးမှဝေးကွာသွားကြသည်။ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)က လူသားများကို ဖန်ဆင်းထားသည်ဟူသောအမှန်တရားကို ငြင်းပယ်စပြုကြလေပြီ။ အထက်စာမျက်နှာများတွင် ဖော်ပြခဲ့သည့် လူမျိုးခွဲခြားရေးဝါဒ ကြီးထွားလာချိန်နှင့် တစ်ချိန်တည်းဖြစ်ခဲ့လေသည်။

၁၉ ရာစုနှစ်တွင် ဒါဝင်ဝါဒနှင့်ရုပ်ဝါဒအတွေးအခေါ် အင်အားကြီးလာသည်နှင့်အတူ၊ ၎င်းကြီးထွားမှုက ဥရောပတိုက်၏ နယ်ချဲ့စနစ်ကို အထူးအထောက်အကူပြုခဲ့လေသည်။

အောက်စဖို့ဒ်တက္ကသိုလ်၊ စတန်းဖို့ဒ်တက္ကသိုလ်နှင့် ဟားဗတ်တက္ကသိုလ်တို့တွင် ယနေ့အထိ ပြဋ္ဌာန်းသင်ကြားလျက်ရှိ၍၊ ထိုတက္ကသိုလ်များတွင် နှစ်ရှည်လများ သင်ကြားခဲ့သည့် သမိုင်းပါမောက္ခ ဂျိမ်းစ် ဂျိုးလ်၏ *၁၈၇၀ ခုနောက်ပိုင်းဥရောပတိုက်* **(*Europe Since 1870*)** ဟူသောစာအုပ်တွင်၊ ဒါဝင်ဝါဒ၊ နယ်ချဲ့ဝါဒနှင့် လူမျိုးခွဲခြားရေးဝါဒတို့အကြားဆက်စပ်မှုအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> နယ်ချဲ့ဝါဒခံယူချက်အပေါ် ဩဇာသက်ရောက်သည့် အတွေးအခေါ်အုပ်စုများတွင်၊ "လူမှုရေး ဒါဝင်ဝါဒ"သည်၊ အထင်ရှားဆုံးဖြစ်ပေသည်။ လူမှုရေးဒါဝင်ဝါဒသည်၊ နိုင်ငံတော်အစိုးရများအကြားတွင် အသက်ရှင်နေရေးအတွက် အစဉ်တစိုက်တိုက်ခိုက် ရုန်းကန်နေရသဖြင့်၊ ထိုသို့သော ရုန်းကန်မှုအတွင်း အီဗိုလူးရှင်းဖြစ်စဉ်အရ အချို့လူမျိုးများသည် အခြားလူမျိုးများထက် ပို၍အဆင့်မြင့်သည်ဟု ခံယူရင်း၊ အခြားလူမျိုးများ၏ ကြောက်ရွံ့လေးစားလက်ခံခြင်းကို ရရှိရန်လည်း ဆောင်ရွက်ကြ၏။
>
> အင်္ဂလိပ်လူမျိုး သဘာဝလောကပညာရှင် ချားလ်စ်ဒါဝင်၏ ၁၈၅၉ခုနှစ်ထုတ် *မျိုးစုတို့ စတင်ဖြစ်ပေါ်ခြင်း*စာအုပ်နှင့် နောက်ပိုင်း ၁၈၇၁ခုနှစ်ထုတ် *လူသားများဆင်းသက်လာ ပုံ* **(*The Descent of Man*)** စာအုပ်နှစ်အုပ်က၊ ဥရောပတိုက်ရှိအတွေးအခေါ်အမြောက်အမြားကို ထိခိုက်စေသည့် အငြင်းပွားစရာအချက်ကို စတင်ဖြန့်ဖြူးခဲ့လေသည်။ ဒါဝင်နှင့်အတူ သူနှင့်တစ်ခေတ်တည်းမှ အင်္ဂလိပ်




အတွေးအခေါ်ပညာရှင် ဟားဘတ် စပင်စာ တို့က၊ လောလောလတ်လတ်တွေ့ကြုံနေရသည့် သိပ္ပံပညာအဆင့်ထက်ကျော်လွန်သောပြဿနာများတွင် အသုံးပြုကြသည်။ လူ့အဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးရေးတွင်အသုံးချနိုင်ဆုံးဖြစ်သောဒါဝင်ဝါဒ၏အဓိကအခရာအချက်မှာ၊ ပိုလျှံလွန်းသော ကမ္ဘာ့လူဦးရေသည် ထိုမျှသောလူဦးရေကို ကျွေးမွေးနိုင်သောသဘာဝအစွမ်းမရှိခြင်းကြောင့်၊ အဆက်မပြတ်တိုက်ခိုက်ရုန်းကန်ကြရမည်၊ ထိုတိုက်ခိုက်ရုန်းကန်ခြင်းတွင် အင်အားကြီးသူလက်ရွေးစဉ်လူမျိုးက အနိုင်ရလိမ့်မည်၊ ဟူသောအချက်ဖြစ်ပေသည်။ ဤအချက်သည်ပင် ထိုခေတ်က လူမှုရေးအတွေးအခေါ်ပညာရှင်တို့ကို၊ လက်ရွေးစဉ်လူမျိုးရေးသဘောထားကိုထောက်ခံရန် ဝန်မလေးစေတော့ပေ။ ထိုလက်ရွေးစဉ်လူမျိုးတို့သည်လည်း၊ အမှန်တကယ် ဆက်လက်သက်ဆိုးရှည်နိုင်ကြရာတွင်၊ ရသင့်ရထိုက်သောအခွင့်အရေးအဖြစ် လိပ်ပြာသန့်သန့် နေနိုင်စေလေသည်။

ထို့ကြောင့်၊ သဘာဝ၏ရွေးချယ်မှုအတွေးအခေါ်သည်၊ ပြင်သစ်စာရေးဆရာ ကောင့် ဂျိုးဇက်အာသာဂိုဘင်နျူက ၁၈၅၃ ခုနှစ်တွင်ရေးသားသော *လူမျိုးများအကြား ကွာခြားမှုစာတမ်း*တွင်ဖော်ပြထားသည့် နောက်ထပ်အတွေးအခေါ်တစ်ခုနှင့် လွယ်ကူစွာဆက်စပ်သွားလေသည်။ ဂိုဘင်နျူက၊ လူသားတို့၏တိုးတက်မှုအတွက် အရေးကြီးဆုံးအင်္ဂါရပ်မှာ၊ လူမျိုးများဖြစ်သည်ဟု ဆိုထားသည်။ အဆင့်မြင့်ကျန်နေသောလူမျိုးများသည်၊ မိမိတို့၏လူမျိုးသွေးကို သန့်စင်အောင် ထိန်းသိမ်းထားနိုင်သောကြောင့် ဖြစ်သည်ဟုဆို၏။ ဂိုဘင်နျူအရ အာရိယာန်လူမျိုးများသည် အကောင်းဆုံးအသန့်ဆုံးလူမျိုးဖြစ်သည်။ ဟော့စတွန် စတီးဝါဒ် ချမ်ဘာလိန်က ထိုထက်ပို၍ထပ်မံကွန့်လိုက်ပြန်သည်။ ထို့ကြောင့် ဟစ်တလာ ကိုယ်တိုင်က စာရေးဆရာချမ်ဘာလိန်အား အထူးအမွှမ်းတင်ချီးကျူးခဲ့သဖြင့်၊ ၁၉၂၇ ခုနှစ်တွင် ဟစ်တလာသေခါနီးအိပ်ရာနားသို့ ချမ်ဘာလိန်ကို လာရောက်တွေ့ဆုံးခွင့်ပေးရင်း အစီအစဉ်အပြည့် ဖြင့်ကြိုဆိုခဲ့လေသည်။[၂၁]

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ဒါဝင်မှစ၍ လူမျိုးခွဲခြားရေးအတွေးအခေါ်ရှင်များနှင့်နယ်ချဲ့တို့အကြားဆက်နွယ်မှုသည် ဟစ်တလာအထိရှိခဲ့လေသည်။ ဒါဝင်ဝါဒသည် ၁၉ ရာစုနှစ်တွင် ကမ္ဘာကို သွေးပြင်တွင်နစ်မြုပ်စေခဲ့သောနယ်ချဲ့ဝါဒနှင့် ၂၀ ရာစုနှစ်တွင် ကမ္ဘာ

ကြီးကို ထိုနည်းနှင်နှင် သွေးပြင်တွင် နစ်မြုပ်စေခဲ့သော နာဇီဝါဒနှစ်မျိုးစလုံး၏ အတွေးအခေါ် အခြေခံ ဖြစ်ပေသည်။

ဝိတိုရိယဘုရင်မခေတ် ဗြိတိန်နိုင်ငံသည်လည်း၊ ဒါဝင်ဝါဒတွင် "သိပ္ပံနည်းကျသည်ဟူသောအခြေခံ"ကို တွေ့ရှိခဲ့ပေသည်။ ဗြိတိန်နိုင်ငံသည် ကိုလိုနီစနစ်ကြောင့်ကြီးမားသော အမြတ်အစွန်းရရှိခဲ့၏။ ထို့ကြောင့် မိမိ၏အကျိုးအမြတ်အတွက် သူတို့၏ကိုလိုနီနယ်ချဲ့စနစ်လက်အောက်တွင်ရှိသည့်လူထုအပေါ် ပျက်စီးခြင်းဘေးဒုက္ခမျိုးစုံကို ချမှတ်ပေးရန် ဝန်မလေးချေ။ ဗြိတိန်နိုင်ငံ၏ညစ်ပတ်သောနိုင်ငံရေးပေါ်လီစီများအနက် တစ်ခုကိုပြမည်ဆိုလျှင်၊ တရုတ်ပြည်နှင့်ဖြစ်ခဲ့သော "ဘိန်းစစ်"သည် ဥပမာကောင်းတစ်ခုဖြစ်ပေသည်။ ဗြိတိသျှအစိုးရသည် ၁၉ ရာစုနှစ်စောစောပိုင်းမှစ၍ ၎င်းတို့က အိန္ဒိယတွင်စိုက်ပျိုးသောဘိန်းကို တရုတ်နိုင်ငံသို့ ခိုးသွင်းခဲ့လေသည်။ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးလိုငွေကို ဖြည့်တင်းရန် ထိုဘိန်းမှောင်ခိုလုပ်ငန်းကို ပိုမိုမြန်ဆန်ကြီးထွားစေခဲ့၏။ တရုတ်နိုင်ငံသို့ဘိန်းကုန်ဝင်ရောက်လာခြင်းကြောင့် တရုတ်အစိုးရ၏ မိမိနယ်မြေအတွင်း ဩဇာအာဏာလွှမ်းမိုးမှုလျော့နည်းလာလေသည်။ တရုတ်လူမျိုးတို့၏ လူ့အဖွဲ့အစည်း ပျက်စီးယိုယွင်းခြင်းသည်လည်း စိုးရိမ်ဖွယ်ကောင်းသောအခြေအနေသို့ ရောက်နေလေပြီ။ တရုတ်အစိုးရသည်လည်း နှစ်ပေါင်းအတော်များများ ချီတုံချတုန်ဖြစ်နေခဲ့ရာက နောက်ဆုံးတွင် ဘိန်းကုန်ကူးခြင်းနှင့် ဘိန်းရှုခြင်းကို တားမြစ်ရတော့သည်။ ထိုသို့ဘိန်းတားမြစ်ခြင်းကြောင့် ၁၈၄၂ ခုနှစ်တွင် ပထမဘိန်းစစ် ဖြစ်ခဲ့ရလေသည်။ ထိုဘိန်းစစ်က တရုတ်နိုင်ငံအစိုးရကိုမွဲပြာကျစေတော့သည်။ စစ်မျက်နှာတိုင်းမှာ တိုင်းတစ်ပါး စစ်တပ်ကို



ရင်ဆိုင်တိုက်ခိုက်နိုင်သည့် အင်အားမရှိတော့ချေ။ နောက်ဆုံးတွင် တရုတ်အစိုးရက ခေါင်းငုံ့အရှုံးခံလိုက်ရပြီး ထိုနိုင်ငံခြားစစ်တပ်တို့၏ မဆုံးနိုင်သောတောင်းဆိုချက်များကို မချိတင်ကဲ လိုက်လျောရပေတော့သည်။ ၁၈၄၂ ခုနှစ်မှစ၍ အနောက်နိုင်ငံသားများသည် အခြေချရာဌာနများဖွင့်ကြလေသည်။ တရုတ်လူမျိုးများထံမှ ဆိပ်ကမ်းအနားရှိမြေကွက်အမြောက်အမြားကို ယူလိုက်ကြသည်။ တရုတ်တို့၏ လယ်ယာမြေများကို ငှားရမ်းကြသည်။ တရုတ်နိုင်ငံကို သူတို့အတွက်အကျိုးအမြတ်အများဆုံး ရရှိမည့်ပုံစံအတိုင်း ပြင်ပကမ္ဘာသို့ တံခါးဖွင့်ရန် တောင်းဆိုကြသည်။ နောက်ဆုံးတွင်၊ တိုင်းသူပြည်သားများ ဆင်းရဲနွမ်းပါးခြင်း၊ အစိုးရ၏ အုပ်ချုပ်ရေးအင်အားပျော့ညံ့ခြင်း၊ လယ်ယာမြေနှင့် စီးပွားရေး အဓိကနေရာများကို လက်လွှတ်ကြရခြင်း၊ စသည်တို့ကြောင့် ပြည်သူလူထုက ပုန်ကန်ထကြွကြလေသည်။

**ဝိတိုရိယဘုရင်မနှင့် အုပ်စုလိုက်သတ်ဖြတ်မှု**
**အဓိကတရားခံ စပိန်လူမျိုး ကောတက်တို့၏ပုံ**

တရုတ်နိုင်ငံမှအတွေ့အကြုံသည်၊ ဗြိတိသျှပေါ်လီစီကြောင့် ထိခိုက်နစ်နာမှုများအနက်မှ တစ်ခုသာလျှင်ဖြစ်၏။ ၁၉ ရာစုနှစ်တလျှောက်လုံးတွင် ဗြိတိသျှနယ်ချဲ့အောက်တွင် တောင်အာဖရိက၊ အိန္ဒိယနှင့် ဩစတေးလျတိုက်စသည့် နယ်မြေများတွင် အင်မတန်နာကြည်းဘွယ်ကောင်းသော ဖိနှိပ်မှုခံခဲ့ကြရသည်။

# ပင့်ဒေါင်းလူဦးခေါင်းအတုလုပ်ခြင်း



ဗြိတိသျှနယ်ချဲ့ဝါဒကို ဩဇာသက်ရောက်စေခဲ့သော စိတ်ဝင်စားဖွယ်ကောင်းသည့် လက္ခဏာတစ်ခုမှာ၊ ပင့်ဒေါင်းလူခေါ် ကျောက်ဖြစ်ရုပ်ကြွင်းနှင့်ပတ်သက်သောမကျော်ကောင်းမကြားကောင်း ရက်ဖွယ်ကောင်းသည့် လိမ်လည်မှုအတုလုပ်ခြင်းဖြစ်ပေသည်။

၁၉၁၂–ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ပင့်ဒေါင်းအရပ်၌ ထူးဆန်းသောဦးခေါင်းခွံတစ်လုံးကို တွေ့ရှိခဲ့လေသည်။ ထိုဦးခေါင်းခွံကိုတွေ့ရှိသည့် ချားလ်စ် ဒေါ်ဆန်နှင့်အဖွဲ့က၊ ထိုဦးခေါင်းခွံသည် မျောက်ဝံတစ်ဝက်–လူတစ်ဝက်ဖြစ်သောသတ္တဝါဦးခေါင်းဖြစ်သည်ဟု ကြေညာကြလေသည်။ အလွန်ကျော်ကြားသော အီဗိုလူးရှင်းဝါဒီ ခန္ဓာဗေဒပညာရှင် အာသာကစ်က ထိုဦးခေါင်းခွံကို စစ်ဆေး၍ အတည်ပြုခဲ့လေသည်။

သို့သော်လည်း၊ ဒေါ်ဆန်နှင့်ကစ်တို့က အရေးကြီးသည့်အချက်တစ်ချက်ကို အထူးပြု ဖော်ပြကြသည်။ ထိုဦးခေါင်းခွံ၏ဦးနှောက်နေရာသည် ခေတ်သစ်လူသားများ၏ဦးနှောက်လောက် ကြီးမားသည်ဟုဆိုသည်။ ချက်ချင်းလက်ငင်းပင် ပင့်ဒေါင်းလူ၏ဦးခေါင်းခွံသည်လည်း ဗြိတိသျှလူမျိုးများအတွက် ဂုဏ်ယူစရာအချက်ဖြစ်သွားလေသည်။ အင်္ဂလန်နိုင်ငံတွင် တွေ့ရှိသဖြင့် အင်္ဂလိပ်လူမျိုးတို့၏ ဘိုးဘေးပင်ဖြစ်ရပေမည်။ ဗြိတိသျှလူမျိုးများ၏အဆိုအရ၊ ထိုကျောက်ဖြစ်ရုပ်ကြွင်းဦးခေါင်းခွံ၏ ဦးနှောက်ပမာဏ ပိုကြီးခြင်းသည်၊ ဗြိတိသျှလူမျိုးများသည် အခြားလူမျိုးများထက်အလျှင်ဦး၍ လူဖြစ်လာခဲ့ချိန်စောသဖြင့် ပိုမို၍ အဆင့်မြင့်ပေသည်။

ထို့ကြောင့် ပင့်ဒေါင်းလူဦးခေါင်းကို တွေ့ရှိခြင်းကြောင့် အင်္ဂလန်နိုင်ငံတွင် အလွန်စိတ်ဓါတ်တက်ကြွကြလေသည်။ သတင်းစာခေါင်းစီးများတွင် ဖော်ပြကြ၍၊ လူထုကလည်း အုံးအုံးကြွက်ကြွက်အောင်ပွဲခံအခန်းအနားများ ကျင်းပကြလေသည်။ ဗြိတိသျှအစိုးရကလည်း အာသာကစ်ကို ဆာဘွဲ့ချီးမြှင့်လိုက်လေသည်။ နာမည်ကျော်ကြားသော အီဗိုလူးရှင်းဝါဒီ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဒွန် ဂျိုဟန်ဆန်က ပင့်ဒေါင်းဦးခေါင်းခွံနှင့် နယ်ချဲ့ဝါဒ အကြားဆက်စပ်ပုံကို ဖော်ပြ ထားပေသည်။

> ပင့်ဒေါင်းတွေ့ရှိချက်သည် ဥရောပသားများကို ဗဟိုပြုကျော်ကြားစေခြင်းအားသန်နေသည်။ ထိုကျောက်ဖြစ်ရုပ်ကြွင်းဦးခေါင်းခွံသာလျှင် ထူးခြားနေခြင်းမဟုတ်ဘဲ အင်္ဂလိပ်လူမျိုးများသည်လည်း ထူးခြားစွာထူးချွန်သည်ဟု ပြဆိုနေခြင်းဖြစ်သည်။ (Don Johanson, *In Search of Human Origins*, 1994 WGBH Educational Foundation).

ပင့်ဒေါင်းလူကျောက်ဖြစ်ရုပ်ကြွင်းဦးခေါင်းခွံမှ အင်္ဂလိပ်တို့ရရှိခဲ့သော စိတ်ဓါတ်တက်ကြွခြင်း စေ့ဆော်မှုသည် ၁၉၅၃ ခုနှစ်အထိသာ သက်ဆိုးရှည်ခဲ့လေသည်။ ကင်းနက် အုတ်ကလေဆိုသူ သိပ္ပံပညာရှင်က ထိုကျောက်ဖြစ်ရုပ်ကြွင်း၏ အမှန်တရားကို အသေးစိတ် ဖော်ထုတ်လိုက်လေသည်။ ၂၀ ရာစုနှစ်မှအကြီးကျယ်ဆုံး လိမ်လည်အတုလုပ်မှုဖြစ်ပေသည်။ ၎င်းကျောက်ဖြစ်ရုပ်ကြွင်းမှာ လူဦးခေါင်းခွံတွင် ဥရန်ဥတန်မျောက်ဝံမေးရိုးတပ်ထားသော ဦးခေါင်းခွံသာလျှင် ဖြစ်ပေသည်။

ဗြိတိန်နိုင်ငံ၏ ထိုကဲ့သို့သော ဖိနှိပ်မှုများကို တရားဝင်အောင် ဆောင်ရွက်ရန်မှာ၊ ဗြိတိသျှလူမျိုး လူမှုရေးပညာရှင်များနှင့် သိပ္ပံပညာရှင်တို့၏ တာဝန်ဖြစ်လေသည်။ ၎င်းပညာရှင်များအနက် ချားလ်စ်ဒါဝင်သည် အရေးအကြီးဆုံးနှင့် အထိရောက်ဆုံးပုဂ္ဂိုလ်ဖြစ်ပေသည်။ ဒါဝင်က၊ အီဗိုလူးရှင်း တစ်စတစ်စပြောင်းလဲမှုဖြစ်စဉ်တစ်လျှောက်လုံးတွင်၊ "အဆင့်မြင့်သော လူမျိုး"များပေါ်ပေါက်ခဲ့၍၊ "လူဖြူများ"သည် ထိုအဆင့်မြင့်လက်ရွေးစင်လူမျိုးများဖြစ်ကြောင်း ထိုလူဖြူများက အခြားလူမျိုးများကို ဖိနှိပ်ခြင်းသည် "သဘာဝနိယာမ"သာလျှင်ဖြစ်ကြောင်း အဆို ပြုခဲ့ပေသည်။

နယ်ချဲ့ကိုလိုနီလူမျိုးခွဲခြားရေးကို ဒါဝင်က တရားဝင်အောင်ပြုပေးလိုက်ခြင်းကြောင့်၊ ဒါဝင်ကို "စီးပွားရေးပြိုင်ဆိုင်မှု(ဖရီးထရိတ်)အမည်နှင့် အသင့်တော်ဆုံးလက်ရွေးစဉ်အတွက် ရှင်သန်ရေးအကြောင်းပြချက်ဖြင့်၊ တရုတ်နိုင်ငံသို့စစ်သင်္ဘောများအပေါ် ဘိန်းတင်ပို့ခဲ့သည့် ဝိတိုရိယခေတ်မှ သိက္ခာရှိသိပ္ပံပညာရှင်"[၂၂] ဟု ကျော်ကြားသည့် Swiss Federal Institute of Technology မှ စဝစ်လူမျိုးသိပ္ပံပညာရှင် ပထဝီဝင်ဌာနမှူးဖြစ်သူ ကင်းနက် ဂျေ ဆူး က သမုတ်ထားလေသည်။

## ဒါဝင်၏ တူရကီလူမျိုးတို့ကို မုန်းတီးမှု

၁၉ ရာစုကုန်ပိုင်းတွင် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ အရေးကြီးဆုံး ပစ်မှတ်သည် အိုတိုမန်အင်ပါယာဖြစ်၏။

ထိုခေတ်ကာလတွင် အိုတိုမန်အင်ပါယာသည် ယီမင်နိုင်ငံမှ ဘော့စ်နီယား–ဟာဇေဂိုဗီနာအထိကျယ်ဝန်းသော နယ်မြေကိုအုပ်ချုပ်နေချိန်ဖြစ်ပေသည်။ သို့သော်လည်း ငြိမ်ဝပ်ပိပြားစွာအုပ်ချုပ်နိုင်စွမ်းမရှိတော့ချေ။ ခရစ်ယာန်လူနည်းစုတို့က လွတ်လပ်ရေးအမည်ဖြင့် ထကြွပုန်ကန်ကြလေသည်။ စစ်အင်အားကြီးနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံကလည်း အိုတိုမန်အင်ပါယာကို ချိန်းခြောက်လျက်ရှိလေသည်။

ထိုရာစုနှစ်နောက်ဆုံးပိုင်းတွင်၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က ပူးပေါင်း၍ အိုတိုမန်အင်ပါယာကို ချိန်းခြောက်လေသည်။ ဗြိတိသျှက အိုတိုမန်အင်ပါယာ၏ တောင်ပိုင်းနိုင်ငံများကို မျက်စိကျလျက်ရှိသည်။ ၁၈၇၈ ခုနှစ်တွင် ချုပ်ဆိုသော ဘာလင်စာချုပ်သည် ဥရောပကိုလိုနီနယ်ချဲ့တို့က အိုတိုမန်အင်ပါယာကို ခွဲခြမ်းလိုသည့် အချက်များပါဝင်နေသည်။ နောင် ၅ နှစ်အကြာတွင်၊ အိုတိုမန်အင်ပါယာတွင်းရှိ အီဂျစ်နိုင်ငံကို ဗြိတိသျှတို့ဝင်ရောက်သိမ်းပိုက်လိုက်သည်။ ဗြိတိသျှကိုလိုနီနယ်ချဲ့က အိုတိုမန်အင်ပါယာတွင်းရှိ အရှေ့အလယ်ပိုင်းဒေသများကို ဆက်လက်သိမ်းပိုက်ရန် စီမံကိန်းချပြန်သည်။

ဗြိတိန်နိုင်ငံအနေဖြင့်၊ ထိုကိုလိုနီနယ်ချဲ့ပေါ်လီစီအားလုံးကို အစဉ်သဖြင့် လူမျိုးခွဲခြားရေးအပေါ် အခြေခံထားပေသည်။ ဗြိတိသျှအစိုးရက အိုတိုမန်အင်ပါယာ၏ ဗဟိုအချက်အချာလည်းဖြစ်သော အိုတိုမန်တူရကီနိုင်ငံသားများကို "ခေတ်နောက်ကျ"သူများအဖြစ် ဖော်ပြလေ့ရှိလေသည်။

ဗြိတိသျှဝန်ကြီးချုပ် ဝီလီယမ် အီဝါတ် ဂလက်စတုံးက တူရကီလူမျိုးများသည် လူသားမဟုတ်သေးသောသတ္တဝါများအတွက် အကောင်းဆုံးဥပမာဖြစ်သည်၊ သူတို့၏ ယဉ်ကျေးမှုအတွက် အာရှတိုက်သို့တွန်းပို့ပစ်၍ အနာတိုလီယာမှ အပြီးပိုင်ဖျောက်ဖျက်ပစ်ရမည်ဟု ပွင့်ပွင့်လင်းလင်းပြောခဲ့၏။[၂၃]

အိုတိုမန်များကို ရှုတ်ချဝါဒဖြန့်ရာတွင် အထက်ပါစကားများကို စိတ်ရောကိုယ်ပါ အသုံးပြုကြပေသည်။ တူရကီနိုင်ငံသည် ခေတ်နောက်ကျသောနိုင်ငံဖြစ်သောကြောင့် ပိုမိုတိုး

တက် အဆင့်မြင့်သောဥရောပလူမျိုးများကို ခေါင်းငုံ့အရှုံးပေးရမည့်နိုင်ငံဖြစ်သည်ဟု ဗြိတိသျှအစိုးရက ဖေါ်ပြလေ့ရှိလေသည်။

ထိုဝါဒဖြန့်မှု၏ "သိပ္ပံပညာအခြေခံ" သည်လည်း ချားလ်စ် ဒါဝင်ပင်ဖြစ်၏။

ဤဝါဒဖြန့်ချက်အတွက် ဒါဝင်၏ တူရကီနိုင်ငံနှင့်ပတ်သက်သည့် ဝေဖန်ချက်များကို ၁၈၈၈ ခုနှစ်ထုတ် *ချားလ်စ် ဒါဝင်၏ဘဝနှင့်ပေးစာများ* **(The Life and Letters of Charles Darwin)**ဟူသောစာအုပ်တွင် တွေ့ရှိရပေသည်။ "ခေတ်နောက်ကျသောလူမျိုးများ" ကို ဖျောက်ဖျက်ပစ်ခြင်းဖြင့်၊ သဘာဝ၏ရွေးချယ်မှုသည် ယဉ်ကျေးမှုခေတ်တိုးတက်ဖွံ့ဖြိုးရေးတွင် တကဏ္ဍပါဝင်ဆောင်ရွက်လိမ့်မည်ဟု ဒါဝင်က အဆိုပြု၏။ နောက်ပိုင်းတွင် ထိုသို့ဖျောက် ဖျက်ပစ်ရမည့်ခေတ်နောက်ကျသောလူမျိုးမှာ တူရကီနိုင်ငံသားများဖြစ်သည်ဟု အတိအကျစွပ်စွဲလေသည်။

> သဘာဝ၏ရွေးချယ်မှုဖြင့် ယဉ်ကျေးမှုတိုးတက်ကြီးထွားမှုတွင် တိုက်ခိုက်ကြခြင်းရှိသည့်အချက်ကို အသင်တို့ဝန်ခံလိုသည်ထက်ပို၍ လက်တွေ့ပြနိုင်ပါသည်။ လွန်ခဲ့သည့် ရာစုနှစ်အနည်းငယ်တုန်းက တူရကီလူမျိုးများက ဥရောပနိုင်ငံများကို တိုက်ခိုက်သိမ်းယူခဲ့သည်ကို သတိရကြပါ။ ယခုအချိန်တွင် ထိုကဲ့သို့သောအဖြစ်အပျက်အတွက် မည်မျှရယ်စရာကောင်းပါသနည်း။ ပိုမိုယဉ်ကျေးသောကော့ကေဆပ်လူမျိုးများက အတွင်း၌ ဗလာနတ္ထိအခေါင်းသာရှိသော တူရကီနိုင်ငံ၏အသက် ဆက်လက်ရှင်သန်ရေးအတွက် ရုန်းကန်ခြင်းအဖြစ် တိုက်ခိုက်သိမ်းယူလိုက်ရမည်။ ဤကမ္ဘာလောကတခွင်လုံးတွင် နောင်လာမည့်တိုတောင်းသောအချိန်အတွင်း၊ အဆင့်မြင့်သောလူမျိုးများက၊ မရေမတွက်နိုင်လောက်သည့် နိမ့်ကျသောလူမျိုးများကို ဖယ်ရှားပစ်လိုက်နိုင်တော့မည်။[၂၄]



ဒါဝင်၏ပေးစာများမှ တူရကီလူမျိုးများအပေါ်မုန်းတီးမှု

ချားလ်စ်ဒါဝင်သည် ဗြိတိန်၏နိုင်ငံရေး စီမံကိန်းတွင် အိုတိုမန်များကို တိုက်ခိုက်စေရန် သူ၏သီအိုရီကို အသုံးပြု၍ကြိုးပမ်းခဲ့၏။ တူရကီနိုင်ငံသည် ခေတ်နောက်ကျနေသည်ဟုဖေါ်ပြ၏။ ကျွန်ုပ်တို့၏ခေတ်တွင်လည်း တူရကီတို့၏ရန်သူများသည် ဤအဓိပ္ပါယ် ကင်းမဲ့ သောဒါဝင်၏အဆိုကို ထောက်ခံနေကြဆဲဖြစ်သည်။

ဤဒါဝင်၏ အဓိပ္ပါယ်ကင်းမဲ့သည့်အဆိုသည် အိုတိုမန်အင်ပါယာကို ဖျက်ဆီးပစ်ရန် ဗြိတိန်နိုင်ငံအတွက် ဝါဒဖြန့်ထောက်ခံချက် လက်နက်ဖြစ်ခဲ့၏။ အမှန်မှာလည်း ထိုဝါဒဖြန့်လက်နက်သည်လည်း ထိရောက်ခဲ့ပေသည်။ ဒါဝင်၏ "တူရကီနိုင်ငံသည် မကြာမီအတွင်း ပြိုပျက်သွားလိမ့်မည်၊ ဤကား အီဗိုလူးရှင်းနိယာမပင်ဖြစ်၏။" ဟူသော စကားလုံးတို့သည်၊ ဗြိတိန်နိုင်ငံအတွင်း တူရကီလူမျိုးမုန်းတီးရေး ဝါဒဖြန့်မှုအတွက် သူတို့အပြောအရသိပ္ပံနည်းကျသော ထောက်ခံချက်ဖြစ်ခဲ့ပေသည်။



ဂါလီပိုလီ တိုက်ပွဲ

ဂါလီပိုလီတိုက်ပွဲတွင်၊ တူရကီစစ်တပ်သည် ရဲစွမ်းသတ္တိအပြည့်ဖြင့် ဗြိတိသျှစစ်တပ်ကို ရင်ဆိုင်ခဲ့၏။ ထိုတိုက်ပွဲတွင် တူရကီတို့ စစ်အင်အား ၂၅၀၀၀၀ခန့် ဆုံးရှုံးခဲ့ကြလေသည်။

ဗြိတိန်နိုင်ငံ၏ ဒါဝင်ဟောကိန်းကိုလက်တွေ့ကျင့်သုံးလိုက်ခြင်းသည် အခြေခံအားဖြင့် ပထမကမ္ဘာစစ်တွင် အကောင်အထည်စဖေါ်ခဲ့သည်။ ထိုကမ္ဘာစစ်ကြီးသည် ၁၉၁၄ ခုနှစ်တွင် စတင်ခဲ့၍၊ ဂျာမဏီ၊ ဩစတြီးယား-ဟန်ဂေရီတို့ကတစ်ဖက်၊ မဟာမိတ်ဖြစ်သည့် ဗြိတိန်နိုင်ငံ၊ ပြင်သစ် နှင့် ရုရှားနိုင်ငံတို့ကတစ်ဖက် ပဋိပက္ခဖြစ်သောစစ်ပွဲဖြစ်သည်။ သို့သော်လည်း၊ ထိုစစ်ပွဲကြီး၏အဓိကရည်ရွယ်ချက်မှာ၊ အိုတိုမန်အင်ပါယာကို အခြမ်းခြမ်းခွဲပစ်ရန်တွက်ကိန်း ချထားခြင်းဖြစ်ပေသည်။

ဗြိတိန်က အိုတိုမန်အင်ပါယာကို စစ်မျက်နှာနှစ်ဖက်မှ စတင်တိုက်ခိုက်ခဲ့လေသည်။ ပထမစစ်မျက်နှာမှာ အရှေ့အလယ်ပိုင်းဒေသ အိုတိုမန်အင်ပါယာဖြစ်သည့် ပါလက်စတိုင်းနှင့် အီရက်နယ်မြေဘက်မှ စတင်တိုက်ခိုက်လေသည်။ ဒုတိယမှာ ဂါလီပိုလီစစ်မျက်နှာဖြစ်သည်။ ဂါလီပိုလီစစ်မျက်နှာသည် ပထမကမ္ဘာစစ်မှ အကြီးကျယ်ဆုံး သွေးအိုင်ခဲ့သောစစ်ပွဲဖြစ်လေသည်။ တူရကီစစ်တပ်သည် ကာနက်ကာလေနယ် ဂါလီပိုလီတိုက်ပွဲတွင် ဗြိတိသျှ စစ်တပ်ကို ခံတိုက်ခဲ့ရာ၊ စစ်သားပေါင်း ၂၅၀၀၀၀ အထိအသက်ဆုံးရှုံးခဲ့လေသည်။ ဗြိတိသျှကလည်း ဗြိတိသျှအိန္ဒိယစစ်တပ်နှင့် ဩစတေးလျနှင့် နယူးဇီလန်နိုင်ငံများမှ တိုင်းရင်းသားစစ်သားများကို စုဆောင်းဖွဲ့စည်းထားသော အန်ဇက်စစ်တပ်များကို ပို့၍ တိုက်ခဲ့၏။ ထိုစစ်သားများကိုမူ အသားဖြူလူမျိုးများမဟုတ်သဖြင့် ဗြိတိသျှအနေဖြင့် အသားဖြူစစ်သားများထက် အဆင့်နိမ့်သောလူမျိုးများအဖြစ် သတ်မှတ်ထားသည်။

ဒါဝင်၏ တူရကီလူမျိုးများအပေါ် ရက်စက်စွာအကြမ်းဖက်လိုသည့်ကြွေးကျော်သံသည် ပထမကမ္ဘာစစ်ပြီးသည့်နောက်တွင်ပင် ဟိန်းကျန်နေသေးသည်။ ယျှခေတ်ဥရောပတိုက်တွင် တူရကီလူမျိုးများအား တိုက်ခိုက်ကြသည့် နီအိုနာဇီအဖွဲ့က ဒါဝင်၏အဓိပ္ပါယ် ကင်းမဲ့သည့် တူရကီနိုင်ငံအပေါ်မုန်းတီးမှုကို အခြေခံမှုအဖြစ် ခံယူနေကြဆဲဖြစ်သည်။ တူရကီလူမျိုးများကို ရန်သူအဖြစ် မုန်းတီးသည့်ဝါဒဖြန့်မှုများကို အင်တာနက်စာမျက်နှာများတွင် တွေ့မြင်နိုင်ပါသေးသည်။ (သွေးချောင်းစီးစေသော ဒါဝင်နှင့်ဟစ်တလာတို့အကြားမဟာမိတ် အခန်းတွင် အသေးစိတ်ဖတ်ရှုပါ။)

# အမေရိကန်နိုင်ငံမှ လူမျိုးခွဲခြားရေးဝါဒနှင့် လူမှုရေးဒါဝင်ဝါဒ

လူမှုရေးဒါဝင်ဝါဒသည်၊ ဗြိတိန်နိုင်ငံတွင်သာမဟုတ်ဘဲ အခြားနိုင်ငံတွေမှာလည်း လူမျိုးခွဲခြားရေးဝါဒီများနှင့် နယ်ချဲ့သမားများကို အထောက်အကူပြုပေသည်။ ထို့ကြောင့် တကမ္ဘာလုံးသို့ အလွန်လျင်မြန်စွာ ပျံ့နှံ့သွားခဲ့၏။ ထိုသီအိုရီကို လက်ခံကိုးကွယ်သူများ၏ ခေါင်းဆောင်တစ်ဦးမှာ အမေရိကန်နိုင်ငံသမတ သီအိုဒို ရူးစဗဲ့ဖြစ်ပေသည်။ ရူးစဗဲ့သည်၊ အမေရိကန် တိုင်းရင်းသားလူမျိုးများကို၊ ပြန်လည်နေရာချထားရေးအစီအစဉ်အမည်ဖြင့်၊ မျိုးဖြုတ်အစီအစဉ်ကို ပထမဦးဆုံးကျင့်သုံးသူဖြစ်ပေသည်။ *"အနောက်ဖက်နယ်များကို အောင်နိုင်ခြင်း"* *(The Winning of the West)* စာအုပ်တွင်၊ ရူးစဗဲ့က လူအုပ်လိုက်သတ်ဖြတ်ခြင်း အတွေးအခေါ်ကို တည်ဆောက်ခဲ့လေသည်။ ထိုစာအုပ်တွင်၊ အင်ဒီယန်(အမေရိကတိုက် တိုင်းရင်းသားများ)ကို အပြီးပိုင်လူမျိုးဖြုတ်ပစ်ရန်အကြောင်းသည် မလွှဲမရှောင်သာသောအကြောင်းတစ်ရပ်ဖြစ်၏[၂၅]ဟု ရေးသားထား၏။ ထိုတိုင်းရင်းသားများကို ခေတ်နောက်ကျသော သတ္တဝါမျိုးစုတစ်ခုအဖြစ် သူကအဆိုပြုနိုင်အောင် ဒါဝင်ဝါဒက ကျားခံပေးထားပေသည်။

ရူးစဗဲ့က ကြိုတင်တွက်ထားသည့်အတိုင်း၊ ထိုအမေရိကန်တိုင်းရင်းသားများနှင့် ချုပ်ဆိုထားခဲ့သော စာချုပ်များကို တစ်ခုတစ်လေမျှပင် အလေးထားဂရုစိုက်နေစရာမလိုတော့ချေ။ ယင်းသည်လည်း "ခေတ်နောက်ကျသောလူမျိုး"ဟူသောအတွေးအခေါ်က ပေးအပ်သည့် မှားယွင်းသောတရားဝင်ဖြစ်စေခြင်းကြောင့်ဖြစ်ပေသည်။ ၁၈၇၁ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်က အမေရိကန်တိုင်းရင်းသားများနှင့် ချုပ်ဆိုခဲ့သော စာချုပ်အားလုံးကို ဖျက်သိမ်းပစ်ပြီး၊ သူတို့ကို သေမင်းနယ်မြေသို့ သေမင်းကိုစောင့်ဆိုင်းရန် ပို့လိုက်ရန်ဆုံးဖြတ်ချက်ချလေသည်။ တစ်ဘက်က ၎င်းတိုင်းရင်းသားများကို လူသားအဖြစ်လက်ခံခြင်းမရှိပါက၊ သူတို့နှင့် ချုပ်ဆိုထားသော စာချုပ်တို့သည်လည်း မည်သို့တရားဝင်တော့မည်နည်း။

ရူးစဗဲ့က ထိုလူမျိုးရေးစစ်သည်၊ အင်္ဂလိပ်စကားပြောသောလူမျိုး(အင်္ဂလို–ဆက်ဇန်လူမျိုး)များတကမ္ဘာလုံးပျံ့နှံ့ခြင်း၏ အမြင့်မားဆုံးအောင်မြင်မှုဖြစ်သည်ဟု တင်သွင်းခဲ့၏။[၂၆]

ထိုအင်္ဂလို–ဆက်ဇန်လူမျိုးရေးအဆိုကို ပထမဦးဆုံးထောက်ခံသူမှာ အမေရိကန်လူမျိုး အီဗိုလူးရှင်းသမားတရားဓမ္မဆရာ ဂျိုဆီယာ စထရောင်းဖြစ်၍ ၎င်းအတွေးအခေါ်ကို တိုက်ရိုက်အသုံးပြုခဲ့၏။ သူကအောက်ပါအတိုင်း ရေးသားထားပေသည်။


> ထိုအချိန်တွင်မူကား၊ ကမ္ဘာကြီးသည် သမိုင်းတွင် ကဏ္ဍသစ်သို့ရောက်ရှိမည် ဖြစ်၏။ ယင်းကဏ္ဍသည် လူမျိုးရေးပြိုင်ဆိုင်မှုတွင်၊ အင်္ဂလိုဆက်ဇန်လူမျိုးများကိုသာ ရွေးချယ်လိုက်ခြင်းပင် ဖြစ်၏။ ဤအင်အားကြီးသောလူမျိုးသည် မက်စီကိုအထိလည်းကောင်း၊ အမေရိကအလယ်ပိုင်းမှ တောင်အမေရိကအထိလည်းကောင်း၊ ပင်လယ်သမုဒ္ဒရာအတွင်းရှိကျွန်းကြီးကျွန်းငယ်မှအစ အာဖရိကတိုက်လွန်၍ ပြန့်ပွားရောက်သွားကြလိမ့်မည်ဟု ဟောကိန်းထုတ်ထားပါရစေ။ ဤနောက်ဆုံးအဖြေသည်၊ "အသင့်တော်ဆုံးလက်ရွေးစင်၏ရှင်သန်ရေး"မဟုတ်ဟု မည်သူက သံသယရှိဦးမည်နည်း။[၂၇]

လူမှုရေးဒါဝင်ဝါဒကို သူတို့၏လုပ်ရပ်များ တရားဝင်ဖြစ်သည်ဟု အကြောင်းပြရန်အတွက် ရှေးဦးစွာအသုံးချသူတို့မှာ၊ လူမဲများ၏ ရန်သူများဖြစ်ပေသည်။ လူဖြူများသည် အဆင့်အမြင့်ဆုံးဖြစ်၍ လူမဲများသည် ကမ္ဘာဦးလူနီးနီးအဆင့်အနိမ့်ဆုံးဖြစ်သည်ဟု သတ်မှတ်သော သူတို့၏လူမျိုးခွဲခြားရေးအတွေးအခေါ်သည် အီဗိုလူးရှင်းသီအိုရီကို ချက်ချင်းပင် အားရဝမ်းသာစွာ လက်ခံထွေးပိုက်လိုက်ပေသည်။[၂၈]

ဤအတွေးအခေါ်အရ လူမဲများသည် လူသားမဟုတ်ကြချေ။ ၁၉၆၂ ခုနှစ်ထုတ် *လူမျိုးများ၏အစ* *(The Origin of Race)* စာအုပ်တွင် လူသိများသော အီဗိုလူးရှင်းဝါဒီလူမျိုးခွဲခြားရေးသမား ကာလက်တွန်ကွန်းက လူဖြူနှင့်လူမဲများသည် ဟိုမိုအီရက်တပ်စ်လက်ထက်တွင် နှစ်

မျိုးခွဲထွက်လာခဲ့သော ကွဲပြားသည့်မျိုးစိတ်များဖြစ်သည်ဟု ရေးထား၏။ ကွန်း၏အဆိုအရ လူဖြူများသည် ထိုကဲ့သို့ခွဲထွက်လာသည့်အချိန်မှစ၍ အီဗိုလူးရှင်းပိုမိုပြောင်းလဲလာခဲ့ကြသည်ဟူ၏။ လူမဲများအား ခွဲခြားသည့်စိတ်ဓါတ်ကို ထောက်ခံအားပေးသည့်အုပ်စုက ဤသိပ္ပံနည်းကျသည်ဟူသည့် ရှင်းလင်းချက်ကို အချိန်ကာလကြာမြင့်စွာအသုံးချခဲ့ကြလေသည်။






အမေရိကန်နိုင်ငံ သမတရှုးစဗဲ့က သူရေးသားသော ***The Winning of the West*** စာအုပ်တွင်၊ လူမျိုးခွဲခြားရေးအရ အုပ်စုလိုက်သတ်ဖြတ်မှုကို စတင် အခြေခံတည်ဆောက်၍ နောင်တွင် လက်တွေ့ကျင့်သုံးခဲ့၏။




လူမျိုးခွဲခြားရေးဝါဒကို ထောက်ခံအားပေးသောသီအိုရီရှိနေခြင်းကြောင့် အမေရိကန်နိုင်ငံတွင် လူမျိုးခွဲခြားရေး ကြီးထွားလာခဲ့လေသည်။ လူမျိုးခွဲခြားရေးကို ဆန့်ကျင်ခဲ့သည့် W.E. Dubois က၊ "နှစ်ဆယ်ရာစုနှစ်၏ပြဿနာသည် လူမျိုးအသားအရောင်ခွဲခြားမှုပြဿနာဖြစ်သည်။" ဟုရေးသားခဲ့၏။ ကျွန်စနစ်ကိုဖျက်သိမ်းခြင်းတစ်ခုတည်းက လူဖြူနှင့်လူမဲများအကြား ညီအစ်ကိုစိတ်ဓါတ်ဖြစ်ပေါ်လာစေရန် မလုံလောက်ချေ။ တိုတောင်းသည့်အချိန်အတွင်း ချမှတ်ခဲ့သော ခွဲခြားမှုက



၁၉ရာစုနှစ်ကုန်ပိုင်းနှင့် ၂၀ရာစုနှစ်ဦးပိုင်းတွင် အမေရိကန်နိုင်ငံ၌ လူဖြူများက လူမဲများကို ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ခဲ့ကြ၏။ ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုများက လူမဲများကို လူသားအဖြစ်မသတ်မှတ်ကြကြောင်း ဖေါ်ပြနေပေသည်။ လူဖြူများက ကြွယ်ဝချမ်းသာသောဘဝတွင် ရှိနေကြသော်လည်း လူမဲများမှာ လူမဆန်လောက်အောင် ပြုကျင့်ခြင်းကို ခံခဲ့ကြရ၏။

ဥပဒေအရ ကျွန်ပ်တို့၏ ခေတ်မှာလည်း ထိုသို့သောပြုမူချက်များအတွက်အကြောင်းပြချက်ကောင်းတစ်ခု ဖြစ်နေသေးသည်။[၂၀]

အမေရိကန်နိုင်ငံတွင် ပထမဦးဆုံးပြဋ္ဌာန်းသော "Jim Crow Laws" (Jim Crow ဆိုသော စကားလုံးမှာ လူမဲတို့ကို နှိမ်သောစကားတစ်လုံးဖြစ်သည်။) ဥပဒေသည် ယနေ့ကျွန်ုပ်တို့၏ခေတ်တိုင်အောင် ရှိနေသေးသည်။ လူမဲများကို လူသားကဲ့သို့မဆက်ဆံကြချေ။ သူတို့ကို အမြဲတန်းရှုံ့ရှာမုန်းတီးကြသည့်အပြင်၊ နေရာတကာတွင် အထင်သေးကြသည်။ ထိုကဲ့သို့ဖြစ်ခြင်းသည် ပုဂ္ဂိုလ်အချို့၏လုပ်ရပ်သာမဟုတ်ပေ။ အမေရိကန်နိုင်ငံ၏ဥပဒေအရ ပြဋ္ဌာန်းထားသောအပြုအမူဖြစ်ပေသည်။ တက်နက်စီပြည်နယ်၌ ၁၈၇၅–ခုနှစ်တွင် မီးရထားနှင့် ဓါတ်ရထားများတွင် လူမျိုးခွဲခြားရေးဥပဒေကို ပထမဦးဆုံးပြဋ္ဌာန်းလိုက်သည်နှင့် တပြိုင်တည်း တောင်ပိုင်းနယ်များအားလုံးတွင် မီးရထားများ၌ လူမျိုးအရခွဲခြားသတ်မှတ်ခြင်းပြုလုပ်ကြလေသည်။ "လူဖြူများသာ" ဟူသောဆိုင်းဘုတ်ကားချပ်များ၊ "လူမဲများအတွက်" ဟူသောဆိုင်းဘုတ်ကားချပ်များ၊ နေရာတကာတိုင်း တွေ့မြင်ရလေသည်။ ၎င်းတို့အားလုံးမှာ နကိုရှိနေပြီးဖြစ်သော အခြေအနေကို ဥပဒေအရ တရားဝင်အောင် ပြုလုပ်ခြင်းသာလျှင် ဖြစ်ပေသည်။ ဥပဒေအရ လူဖြူလူမဲခွဲခြားရန်မှာ ဆေးရုံ၊ အကျဉ်းထောင်နှင့် သင်္ချိုင်းများတွင် မလုပ်မနေရ ကိစ္စဖြစ်သည်။ သို့သော်လည်း၊ လက်တွေ့တွင်၊ ဟော်တယ်၊ ဇာတ်ရုံ၊ စာဖတ်ခန်း၊ ဓါတ်လှေခါးနှင့် ဘုရားရှိခိုးကျောင်းများတွင်လည်း ကျင့်သုံးကြ၏။ ကျောင်းများတွင် ထိုကဲ့သို့ အသားအရောင်ခွဲခြားမှုကြောင့် အများဆုံးထိခိုက်နစ်နာမှုခံစားရပေသည်။ ၎င်းသည် လူမဲများအတွက် အထိခိုက်ဆုံးအချက်ဖြစ်၍၊ သူတို့၏ ယဉ်ကျေးမှုဖွံ့ဖြိုးရေးအတွက် အကြီးဆုံးသော အဟန့်အတားဖြစ်နေပေသည်။



လူမျိုးရေးခွဲခြားမှုစတင်ကတည်းကစ၍ အဓိကရုဏ်းမြောက်မြားစွာ လိုက်လာတော့သည်။ လူမဲများကို လူအုပ်ဖြင့် တရားလက်လွတ်သတ်ဖြတ်မှုများ နေ့ချင်းညချင်းတိုးလာလေသည်။ ၁၈၉၀ ခုနှစ်မှ ၁၉၀၁ နှစ်အထိ လူမဲဦးရေပေါင်း ၁၃၀၀ခန့် တရားလက်လွတ်အသတ်ခံရသည်။ ထို့ကြောင့် ပြည်နယ်အမြောက်အမြားတွင် လူမဲများ ထကြွပုန်ကန်လေသည်။

ဤကာလအတွင်း၌ လူမျိုးရေးအတွေးအခေါ်နှင့် သီအိုရီများဖြင့် ပြည့်နက်လျက်ရှိ၏။ မကြာမီ၊ အမေရိကတိုက်သစ်သို့ ထိန်းသိမ်းခြင်းကင်းမဲ့သော လူဝင်မှုကို ကာကွယ်ရန်ဟု ယမယ်ရှာ၍ အာရ်ဘီဘင်း၏ဦးခေါင်းခွံတိုင်းတာနည်းဖြစ်သော အမေရိကန်လူမျိုးရေးဆန်သည့် ဇီဝဗေဒပေါ်ပေါက်ခဲ့ပြန်သည်။ ဤသည်လည်း အမေရိကန်တို့၏ လူမျိုးခွဲခြားရေးလုပ်ရပ်တွင် ထူးခြားချက်တစ်ခုဖြစ်ပေသည်။ ၁၉၁၆ ခုနှစ်ထုတ် မယ်ဒီဆန် ဂရန့်၏ *The Passing of the Great Race* စာအုပ်တွင် လူမျိုးနှစ်မျိုးစပ်ယှက်ပေါင်းစပ်ခြင်းဖြင့် နကိုအဆင့်နိမ့်နေသောလူမျိုးထက်အဆင့်နိမ့်သောလူမျိုးတစ်မျိုး ထပ်ပေါ်လာလိမ့်မည်ဟု ရေးသားထားသည်။ သူ့အနေနှင့် မတူသောလူမျိုးချင်း လက်ထပ်ခြင်းကို ဥပဒေအရ တားမြစ်စေလိုခြင်းဖြစ်သည်။[၁၁]

အမေရိကန်နိုင်ငံတွင်၊ လူမျိုးခွဲခြားရေးဝါဒသည် ဒါဝင်မပေါ်မီကတည်းက ရှိပြီးသားဖြစ်သည်။ သို့သော်လည်း၊ အထက်က ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးသည့်အတိုင်း၊ ဒါဝင်ဝါဒသည် ၁၉ ရာစုနှစ်ဒုတိယပိုင်းတွင် လူမျိုးခွဲခြားရေးအမြင်နှင့် ပေါ်လစီများကို ထောက်ခံအားပေးကြောင်း ထင်ရှားပေသည်။ ဥပမာ၊ ဤအခန်းတွင်ဖော်ပြသည့် လူမျိုးခွဲခြားရေးဝါဒီများက သူတို့၏အမြင်ကို ရှေ့တန်းတင်တိုင်း ဒါဝင်ဝါဒကို ဝါဒဖြန့်ကြွေးကျော်သံအဖြစ် အသုံးပြုကြသည်။ ဒါဝင်မတိုင်မီခေတ်များတွင် ရက်စက်ကြမ်းကြုတ်သည်ဟုယူဆခဲ့သော အတွေးအခေါ်များသည်၊ ယခုအချိန်တွင် သဘာဝတရားသာလျှင်ဖြစ်သည်ဟု လက်ခံကြလေပြီ။

## ဒါဝင်ဝါဒီတို့၏ လူမဆန်သော ပေါ်လစီများ

### အဘော်ရီဂျင်းလူမျိုးများကို မျိုးသုဉ်းသတ်ဖြတ်ခြင်း

ဩစတေးလျနိုင်ငံမှ တိုင်းရင်းသားလူမျိုးများကို အဘော်ရီဂျင်းဟုခေါ်ကြသည်။ ဤလူမျိုးများသည် ဩစတေးလျတိုက်တွင် နှစ်ပေါင်းထောင်နှင့်ချီ၍ နေထိုင်ခဲ့ကြသူများဖြစ်သည်။ သူတို့သည် ဥရောပတိုက်သားများ ဩစတေးလျတိုက်သို့ ဝင်ရောက်အခြေချနေထိုင်ကတည်းကစ၍ ကမ္ဘာ့သမိုင်းတွင် အကြီးကျယ်ဆုံးသော လူမျိုးရေးသုတ်သင်သတ်ဖြတ်ခြင်းခံခဲ့ကြရ၏။ ထိုသတ်ဖြတ်မှုကြီး၏ အခြေခံအတွေးအခေါ်မှာ ဒါဝင်ဝါဒဖြစ်ပေသည်။ ဤလူမျိုးတို့ခံစားခဲ့ရသည့် ရက်စက်ကြမ်းကြုတ်မှု၏အဓိကအကြောင်းရင်းမှာ၊ ဒါဝင်ဝါဒီအတွေးအခေါ်ရှင်တို့၏ အဘော်ရီဂျင်းလူမျိုးများအပေါ်ရှိသည့် အမြင်ကြောင့်ဖြစ်သည်။

၁၈၇၀ ခုနှစ်တွင် *လန်ဒန်မနုဿဗေဒရီဗျူး*မှ မနုဿဗေဒပညာရှင် မက်စ်မူလ္လာသည် လူသားများကို အမျိုးအစားပေါင်း ခုနစ်မျိုးခွဲထားလေသည်။ အဘော်ရီဂျင်းလူမျိုးများကို အောက်ဆုံးတွင်ထား၍၊ လူဖြူများဖြစ်သော အာရိယန်လူမျိုးများကို ထိပ်ဆုံးတွင် ထားသည်။ ၁၈၇၆ ခုနှစ်တွင် အမည်ကျော်ကြားသော လူမှုရေးဒါဝင်ဝါဒီက အောက်ပါအတိုင်း ဆိုထားပေသည်။

> အင်အားအကြီးဆုံးလက်ရွေးစင်အမျိုး၏ ဆက်လက်အသက်ရှင်နိုင်ခြင်းဟူသည် အင်အားကြီးသူက တရားသည်ဟုဆိုလိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဩစတေးလျလူမျိုးများနှင့် မော်ရီလူမျိုးများကိုလူမျိုးသုဉ်းအောင် သနားကြင်နာခြင်းကင်းမဲ့စွာ သတ်ဖြတ်သုတ်သင်ခြင်းသည် လွဲရှောင်၍ မရသော သဘာဝတရားကို တိုင်တည်ဖြည့်စွက်နေကြခြင်းသာ ဖြစ်ပေသည်။[၁၂]


၁၈၉၀ ခုနှစ်တွင်၊ တပ်စမာနီယာပြည်နယ် ရှိယယ်လ်ဆိုဆိုင်တီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂျိမ်းစ်ဘားနာဒ်က "မျိုးဖြုတ်ခြင်းသည် အိဗိုလူးရှင်းနိယာမ၏ ရှင်းပြစရာမလိုသော အမှန်တ

ရားဖြစ်၍ သင့်လျော်တောင့်တင်းဆုံးလက်ရွေးစဉ်ဖြစ်သူ၏ ဆက်လက်ရှင်သန်ရေးဖြစ်သည်။” ဟု ရေးသားခဲ့၏။ ထို့ကြောင့်၊ သူ့အနေဖြင့်၊ ထိုကဲ့သို့ဩစတေးလျတိုက် အဘော်ရီဂျင်းများကို သတ်ဖြတ်ဆုံးရှုံးစေသည့် ရာဇဝတ်မှုအတွက် “အပြစ်တင်ခံထိုက်သော လစ်လျူရှုခြင်းမဟုတ်” ဟုအကြောင်းပြခဲ့လေသည်။[၃၃]



## အဘော်ရီဂျင်းများကို မျိုးဖြုတ်သတ်ဖြတ်ခြင်း

အီဗိုလူးရှင်းဝါဒီတို့သည် ဩစတေးလျတိုက် တိုင်းရင်းသားအဘော်ရီဂျင်းတို့ကို လူသားအဖြစ် အပြည့်အဝဖွံ့ဖြိုးခြင်းမရှိသေးသော သတ္တဝါများဖြစ်သည်ဟုဆို၍ သတ်ဖြတ်ခဲ့ကြ၏။



ဤသို့သော ဒါဝင်က စတင်ပျိုးထောင်ခဲ့သော လူမဆန်သည့်ရက်စက်ကြမ်းကြုတ်သည့် လူမျိုးခွဲခြားရေးကြောင့်၊ ကြောက်မက်ဖွယ်ကောင်းသည့် အဘော်ရီဂျင်းမျိုးဖြုတ်ရေး စတင်ခဲ့ခြင်းဖြစ်ပေသည်။ အဘော်ရီဂျင်း ဦးခေါင်းခွံများကို မီးရထားဘူတာရုံတံခါးများ၌ ဆွဲချိတ်ပြသထားကြလေသည်။ ဩစတေးလျတိုက်တစ်ခွင်လုံး နေရာတကာတွင် အဘော်ရီဂျင်းများအခြေချနေထိုင်သော ရပ်ရွာများသည် ထိုသို့သောရက်စက်စွာသတ်ဖြတ်မှုကြောင့် နှစ်ပေါင်း၅၀အတွင်း ပျောက်ကွယ်သွားခဲ့လေသည်။[၃၄]

အဘော်ရီဂျင်းတို့ကို ရည်ရွယ်သောပေါ်လီစီများသည်၊ မျိုးဖြုတ်သတ်ဖြတ်ခြင်းဖြင့်သာ မပြီးသေးချေ။ အဘော်ရီဂျင်းလူဦးရေပေါင်းအမြောက်အမြားကို တိရစ္ဆာန်ကဲ့သို့ သိပ္ပံပညာစမ်းသပ်မှုအတွက် အသုံးပြုခဲ့ကြ၏။ ဝါရှင်တန်ဒီစီမှ စမစ်ဆိုနီယံအင်စတီကြူးသည် ကမ္ဘာပေါ်ရှိ

လူမျိုးပေါင်းစုံ၏ ရုပ်အလောင်းပေါင်း ၁၅,၀၀၀ ရှိ၏။ ဗြိတိသျှပြတိုက်အတွက်၊ တိရစ္ဆာန် (မျောက်ဝံ)များနှင့် လူသားများအကြားတွင် "ပျောက်နေသောအဆက်"ကို ရှာဖွေရန်အတွက် သြစတေးလျအဘော်ရီဂျင်းပေါင်း ၁၀၀၀၀ကို သင်္ဘောဖြင့် တင်ပို့ခဲ့ကြသည်။

ပြတိုက်များသည်၊ အရိုးစုများကိုသာ စိတ်ဝင်စားသည်မဟုတ်။ အဘောရီဂျင်းတို့၏ ဦးနှောက်ကိုလည်း ဓါတ်ခွဲခန်းစမ်းသပ်ရန်အတွက် ဈေးကောင်းကောင်းဖြင့် ရောင်းချခဲ့ကြ၏။ သြစတေးလျတိုက်တိုင်းရင်းသားအဘော်ရီဂျင်းတို့ကို သိပ္ပံစမ်းသပ်ချက်အတွက် ဓါတ်ခွဲခန်းတွင် သတ်ဖြတ်ကြကြောင်းလည်း သက်သေအထောက်အထားရှိပေသည်။ အောက်ပါအချက်များက ထိုသို့သောရက်စက်ကြမ်းကြုတ်မှုအတွက် သက်သေသာဓကများ ဖြစ်ပေသည်။

> ၁၈၆၆ ခုနှစ်တွင်၊ ကွင်းစလင်ပြည်နယ် ဘိုးဝင်းမြို့တော်ဝန်က၊ သူကိုယ်တိုင် အဘော်ရီဂျင်းများကို ၁၈၆၅ ခုနှစ်တုန်းက သိပ္ပံစမ်းသပ်ချက်အတွက် သူမည်ကဲ့သို့ အပေါင်အလက်များ တစ်စစီဖျက်ခဲ့ပုံကို သူ့သေခါနီးတွင် ကွက်ကွက်ကွင်းကွင်းမြင်နိုင်လောက်အောင် ရှင်းပြခဲ့လေသည်။
>
> ၁၈၇၄ ခုနှစ်မှစ၍ နှစ်ပေါင်း၂၀ အထိ ဆစ်ဒနီမြို့ရှိ သြစတေးလျပြတိုက်မှူးအဖြစ် အမှုထမ်းခဲ့သော အက်ဒွတ်ရမ်ဆေသည် ထိုလုပ်ငန်းတွင် အများဆုံးပါဝင်ခဲ့သူဖြစ်သည်။ သူသည် ပြတိုက်အိပ်ဆောင်စာအုပ်ကို ရိုက်ထုတ်ရာ၌၊ အဘော်ရီဂျင်းများအကြောင်းနှင့် ပတ်သက်သောအခန်းတွင် "သြစတေးလျ တိရစ္ဆာန်များ"ဟူသော ခေါင်းစဉ်တပ်ထားလေသည်။ သချိုင်းများတွင် အရိုးစုအတွက် အလောင်းများကို ခိုးယူနည်းများအပြင်၊ "သိပ္ပံစမ်းသပ်ခန်းအတွက်" လတ်လတ်ဆတ်ဆတ် ပစ်သတ်၍ရယူသော အဘော်ရီဂျင်းအလောင်းရှိ ကျည်စံဒဏ်ရာကို မည်ကဲ့သို့ပိတ်ရမည့်နည်းကိုပါ ရေးသားထားပေသည်။
>
> ဂျာမန်လူမျိုးအီဗိုလူးရှင်းဝါဒီ (လူမဲတို့၏သေမင်းတမန်နတ်သမီးဟုအမည်ရသော)အမာလီ ဒီယက်ထရစ်သည်၊ ပြတိုက်များတွင် ရုပ်လုံးသွင်းပြသထားရန် အဘော်ရီဂျင်းများကို ပစ်သတ်ပေးရန် သြစတေးလျဘူတာရုံပိုင်ရှင်များကို ငှားရန်းခဲ့လေသည်။ မကြာမီ သူမအား သြစတေးလျနိုင်ငံမှ နှင်ထုတ်ခြင်းခံရသော်လည်း၊ အနည်းဆုံး သူအလိုရှိသောဓါတ်ခွဲခန်းနမူနာတစ်ခု သူနှင့်အပါယူသွားနိုင်ခဲ့လေသည်။
>
> နယူးဆောက်ဝေးပြည်နယ်မှ သာသနာပြုတစ်ဦးက၊ မြင်းစီးပုလိတ်များက အဘော်ရီဂျင်းလူမျိုးယောက်ျား မိန်းမ ခလေးများအပါအဝင် အမြောက်အမြားကို လိုက်လံပစ်သတ်သည်ကို တွေ့ရှိ၍ အလွန်ထိတ်လန့်သွားခဲ့လေသည်။ ဦးခေါင်းအလုံး ၄၀ ကိုအိုးကြီးတွင် ထည့်ပြုတ်၍ အကောင်းဆုံး ၁၀ လုံးကိုရွေးယူကာ သေချာစွာထုပ်၍ နိုင်ငံခြားသို့ ပို့ကြသည်။[၃၅]

အဘော်ရီဂျင်းများကို မျိုးဖြုတ်သည့်လုပ်ရပ်သည် ၂၀ ရာစုနှစ်တွင် ဆက်လက်ဆောင်ရွက်ကြသည်။ မျိုးဖြုတ်နည်းမျိုးစုံအသုံးပြုကြသည့်အနက်၊ တစ်နည်းမှာ အဘော်ရီဂျင်းခလေးများကို သူတို့၏မိဘများလက်ထဲမှ လုယူခြင်းဖြစ်သည်။ ၁၉၉၇ ခုနှစ် ဧပြီလ ၂၈ရက်နေ့ထုတ် *ဖီလာဒဲလ်ဖီးယားနေ့စဉ်သတင်းစာ*တွင် အာလင်သောန်ဟီးလ်ရေးသားသော သတင်းဆောင်းပါးတစ်ပုဒ်ပါခဲ့၏။

## အဘော်ရီဂျင်းအိမ်ထောင်စုကဖမ်းဆီးခြင်းကို အသေးစိတ်ပြန်ပြောပြသည်

> အေပီသတင်း၊ – ၊သြစတေးလျနိုင်ငံ အနောက်မြောက်ပိုင်းသဲကန္တာရတွင် နေထိုင်ကြသော အဘော်ရီဂျင်းတို့သည်၊ သူတို့၏ခလေးများကို မီးသွေးမှုန့်ဖြင့် တစ်ကိုယ်လုံးလိမ်းထား၍ အစိုးရလူမှုဖူလုံရေးအရာရှိများက ဖမ်းဆီးသွားခြင်းမှ လွတ်မြောက်ရန် လုံခြုံသည့်နေရာများ၌ဝှက်ထားကြသည်။ "လူမှုဖူလုံရေးလုပ်သားများက တွေ့တဲ့နေရာမှာ ဖမ်းလိုက်ကြတယ်။"ဟု အဖမ်းခံရသော ခလေးတစ်ယောက်က နောင်နှစ်ပေါင်းများစွာကြာမြင့်ပြီးနောက်တွင် ပြန်လည်ပြောပြ၏။ "ကျွန်ုပ်တို့ရဲ့မိဘဆွေမျိုးတို့က၊ မီးသွေးတွေလိမ်းပြီး ဝှက်ထားလေ့ရှိကြတယ်။" ဟုပြောပြပေသည်။
>
> ငယ်ရွယ်စဉ်ဘဝတွင် အခိုးခံခဲ့ရသော နွားမွေးမြူရေးခြံအလုပ်သမားတစ်ယောက်က၊ "ကျနော့်ကို မူလာဘူလ်လာကို ခေါ်သွားကြတယ်။ ကျနော်တို့အားလုံး အသက် ၅နှစ် ၆နှစ်လောက်ဘဲ

ရှိကြသေးတယ်။”ဟု ပြန်ပြောပြသည်။ သူ့အဖြစ်မှာ၊ “အခိုးခံခဲ့ကြရသောလူ့သက်တန်း”စုံစမ်းရေး အစီအစဉ်အရ၊ ဩစတေးလျ လူ့အခွင့်အရေးနှင့်တန်းတူခွင့်ကော်မီရှင်က ကြားနာခဲ့ရသည့်ကြေကွဲဘွယ်အဖြစ်အပျက်ပေါင်း ထောင်ပေါင်းများစွာအနက်မှ တစ်ခုသာဖြစ်ပေသည်။ ၁၉၂၀ ခုနှစ်မှစ၍ ၁၉၇၀ ခုနှစ်အထိ အဘော်ရီဂျင်းခလေးပေါင်း ၁၀၀၀၀၀ ကျော် သူတို့၏မိဘများ လက်ထဲမှ ခိုးယူလုယူခြင်းခံခဲ့ကြရသည်။ အသားအရောင် ဖျော့သည့်ခလေးများကို လူဖြူအိမ်ထောင်စုများသို့မွေးစားရန်အပ်နှံကြ၍၊ အသားမဲသောခလေးများကိုမူ မိဘမဲ့ဂေဟာတွင် ထားကြသည်။[၃၆]

ယခုအချိန်တွင်ပင်၊ ကော်မီရှင်၏ “သူတို့ကို အိမ်သို့ပြန်ခေါ်လာခဲ့ခြင်း”ဟူသောအစီရင်ခံစာတွင်၊ သက်သေခံသူတို့က မိမိတို့၏ အမည်ရင်းကိုဖေါ်မပြဝန့်လောက်အောင်၊ နာကြည်းမှုက ရှိနေသေးသည်။ ကုလသမဂ္ဂ၏သတ်မှတ်ချက်အရ၊ အစိုးရအာဏာပိုင်တို့၏လုပ်ရပ်သည်၊ လူမျိုးဖြုတ်စီမံကိန်းအဆင့်ရှိသည်ဟု ကော်မီရှင်ကဆိုသည်။ ထိုအတင်းဖမ်းယူခိုးဝှက်ခြင်းခံရသောခလေးများအတွက် သက်ဆိုင်သူတို့က လျော်ကြေးငွေများ ပေးဆောင်နိုင်ရန် ခုံရုံးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးရန် ကော်မီရှင်ကတောင်းဆိုသော်လည်း၊ အစိုးရက ငြင်းပယ်ထားပေသည်။

ကျွန်ုပ်တို့သိခဲ့ကြပြီးသည့်အတိုင်း၊ ထိုကဲ့သို့သော လူမဆန်သည့်လုပ်ရပ်များ၊ အုပ်စုလိုက်သတ်ဖြတ်မှုများ၊ ရက်စက်မှု၊ ရိုင်းစိုင်းမှုနှင့် မျိုးဖြုတ်မှုများကို ဒါဝင်ဝါဒစာတမ်းများက “သဘာဝ၏ရွေးချယ်မှု”၊ “အသက်ရှင်ခြင်းအတွက် တိုက်ခိုက်မှု”နှင့် “အသင့်တော်ဆုံးလက်ရွေးစဉ်၏ ရှင်သန်မှုအတွက်”စသည့်အဆိုများဖြင့် တရားဝင်ပြုပေးထားသည်။

ယင်းကဲ့သို့ ဩစတေလျတိုက် တိုင်းရင်းသားများ ခံစားခဲ့ခံစားနေကြရသော ပျက်စီးခြင်းဘေးဒုက္ခအပေါင်းတို့သည်၊ ဒါဝင်ဝါဒက တကမ္ဘာလုံးသို့ယူဆောင်လာသော ပျက်စီးယိုယွင်းခြင်းဘေးဒုက္ခအပေါင်း၏ အနည်းငယ်သော အပိုင်းမျှသာရှိနေသေးသည်။

## အိုတာဘင်ဂါ


ဒါဝင်က သူရေးသော *မျိုးစုများစတင်ပေါ်ပေါက်ခြင်း* စာအုပ်တွင်၊ လူသားများသည် မျောက်များမှဆင်းသက်ဖွံ့ဖြိုးလာသည်ဟု တင်ပြသည့်နေ့မှစ၍၊ ထိုဇာတ်လမ်းကို ထောက်ခံမည့် ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေသည့်လုပ်ငန်းသည်လည်း စတင်ခဲ့လေသည်။ သို့သော်လည်း အီဗိုလူးရှင်းဝါဒီအချို့က ကျောက်ဖြစ်ရုပ်ကြွင်းသာမဟုတ်ဘဲ “မျောက်တစ်ဝက် လူတစ်ဝက်”သတ္တဝါများသည်လည်း၊ ကမ္ဘာ့နေရာဒေသအမြောက်အမြားတွင် အသက်ထင်ရှားရှိနေဦးမည်ဟု ယုံကြည်ကြ၏။ ၂၀ ရာစုနှစ်အစဦးပိုင်းတွင် “ကြားတွင်ပျောက်နေသောအဆက်အစပ်”ကို ရှာဖွေခြင်းက မြောက်မြားစွာသော ရိုင်းစိုင်းသည့် လုပ်ရပ်များ၏ အကြောင်းရင်းဖြစ်ခဲ့ပေသည်။ ၎င်းတို့အနက် ပစ်ဂမီလူမျိုး အိုတာဘင်ဂါ၏ ဇာတ်လမ်းသည် တစ်ခုအပါအဝင်ဖြစ်၏။

အိုတာဘင်ဂါ



အိုတာဘင်ဂါကို ၁၉၀၄ ခုနှစ်တွင် ဆဲမြူရယ် ဗါနာခေါ်သော အီဗိုလူးရှင်းဝါဒီ သုတေသနပညာရှင်တစ်ဦးက ကွန်ဂိုနိုင်ငံတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဤအာဖရိကတိုင်းရင်းသား၏အမည် အိုတာဘင်ဂါသည် သူတို့၏စကားအရ “မိတ်ဆွေ”ဟူသောအဓိပ္ပါယ်ရ၍၊ ခလေးနှစ်ယောက်ရှိသော အိမ်ထောင်သည်တစ်ယောက်ဖြစ်၏။ သို့သော်လည်း သူ့ကိုတိရစ္ဆာန်များကဲ့သို့ လှောင်ချိုင့်တွင်း၌ သံကြိုးနှင့်ချည်ထားကာ အမေရိကန်နိုင်ငံသို့ပို့လိုက်သည်။ အမေရိကန်နိုင်ငံသို့ရောက်သောအခါ၊ အီဗိုလူးရှင်းသိပ္ပံပညာရှင်တို့က စိန့်လူဝစ်ကမ္ဘာ့ပြပွဲတွင် “လူသားများနှင့် အနီးဆုံးအဆက်အစပ်”အဖြစ် ပြသထားသည်။ ထို့နောက် နှစ်နှစ်ကြာသောအခါ နယူးယောက်မြို့ရှိဘရွန့်ဇူးခေါ် တိရ

စ္ဆာန်ရုံတွင် ချင်ပန်ဇီမျောက် အနည်းငယ်အပြင်၊ ဒိုင်နာခေါ်ဂေါ်ရီလာမျောက်ဝံနှင့် ဒိုဟန်အမည်ရှိ ဥရန်ဥတန်မျောက်ဝံတို့နှင့်အတူ၊ "လူသားတို့၏ ရှေးအကျဆုံးဘိုးဘေးသတ္တဝါများ" အဖြစ်ပြသထားလေသည်။ အီဗိုလူးရှင်းဝါဒီ တိရစ္ဆာန်ရုံညွှန်ကြားရေးမှူး ဒေါက်တာဝီလီယံ တီဟော်နီဒေးက ထိုသို့သော "ပျောက်ကွယ်နေသည့်အဆက်အစပ်"ကို ပိုင်ဆိုင်ထားခွင့်ရရှိခြင်းအတွက် လွန်စွာဂုဏ်ယူမိကြောင်း နှစ်ပေါင်းများစွာ ပြောကျန်ရစ်ခဲ့လေသည်။ ထိုတိရစ္ဆာန်ရုံရောက် လူထုကလည်း အိုတာဘင်ဂါကို တိရစ္ဆာန်တစ်ကောင်အဖြစ် ဆက်ဆံခဲ့ကြလေသည်။



အိုတာဘင်ဂါ

အိုတာဘင်ဂါသည် အာဖရိကတိုက် တိုင်းရင်းသားဖြစ်သည်။ အီဗိုလူးရှင်းသုတေသန ပညာရှင်များက ဆောင်မျောက် နှင့်ဖမ်း၍ တိရိစ္ဆာန်ကဲ့သို့ လှောင်ချိုင့်တွင် ထည့်၍ တိရိစ္ဆာန်ရုံတွင် မျောက်များ နှင့်အတူပြသ ထားကြသည်။

ထိုအချိန်ကထုတ်ဝေခဲ့သော *နယူးယောက်တိုင်းမ်* သတင်းစာတွင် တိရစ္ဆာန်ရုံသို့လာရောက်လည်ပတ်သည့်လူတို့၏ ဆက်ဆံပုံကို ဖေါ်ပြထားလေသည်။

> တိရစ္ဆာန်ရုံသို့ တနင်္ဂနွေနေ့တွင် လူပေါင်း ၄၀၀၀၀ သွားရောက်လည်ပတ်ကြသည်။ ခလေးလူကြီး မိန်းမယောကျ်ားအားလုံးလိုလိုပင်၊ မျောက်ရုံမှဇာတ်လိုက်ကို ကြည့်ကြသည်။ ထိုဇာတ်လိုက်မှာ အာဖရိကတိုက်မှ လူရိုင်းတစ်ကောင်ဖြစ်၏။ ကွင်းပြင်တွင် တနေကုန် အော်လိုက်ဟစ်လိုက်နှင့် ဝိုင်းလိုက်ကြသည်။ တချို့က သူ၏နံရိုးကို ထိုးကြည့်ကြသည်။ တချို့က သူ့ကို ခြေကလိမ်ပိုင်းကြသည်။ အားလုံးကလည်း ဝိုင်းရယ်ကြသည်။[၃၃]

၁၉၀၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ထုတ် *နယူးယောက်ဂျာနယ်* က ထိုကဲ့သို့လုပ်ခြင်းသည် အီဗိုလူးရှင်းကို သက်သေပြရန်အတွက်ဖြစ်သော်လည်း ကြီးကျယ်သောမတရားခြင်းနှင့် ရက်စက်ခြင်းဖြစ်သည်ဟု အောက်ပါအတိုင်း ဖေါ်ပြခဲ့လေသည်။

> ဤလူတို့သည်၊ စဉ်းစားဆင်ခြင်ခြင်းကင်းမဲ့စွာ အာဖရိကတိုက်မှ လူပုတစ်ယောက်ကို မျောက်လှောင်ချိုင့်တွင် ပြသထားကြသည်။ သူတို့၏အတွေးအရ ကြီးကျယ်သောအီဗိုလူးရှင်း သင်ခန်းစာတစ်ခုကို စွဲမြဲစွာမှတ်သားနိုင်စေလိုကြဟန်တူပါသည်။
>
> သို့သော်လည်း၊ ရရှိသည့်အဖြေမှာ ဤလူဖြူနိုင်ငံမှ သနားကြင်နာခြင်းကရုဏာတရားဖြင့် ကြည့်ရှုထားသင့်သော်လည်း၊ ထိုမျှလောက်ရက်စက်ကြမ်းကြုတ်စွာ ထားရှိခြင်းသည်၊ အာဖရိကတိုက်လူမျိုးများကို စော်ကားခြင်းသာ ဖြစ်ပေသည်။---ကျွန်ုပ်တို့ကို စိတ်ခံစားမှုရှိခြင်းနှင့် ဝိညာဉ်ကိုပေးထားသောအင်အားကြီးက ဖန်ဆင်းထား၍ ကံဆိုးသဖြင့် ကိုယ်ခန္ဓာမဖွံ့ဖြိုးသည့် လူသားတစ်ဦး

ကို မျောက်များနှင့်အတူ လှောင်ချိုင့်တွင်ထည့်ထားပြီး လူအများကို ပြစားကြခြင်းသည် အလွန်ရှက်ဖွယ်ကောင်းသော လုပ်ရပ်သာလျှင်ဖြစ်ပေသည်။[၃၈]

*နယူးယောက်ဒေလီထရီဗြွန်း*ကလည်း အီဗိုလူးရှင်းအကြောင်းဖေါ်ပြရန်အတွက် အိုတာဘင်ဂါကို တိရိစ္ဆာန်ရုံတွင် ပြကြသည့်အကြောင်းကို အောက်ပါအတိုင်း ရေးသားထားလေသည်။ ဒါဝင်ဝါဒီတိရစ္ဆာန်ရုံညွှန်ကြားရေးမှူး၏ အင်မတန်စဉ်းလဲကောက်ကြစ်သောအဖြေကို ပေးခဲ့လေသည်။

လွန်ခဲ့သည့်အပါတ်တွင် နယူးယောက်တိရစ္ဆာန်ရုံ၌ အာဖရိကတိုက်မှ ပစ်ဂမီလူမျိုးတစ်ယောက်ကို ဥရန်ဥတန်မျောက်ဝံများနှင့်အတူ လှောင်ချိုင့်အတွင်းထည့်၍ ပြသထားသည့်ကိစ္စနှင့်ပတ်သက်၍ လူအတော်များများ ဝေဖန်ကြ၏။ အချို့ပုဂ္ဂိုလ်များ၏အဆိုအရ၊ တိရစ္ဆာန်ရုံညွှန်ကြားရေးမှူး အော်နာဒေးက နီဂရိုးလူမျိုးများနှင့် မျောက်များအကြားဆက်စပ်မှုကို ပြသရန်ဖြစ်သည်ဟုဆိုသည်။ ဒေါက်တာအော်နာဒေးက ယင်းစွပ်စွဲချက်ကို ငြင်းပယ်လိုက်သည်။ "တကယ်လို့ အဲဒီလူပုကလေးက လှောင်ချိုင့်ထဲမှာရှိနေရင်၊ သူ့အတွက် အသက်သာဆုံးအခြေအနေဖြစ်ပါတယ်။"ဟု ဒေါက်တာအော်နာဒေးကဆို၏။ "ကျနော်တို့က သူ့ကိုဘယ်လိုထားရမယ်ဆိုတာမသိဘဲဖြစ်နေပါတယ်။ သူ့ကို လမ်းပေါ်မှာ လွှတ်ထားမယ်ဆိုရင် ဘယ်သူကမှ ဂရုစိုက်ပြီးကြည့်မှာမဟုတ်ဘူးလို့တော့ ဘယ်သူကမှပြောမှာမဟုတ်ဘူးလို့ထင်ပါတယ်။" ဟုဆက်လက်ပြောပါသည်။[၃၉]

အိုတာဘင်ဂါကို တိရစ္ဆာန်တစ်ကောင်အလား၊ ဂေါ်ရီလာမျောက်ဝံများနှင့်အတူ လှောင်အိမ်တွင်ပြသထားခြင်းသည် အသိုင်းအဝိုင်းအတော်များများကို စိတ်မအီမသာ ဖြစ်စေခဲ့၏။ အဖွဲ့အစည်းခပ်များများက အာဏာပိုင်များအား ထိုလုပ်ရပ်ကိုရပ်တန့်ရန် တောင်းဆိုခဲ့ကြသည်။ သူတို့၏တောင်းဆိုချက်များတွင်၊ အိုတာဘင်ဂါသည် လူသားစစ်စစ်ဖြစ်ကြောင်း၊ သူ့အား ထိုကဲ့သို့လုပ်ခြင်းသည် အင်မတန်ရက်စက်ကြမ်းကြုတ်ရာရောက်ကြောင်း စသည်ဖြင့် ဖေါ်ပြကြလေသည်။ ထိုတောင်းဆိုချက်စာများအနက် ၁၉၀၆ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ထုတ် *နယူးယောက်ဂလုတ်* သတင်းစာပါ စာတစ်စောင်မှာ အောက်ပါအတိုင်းဖြစ်၏။

The Globe အယ်ဒီတာသို့၊

လူကြီးမင်းခင်ဗျား၊– ကျွန်ုပ်တောင်အာဖရိကတွင် နှစ်ပေါင်းမြောက်မြားစွာနေထိုင်ခဲ့ပါသည်။ ထို့ကြောင့် လူမဲနီဂရိုးများကိုမနှစ်သက်လှပါ။ သို့သော်လည်း သူတို့သည်လူသားများဖြစ်သည်ကို ယုံကြည်ပါသည်။ ဤမျှကြီးကျယ်လှသောမြို့တော်ကြီး၏ အာဏာပိုင်များက Bronx Park မှမြင်ကွင်းဖြစ်သည့် နီဂရိုးယောက်ျားကလေးတစ်ယောက်ကို မျောက်များနှင့်အတူ ပြသထားခြင်းကို ခွင့်ပြုထားခြင်းသည် ရှက်စရာကောင်းသည်ဟုထင်ပါသည်။

ဤပစ်ဂမီလုပ်ရပ်တစ်ခုလုံးကို စုံစမ်းစစ်ဆေးသင့်ပါသည်။

အေ အာရ် အီ

နယူးယောက်၊ စက်တင်ဘာလ ၁၂ရက်နေ့။[၄၀]

အိုတာဘင်ဂါကို လူသားတစ်ယောက်အဖြစ်ဆက်ဆံရန် တောင်းဆိုသော နောက်ထပ်လျှောက်လွှာတစ်စောင်သည်လည်း အောက်ပါအတိုင်းဖြစ်၏။

**လူသားနှင့်မျောက်တို့ကို ပြသခြင်းကို သာသနာ့ဓမ္မဆရာက ကန့်ကွက်သည်။**

ဓမ္မဆရာဒေါက်တာ မက်အာသာက ထိုပြကွက်သည် ယုတ်ညံ့သောလုပ်ရပ်ဖြစ်သည်ဟု မြင်၏။

"ဤပြကွက်ကို အစီအစဉ်လုပ်သူသည် သူ့ကိုယ်သူ ထိုအာဖရိကသား၏အဆင့်သို့နိမ့်ကျစေသည်ဟု ဒေါက်တာမက်အာသာကပြော၏။ "ဤလူငယ်လေးကို တိရစ္ဆာန်အဖြစ်ပြုလုပ်ထားမည့်အစား၊ သူ့ကို ဘုရားသခင်ကပေးသော အစွမ်းအစများကို ဖွံ့ဖြိုးစေအောင် စာသင်ကျောင်းတွင် အပ်ထားသင့်ပါသည်။"

ဒေါက်တာဂီလ်ဘတ်ကလည်း၊ ထိုပြကွက်သည် ဒေါသထွက်စရာဖြစ်နေသဖြင့် သူနှင့်အတူ အခြား ဓမ္မဆရာများအား ဒေါက်မက်အာသာနှင့်ပူးပေါင်း၍ ၎င်းတောသားလူမဲကလေးကို မျောက်လှောင် အိမ်မှထုတ်၍ အခြားနေရာတွင်ထားရန် ဆောင်ရွက်မည်ဟု ပြောဆို၏။[၄၁]

## အက်စကီမိုများနှင့် လူမျိုးခွဲခြားရေးဝါဒကျင့်သုံးခြင်း

၁၈၉၇–ခုနှစ်တွင် နာမည်ကျော်အာတိတ်စက်ဝိုင်းသုတေသနပညာရှင် ရောဘတ်ပီယာရီသည် မြောက်ဝင်ရိုးစွန်း အက်စကီမိုလူမျိုးအချို့ကို နယူးယောက်မြို့သို့ခေါ်ဆောင်လာခဲ့လေသည်။ ထိုအုပ်စုထဲတွင် အငယ်ဆုံးမှာ မီနစ်အမည်ရှိကလေးငယ်တစ်ယောက်လည်း သူ၏ဖခင်နှင့်အတူ ပါလာခဲ့၏။ သူတို့ကို အမေရိကန် သဘာဝသမိုင်းပြတိုက်တွင် နှစ်ပေါင်းများစွာ ပြသထားခဲ့ကြသည်။ မီနစ်၏ဖခင်မှာ နာဖျားမကျန်း ဖြစ်၍ သေဆုံးသွားရာ မီနစ်မှာ အကာအကွယ်မရှိ နယူးယောက်မြို့တွင် တစ်ကိုယ်တည်းအထီးထီးကျန်ရစ်ခဲ့ရာသည်။ တစ်နေ့တွင် သူ့အဖေ၏အလောင်းအရိုးစုကို အမေရိကန်သဘာဝသမိုင်းပြတိုက်တွင် "မျိုးစိတ်များ၏နမူနာတစ်ခု" အဖြစ် ပြသထားသည်ကို တွေ့ခဲ့လေသည်။ သူ့ဖခင်၏ရုပ်အလောင်းအရိုးစုကို ပြန်တောင်းသော်လည်း ပြတိုက်အရာရှိများက ငြင်းဆန်ခဲ့လေသည်။

မီနစ်၏ဘဝလမ်းကြောင်းတွင် မှတ်သားသင့်သည့်အချက်တစ်ချက်မှာ ထိုအက်စကီမိုတို့ကို နယူးယောက်မြို့သို့ခေါ်ဆောင်လာခဲ့သည့်သုတေသနပညာရှင်ဖြစ်သော ရောဘတ်ပီယာရီသည် လူမျိုးခွဲခြားရေးအမြင်ရှိသူတစ်ဦးဖြစ်သည့်အချက် ဖြစ်၏။ သူသည် အက်စကီမိုတို့နှင့်အတူ နေထိုင်ခဲ့သော်လည်း၊ သူတို့ကို သူနှင့်တန်းတူသည်ဟု မထင်ခဲ့ချေ။ ပီယာရီ၏အဆိုအရ၊ အက်စကီမိုနှင့် နီဂရိုးတို့သည် အဆင့်နိမ့်သော လူမျိုးများဖြစ်သည်ဟုဆို၏။ သူတို့သည် ကျန်းမာသန်စွမ်း၍၊ ဉာဏ်ထက်မြက်ကြကာ သူတို့၏အိမ်ထောင်စုကို ကောင်းမွန်စွာ ရှာဖွေကျွေးမွေးနိုင်ကြသော်လည်း၊ လူဖြူများလောက် မကောင်းချေ။ တစ်ချိန်က သူသည် အောက်ပါအတိုင်း ယုတ်မာစွာရေးသားခဲ့ဘူး၏။ "ကျွန်ုပ်ကို လူတွေက – အက်စကီမိုများသည် ကမ္ဘာကြီးအတွက် မည်သို့အသုံးကျကြပါသနည်းဟု မကြာခဏမေးကြပါသည်။ သူတို့သည် စီးပွားရေးအရ ဘာမှအသုံးမကျကြပါ။ နောက်ထပ်တစ်ခုက သူတို့မှာ ရည်မှန်းချက်ဟူ၍ မရှိကြပါ။ သူတို့၏သက်တန်းကို မြေခွေးအတိုင်းဘဲ တန်ဘိုးထားကြသည်။ ၎င်းသည်သူတို့ရဲ့ဗီဇမှလာသော အမူအကျင့်တွေဖြစ်ပါသည်။" ထိုအက်စကီမို ခြောက်ယောက်ကို နယူးယောက်မြို့သို့ အဘယ့်ကြောင့်ခေါ်ဆောင်လာခဲ့သနည်း။ ထိုအက်စကီမိုတို့သည်လည်း သူယွှင်က စုဆောင်းယူငင်ခဲ့သောအရိုးစုနမူနာကဲ့သို့ မျိုးစုနမူနာအဖြစ်ခေါ်လာခြင်းသာဖြစ်ပါလိမ့်မည်။ သို့သော်လည်း ထိုအရိုးစုများထက် ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်မှာ သူတို့၏ ကိုယ်တွင်း၌ သွေးစီးနေသေးခြင်းပင်ဖြစ်ပေသည်။




သူ့မှာ သူသိကြွမ်းသော အက်စကီမိုတို့၏ အလောင်းကို စွဲလမ်းတတ်သည့်ဥပါဒါန် လည်းရှိသေးသည်။ ထိုအက်စကီမိုတို့၏ အလောင်းများ သင်္ချိုင်းထဲတွင်မပုတ်သိုးကုန်မီ ထုတ်ယူရှင်းလင်း၍ အရိုးစုများကို နယူးယောက်မြို့ ပြတိုက်တွင် တန်ဆာဆင် ထားရန် ယူဆောင်လာခဲ့၏။

မီနစ်၊ အိုတာဘင်ဂါအပြင် အမည်မသိသောအခြားလူပေါင်းအမြောက်အမြားတို့သည်လည်း၊ "အဆင့်နိမ့်သော" လူသားများကို ရှာဖွေနေကြသည့် သိပ္ပံပညာရှင်တို့၏ လူမဆန်သောရက်စက်ကြမ်းကြုတ်စွာပြုကျင့် ခြင်းကို ခံခဲ့ကြရ၏။

ဤကဲ့သို့လူမဆန်သောလုပ်ရပ်တို့၏ နောက်ဆုံးအဖြေမှာ၊ အိုတာဘင်ဂါက သူ့ကိုယ်သူ သတ်သေလိုက်သည့်အဖြစ်သာရောက်ခဲ့လေသည်။ ဤနေရာတွင် လူသားတစ်ယောက်၏ အသက်ဆုံးရှုံးခြင်းထက် ပြဿနာပို၍ကြီးမားပေသည်။ ဤအဖြစ်အပျက်သည်ပင်၊ ဒါဝင်ဝါဒီတို့က ရက်စက်ကြမ်းကြုတ်၍ ရိုင်းစိုင်းသောလုပ်ရပ်များကို လက်တွေ့ကျင့်သုံးကြကြောင်း ထင်ရှားသည့် ဥပမာတစ်ခုဖြစ်နေပေသည်။

## လူမျိုးခွဲခြားရေးစိတ်နေစိတ်ထားဉာဉ် ဆက်လက်ရှိနေသေး၍၊ ဒါဝင်ထံမှအင်အားကို အသုံးပြုကြသည်။



## အဆင့်မြင့်ခြင်းသည် သွေးမှမလာ၊ အမူအကျင့်မှလာ၏

လူသားများသည်၊ တိရစ္ဆာန်မှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖွံ့ဖြိုးလာ၍၊ အချို့လူမျိုးများသည် တိုးတက်ဖွံ့ဖြိုးမှု ပြီးပြည့်စုံကာ၊ အချို့လူမျိုးများမှာ တိရစ္ဆာန်များနှင့်နီးစပ်နေသေးသဖြင့် လူ့သမိုင်းတွင် ပျက်စီးမှုကိုသာ ဆောင်ကျဉ်းပေးသည်ဟု ဒါဝင်က တင်ပြထားလေသည်။ ဒါဝင်၏ဤသတ်မှတ်ချက်ကို လက်ခံသူတို့သည် အခြားလူမျိုးများကို ကြင်နာသနားခြင်း ကင်းမဲ့ကာ ရက်စက်စွာဖိနှိပ်နှိမ်နင်းကြပေသည်။ သူတို့ကို အခက်ခဲဆုံးဘဝတွင် နေထိုင်စေ၍၊ မျိုးဖြုတ်သတ်ဖြတ်သည်အထိ ပြုကျင့်ကြပေသည်။

*ရဲရင့်သောကမ္ဘာသစ်များ*ဟုအမည်ပေါ်ယ်ရသည့် *Brave New Worlds* စာအုပ်ကိုရေးသားသူ ဘရိုင်းအဲပဲလ်ယာဒ်က လူမျိုးခွဲခြားရေးတွင် ကိန်းအောင်းနေသည့် ရက်စက်ကြမ်းကြုတ်သောစိတ်နေစိတ်ထားနှင့်၊ ၎င်းမှရရှိသောအဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖော်ပြထား၏။

> လူတို့က သင့်အားမည်သည့်အကြောင်းပြချက်နှင့်မဆို၊ အယူသီးမှုဖြင့်ဖြစ်စေ၊ သိပ္ပံနည်းဖြင့်ဖြစ်စေ၊ အဆင့်ပိုနိမ့်သောသတ္တဝါဖြစ်သည်ဟု ဆုံးဖြတ်သည်နှင့်တပြိုင်တည်း၊ သင့်အပေါ်တွင်ပြုကျင့်မည့် ရက်စက်မှုများသည် အတိုင်းအတာမရှိဘဲဖြစ်လိမ့်မည်။ ထိုသို့ရက်စက်ကြမ်းကြုတ်စွာပြုကျင့်လိုက်ခြင်းကိုလည်း အပြည့်အဝတရားသည်ဟုယူဆလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အခြားလူသားတစ်ယောက်ကို အဆင့်နိမ့်သည်ဟု ယုံကြည်ခြင်းသည် ထိုသူကို မကောင်း၊ အန္တရာယ်ရှိသည်၊ သို့မဟုတ် အဆင့်ပိုမြင့်သောသတ္တဝါကို အန္တရာယ်ပေးလိမ့်မည်ဟု ယူဆခြင်းထက် အနည်းငယ်အဆင့်မြင့်ခြင်းကြောင့် ဖြစ်ပေသည်။ အချို့သောသူတို့က ထို'အဆင့်နိမ့်သော'သူတို့သည် လူသားလောကတစ်ခုလုံး၏ ကျန်းမာသန်စွမ်းမှုနှင့်အသက်ကို အန္တရာယ်ပြုလိမ့်မည်ဟုပင် ဝါးလုံးရှည်ရန်းခြုံ၍သတ်မှတ်ကြပေလိမ့်မည်။ ထို့နောက် သင်းကွပ်ခြင်း၊ လက်ထပ်ခြင်းကို ကန့်သတ်ခြင်းများပြုလုပ်လိမ့်မည်။ လူသားမျိုးစုကို တိုက်ခိုက်မည့်အန္တရာယ်နှင့် အဆင့်မြင့်သူလူသားတို့၏ ဂုဏ်သိက္ခာကို ကာကွယ်သည်ဟု အကြောင်းပြရင်း သတ်ဖြတ်မှုပင်လုပ်ကြလိမ့်မည်။[၄၂]

သို့သော်လည်း၊ လူသားအားလုံးကို ညီတူညီမျှဖန်ဆင်းထားပေသည်။ လူတိုင်းကို အလ္လာဟ်အရှင်မြတ်(ထာဝရဘုရားသခင်)က ဖန်ဆင်းထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်က လူသားများကို ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ ဤသို့ကြေငြာထား၏။

> **အကြင်အရှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သောအရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် လူသားအား ဖန်ဆင်းခြင်းကို ရွှံ့ညွန်ဖြင့် အစပြုတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် ထိုလူသား၏ အဆက်အနွယ်တို့ကို ညှစ်ထုတ်ထားသော အဖိုးမတန်သောရေဖြင့် ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်းအား နေထားကျနစွာ ပြုလုပ်တော်မူ၍ ၎င်း***(၏ ခန္ဓာကိုယ်အတွင်း)***၌ မိမိအထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။** (စူရာအလ်စဂျ်ဒဟ် ၃၂း၇–၉)။

အထက်ပါ အာယသ်တော်များအတိုင်း၊ လူသားများသည် အလ္လာဟ်အရှင်မြတ်မှုတ်သွင်းပေးထားသော အသက်ဇီဝိန်ဝိညာဉ်ကို ဆောင်ထားကြပေသည်။ လူသားတိုင်း လူမျိုးမရွေး စဉ်းစားခြင်း၊ အာရုံခံစားခြင်း၊ ချစ်ခြင်း၊ နာကျင်ခြင်းကိုခံစားခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ချစ်ခြင်းမေတ္တာတရားကို သိရှိခြင်း၊ သနားကြင်နာ ဂရုဏာတရားရှိခြင်း စသည်တို့ရှိ၏။ လူသားတိုင်းသည် နိုင်လိုမင်းထက်ဖိနှိပ်ညှဉ်းပန်းခြင်း၊ အထင်သေးပမာမထားခြင်း၊ အခက်အခဲရှိခြင်း၊ စသည်တို့ကိုလည်း သိ၏။ ထို့ကြောင့်၊ သမိုင်းတလျှောက်လုံးတွင် အခြားလူမျိုးများသည် တိရစ္ဆာန်တစ်ဝက်သတ္တဝါဖြစ်သည်ဟု ယုံကြည်၍ တစ်ဦးဦးလောက်ကိုပင် နှိပ်စက်ကလူ ပြုပါက၊ ထိုသို့ပြုကျင့်သူ၊ ကျူးလွန်သူ၊ ဖိနှိပ်သူ၊ ခေါင်းပုံဖြတ်သူနှင့် မမှန်မကန်လုပ်ကြံထားသော

သက်သေသာဓကများပြ၍ ထောက်ခံအားပေးသူတို့သည် သူတို့မသိသော်လည်း ကြီးကျယ်သော ပြစ်မှုငရဲကို ကျူးလွန်ခြင်းပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ခေတ်တွင်၊ အခြားလူမျိုးများနှင့်စာလျှင် ယဉ်ကျေးမှုအရ ခေတ်နောက်ကျ နေသေးသော လူမျိုးများလည်းရှိသေးသည်။ သူတို့အားလုံးသည် လူသား၏အင်္ဂါလက္ခဏာများ အားလုံးပြည့်စုံစွာရှိကြ၏။ သို့သော်လည်း ကမ္ဘာကိုစိုးမိုးနေသည့် နည်းပညာနှင့်ယဉ်ကျေးမှုပိုင်း တွင် လျော့နည်းမှုရှိနေကြသည်။ သူတို့နေထိုင်သည့်အရပ်ဒေ၏ သဘာဝအခြေအနေနှင့် ရာသီ ဥတုအရ၊ လူ့အဖွဲ့အစည်းအတော်များများတို့သည် ကျန်တိုးတက်သောလူ့အဖွဲ့အစည်းယဉ်ကျေး မှုအများစုတို့နှင့်ဝေးကွာလျက်ရှိကြပေသည်။ သို့သော်လည်း သူတို့တစ်ဦးချင်းတွင် လူသား တို့၏ အင်္ဂါရပ်များ၊ ထုံးတမ်းဓလေ့များ၊ အကျင့်စာရိတ္တများနှင့် ပြည့်စုံကြပေသည်။ မသမာ သည့်ရည်ရွယ်ချက်ရှိသူများနှင့် လူမျိုးခွဲခြားခြင်းတွင် အမြတ်ထုတ်နိုင်မှုကို အားကျလက်ခံသူ များသည်၊ ဒါဝင်၏သီအိုရီကို စိတ်ဝင်စားစွာဖက်လဲတကင်းလက်ခံ၍၊ ထိုကဲ့သို့သော အခြားလူ သားများနှင့်ခြားနားခြင်းမရှိသူများကို၊ နိမ့်ကျသည့်လူမျိုးများဟူ၍လည်းကောင်း၊ ယုတ်စွအဆုံး တိရစ္ဆာန်များဖြစ်သည်ဟူ၍လည်းကောင်း သတ်မှတ်ကြ၏။ ထိုအမြင်ကြောင့်၊ ယနေ့လက်ရှိ ခေတ်တွင်ပင်၊ ခေတ်နောက်ကျနေသေးသောလူ့အဖွဲ့အစည်းကို လူသားအဖြစ်လုံလောက်စွာဖွံ့ ဖြိုးမှုမရှိသေးသောသတ္တဝါများဖြစ်သည်ဟု ဖိနှိပ်စက်ဆုပ်သူများလည်း ပေါ်ပေါက်နေသေး၏။

သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် လူမျိုးခွဲခြားခြင်းကို လုံးဝတားမြစ်ထား၏။ အလ္လာဟ်အရှင်မြတ်သည် လူသားတိုင်းကိုဖန်ဆင်းထားပြီး၊ မတူညီကွဲပြားသောအသားအရောင် နှင့် ပြောဆိုသောဘာသာစကားအမျိုးမျိုးဖြစ်ပေါ်စေသည်။ ယင်းသည်ကပင် အလ္လာဟ်အရှင် မြတ်၏ ဖန်ဆင်းခြင်း၏အနုပညာနှင့်ကွဲပြားခြားနားခြင်းကို ပြဆိုခြင်းဖြစ်ပေသည်။ ကုရ်အာန် ကျမ်းတော်မြတ်တွင်၊

> **ထိုမှတပါး ထိုအရှင်မြတ်၏သက်သေလက္ခဏာတော်များအနက်မှပင် မိုးကောင်းကင် များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ အသင်တို့၏ ဘာသာစ ကားနှင့် အသွေးအရောင်တို့ ကွဲပြားခြားနားခြင်းသည်လည်းကောင်း၊ စင်စစ်ဤသည် ပညာရှိသူခမိန်တို့အဖို့ အမှန်ပင်သက်သေလက္ခဏာများသည် ရှိချေသည်။**
> (စူရာအရ်ရူးမ် ၃၀း၂၂)

အလ္လာဟ်အရှင်မြတ်၏ အမြင်တွင် လူတစ်ဦး၏အဆင့်မြင့်ခြင်းသည်၊ ထိုသူ၏ အကျင့် စာရိတ္တကောင်းမွန်ခြင်း၊ အပြစ်ဒုစရိုက်အားလုံးနှင့် အလ္လာဟ်အရှင်မြတ်ကိုပုန်ကန်ခြင်း၊ အ ကျင့်စာရိတ္တပျက်ပြားခြင်းနှင့်သွေဖည်ခြင်း စသည်တို့ကို ရှောင်ကျဉ်ခြင်းအပြင်၊ အရှင်မြတ်ကို ခဝတ်ဆည်းကပ်ခြင်းတရားဓမ္မနှင့်ပြည့်စုံခြင်းများအပေါ်တွင် မူတည်၏။ ထိုအရှင်မြတ်ကို ဆည်းကပ်ကိုးကွယ်မှုနှင့် တရားဓမ္မကိုလိုက်နာကျင့်ကြံသီလဆောက်တည်မှုကလွဲ၍ အခြားမည် သည့်အရာကမှ မြင့်မြတ်ခြင်းအဆင့်ကို မရရှိနိုင်ချေ။ ဤအချက်နှင့်ပတ်သက်၍ ကုရ်အာန် ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူ၏။

> **အို–လူခပ်သိမ်းတို့၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ယောက်ျားတစ် ယောက်၊ မိန်းမတစ်ယောက်မှ စတင်ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ခွဲခြားသိမြင်မှတ်မိကြအံ့သောငှာ လူမျိုးစုအ သီးသီး၊ မျိုးနွယ်အသွယ်သွယ်ပြုလုပ်တော်မူခဲ့၏။ ဧကန်စင်စစ် အသင်တို့အနက်မှ *(အလ္လာဟ်အရှင်မြတ်အား)* အကြောက်ရွံ့ဆုံး၊ အပြစ်များမှ အများဆုံး ကြဉ်ရှောင်သူ သာလျှင် အလ္လာဟ်အရှင်မြတ်အထံတော်၌ အမြင့်မြတ်ဆုံးသောသူဖြစ်၏။ စင်စစ်တစ် မူကား အလ္လာဟ်အရှင်မြတ်သည် အသိတော်မူဆုံး၊ အကြားတော်မူဆုံးအရှင် ဖြစ်တော် မူပေသတည်း။** (စူရာအလ်ဟုဂျရာတ် ၄၉း၁၃)

# အခန်း ၃

# ဒါဝင်ဝါဒနှင့် ဖက်စစ်ဝါဒအကြား ကြောက်မက်ဖွယ်သော မဟာမိတ်



## သွေးချောင်းစီးစေသော ဒါဝင်နှင့် ဟစ်တလာတို့အကြား မဟာမိတ်

နာဇီဝါဒသည် ပထမကမ္ဘာစစ်တွင် စစ်ရှုံးသဖြင့် ရှုတ်ရင်းဆန်ခတ် ရှုတ်ထွေးနေသည့် ဂျာမဏီနိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့၏။ ပါတီခေါင်းဆောင်မှာ အလွန်ဒေါသကြီး၍ ရန်လိုသော အာဒေါ့ဖ်ဟစ်တလာဖြစ်သည်။ လူမျိုးခွဲခြားရေးသည် ဟစ်တလာ၏ အခြေခံကမ္ဘာ့အမြင်ဖြစ်လေသည်။ ဟစ်တလာက၊ ဂျာမဏီနိုင်ငံ၏ အဓိကလူမျိုးဖြစ်သည့် အာရိယန်လူမျိုးသည် ကျန်လူမျိုးများအားလုံးထက် မြင့်မြတ်အဆင့်မြင့်သဖြင့် ထိုသူတို့ကို အုပ်စိုးရမည့်လူမျိုးဖြစ်သည်ဟု ယုံကြည်သည်။ သူက အာရိယန်လူမျိုးသည် ကမ္ဘာ့အင်ပါယာကို တည်ထောင်၍ နှစ်ပေါင်း တစ်ထောင် စိုးမိုးအုပ်ချုပ်နိုင်လိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့လေသည်။

ဟစ်တလာက သူ၏လူမျိုးခွဲခြားရေးသီအိုရီအတွက် ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီကို သိပ္ပံနည်းကျထောက်ခံပေးမည့်သီအိုရီအဖြစ် တွေ့ရှိလေသည်။

ဟစ်တလာ၏အရေးကြီးဆုံးအတွေးအခေါ်ပုံစံသွင်းပေးသူ ဂျာမန်လူမျိုးသမိုင်းပညာရှင် ဟင်းရိချ် ဗွန် ထရစ်ချ်ကေသည် ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီကို အလွန်ကြိုက်နှစ်သက်သဖြင့် ဒါဝင်၏ လူမျိုးခွဲခြားရေးအမြင်များပေါ်တွင် အခြေခံ၍ပုံစံသွင်းလေသည်။ သူက **"ဒါဝင်၏ အသင့်တော်ဆုံးသူက အသက်ဆက်လက်ရှင်သည် ဟူသောအဆိုအတိုင်း၊ နိုင်ငံများသည် ရန့်ရင်းကြမ်းတမ်းစွာယှဉ်ပြိုင်ကြမှသာလျှင် တိုးတက်ဖွံ့ဖြိုးနိုင်သည်။"** ဟုပြောလေ့ရှိ၏။ ဆိုလိုရင်းမှာ မဆုံးနိုင်သောစစ်ပွဲများတိုက်ခိုက်ကြရမည်။ သူ့အမြင်သည် **"ဒါးဖြင့်စိုးမိုးခြင်းသည် ယဉ်ကျေးမှုခေတ်ကို ရိုင်းစိုင်းမှုသို့ခေါ်ဆောင်ခြင်းဖြစ်၍၊ အသိပညာကို ပညာမဲ့ခြင်းသို့ခေါ်ဆောင်ခြင်းပင်ဖြစ်ပေသည်။"** သူ၏အတွေးတွင် "လူဝါများသည် အနုပညာအစွမ်းနှင့် နိုင်ငံရေးလွတ်လပ်မှုကို မသိနားမလည်ကြချေ။ **လူမဲများ၏ဘဝကံကြမ္မာသည် လူဖြူများကို အကျိုးဆောင်ကြရန်သာဖြစ်၍၊ လူဖြူများ၏ ထာဝစဉ်စက်ဆုပ်ခြင်းပစ်မှတ်ဖြစ်ကြသည်။**"[၄၃]

ဟစ်တလာက သူ၏သီအိုရီအတွေးအခေါ်များကို ကြံဆနေချိန်တွင်၊ ထရစ်ချ်ကေကဲ့သို့ပင် ဒါဝင်၏ အသက်ရှင်ရေးအတွက်တိုက်ခိုက်ရမည်ဟူသောအတွေးအခေါ်ကို ကူးယူလျက်ရှိ၏။ အမည်ဆိုးဖြင့်ကျော်ကြားသော Mein Kampf (ကျွန်ုပ်၏ ရုန်းကန်မှု)ဟုခေါ်သော သူ၏စာအုပ်သည် အသက်ရှင်ရေးအတွက် တိုက်ခိုက်ရမည်ဟူသောအတွေးအခေါ်၏ စေ့ဆော်မှုအများဆုံးပါဝင်ပေသည်။ ဒါဝင်ကဲ့သို့ပင် ဟစ်တလာသည်လည်း ဥရောပတိုက်သားမဟုတ်သောလူမျိုးတို့ကို မျောက်အဆင့်၌သာ ထား၏။ "နော်ဒစ်ဂျာမန်လူမျိုးများကို ဖယ်ထားလိုက်ပါက၊ ကမ္ဘာကြီးတွင် မျောက်ဝံများကခုန်နေခြင်းသာကျန်ပေသည်။" ဟု ဟစ်တလာကဆို၏။[၄၄]

၁၉၃၃ ခုနှစ် နျူရင်ဘါဂ်မြို့ပါတီအင်အားပြပွဲတွင်၊ ဟစ်တလာက "အဆင့်မြင့်သောလူမျိုးက အဆင့်နိမ့်တဲ့လူမျိုးကို လက်အောက်ခံအဖြစ်သွတ်သွင်းရတယ်။ ဒီအချက်ကို သိပ္ပံပညာမှာအခြေခံထားပြီးတဲ့အချက်ဖြစ်လို့ သဘာဝကပေးတဲ့အခွင့်အရေးဖြစ်တယ်။" ဟု ကြေညာခဲ့၏။[၄၅]

အာရိယံလူမျိုးများ၏ အဆင့်မြင့်ခြင်းကို ယုံကြည်သည့် ဟစ်တလာသည်၊ ထိုအဆင့်မြင့်ခြင်းသည် သဘာဝကပေးသောအခွင့်အရေးဖြစ်သည်ဟု ယုံကြည်၏။ *Mein Kampf* စာအုပ်တွင် အောက်ပါအတိုင်း ရေးထားပေသည်။

> ဂျူးလူမျိုးများသည် လူသားတစ်ဝက်သာဖြစ်သေးသောလူမျိုးဖြစ်သည်။ နော်ဒစ်လူမျိုးများကို မြင့်မြတ်သောအဆင့်တွင်တင်ထားသကဲ့သို့ သူတို့၏ပင်ကိုဗီဇအမွေအရ ကောက်ကြစ်စဉ်းလဲသူများဖြစ်ကြသည်။[၄၆]




ဟစ်တလာနှင့် သူ၏ အတွေးအခေါ်စိစဉ် ရေးသားထားသော Mein Kampf စာအုပ်

ဟစ်တလာသည်၊ လူသားများကို အမြင့်မားဆုံး ဖွံ့ဖြိုးပြီးသောတိရစ္ဆာန်များအဖြစ်လက်ခံယုံကြည်ထားသူဖြစ်သဖြင့်၊ သဘာဝအင်အားနှင့် ကြုံကြိုက်၍ပြောင်းလဲခြင်းကိုသာ စောင့်နေခြင်းမပြုဘဲ၊ လူသားများ၏ ဖွံ့ဖြိုးမှုကို သူကိုယ်တိုင်တာဝန်ယူ၍ စီမံခန့်ခွဲရန်လိုအပ်သည်ဟု ယုံကြည်လေသည်။ ယင်းသည်ပင်လျှင် နာဇီလှုပ်ရှားမှု၏ အဆုံးစွန်ရည်မှန်းချက်ဖြစ်ပေသည်။ ထိုရည်မှန်းချက်ကို ရောက်နိုင်ရန် ပထမဦးဆုံးအဆင့်မှာ၊ အဆင့်နိမ့်သောလူမျိုးများကို သီးခြားခွဲထုတ်၍ အဆင့်မြင့်သော အာရိယံလူမျိုးများနှင့် ခွဲခြားထားရမည်။


ဤအချက်တွင် နာဇီပါတီဝင်တို့သည် ဒါဝင်ဝါဒကို လက်တွေ့ကျင့်သုံးခြင်းဖြစ်ပေသည်။ “လူသားသန့်စင်ရေးဝါဒ” သည် ဒါဝင်ဝါဒမှအစပျိုးလာခြင်းဖြစ်သည်။

## လူသားသန့်စင်ရေးသီအိုရီသည် ဒါဝင်၏အတွေးအခေါ်တွင် အခြေခံ၏

၂၀ ရာစုနှစ်ပထမပိုင်းတွင်စတင်ပေါ်ပေါက်လာခဲ့သော လူသားသန့်စင်ရေးသီအိုရီ သို့မဟုတ် လူသားသန့်သီအိုရီသည်၊ ကျန်းမာသန်စွမ်းသူဦးရေများပြားလာအောင် နာဖျားမကျန်းမသန်မာသူများနှင့် ဒုက္ခိတများကို ဖယ်ရှားပစ်ခြင်းဖြင့် လူသားမျိုးစုများကို မွမ်းမံခြင်းဟု ဆိုလိုသည်။ တိရစ္ဆာန်မွေးမြူရေးတွင် ပိုမိုကျန်းမာသန်စွမ်းသော အကောင်များကိုသာရွေးချယ်၍ မိတ်လိုက်စေခြင်းဖြင့် ပိုမိုကောင်းမွန်သော တိရစ္ဆာန်များကို ထုတ်လုပ်နိုင်ပေသည်။ လူသားသန့်စင်ရေးသီအိုရီအရ၊ ထိုနည်းအတိုင်း လူသားများကိုလည်း သန့်ပြန့်သောလူမျိုးများကို မွေးထုတ်နိုင်သည်ဟု ဆိုသည်။

လူသားသန့်စင်ရေးအစီအစဉ်ကို စတင်၍တင်ပြကြသူတို့သည်လည်း ဒါဝင်ဝါဒီများပင်ဖြစ်ကြလေသည်။ ထိုလူသားသန့်စင်ရေးအစီအစဉ်လှိုင်းဂယက်တွင်၊ အင်္ဂလန်နိုင်ငံ၌ ချားလ်စ်ဒါဝင်၏ဝမ်းကွဲညီဖြစ်သူ ဖရန်းစစ်ဂေါလ်တန်နှင့် ချားလ်စ်ဒါဝင်၏သား လီအိုနာဒ်ဒါဝင်တို့က ထိပ်ဆုံးရှေ့တန်းမှနေ၍ ဦးဆောင်ကြသည်။

ငင်းလူသားသန့်စင်ရေးအစီအစဉ်ပရိုဂရမ်သည် ဒါဝင်ဝါဒ၏ရလာဒ်ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ဤအချက်အမှန်ပင်ဖြစ်ကြောင်း လူသားသန့်စင်ရေးဝါဒကိုထောက်ခံသူတို့၏ စာပေများတွင် ဖေါ်ပြထားပေသည်။ “လူသားသန့်စင်ရေးသည် အီဗိုလူးရှင်းပြောင်းလဲမှုကို လူသားများကိုယ်တိုင် တာဝန်ယူဆောင်ရွက်ခြင်းပင်ဖြစ်၏၊ ”ဟုဆိုထားသည်။



Francis Galton (left) and
Leonard Darwin (right).



Ernst Haeckel အာန်း ဟေကဲလ်

ဝါရှင်တန်တက္ကသိုလ်မှ ဆေးပညာသမိုင်း ပညာရှင် ကင်းနက် လဒ်မီရာက၊ လူသားသန့်စင်ရေးသီအိုရီသည် ပလာတို၏ *ရီပါပလိဂ်* ***(Republic)***အထိရေးကျသောအတွေးအခေါ်ဖြစ်သည်ဟု မှတ်ချက်ချ၏။ ဒါဝင်ဝါဒက ၁၉ ရာစုနှစ်၏အကျိုးအတွက် ပေါက်ဖွားလာခြင်းဖြစ်ပေသည်ဟု ထပ်၍ကွန့်ထားလေသည်။

> --ခေတ်သစ်လူသားသန့်စင်ရေးသီအိုရီသည် ၁၉ ရာစုနှစ်တွင်ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထိုရာစုနှစ်တွင် လူသားသန့်စင်ရေးအကျိုးအမြတ်ပေါ်ထွန်းလာခြင်းသည် အခြေခံဇစ်မြစ်အားဖြင့် များပြားပေသည်။ အရေးကြီးဆုံးဇစ်မြစ်မှာ အီဗိုလူးရှင်းသီအိုရီဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်၊ “လူသားသန့်စင်ရေးသီအိုရီ” "euginics" အတွေးအခေါ်ကို စတင်ဖန်တီးသူသည် ချားလ်စ်ဒါဝင်၏ ညီဝမ်းကွဲ ဖရန်စစ် ဂေါလ်တန်ဖြစ်၍၊ ထိုသီအိုရီ၏အမည်ကိုလည်း သူကိုယ်တိုင်ပေးသောအမည်ဖြစ်ပေသည်။ လူသားသန့်စင်ရေးအတွေးအခေါ်သည် ချားလ်စ်ဒါဝင်က ထုတ်ဖေါ်သည့် သိပ္ပံနည်းကျသော အတွေးအခေါ်မှတိုက်ရိုက် တိုးတက်လာခြင်း ဖြစ်ပေသည်။[၄၇]

ဂျာမနီနိုင်ငံတွင်၊ လူသားသန့်စင်ရေးသီအိုရီကိုလက်ခံယုံကြည်၍ ဖြန့်ဖြူးသူသည် အလွန်ကျော်ကြားသော ဇီဝဗေဒပညာရှင် အာန်းဟေကဲလ်ဖြစ်သည်။ ဟေကဲလ်သည် ဒါဝင်ကို ထောက်ခံအားပေးသော မိတ်ဆွေရင်းဖြစ်သည်။ အီဗိုလူးရှင်းသီအိုရီကို ထောက်ခံသည့်အနေဖြင့် "recapitulation" “ပြန်လည်ပေါင်းစည်းခြင်း”အဆိုကို တင်သွင်းလေသည်။ သူ၏အဆိုတွင် သတ္တဝါများအားလုံး၏ သန္ဓေသားလောင်းတို့သည် တစ်ခုနှင့်တစ်ခု ဆင်တူကြသည်ဟု ဆိုသည်။ နောင်တွင် ဟေကဲလ်က ထိုအဆိုကို တင်းသွင်းရန်အတွက် အချက်အလက်များကို လုပ်ကြံဖန်တီးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရ၏။

ဟေကဲလ်သည် တစ်ဖက်က သိပ္ပံပညာဆိုင်ရာအချက်အလက်အတုများကို လုပ်ကြံနေစဉ် နောက်တစ်ဖက်မှာလည်း လူသားသန့်စင်ရေးဝါဒဖြန့်နေ၏။ ခြေလက်မစုံမလင်ဒုက္ခိတအဖြစ်မွေးလာသောခလေးများကို သတ်ပစ်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းအီဗိုလူးရှင်းပြောင်းလဲမှု ပို

မိုမြန်ဆန်လာလိမ့်မည်ဟု အကြံပြုခဲ့လေသည်။ ထို့ထက်မက၊ အနာကြီးရောဂါသည်များ၊ ကင်ဆာရောဂါစွဲကပ်နေသူများနှင့် ဦးနှောက်ပျက်နေသူများကို နာကြင်ခြင်းမရှိစေဘဲ သတ်ပစ်သင့်သည်၊ သို့မဟုတ်ပါက ၎င်းတို့သည် လူ့အဖွဲ့အစည်းအတွက် တာဝန်လေးစေခြင်းသာဖြစ်သဖြင့် အီဗိုလူးရှင်းတစ်စတစ်စဆင့်ကဲပြောင်းလဲတိုးတက်ခြင်းကို နှောင့်နှေးစေလိမ့်မည်ဟု တင်ပြခဲ့လေသည်။

အမေရိကန်လူမျိုး သုတေသနပညာရှင်ဖြစ်သူ ဂျေ့ စတိန်းက ဟေကဲလ်၏ အီဗိုလူးရှင်းတွင်သစ္စာခံခြင်းနှင့်ပတ်သက်၍ *American Scientist* မဂ္ဂဇင်းတွင် ဆောင်းပါးတပုဒ်ဖြင့် စုပေါင်းအကျဉ်းချုပ်ထားပေသည်။

> --(ဟေကဲလ်က) ဒါဝင်သည်မှန်ကန်သည်ဟု ဆို၏။ --လူသားများသည် တိရစ္ဆာန်များမှ ဆင်းသက်လာခြင်းကို အခြားမေးခွန်းထုတ်နေစရာမလိုတော့ပါဟု ဆိုသည်။ ထို့ကြောင့် ဂျာမဏီနိုင်ငံတွင် ဟေကဲလ်က ဒါဝင်ဝါဒနှင့်ပတ်သက်၍ လူသားတို့၏ လူမှုရေးနှင့် နိုင်ငံရေးရှင်သန်မှုသည် အီဗိုလူးရှင်းနိယာမဖြစ်သည့် သဘာဝကရွေးချယ်ခြင်းသာဖြစ်သည်ဟု ရှင်းလင်းဖော်ပြခြင်းသည် သေရေးရှင်ရေးလောက် အရေးကြီးသောပထမခြေလှမ်းဖြစ်၏။ ယင်းအတွေးအခေါ်ကို ဆန့်ကျင်ငြင်းခုံခြင်းသည် အယူသီးခြင်းနှင့် ခေတ်နောက်ကျခြင်းသာဖြစ်သည်။[၄၈]

ဟေကဲလ်သည် ၁၉၁၉ ခုနှစ်တွင် သေဆုံး၏။ သို့သော်လည်း သူ၏အတွေးအခေါ်များကို နာဇီတို့က အမွေဆက်ခံလိုက်သည်။ ဟစ်တလာအာဏာရပြီး မကြာမီအတွင်း လူသားသန့်စင်ရေးအစီအစဉ်ကို စတင်အကောင်အထည်ဖော်တော့သည်။ ဟစ်တလာက ထိုပေါ်လီစီသစ်ကို အောက်ပါဝါကျများဖြင့် အတိုချုံးထားခဲ့လေသည်။

> ပြည်သူအများကလက်ခံထားသော နိုင်ငံတော်တွင် စိတ်ပိုင်းနှင့်ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ပညာရေးသည် အရေးကြီးသော ကဏ္ဍဖြစ်ပေသည်။ ထိုနည်းတူ လူသားများကိုရွေးချယ်ခြင်းသည်လည်း တန်းတူအရေးကြီးပေသည်။ နိုင်ငံတော်အစိုးရသည်၊ မည်သူက မျိုးဗီဇအရကျန်းမာသန်စွမ်းမှုမရှိသောကြောင့် မျိုးပွားရေးအတွက် သင့်တော်သည်မသင့်တော်သည် စသည်တို့ကို သတ်မှတ်ရန် တာဝန်ရှိသည်။ ထို့ကြောင့် သဘောမပေါက်သူတို့ကို ဂရုစိုက်နားထောင်နေရန်မလိုအပ်ဘဲ၊ ယင်းတာ

ဟစ်တလာ၏ လူသားသန့်စင်ရေးပေါ်လီစီအရ နာများမကျန်းသော စရာအိုများကို ဆေးထိုးသတ်ဖြတ်ကြ၏။



> ဝန်ဝတ္တရားကို ရက်စက်ကြမ်းကြုတ်စွာ ဆောင်ရွက်ရမည်။ ကိုယ်ခန္ဓာချို့တဲ့သူများ သို့မဟုတ် ကိုယ်ကာယမသန်စွမ်းသူများကို နှစ်ပေါင်း ၆၀၀ အတွင်း ရှင်းလင်းပစ်ပါက ယနေ့အချိန်တွင် မည်

သူမျှ မျှော်မှန်းတွေးဆနိုင်ခြင်းမရှိသည့် ကျန်းမာသန်စွမ်းသောလူသားများအဖြစ် ဖွံ့ဖြိုးသွားမည်ဖြစ်၏။ လူမျိုးတစ်မျိုး၏ကျန်းမာသန်စွမ်းဆုံးပုဂ္ဂိုလ်များ၏မျိုးဗီဇများကို မျိုးအောင်စေခြင်းဖြင့် ကောင်းမွန်သောလူမျိုးပေါ်ထွန်းလာအောင် စီမံကိန်းချ၍ ဆောင်ရွက်ပါက ယနေ့ကျွန်ုပ်တို့တွင် ရှိနေသည့် ကိုယ်ကာယနှင့် စိတ်ဓါတ်ပျော့ညံ့ယုတ်လျော့ခြင်းများ ပပျောက်သွားမည်မှာ အမှန်ပင်ဖြစ်၏။[၄၉]

ဟစ်တလာ၏ ဤပေါ်လီစီအရ၊ စိတ်ပိုင်းရောဂါရှိသူများ၊ ဒုက္ခိတများ၊ မွေးရာပါမျက်ကန်းများနှင့် မျိုးဗီဇပါရောဂါရှိသူများကို ဝိုင်းဖမ်း၍ "သားကြောဖြတ်သင်းကွပ်စခန်းများ" သို့ ပို့ကြလေသည်။ ထိုသူများသည် ဂျာမန်လူမျိုးများ၏ လူသားသန့်စင်ရေးအီဗိုလူးရှင်းဖြစ်စဉ်တွင် အဟန့်အတားဖြစ်စေမည့် အန္တရာယ်ရှိသောကပ်ပါးကောင်များဖြစ်သည်ဟု သတ်မှတ်ကြသည်။ မကြာမီအတွင်း ထိုလူနာများကို **ဟစ်တလာ၏ လျှို့ဝှက်အမိန့်အရ** သတ်ဖြတ်လိုက်ကြလေသည်။

ဤလူသတ်မှုများကို လုံးဝကျိုးကြောင်းဆီလျော်သည်ဟု လက်ခံကြ၍၊ မျိုးဗီဇအရ နိမ့်ကျသူများကို "အကျိုးအမြတ်မရှိ" သည့်အပြင်၊ တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးရေးတွင် အဟန့်အတားဖြစ်သူများအဖြစ် လက်ခံကြလေသည်။ တိုင်းသူပြည်သားများအနက် အဆင့်နိမ့်သည်ဟု ယူဆရသော အချို့သောအုပ်စုများနှင့် လူမျိုးများကိုလည်း တစ်ဖြေးဖြေး ထိုအစီအစဉ်တွင် ထည့်သွင်းကြလေသည်။ နောင်တွင် နာဖျားမကျန်းဖြစ်သောဇရာအိုများ၊ အသားဝါရောဂါရှိသူများ၊ စိတ္တဇရောဂါရှိသူများ၊ မျက်ကန်းများ၊ ဆွံ့အသူများနှင့် အသက်အန္တရာယ်ပေးနိုင်သောရောဂါရှိသူများ စသည်တို့ကိုပါ ထိုသတ်ဖြတ်ရေးအစီအစဉ်တွင် ထည့်သွင်းလိုက်ကြ၏။

၁၉၃၆ခုနှစ် အိုလံပစ်ပြေးတံဆိပ်ဆုပိုင်ရှင် ဂျယ်စီအိုဝင်သည် အသားမဲလူမျိုးဖြစ်သောကြောင့် ဟစ်တလာက ကြိုဆိုနှုတ်ဆက်ခြင်းမပြုခဲ့ချေ။


Jesse Owens is star of Nazi Games

အမေရိကန်လူမဲအားကစားသမား ဂျယ်စီအိုဝင်က ၁၉၃၆ခုနှစ် ဘာလင်အိုလမ်ပစ်တွင် ရွှေတံ ဆိပ်လေးခုရရှိခဲ့ရာ၊ ဟစ်တလာက အခြားအားကစားသမားများကို ချီးကြူးနှုတ်ဆက် သော်လည်း၊ ဂျယ်စီအိုဝင်ကိုမနှုတ်ဆက်ဘဲ အားကစားကွင်းမှ ထွက်ခွာသွားလေသည်။ အချို့အီဗိုလူးရှင်းဝါဒီတို့သည် အီဗိုလူးရှင်းအရ မိန်းမများသည် ယောကျ်ားများထက် နိမ့်ကျသည်ဟု ဆိုကြသည်။ ကာလီဖိုးနီး ယားပြည်နယ်မှထင်ရှားကျော်ကြားသော အာရုံကြောဆိုင်ရာပါမောက္ခသည် မိန်းမ များကို ယောကျ်ားများက ကာကွယ်မှု မပေးပါက ဆက်လက်၍အသက်ရှင်နိုင် ကြမည်မဟုတ်ဟု တင်ပြ၍ သက်သေထူ နိုင်ရန် ကြိုးစားခဲ့လေသည်။ အားနည်းသူ မိန်းမများသည် ယောကျ်ားများ၏အကာ အကွယ်ဖြင့် မျိုးသုဉ်းသွားခြင်း မရှိနိုင်ဟု ဆို၏။ မိန်းမများတွင် အီဗိုလူးရှင်းအရ သဘာဝ၏ရွေးချယ်မှုသည် မိန်းမများ၌ ယောကျ်ားများထက်နှေးကွေးသည်ဟုဆို ၏။ ထိုအတွေးအခေါ်အပေါ်တွင်အခြေခံ ၍ နာဇီဂျာမနီနိုင်ငံတွင် အချို့သောအလုပ် အကိုင်များ၌ မိန်းမများကို လက်မခံကြ ချေ။[၅၀]



ဟစ်တလာသည် ဆံပင်နီနှင့် မျက်လုံးပြာမိန်းခလေးများ ကို စခန်းတွင် စုရုံးထားပြီး အကပ်စ်အကပ်စ်အရာရှိများနှင့် ပေါင်းသင်းနေထိုင်စေမည်ဟု အာမခံခဲ့လေသည်။ ဤသို့ဖြင့် ဟစ်တလာသည် ဂျာမန်လူမျိုးသန့်စင်ရေး စိတ်ကူးယဉ်ခဲ့လေသည်။

ဂျာမနီနိုင်ငံတွင် ဒါဝင်ဝါဒနှင့် လူသားသန့်စင်ရေးအတွေးအခေါ်ကြီး ထွားလာသည်နှင့်အမျှ မလိုအပ်သော လူဦးရေအချို့ကို သတ်ဖြတ်ပစ်ရန် အ ဆိုတင်သွင်းကြသည်။ ထိုသိပ္ပံပညာ ရှင်များအနက်၊ အာဒေါ့ဖ် ဂျော့စ် က "ဆေးပညာအရ တိုက်ရိုက်သတ်ဖြတ် ရန် ၁၈၉၅ ခုနှစ်တွင် သူရေးသားသော *Das Recht auf den Tod (သေဆုံးခွင့်)* စာအုပ်တွင် ရေးသားအဆိုပြုလေသည်။ ဂျော့စ်က **"ကျန်းမာရေးနှင့် လူမှုရေး အတွက် နိုင်ငံတော်အစိုးရက တစ်ဦး ချင်း၏ သေဆုံးခွင့်ကို တာဝန်ယူရမည်။"**ဟု ရေးသားအဆိုပြုခဲ့လေသည်။ အာဒေါ့ဖ်ဂျော့စ် သည် ဟစ်တလာ၏လမ်းပြဆရာဖြစ်၍၊ နောက်နှစ်ပေါင်း ၃၀ အကြာတွင် နိုင်ငံရေးဇာတ်ခုံသို့ တက်လာခဲ့သူဖြစ်သည်။ "ကျန်းမာသန်စွမ်းသူတို့သာလျှင် သားသမီးရှိကြရန် နိုင်ငံတော်အစိုး ရက တာဝန်ယူရမည်"ဟု ဟစ်တလာကဆိုသည်။ "မကျန်းမာသူနှင့် ကူးစက်တတ်သော ရော ဂါစွဲကပ်သူတို့အားလုံး သားသမီးမွေးဖွားခွင့်မရှိကြောင်း ကြေညာရမည်။"[၅၁]

၁၉၃၃–ခုနှစ်တွင် ပြဋ္ဌာန်းသောဥပဒေအရ စိတ်မနှံ့သူဦးရေပေါင်း ၃၅၀၀၀၀နှင့် ဂျိပ်စီလူမျိုး ပေါင်း ၃၀၀၀၀ အပြင် လူမဲခလေးပေါင်းရာချီ၍၊ အမျိုးသမီးများ၏ တန်ဇာကို အက်စရေးဖြင့်လည်း ကောင်း၊ ဆေးထိုးခြင်းဖြင့်လည်းကောင်း၊ လျှပ်စစ် ရှော့ပေးခြင်းဖြင့်လည်းကောင်း၊ သင်းကွပ်ကြလေ သည်။

ဂျာမန်လူမျိုးများကို မျိုးသန့်ဖွံ့ဖြိုးမှုအ တွက် ရက်စက်ကြမ်းကြုတ်စွာသတ်ဖြတ်နေစဉ်၊ ဟစ်တလာက လူသားသန့်စင်ရေးပေါ်လီစီကို နောက်ထပ်ပုံစံတစ်မျိုးဖြင့် လုပ်ဆောင်နေသေး သည်။ ဂျာမန်လူမျိုးအစစ်ဟု သတ်မှတ်ခံရသော ဆံပင်နီနှင့်မျက်လုံးပြာမိန်းမယောက်ျားများကို ပေါင်းသင်းနေထိုင်စေ၍ ခလေးများများမွေးထုတ် စေလေသည်။ ၁၉၃၅–ခုနှစ်တွင် ခလေးထုတ်လုပ် ရေးခြံများကို တည်ဆောက်ခဲ့၏။ လူမျိုးသန့်စင်ရေး စံချိန်မှီသည့်မိန်းခလေးများကို စုရုံးထား၍၊ အက်စ် အက်စ်တပ်သားအရာရှိအရာခံ များကို သွားရောက် လည်ပတ်စေသည်။ ထိုတရားမဝင်မွေးထုတ်လာ သောခလေးများကို နှစ်ပေါင်း၁၀၀၀ ကြာရှည်မည့် ဂျာမန်နိုင်ငံတော်၏ စစ်သည်တော်များအဖြစ် ကြီး ပြင်းလာအောင် ကျွေးမွေးထားမည်ဖြစ်ပေသည်။



သွင်မျိုးမှ တိမ်းစောင်းခြင်း အီဗိုလူးရှင်းအတွေးအခေါ် အတိုင်း လေ့ကျင့်ထား သော နာဇီအရာရှိများက ဦးခေါင်း၊ နှာခေါင်းနှင့် နဖူးများကို တိုင်း၍ သွင် မျိုးကို ရှာဖွေနေကြပုံ။

## နာဇီတို့၏ အာရိယံလူမျိုးများမှ တိမ်းစောင်းခြင်းအယူ

နာဇီတို့သည်၊ ဒါဝင်ဝါဒခံယူချက်အရ အာရိယံလူမျိုး၏ အဆင့်မြင့်ခြင်းကို သက်သေ ပြကြသည်။ ဒါဝင်အနေနှင့် လူသားများဖွံ့ဖြိုးလာသည်နှင့်အမျှ ဦးနှောက်သည်လည်း ပို၍ကြီး လာသည်ဟု တင်ပြထားသည်။ နာဇီတို့က ဤအတွေးအခေါ်ကို အလွန်အကြိုးလက်ခံ၍ ဂျာမန် လူမျိုးများ၏အဆင့်မြင့်ခြင်းကိုပြရန် တိုင်းထွာခြင်းလုပ်ငန်းကို စတင်ကြလေသည်။ နာဇီ ခေတ် ဂျာမနီနိုင်ငံတွင် နေရာတကာလမ်းကွေ့လမ်းဆုံတိုင်းလိုလိုတွင် ဂျာမန်ဦးခေါင်းသည် အ ခြားလူမျိုးများ၏ ဦးခေါင်းထက် ပို၍ကြီးမားကြောင်းကို ပြကြသည်။ သွားများ၊ မျက်စိများ၊ ဆံပင်များနှင့် အခြားကိုယ်ကာယအင်္ဂါရပ်များကို တိုင်းထွာ၍ အီဗိုလူးရှင်းသီအိုရီအတိုင်းအတာ နှင့် ကိုက်ညီမှုရှိမရှိစစ်ဆေးကြလေသည်။ ဂျာမန်လူမျိုးများအတွက် သတ်မှတ်ထားသော အ တိုင်းအတာစံချိန်မမှီသူများကိုမူ လူသားသန့်စင်ရေးမူအရသတ်ဖြတ်ရှင်းလင်းပစ်ကြလေသည်။

ထိုကဲ့သို့အရူးထခြင်းအားလုံးတို့သည် ဒါဝင်ဝါဒ၏အခြေခံမှုများကို လူ့အဖွဲ့အစည်း၌ ကျင့်သုံးခြင်းကြောင့် ဖြစ်ခဲ့သည်။ အမေရိကန်လူမျိုး သမိုင်းပါရဂူဖြစ်သူ မိုက်ကယ် ဂရိဒင်က ထိုအဖြစ်မှန်များကို သူရေးသားသော *The Nazi and the Nuremberg Code* ဟူသောစာအုပ် တွင် ဖေါ်ထုတ်ထားသည်။

၂၀–ရာစုအကူးပိုင်းတွင် နာဇီဝါဒနှင့် ဆိုရှယ်ဒါဝင်ဝါဒမှတိုးပွားလာသောလူမျိုးသန့်စင်ရေးအတွေး အခေါ်တို့သည် အံဝင်ဂွင်ကျဖြစ်သွားပုံရသည်ဟု ကျွန်ုပ်ထင်ပါသည်။[၇၃]



ထိုသူသည် အပေါ်စီးရသောအခါ (သို့မဟုတ် ကျော်နိုင်းသွားသောအခါ) မြေပြင်ဝယ် ပျက်စီး ကြောင်းများကို ပြုမူရန်ငှင်း၊ လယ်ယာကိုင်းကျွန်းများနှင့် (ကျွဲနွား)တိရစ္ဆာန်များကို ဖျက်ဆီးရန်ငှင်း၊ ကြိုးပမ်းအားထုတ်လေသည်။ အမှန်စင်စစ် အလ္လာပ်အရှင်မြတ်သည် (ယင်းကဲ့သို့)ဖျက်ဆီးခြင်းကို စိုးစဉ်းမျှ နှစ်သက်တော်မမူပေ။
(ရှုရာအလ်ဘကွာရာဟ် ၂း၂၀၅)

ဟစ်တလာကဲ့သို့ပင်၊ ဂျက်စတာပိုပုလိတ်အကြီးအကဲဖြစ်သူ ဟိမ်းရိုရှ်ဟင်းမ်လာနှင့် အခြားနာဇီအရာရှိများသည်လည်း ဤရက်စက်ကြမ်းကြုတ်သော လူမျိုးခွဲခြားရေးဝါဒ ဖြစ်ပေါ်စေသည့်ဒါဝင်ဝါဒကို လက်ကိုင်ထားကြသူများဖြစ်ပေသည်။



ဤအချက်နှင့်ပတ်သက်၍ ဂျော့စတိန်းက ရှင်းပြထား၏။

အမျိုးသားဆိုရှယ်လစ်ဝါဒသည် အခြားဘာဘဲဖြစ်နေဖြစ်နေ၊ နောက်ဆုံးမှာဖြင့် ဒါဝင်ဝါဒီတို့၏ တော်လှန်ရေးနှင့် သိပ္ပံနည်းဆန်သည့်အချက်များနှင့်အပြည့်အံကိုက်ဖြစ်သော ထူးခြားသည့် မျိုးရိုးဇာတိမာန်တွင်အခြေခံသည့် နိုင်ငံရေးအဖွဲ့အစည်းတည်ဆောက်ရန်ပထမဦးဆုံးရည်ရွယ်ခြင်းသာဖြစ်ပေသည်။[၅၄]

ကျော်ကြားသည့်အီဗိုလူးရှင်းဝါဒီ ဆာအာသာကစ်က ဟစ်တလာနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဝေဖန်ထား၏။

ဂျာမန်အာဏာရှင်သည် အီဗိုလူးရှင်းဝါဒီဖြစ်သည်။ သူသည် ဂျာမနီနိုင်ငံ၏ကျင့်သုံးမှု အားလုံးကို အီဗိုလူးရှင်းသီအိုရီနှင့် ကိုက်ညီအောင် သတိရှိရှိ စီစဉ်ခဲ့ပေသည်။[၅၅]

*Darwin: Before and After* စာအုပ်ကိုရေးသားသူ ရောဘတ်ကလာက် က၊ ဟစ်တလာနှင့်ပတ်သက်၍ ဤသို့အကျဉ်းချုပ်ဖော်ပြထား၏။ "––ဟစ်တလာသည် အီဗိုလူးရှင်းသင်ကြားချက်များ၏ တုတ်နှောင်ခြင်းကို ခံနေရသူဖြစ်သည်။ သူငယ်စဉ်တောင်ကျေးဘဝကပင် စတင်ခဲ့သည်ဟု ထင်ရ၏။ ဟစ်တလာက အဆင့်မြင့်သည့်လူမျိုးများက အဆင့်နိမ့်သည့်လူမျိုးများ

ကို အမြဲတစေစိုးမိုးအုပ်ချုပ်ရမည်ဟု အကြောင်းပြ၏။"[၅၆] နာဇီဂျာမနီနိုင်ငံ၏ နိုင်ငံရေးအတွေးအခေါ်မူဝါဒသည် ဟစ်တလာ၏ ထိုအတွေးအခေါ်၏ဩဇာအောက်တွင် ပုံစံသွင်းလာခဲ့ခြင်းဖြစ်ပေသည်။

*Race and Reich(လူမျိုးရေးနှင့်ဂျာမန်အင်ပါယာ)*စာအုပ်ကိုရေးသူ ဂျိုးဇက် တီနင်ဘောင်က ဂျာမနီနိုင်ငံကိုတည်ဆောက်သည့် နိုင်ငံရေးအတွေးအခေါ်အခြေခံဖြစ်ပေါ်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားပေသည်။

> --ရုန်းကန်တိုက်ခိုက်ခြင်း၊ ရွေးချယ်ခြင်း၊ အင်အားအကြီးဆုံးကဆက်လက်အသက်ရှင်ခြင်း စသည့်ဒါဝင်၏လေ့လာချက်များသည် ၁၉-ရာစုနှစ်မှ ဂျာမန်လူမှုရေးအတွေးအခေါ်၏ သန်မာသော အဖူးအညွန့်ဖြစ်နေလေပြီ။ --ထို့ကြောင့် ပိုမိုအင်အားကြီးခြင်းမူဖြင့် ကမ္ဘာကိုအုပ်စိုးရန်မှာ ဂျာမန်နိုင်ငံ၏ ရှိရင်းစွဲအခွင့်အရေးဖြစ်သည်ဟူသောမူဝါဒဖြစ်ပေါ်လာပေသည်။ ထိုအုပ်စိုးမှုတွင် ဂျာမန်အင်ပါယာနှင့် အင်အားနည်းသောနိုင်ငံများအကြား ဆက်ဆံရေးသည် "တူနှင့်ပေတုံး"ပုံစံအတိုင်းဖြစ်၏။[၅၇]

"အီဗိုလူးရှင်းအတွေးအခေါ်စစ်ပွဲ"တွင် နာဇီခေါင်းဆောင်များအနက် အာဒေါ့ဖ်ဟစ်တလာတစ်ဦးသာမဟုတ်ချေ။ ဂျက်စတာပိုပုလိတ်ဦးစီး ဟိန်းရိချ်ဟင်းမ်လာက၊ "အင်အားအကြီးဆုံးသူ၏ရှင်သန်ရေးအတွက် သဘာဝနိယာမအတိုင်းသာ ဖြစ်ပေါ်လာလိမ့်မည်"ဟုဆိုခဲ့၏။ အမှန်မှာ နာဇီခေါင်းဆောင်များအားလုံးသည် ထိုအမှောင်ရက်များအတွင်းမှ ဂျာမန်သိပ္ပံပညာရှင်များနှင့် စက်မှုလက်မှုလုပ်ငန်းပိုင်ရှင်ကြီးများကဲ့သို့ပင် အီဗိုလူးရှင်းသီအိုရီနှင့် ဂျာမန်လူမျိုးရေးဝါဒကို သစ္စာခံယူကြသူများချည်းဖြစ်ကြ၏။

## ဟစ်တလာ၏ ဘာသာရေးကို မုန်းတီးမှု

ဟစ်တလာက အီဗိုလူးရှင်းသီအိုရီကို ထိုမျှချစ်မြတ်နိုးခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ခုမှာ ထိုသီအိုရီသည် ဘာသာရေးယုံကြည်မှုကို တိုက်ခိုက်ရာတွင် အကောင်းဆုံးလက်နက်အဖြစ် မြင်သောကြောင့်ဖြစ်၏။ ဘာသာအယူဝါဒများက မိန့်ကြားသွန်သင်သော ချစ်ခြင်းမေတ္တာတရား၊ သနားကြင်နာခြင်းကရုဏာတရား၊ မိမိကိုယ်ကို နှိမ့်ချ၍ မောက်မာခြင်းမရှိရန်သွန်သင်ခြင်း စသည်တို့သည် နာဇီတို့ဖန်တီးလိုသည့် ရက်စက်ကြမ်းကြုတ်သည့် အာရိယန်ပုံစံအတွက် အဟန့်အတားဖြစ်နေပေသည်။ ထို့ကြောင့်၊ ၁၉၃၃-ခုနှစ်တွင် နာဇီတို့က အာဏာရသည်နှင့်တပြိုင်တည်း ဂျာမန်လူ့အဖွဲ့အစည်းကို ရှေးကမိစ္ဆာဒိဋ္ဌိအယူဝါဒသို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ရှေးမိစ္ဆာဒိဋ္ဌိခေတ်က စကြာတံဆိပ်သည် ထိုသို့ပြန်လည်ခေါ်ဆောင်ခြင်း၏လက္ခဏာဖြစ်၏။ ဂျာမန်နိုင်ငံအတွင်း နေရာတကာတိုင်း ကျင်းပသည့်နာဇီအထိမ်းအမှတ်ပွဲမှန်သမျှသည်လည်း ရှေးမိစ္ဆာဒိဋ္ဌိပွဲများအတိုင်း ကျင်းပကြလေသည်။ ဤအချက်ကပင် ရှေးမိစ္ဆာဒိဋ္ဌိအယူဝါဒမှဆင်းသက်လာသော အီဗိုလူးရှင်းသီအိုရီသည်၊ နာဇီအတွေးအခေါ်နှင့် အင်မတန်အံဝင်ဂွင်ကျဖြစ်နေပေသည်။ တစ်ချိန်က ဟစ်တလာသည် ခရစ်ယာန်ဘာသာကို တုံးတိတိပင်-

--စနစ်တကျစီစဉ်ထားသော လိမ်လည်မှုဖြစ်တယ်။ ဖျောက်ဖျက်ပစ်ရမယ်။ နိုင်ငံတော်အစိုးရမှာ လုံးဝအာဏာရှိရမယ်။ ကျနော်ငယ်စဉ်တုန်းက ဘာသာအယူဝါဒကို ဒိုင်းနမိုင်းနဲ့ဖေါက်ခွဲဖျက်ဆီးပစ်ဖို့လိုတယ်လို့ စဉ်းစားခဲ့တယ်။ အဲဒီအချိန်ကစပြီး ဖြေးဖြေးကြည့်ရှင်းဖို့အချိန်ရသေးတယ်လို့သတိရလာတယ်။-- နောက်ဆုံးအဆင့်ကတော့--စိန့်ပီတာရဲ့ကုလားထိုင်မှာထိုင်ဖို့ဘဲ။ မျက်နှာထားဆိုးတဲ့ မိန်းမအိုတွေက သူ့ကိုမျက်နှာချင်းဆိုင်နေကြချိန်မှာ၊ ကျုပ်တို့ဘက်မှာတော့ လှပပြီးကျန်းမာသန်စွမ်းတဲ့မိန်းခလေးများစီတန်းနေကြမယ်။ ကျုပ်တို့ရဲ့လူမျိုးတွေက အဲဒီဘာသာမရောက်လာခင် ကြီးပွားချမ်းသာပြီးကောင်းကောင်းမွန်မွန်နေထိုင်နိုင်ခဲ့ကြတယ်။ ဘာသာအယူဝါဒကိုကြည့်ရှင်းဖို့ ကျုပ်မှာ အကစ်အကစ်တပ်မပေါင်း ခြောက်တပ်မတောင် ရှိတယ်။[၅၈] ဟု ပြောခဲ့၏။

ဒဲနီယယ်လ် ဂတ်စမန်က ဟစ်တလာသည်အီဗိုလူးရှင်းသီအိုရီ၏ ဇီဝဆိုင်ရာ အချက်ကို ဘာသာရေးကိုဆန့်ကျင်တိုက်ခိုက်ရန်အတွက် အဘယ့်ကြောင့်ရွေးထုတ်ခဲ့သည်ကို သူရေးသားသော "အမျိုးသားဆိုရှယ်လစ်ဝါဒ၏ သိပ္ပံဆိုင်ရာအခြေခံ" *(The Scientific Origins of National Socialism)* စာအုပ်တွင် ဖေါ်ပြထားသည်။



နာဇီများ၏စုဝေးမှုသည် ရှေးခေတ်မိစ္ဆာဒိဋ္ဌိတို့၏အခမ်းအနားနှင့်ဆင်တူ၏။

ဟစ်တလာသည် အီဗိုလူးရှင်းသီအိုရီ၏ ဇီဝဆိုင်ရာပြောင်းလဲမှုအပိုင်းကို ရိုးရာဘာသာရေးကိုတိုက်ခိုက်သည့်နေရာတွင် အသုံးပြုရန် ရှေ့တန်းတင်နိုင်သည့် အကောင်းဆုံးလက်နက်အဖြစ်ရွေးချယ်ခဲ့လေသည်။ ခရစ်ယာန်သာသနာသည် အီဗိုလူးရှင်းသင်ကြားချက်နှင့်ဆန့်ကျင်သောကြောင့်ဟု ထပ်ခါထပ်ခါရှုတ်ချခဲ့လေသည်။ ဟစ်တလာအတွက် အီဗိုလူးရှင်းသီအိုရီသည် ခေတ်သစ်သိပ္ပံပညာနှင့်ယဉ်ကျေးမှု၏ဝိသေသလက္ခဏာ ဖြစ်ပေသည်။[၆၀]

အမှန်မှာ ၂၀–ရာစုနှစ်အတွင်း ကမ္ဘာလောကသို့ကျရောက်ခဲ့သော မရေမတွက်နိုင်သည့် ဒုက္ခဆင်းရဲခြင်း၏အခြေခံဇစ်မြစ်မှာ ဟစ်တလာနှင့်နာဇီပါတီဝင်တို့ကဲ့သို့သော ဘာသာအယူဝါဒမရှိသူများ၏ အမူအကျင့်များကြောင့်ပင်ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်တို့သည် ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)တည်ရှိခြင်းကိုငြင်းပယ်၍ လူသားတို့သည် တိရစ္ဆာန်များမှဆင်းသက်ပေါ်ပေါက်လာသည်ဟုယုံကြည်သောကြောင့်၊ သူတို့ကိုယ်ကို မည်သူကမျှ စောင့်ကြည့်စစ်ဆေးနေခြင်းမရှိဘဲ သူတို့လုပ်သမျှပြစ်မှုများကို မည်သူ့ကိုမျှအဖြေပေးထုချေနေစရာမလိုဟုယုံကြည်ကြသည်။ သူတို့က ထာဝရဘုရားသခင်ကိုမယုံကြည်သောကြောင့် ဘုရားသခင်နှင့် တမလွန်ဘဝကို ကြောက်ရွံ့နေရန်မလိုအပ်ကြသဖြင့်၊ သူတို့၏ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတွင် အတိုင်းအတာမရှိကြချေ။ ဤအချက်သည် ၎င်းတို့က လူ့အသက်ပေါင်း သန်းနှင့်ချီ၍ သနားကြင်နာခြင်းကင်းမဲ့စွာ သတ်ဖြတ်ကြခြင်းဖြစ်သည်။ ဘာသာသာသနာမရှိသောလူ့အဖွဲ့အစည်းတွင် တွေ့ကြုံခံစားကြရမည့် ဒုက္ခဆင်းရဲခက်ခဲမှုတို့အတွက် ဟစ်တလာသည် ဥပမာတစ်ခုဖြစ်၏။ ဟစ်တလာတစ်ယောက်တည်းမဟုတ်ပါ။ ရှေ့လာမည့် အခန်းများတွင် ၂၀–ရာစုနှစ်ကို သွေးချောင်းစီးခြင်းတွင် နစ်မြုပ်စေခဲ့ကြသော စတာလင်၊ မော်၊ ပွန်ပွတ်၊ ဖရန်ကို၊ မိုဆိုလီနီနှင့် အခြားပုဂ္ဂလ်များသည်လည်း ဘာသာအယူဝါဒလုံးဝမရှိသူများဖြစ်ကြကြောင်း လေ့လာကြပါမည်။ ဘာသာအယူဝါဒကင်းမဲ့ခြင်း၏ အိပ်မက်ဆိုးကြီးမှ သင်ခန်းစာယူသင့်ပေသည်။

အလ္လာအရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍ ကုရ်အာန်ကျမ်းတော်မြတ်ကသွန်သင်သည့် ကိုယ်ကျင့်တရားအတိုင်းနေထိုင်သူတို့သည်၊ လူ့အဖွဲ့အစည်းသို့ ငြိမ်းချမ်းမှု၊ သာယာမှု၊ လုံခြုံမှု၊ ပေါများမှုနှင့် ပညာအမြော်အမြင်အလင်းကိုပေးဆောင်ကြသည်။ အလ္လာဟ်အရှင်မြတ်၏ သာသနာအတွင်း သစ္စာရှိရှိနေထိုင်သူသည် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းသာယာမှုကို ဘယ်သောအခါမှ နှောင့်ယှက်ခြင်းမပြုချေ။ ထိုသို့ပြုမည့်အစား သနားကြင်နာမှုရှိရန်၊ ခင်မင်မှုရှိရန်၊ သစ္စာဂတိရှိရန်နှင့်အချင်းချင်းယိုင်းပင်းကူညီကြရန် အမြဲတန်းတိုက်တွန်းနှိုးဆော်ကြပေသည်။




ဟစ်တလာအသုံးပြုသော ကြောတံဆိပ်သည် ရှေးဓမ္မဒီဋ္ဌိတို့အသုံးပြုသော သင်္ကေတဖြစ်သည်။



ဒုတိယကမ္ဘာစစ်အတွင်း လူတို့၏အခြေအနေကို ပြသောပုံ





ဟစ်တလာ၏ခေတ်တွင် သူ့အမည်ဖြင့်
သတ်ဖြတ်ခဲ့ပုံများကို ပြသောပိုစတာများ









ဤပုံများသည် ဟစ်တလာနှင့် သူ၏အမြင်ကိုလက်ခံသူများက လူသားလောကကို ပြုကျင့်ခဲ့သော ဒုက္ခခံစားမှု၊ ထိတ်လန့်တုန်လှုပ်မှုနှင့် မရှိတင်ကဲ ခံစားကြရသော ဝေဒနာများကို ပြ၏။ ဤကဲ့သို့သော လူ့လောကသို့ ဒုက္ခဆင်းရဲအပေါင်းကို ယူဆောင်လာသောအပြုအမူတို့၏ အဆုံးစွန်အခြေခံရာရေသောက်မြစ်ဖြစ်သည့် ဒါဝင်ဝါဒသည် တကမ္ဘာလုံးတွင် ထိုသို့သောဆင်းရဲဒုက္ခများကို ဆက်လက်၍ ပေးဆောင်ရန် ကျန်ရှိနေသေးသည်။







## ကြီးမားလှသည့်ပျက်စီးခြင်းကို ယူဆောင်ခဲ့သော ဒါဝင်ဝါဒီ–ဖက်ဆစ်ဝါဒီ မိုဆိုနီလီ

ဟစ်တလာက သူ၏ပေါ်လီစီများကို ဒါဝင်ဝါဒအသုံးပြု၍ သတ်မှတ်ရေးဆွဲခဲ့သလို၊ သူနှင့်တစ်ခေတ်တည်းဖြစ်သော မဟာမိတ် ဘင်နီတို မိုဆိုလီနီကလည်း ဒါဝင်ဝါဒ၏အဆိုနှင့်ခံယူချက်များကို အသုံးပြု၍ ဖက်ဆစ်ဝါဒနှင့် နယ်ချဲ့ဝါဒအခြေခံတို့ဖြင့် အီတလီနိုင်ငံကို တည်ဆောက်ရန် စိုင်းပြင်းနေလေသည်။

မိုဆိုလီနီသည် ဒါဝင်ဝါဒကို ကြေညက်ထားသူဖြစ်၍ အကြမ်းဖက်ခြင်းသည် သမိုင်းကို မောင်းနှင်သောအင်အားဖြစ်ပြီး စစ်ဖြစ်ခြင်းသည် တော်လှန်ရေးကို စတင်ပေးသည်ဟုယုံကြည်သည်။ သူ့အတွက်



"အင်္ဂလန်က စစ်ဖြစ်ခြင်းကို တွန့်ဆုတ်နေခြင်းသည် ဗြိတိသျှအင်ပါယာ၏ အီဗိုလူးရှင်းအရ ပျက်စီးယိုယွင်းခြင်းအဖြစ်ကို သက်သေထူနေခြင်းသာဖြစ်ပေသည်။"[၆၁] ဟုဆို၏။

ပြင်သစ်အစိုးရ၏ငွေကြေး အကူအညီဖြင့် သူတည်ထောင်သော *The People of Italy (Il Popolo d'Italia)* မဂ္ဂဇင်းတွင်၊ "သံရှိသူသည် စားစရာရှိ၏" ဟုရေးထားလေသည်။ ဆိုလိုရင်းမှာ ဗိုက်ဝဖို့အတွက် စစ်တိုက်နိုင်မည့်အာဏာရှိရမည်ဟု လူအများကို ပြောလိုခြင်းဖြစ်၏။

မိုဆိုလီနီသည် ဖက်ဆစ်ဝါဒနှင့် ဖက်ဆစ်ပါတီ၏ တံဆိပ်အတွက် ပုဆိန်ပုံကိုအသုံးပြု ထားသည်။ ပုဆိန်သည် စစ်၏သင်္ကေတဖြစ်၍၊ ကြမ်းကြုတ်ခြင်း၊ သေခြင်းနှင့် သတ်ဖြတ်ခြင်း ကို ဖော်ပြခြင်းဖြစ်သည်။

မိုဆိုလီနီ၏အကျင့်မှာ၊ နိုင်ထက်စီးနင်းကျူးကျော်စော်ကားခြင်းရှိ၍ အခြားဖက်ဆစ်ဝါ ဒီများနည်းတူ အကြမ်းဖက်လိုခြင်းရှိသည်ဟု ဒဲနစ်မက်၏ စာအုပ်တွင် ဖော်ပြထားပေသည်။ ဒဲနစ်မက်၏စာအုပ်တွင် မိုဆိုလီနီ၏မပြောင်းလဲသောယုံကြည်ချက်မှာ၊ ကျူးကျော်ခြင်းနှင့် သူ ၏ဝမ်းတွင်းဗီဇသည် အကြမ်းဖက်ခြင်းဖြစ်သည်ဟု ရေးထားသည်။[၆၂]

အခြားဒါဝင်ဝါဒီ–ဖက်ဆစ်ဝါဒီများကဲ့သို့ပင် မိုဆိုလီနီ၏ ရက်စက်၍ကျူးကျော်ဖိနှိပ် ရေးပေါ်လီစီကြောင့် လူအမြောက်အမြားသတ်ဖြတ်ခံခဲ့ရသည်။ အိမ်ထောင်တကွဲတပြား၊ အချို့ လည်းလင်ယောကျ်ားဇနီးသားသမီးများအသတ်ခံရ၍ အထီးတည်းကျန်ရစ်ခြင်း၊ အိမ်ယာမဲ့ ခြင်း၊ စသည့်ဒုက္ခများနှင့်ကြုံတွေ့ကြရသဖြင့်၊ တိုင်းပြည်သည်လည်း ပျက်စီးယိုယွင်းသွားလေ တော့သည်။ အင်္ကျီနက်လူသတ်တပ်ဖွဲ့ကိုအသုံးပြု၍ အကြမ်းဖက်ခြင်းနှင့် ဖိနှိပ်ခြင်းများကျင့် သုံး၏။ နိုင်ငံတွင်း၌သာမဟုတ် အခြားနိုင်ငံတွင်လည်း ထိုနည်းရင်းကျင့်သုံးလေသည်။ ၁၉၃၅ ခုနှစ်တွင် အီသီယိုပီယာနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခဲ့ရာ ၁၉၄၁–ခုနှစ်တွင် လူပေါင်း ၁၅၀၀၀ ကိုရှင်းပစ်လိုက်လေသည်။ အီသီယိုပီယားနိုင်ငံကို သိမ်းပိုက်ခြင်းနှင့်ပတ်သက်၍ ဒါဝင်ဝါဒ၏ လူမျိုးခွဲခြားရေးအမြင်ကိုအသုံးပြုရန် မနေးကွေးချေ။ မိုဆိုလီနီ၏အပြောအရ၊ အီသီယိုပီယား နိုင်ငံသားများသည် လူမဲများဖြစ်သဖြင့် အဆင့်နိမ့်သောလူမျိုးဖြစ်သည်ဟု ဆို၏။ ထို့ကြောင့် သူတို့ထက်အဆင့်မြင့်သော အီတာလီလူမျိုးများလာရောက်အုပ်ချုပ်ခြင်းသည် သူတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်ဟုဆို၏။



မိုဆိုလီနီ၏ အင်္ကျီနက်လူသတ်တပ်ဖွဲ့။

၁၉၁၁–ခုနှစ် လစ်ဗျားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်သည်မှစတင်၍ မွတ်စ လင်မ်တို့ကို ဖိနှိပ်လေရာ၊ မွတ်စလင်မ်များကိုသာရည်ရွယ်၍ နောက်ထပ်အင်အားဖြည့်ကာ တိုက်ခိုက်လေသည်။ ထိုသိမ်းပိုက်တိုက်ခိုက်ခြင်းသည် ၁၉၄၇–ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် နေ့၌ မိုဆိုလီနီသေဆုံးသွားသဖြင့် စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆို၍ ရပ်တန့်သွားလေသည်။ ထို ကာလအတွင်း မွတ်စလင်မ်ဦးရေပေါင်း ၁ သန်း ၅ သိန်းရှဟီဒ်ဖြစ်ခဲ့၍ သိန်းပေါင်းများစွာ ဒဏ်ရာရရှိခဲ့လေသည်။

ရက်စက်ကြမ်းကြုတ်၍ ဖိနှိပ်ချုပ်ချယ်ခြင်းဖြင့် သမိုင်းတွင်လေသော မိုဆိုလီနီသည်၊ အောက်ပါမိန့်ခွန်းအတိုင်း ထောက်ခံအားပေး၍ လက်တွေ့ကျင့်သုံးခဲ့လေသည်။

> ဖက်ဆစ်ဝါဒဆိုတာ လွတ်မြောက်ရေးအတွက်မဟုတ်တော့ဘူး။ ရက်စက်ခြင်းဖြစ်တယ်။ နိုင်ငံတော်ရဲ့ရန်သူဘေးမှ ကာကွယ်ဖို့မဟုတ်တော့ဘူး။ ပုဂ္ဂလိကအကျိုးအမြတ်များကို ကာကွယ်ခြင်းဖြစ်တယ်။[၆၃]



အီသီယိုပီယာနိုင်ငံသားများ မိုဆိုလီနီ၏ ဖိနှိပ်ခြင်းကို ခံနေကြရစဉ်တွေ့ရပုံ။



ဟစ်တလာနှင့်မိုဆိုလီနီတို့၏ပြုမူချက်များကို ကြည့်ခြင်းဖြင့်၊ ဖက်ဆစ်ဝါဒတွင် အင်အားကြီးသူနှင့်ရက်စက်သူက မှန်ကန်သည့်အပြင် အဆင့်မြင့်၏။ ဤဝါဒတွင် အောင်မြင်ခြင်းနှင့်ဖွံ့ဖြိုးမှုက ကြမ်းတမ်း၏၊ ရက်စက်၏၊ ပြင်းထန်၏၊ စစ်လည်းဖြစ်ရ၏။ ၎င်းတို့အားလုံးသည်၊ ဒါဝင်တင်ပြထားသော "အင်အားကြီးသူရှင်၊ အားနည်းသူသေ" ဟူသောအဆိုကြောင့် လူ့အသက်ပေါင်းသန်းနှင့်ချီ၍ သေကြေပျက်စီးခဲ့ရခြင်းဖြစ်၏။



မိုဆိုလီနီကို ဆန့်ကျင်ပြောဆိုသူ ပါလီမန်အမတ်တစ်ဦးကို နေ့ခင်းကြောင်တောင်တွင် ဖမ်းခေါ်သွားပြီး အသတ်ခံရသည်။ ပုံတွင် ထိုပါလီမန်အမတ်၏ အလောင်းကို ရက်အတန်ကြာပြီးနောက် တွေ့ရှိရ၍ ထမ်းထုတ်လာကြစဉ် တွေ့ရခြင်းဖြစ်သည်။

# ဖက်ဆစ်ဝါဒီ ဖရန်ကိုနှင့် စပိန်နိုင်ငံတွင် ဖိနှိပ်ခဲ့ခြင်း

၂၀–ရာစုနှစ်ကို သွေးအိုင်စေသည့်နောက်ထပ် ဖိနှိပ်စိုးမိုးသည့်ဖက်ဆစ်ဝါဒီတစ်ဦးမှာ ဖရန်ကိုဖြစ်၏။ သူသည် ဒါဝင်ဝါဒီဖက်ဆစ်များဖြစ်သော ဟစ်တလာနှင့် မိုဆိုလီနီတို့၏ အကူအညီဖြင့် စပိန်နိုင်ငံတွင် "Falange"လှုပ်ရှားမှုကိုစည်းရုံး၍ စပိန်နိုင်ငံသားများအပေါ် ကြီးကျယ်သောဒုက္ခနှင့်ဖိနှိပ်မှုကို ဆောင်ကျဉ်းပေးခဲ့သည်။ ဖရန်ကိုက သူ၏တိုင်းသူပြည်သားများကို စစ်တွင်းသို့ဆွဲသွင်းခဲ့၍၊ ညီအစ်ကိုအချင်းချင်း၊ သားနှင့်အဖတို့ကို တိုက်ခိုက်စေခဲ့သည်။



စပိန်နိုင်ငံ၏ ပြည်တွင်းစစ်အတွင်း နေ့စဉ်မဒရစ်မြို့တွင် လူ ၂၅၀၊ ဘာစီလိုနာတွင် ၁၅၀ နှင့် စီဗီးလ်တွင် ၈၀ သတ်ဖြတ်ခံရ၏။ အချို့သူတို့ကို ဦးခေါင်း၌ သံမှိုရိုက်နက်သွင်းခြင်းဖြင့် သတ်ဖြတ်ကြသည်။ ဥပမာ၊ မဒရစ်မြို့၏မြောက်ဘက်အရပ်ရှိ ကျေးရွာတစ်ရွာတွင် ဖရန်ကိုအား မဲမထည့်သောကြောင့် ရွာသား ၃၁ ကို ဖမ်းခေါ်သွား၍ ၁၃ ယောက်ကို လော်ရီကားပေါ်တင်သွားပြီး လမ်းဘေးတွင် သတ်ထားခဲ့ကြသည်၊ ၁၁၀၀၀ ရှိသောမြို့ငယ်သို့ဝင်၍ လူ

ပေါင်း ၃၀၀ ကို သတ်ဖြတ်ခဲ့ကြသည်။ ထိုကဲ့သို့ပြည်တွင်း စစ်ဆက် လက်ဖြစ်ခဲ့ရာ၊ လူပေါင်း ရှစ်သိန်းခန့်သေကြေခဲ့၍၊ ဖရန်ကို၏အမိန့်ဖြင့် လူပေါင်း နှစ်သိန်းကို သတ်ဖြတ်ခဲ့ကြသည်။ လူပေါင်းသန်းနှင့်ချီ၍ ဒဏ်ရာရသူရ ဒုက္ခိတဖြစ်သူဖြစ်နှင့် ဒုက္ခရောက်ကျန်ရစ်ခဲ့လေသည်။

## ဖရန်ကိုက ဟစ်တလာကို လက်နက်စမ်းသပ်ရန်အတွက် မြို့ငယ်တစ်မြို့လုံးရှိလူအားလုံးကို ပေးအပ်လိုက်၏

ဖက်ဆစ်ဝါဒီ ဖရန်ကိုအား အများဆုံးထောက်ပံ့အားပေးသူတို့မှာ ဟစ်တလာနှင့် မိုဆိုလီနီဖြစ်သည်။ ဖရန်ကိုကလည်း သူ၏မဟာမိတ်များကို တုံ့ပြန်မှုကောင်းကောင်းပေးခဲ့၏။ သမိုင်းတွင် အရက်စက်ဆုံးစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ဂါနိကာအမည်ရှိမြို့ငယ်တစ်မြို့ကို နာဇီတို့အား ကျေးဇူးဆပ်သည့်အနေနှင့် သူတို့၏လက်နက်စမ်းသပ်ရန် ပေးအပ်လိုက်လေသည်။

> ၁၉၃၇ ခုနှစ် မေလ ၅ ရက်နေ့နံနက်တွင် ဂါနိကာမြို့ငယ်လေးမှ မြို့သူမြို့သားများသည် ကြီးမားသော နာဇီတို့၏ဗုံးကျဲလေယဉ်များ ဗုံးကြီးများကျဲချသည့်သေမင်းကိုတွေ့ဆုံရန် နိုးလာကြလေသည်။ ထိုမြို့ငယ်ကလေးကို ဖရန်ကိုက နာဇီများ၏ ဗုံးကျဲလေယဉ်စမ်းသပ်မှုအတွက် စတေးလိုက်ခြင်းဖြစ်သည်။[၆၄]

ဤအဖြစ်အပျက်မှာ လူးသားများကို ဓါတ်ခွဲခန်းစမ်းသပ်ချက်သုံးတိရစ္ဆာန်များအဖြစ်ယူဆသော အတွေးအခေါ်ကြောင့် ဖြစ်ပေါ်လာသည့်အချက်တစ်ချက် ဖြစ်ပေသည်။ ဤအတွေးအခေါ်သည်၊ သူတို့၏စစ်လက်နက်စမ်းသပ်ခြင်းကြောင့် ထောင်ပေါင်းမြောက်မြားစွာသော လူတို့ကို မစွမ်းမသန်ဖြစ်ကျန်ရစ်စေခြင်း၊ ဒဏ်ရာရစေခြင်းနှင့် အခြားနှိပ်စက်ခြင်း နည်းမျိုးစုံကို ပြုကျင့်စေရန် ပုံစံအမျိုးမျိုး အရေအမျိုးမျိုးခံ၍ ကျန်နေသေးသည်။ လူသားများကို တိရစ္ဆာန်မျိုးစုတစ်မျိုးသာဖြစ်သည်၊ စစ်ဖြစ်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟုမြင်သော ဒါဝင်ဝါဒအတွေးအခေါ်နှင့်အလားတူဖိနှိပ်မှုများ ဆက်လက်သက်ဆိုးရှည်နေသေးသ၍ ဤအခြေအနေ ဤအဖြစ်အပျက်များသည် ဆက်လက်ရှိနေဦးမည်သာဖြစ်၏။







## ပထမနှင့် ဒုတိယကမ္ဘာစစ် ကြိုတင်ပြင်ဆင်မှုတွင် ဒါဝင်ဝါဒ၏ပါဝင်ပတ်သက်မှု

ဗြိတိသျှလူမျိုးသမိုင်းပါမောက္ခ ဂျိမ်းစ် ဂျိုးလ် က သူ၏ Europe Since 1870 ဟူသော စာအုပ်တွင်၊ ပထမကမ္ဘာစစ်ဖြစ်စေခြင်း၏ အင်္ဂါရပ်အကြောင်းရင်းသည်၊ ထိုခေတ်မှ ဥရောပ

တိုက် နိုင်ငံခေါင်းဆောင်များက ဒါဝင်ဝါဒကို ယုံကြည်ခြင်းကြောင့်ဖြစ်သည်ဟု ရေးသားထား၏။

၁၉–ရာစုနှစ်ကုန်ပိုင်းတွင် နယ်ချဲ့ဝါဒအတွေးအခေါ်အပေါ်တွင် ဒါဝင်ဝါဒက မည်သို့သြဇာသက်ရောက်ခဲ့သည်ကို တွေ့ကြပြီးဖြစ်သည်။ သို့သော်လည်း၊ အသက်ရှင်ရေးအတွက် ရုန်းကန်တိုက်ခိုက်



ဒုတိယ ကမ္ဘာစစ်အတွင်း ဂျာမန်တို့ဗုံးကြဲထားသော လန်ဒန်မြို့၏အခြေအနေ



ရသည် ဟူသည့်အတွေးအခေါ်နှင့် အင်အားကြီးသူက ဆက်လက်ရှင်သန်နိုင်ခြင်း ဟူသောအတွေးအခေါ်တို့ကို ဥရောပတိုက်ရှိခေါင်းဆောင်များက ပထမကမ္ဘာစစ်မတိုင်မီ မည်သို့မည်ပုံကောက်ယူ အသုံးပြုကြသည့်အချက်ကို သဘောပေါက်ရန်လည်းအရေးကြီးပေသည်။ ဥပမာ၊ ဩစတြီးယား–

ဟန်ဂေရီတပ်ဗိုလ်ချုပ် ဖရန့်ဇ် ဘေရွန် ကွန်ရာဒ်ဗွန် ဟိုဇင်ဒေါ့ဖ် က သူ၏ဘဝမှတ်တမ်းတွင် အောက်ပါအတိုင်းရေးသားထားပေသည်။–



၂၀ရာစုနှစ်မှ စစ်ကြီးများသည် လူတို့ကို ကြီးကျယ်သော ပျက်စီးဆုံးရှုံးခြင်းသက်ရောက်စေ၏။

"ပရဟိတသာသနာများ၊ ကိုယ်ကျင့်တရားသွန်သင်ချက်များနှင့် အတွေးအခေါ်အဘိဓမ္မာဩဝါဒများသည်၊ လူသားတို့၏ အသက်ရှင်ရေးအတွက် ရုန်းကန်တိုက်ခိုက်ရခြင်းကို အားပျော့စေသော်လည်း၊ ကမ္ဘာလောကမှ လုံးဝဖျောက်ဖျက်ပစ်နိုင်ခြင်းမရှိပေ။–––။ထို့ကြောင့် ဤကြီးကျယ်သောကမ္ဘာစစ်ဖြစ်ရေးမူဝါဒသည် နိုင်ငံတော်အစိုးရနှင့် လူထုအတွင်းမှနေ၍ သဘာဝအလျောက်ဖြစ်ပေါ်လာရသည့် မုန်တိုင်းကြီးပမာ တွန်းအားများအဖြစ် ပေါ်ထွက်လာပေသည်။"

ဤကဲ့သို့သော အတွေးအခေါ်အခြေခံများကို တွေ့မြင်သိရှိရသဖြင့်၊ ဩစတြီယား–ဟန်ဂေရီနန်းကို ဆက်လက်ထိန်းထားရန်အတွက် ကြိုတင်ကာကွယ်သည့်စစ်ကို စတင်တိုက်ခိုက်ရန်လိုအပ်ကြောင်း ကွန်ရာဒ်၏ပြင်းပြင်းထန်ထန်တိုက်တွန်းချက်ကို ကောင်းစွာနားလည်သဘောပေါက်နိုင်ပေသည်။

ဤအမြင်များသည် စစ်ဘက်ဆိုင်ရာဘက်သို့မရောက်အောင် ကန့်သတ်ထားခြင်းမရှိကြောင်းကိုလည်း တွေ့မြင်ခဲ့ကြလေပြီ။ ဥပမာ မက်ဝဲဘ်ဘာက အပြည်ပြည်ဆိုင်ရာ အသက်ရှင်ရေးအတွက် ရုန်းကန်တိုက်ခိုက်ရခြင်းအတွက် စိုးရိမ်မကင်းဖြစ်ပေသည်။ ၁၉၁၄–ခုနှစ်တွင်၊ ဂျာမန်ချာန်ဆလာ (သမတ)သီယိုဘောလ်ဒ် ဗွန် ဘက်မာန်း–ဟိုးလ်ဝဲဂ်၏ အတွင်းရေးအတွင်းဝန်က၊ "လူတို့၏ကြားဆက်ဆံရေးတွင် မဆုံးနိုင်သောမုန်းတီးခြင်းသည် အတွင်းစိတ်၌ သဘာဝမူအရ ရှိနေပြီးသားဖြစ်၏။ ကျွန်ုပ်တို့ နေရာတကာတိုင်း တွေ့မြင်နေရသည့် အကြမ်းဖက်မှုတို့သည် လူသားတို့၏ ဖေါက်ပြန်ခြင်းမဟုတ်ပေ။ သို့သော်လည်း ၎င်းသည် ကမ္ဘာလောကကြီး၏ အနှစ်သာရဖြစ်၍ အသက်ရှင်ခြင်းမှစတင်ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။"[၆၅]

ပထမကမ္ဘာစစ်မှ ဗိုလ်ချုပ်လည်းဖြစ် ဂျာမန်ဆိုရှယ်ဒါဝင်ဝါဒီလည်းဖြစ်သူ ဖရက်ဒရစ်ဗွန် ဘာန်ဟာဒီသည်လည်း ခေါင်းဆောင်တစ်ဦးဖြစ်၏။ "စစ်"သည် သဘာဝဇီဝနိယာမအရ လိုအပ်ချက်တစ်ခုဖြစ်သည်၊ သဘာဝတွင်ပါဝင်သောအရာအားလုံး၏ရုန်းကန်လှုပ်ရှားမှုဖြစ်သည် သဘာဝဇီဝနိယာမ၏ တရားသောဆုံးဖြတ်ချက်ကိုပေး၏ ထိုဆုံးဖြတ်ချက်များသည်လည်း အရာရာ၏သဘာဝပေါ်မှာ မူတည်သောကြောင့်ဖြစ်၏၊ ဟုကြေညာခဲ့သည်။[၆၆]

ကျွန်ုပ်တို့သိခဲ့ကြပြီးသည့်အတိုင်း၊ ပထမကမ္ဘာစစ်သည် ဥရောပသားအတွေးအခေါ်ရှင်များ၊ ဗိုလ်ချုပ်များနှင့် တိုင်းပြည်ခေါင်းဆောင်များက၊ စစ်တိုက်ခြင်း၊ သွေးချောင်းစီးခြင်း၊ နှင့်ဒုက္ခရောက်စေခြင်းတို့သည် "ဖွံ့ဖြိုးမှု" တစ်မျိုးဖြစ်၍ မလွှဲမရှောင်နိုင်သော သဘာဝတရားဖြစ်သည်ဟု မြင်ကြသောကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ခေတ်တစ်ခေတ်လုံးရှိလူထုအားလုံးကို ပျက်စီးယိုယွင်းခြင်းသို့ဆွဲခေါ်ခဲ့သည့် လုံးဝမှားယွင်းသောအတွေးအခေါ်သည် ဒါဝင်၏ "အသက်ရှင်ရေးအတွက်ရုန်းကန်တိုက်ခိုက်ရခြင်း" နှင့် "လက်ရွေးစဉ်လူမျိုးများ" ခံယူချက်ကလွဲ၍ အခြားမဟုတ်ချေ။ ဘာန်ဟာဒီက ဤစကားလုံးများကို ပြောထုတ်ပြီးနောက် နှစ်နှစ်အကြာတွင် ဇီဝဆိုင်ရာဖွံ့ဖြိုးမှုအတွက် ပထမကမ္ဘာစစ်ကြီး စတင်လေသည်။ လူ ၈ သန်းကျော်သေဆုံး၍ မြို့ကြီးပေါင်း ရာနှင့်ချီ၍ပျက်စီးခဲ့သည်။ လူသန်းပေါင်းမြောက်မြားစွာတို့သည်လည်း မသန်မစွမ်း ခြေကြိုးလက်ကြိုး၊ အိမ်မဲ့ယာမဲ့ အလုပ်လက်မဲ့ကျန်ရစ်ခဲ့ကြသည်။ နောင် ၂၁ နှစ်အကြာတွင် နာဇီတို့၌အခြေခံ၍ဖြစ်ပွားသော ဒုတိယကမ္ဘာစစ်ကြီးတွင် လူသန်းပေါင်း ၅၀ ကျော်သေဆုံးခြင်းသည်လည်း ဒါဝင်ဝါဒကြောင့် ဖြစ်၏။

ဟစ်တလာက သူ၏စစ်ပေါ်လီစီနှင့် လူမျိုးဖြုတ်သတ်ဖြတ်ရေးပေါ်လီစီများကို မကြာခဏ ဒါဝင်ဝါဒနှင့်ဆက်စပ်ပြောဆိုခဲ့၏။ စစ်ဖြစ်ခြင်းသည် အင်အားပျော့ညံ့သောလူမျိုးများကို ဖျောက်ဖျက်ရှင်းလင်းခြင်းသာမဟုတ်၊ သခင်မျိုးအတွင်းရှိ အားနည်းချိနဲ့သူများကိုပါ ရှင်းလင်းခြင်းဖြစ်သည်ဟု မြင်လေသည်။ နာဇီတို့က စစ်ဖြစ်ခြင်းကို ဤအကြောင်းကြောင့် ဩဘာပေးခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော်၊ သူတို့၏ မှုမမှန်ဖေါက်ပြန်သောအတွေးအခေါ်အရ စစ်ဖြစ်ခြင်းသည် လူမျိုးတစ်မျိုးတိုးတက်ဖွံ့ဖြိုးရန် လိုအပ်သောအဆင့်ဖြစ်ပေသည်။

အီဗိုလူးရှင်းဝါဒီ အေအီ ဝိဂ်ဂမ်က ၁၉၂၂–ခုနှစ်တွင်ထုတ်ဝေသည့် သူ၏စာအုပ်တွင်၊ "စစ်ဖြစ်ခြင်းသည် လူတို့အတွက်ဖွံ့ဖြိုးမှုဖြစ်သည်" ဟူသော ဟစ်တလာ၏ယုံကြည်ချက်နှင့် ပတ်သက်၍ ရေးသားထားသည်။

> ––တစ်ချိန်တုန်းက လူသားသည် လူနှင့်ဆင်တူသောဝမ်းကွဲညီအစ်ကိုမျောက်ဝံ၏ဦးနှောက်ထက် ပို၍ ကြီးသောဦးနှောက်မရှိခဲ့ချေ။ သို့သော်လည်း၊ ထိုးကြိတ်ကန်ကျောက်ခြင်း၊ ကိုက်ခြင်း၊ တိုက်ခိုက်ခြင်း–––စသည်ဖြင့် ဉာဏ်အမျိုးမျိုးသုံးပြီး သူ၏ရန်သူကိုအနိုင်ရခဲ့၏။ သူ့လောက်ဉာဏ်မမှီသည့်အကောင်က အသတ်ခံခဲ့ရသည်။ ထို့ကြောင့် လူသား၏ဦးနှောက်မှာ ပိုမိုကြီးထွားလာခြင်း၊ အမြော်အမြင်စဉ်းစားဉာဏ်ပိုမို၍ရှင်သန်တိုးတက်လာခြင်း ဖြစ်လာလေသည်။–––[၆၇]

ဟစ်တလာသည် ဝိဂ်ဂမ်ကဲ့သို့သော အီဗိုလူးရှင်းဝါဒီတို့၏ ထောက်ခံအားပေးမှုကိုရယူ၍၊ အသက်ဆက်ရှင်လိုသူတို့အတွက် စစ်ဖြစ်ခြင်းသည် မပြုမနေရသောတာဝန်တစ်ခုဖြစ်သည်ဟု မြင်၏။ ဤအချက်ကို သူ၏ *Mein Kampf* စာအုပ်တွင် ဘွင်းဘွင်းပင်ဖေါ်ပြထားသည်။

> သဘာဝအလျောက် ကမ္ဘာကြီးတစ်ခုလုံးသည်၊ အင်အားကြီးသူနှင့်ချိနဲ့သူတို့အကြား အင်အားပြိုင်ဆိုင်ကြသည့် ယင်ပြင်ဖြစ်၍၊ အင်အားကြီးသူသည် အစဉ်အမြဲ အင်အားချိနဲ့သူကို အနိုင်ရစမြဲဖြစ်၏။ အကယ်၍ ဤကဲ့သို့မဖြစ်ပါက ကမ္ဘာကြီးတဝှမ်းလုံးသည် ပုတ်သိုးပျက်စီးခြင်းနှင့်သာ ပြည့်နက်နေလိမ့်မည်။ အသက်ဆက်လက်၍ ရှင်နေလိုသူသည် တိုက်ခိုက်ရမည်။ ရုန်းကန်တိုက်ခိုက်ခြင်းသည် သဘာဝ၏ထာဝရဖြစ်သောနိယာမဖြစ်သည့် ဤကမ္ဘာတွင် ဆက်လက်အသက်ရှင်ခွင့်မရှိပေ။ ဤအဆိုကို ဆန့်ကျင်သောအတွေးသည် သဘာဝတရားကို "စော်ကားခြင်း" သာလျှင်ဖြစ်၏။ ဝမ်းနည်းကြေကွဲခြင်း၊ ဒုက္ခရောက်ခြင်းနှင့်ရောဂါဖိစီးခြင်းတို့သည် ကမ္ဘာကြီး၏အကြောင်းကို ပြန်လှန်ပြောပြနေခြင်းဖြစ်၏။[၆၈]

ဒါဝင်ဝါဒီတို့၏အဆိုအရ၊ အသက်ရှင်ရေးစစ်တွင်တိုက်ခိုက်ပြီးသည့်နောက် အင်အားကြီးသူက ဆက်လက်အသက်ရှင်၍ မျိုးစုများဖွံ့ဖြိုးတိုးတက်လာသည်။ လူ့အဖွဲ့အစည်းအတွက်လည်း ဤအချက်ကိုခံယူကြသည်။ ထို့ကြောင့် စစ်ဖြစ်ခြင်းကို လူသားလောကကြီးဖွံ့ဖြိုးတိုးတက်ခြင်းအတွက် လိုအပ်ချက်အဖြစ် စတင်မြော်မြင်ကြပေသည်။ ဥပမာ၊ ဟစ်တလာက

သူတို့အတွင်းမှ ချို့နဲ့သူများကို စစ်ဖြစ်ခြင်းဖြင့် ရှင်းလင်းပစ်ခြင်းကို ဂျာမနီနိုင်ငံ၏ ကြီးကျယ်ခန်းနားမှုအဖြစ် သတ်မှတ်ခဲ့သည်။ ဂျာမန်လူမျိုးများအတွက် စစ်ဖြစ်ခြင်းသည် အဆန်းမဟုတ်





သော်လည်း၊ ဤ "သိပ္ပံနည်းကျ" တရားဝင်စေခြင်းသည် သူတို့၏ စစ်လိုလားသောပေါ်လီစီကို ထောက်ခံအားပေးသော အင်အားကြီးတစ်ခုဖြစ်ခဲ့၏။

အခြားတစ်နေရာတွင်၊ ဟစ်တလာက "စစ်ဖြစ်ခြင်းသာမရှိခဲ့ပါက လူသားလောက သည်လည်း ယနေ့ကဲ့သို့တည်ရှိနေမည်မဟုတ်ပေ။" ဟု အခိုင်အမာအဆိုပြုထား၏။[၆၉]

စစ်ဖြစ်ခြင်းနှင့်ပတ်သက်၍ ဟောကဲလ်က၊ ရှေးဂရိလူမျိုးတို့၏ခေတ်ရှိ စပါတန်ခေါ် မြို့နိုင်ငံတော် (နေပြည်တော်)ကြီးမှ ရက်စက်သောနည်းလမ်းများကို အသုံးပြုသင့်သည်ဟု တင်ပြခဲ့သည်။ "လုံးဝကျန်းမာသန်စွမ်းသောခလေးများကလွဲ၍ ကျန်ခလေးများအားလုံးကို သတ်ဖြတ်လိုက်ခြင်းဖြင့်၊ စပါတန်တို့သည် အစဉ်တစိုက် အင်အားတောင့်တင်းသူများဖြစ်ခဲ့ကြသည်။"[၇၀] ဟု တင်ပြခဲ့၏။

ဂျာမနီနိုင်ငံသာမဟုတ်ဘဲ ဥရောပတခွင်လုံးတွင်၊ စစ်ဖြစ်ခြင်းသည် လူဦးရေတိုးပွားခြင်းကို "ထိန်းကွပ်သည့် မရှိမဖြစ်သောအချက်" ဖြစ်သည်ဟု မြင်ခဲ့ကြ၏။ ဂျာမနီလူမျိုး လူမှုရေးဒါဝင်ဝါဒီ ဖရက်ဒရစ် ဗွန် ဘာန်ဟာဒီက၊ "အဆင့်နိမ့်ပြီးဆုတ်ယုတ်နေသည့် လူမျိုးများကို ပိုမိုကျန်းမာသန်စွမ်းပြီး နုပျိုနေသူတွေများပြား၍ ကြွယ်ဝချမ်းသာလာကြအောင် နည်းလမ်းရှာသင့်ပါသည်။ ထို့ကြောင့် စစ်ဖြစ်ခြင်းကို ဖန်တီးခြင်းသည် ရွေးချယ်ခြင်းကိုဖြစ်ပေါ်စေသောကြောင့်၊ ဇီဝနိယာမတရားအရ လိုအပ်ခြင်းဖြစ်ပေသည်။[၇၁]

ကျွန်ုပ်တို့ယခုအချိန်အထိသိခဲ့ရသမျှတွင်၊ ဟစ်တလာနှင့်သူ့ကိုထောက်ခံအားပေးကြသောနာဇီအတွေးအခေါ်ရှင်များက စစ်ဖြစ်ခြင်းသည် ဒါဝင်ဝါဒအတွေးအခေါ်အတိုင်းလိုအပ်သောဆောင်ရွက်ချက်ဖြစ်သည်ဟု မှတ်ယူကြသည်။ ဤယုံကြည်ချက်ကို လက်တွေ့ကျင့်သုံးခြင်းကြောင့် သူတို့၏လူထုနှင့် အခြားကမ္ဘာ့လူထုထံသို့ ဒုက္ခဆင်းရဲခြင်းဘေးအမျိုးမျိုးကို သက်ရောက်စေခဲ့ကြသည်။ ဤအမြင်ရှုထောင့်အရ ဒုတိယကမ္ဘာစစ်တွင် တွေ့ကြုံခံစားကြရသော ဒုက္ခဆင်းရဲခြင်းပေါင်းစုံအတွက် ချားလ်စ်ဒါဝင်သည် အဓိကအပြစ်မကင်းတာဝန်ရှိသူတစ်ယောက်ဖြစ်သည်ဟု ဆိုခြင်းသည် လုံးဝမှန်ကန်သောအချက်ဖြစ်ပေသည်။

ပါမောက္ခဒေါက်တာ ဂျယ်ရီဘာဂ်မဲန်းက ဒါဝင်ဝါဒကြောင့် ဒုတိယကမ္ဘာစစ်တွင် ဖြစ်ခဲ့သော ထိခိုက်နစ်နာမှုများကို ထုတ်ဖော်ပြသထားသည်။

> ဒါဝင်ဝါဒအတွေးအခေါ်များသည် ဂျာမန်လူမျိုးတို့၏ အတွေးအခေါ်နှင့်လက်တွေ့ကျင့်သုံးမှုများတွင် ကြီးကျယ်ထိရောက်သည့်ဩဇာသက်ရောက်မှုရှိကြောင်း သက်သေသာဓကထင်ရှားနေပေသည်။ --အမှန်မှာ အသက်ပေါင်း သန်းပေါင်း ၄၀ ကျော်ဆုံးရှုံးခဲ့၍ ဒေါ်လာသန်းပေါင်း ၆ သိန်းကျော်ကုန်ကျသည့် ဒုတိယကမ္ဘာစစ်အတွက် ကြီးကျယ်ထိရောက်သည့် ဩဇာသက်ရောက်မှုရှိခဲ့သည်ဟု ဆိုရပေမည်။ အီဗိုလူးရှင်းသီအိုရီမှန်ကန်သည်ဟု အခိုင်အမာယုံကြည်သည့်ဟစ်တလာက သူ့ကိုယ်သူ ခေတ်သစ်ကမ္ဘာ့ကယ်တင်ရှင်ကြီးဖြစ်သည်ဟု မှတ်ယူလေသည်။ --အဆင့်မြင့်သောလူမျိုးကို မွေးမြူထုတ်လုပ်ခြင်းဖြင့် ကမ္ဘာက သူ့အားလူသားအီဗိုလူးရှင်းကို ပိုမိုမြင့်မားသောအဆင့်သို့ မြှင့်တင်ပေးသူအဖြစ် မြင်ကြလိမ့်မည်ဟု ယုံကြည်လေသည်။[၇၂]

အမှန်မှာ ဒါဝင်က သူ၏သီအိုရီကို မတင်ပြမီ၊ ကမ္ဘာပေါ်တွင် ယခင်က မရေမတွက်နိုင်သော စစ်များဖြစ်ခဲ့ဘူးလေပြီ။ သို့သော်လည်း ဤသီအိုရီ၏သက်ရောက်မှုကြောင့် စစ်ဖြစ်ခြင်းသည် ပထမဦးဆုံး သိပ္ပံနည်းကျကျတရားသည်ဟု မှားယွင်းစွာလက်ခံကြပေသည်။ ဒါဝင်၏ စစ်နှင့်ပတ်သက်၍ မကောင်းသောပါဝင်မှုနှင့်ပတ်သက်၍ မက်စ် နော်ဒေါင်က *စစ်၏အတွေးအခေါ်နှင့်ကိုယ်ကျင့်တရား (The Philosophy and Morals of War)* ဟူသောဆောင်းပါးတွင် ပြဆိုထားရာ၊ အမေရိကန်နိုင်ငံတွင် ဟိုးလေးတကျော်ဖြစ်သွားဘူးသည်။

> **စစ်ဖြစ်ခြင်းနှင့်ပတ်သက်၍ အကြီးကျယ်ဆုံးဩဇာရှိသူနှင့်ထောက်ခံမှုပေးသူသည် ဒါဝင်ဖြစ်၏။** အီဗိုလူးရှင်းသီအိုရီကို ကြေညာပြဌာန်းလိုက်သည့်နေ့မှစ၍၊ သူတို့၏သဘာဝဗီဇဆိုးသွမ်းမှုကို


ဒါဝင်၏နာမည်ဖြင့် ဖုံးအုပ်ကွယ်ဝှက်ထား၍ သူတို့၏အသဲနှလုံးတွင် ကိန်းအောင်းနေသည့် သွေးဆာသော ပင်ကိုစရိုက်ကို နောက်ဆုံးသိပ္ပံဝေါဟာရသုံး၍ ကြေညာကြတော့သည်။[၃၃]

## တကမ္ဘာလုံး နေရာတကာစစ်ဖြစ်ခြင်း




၁၉–ရာစုနှစ်တွင်ဖြစ်သောစစ်ကြီးသည် ဒါဝင်၊ မာက်စ် နှင့် ဖရွိဒ်တို့ကဖန်တီးခဲ့သည့်စစ်ဖြစ်သလို၊ ၂၀–ရာစုနှစ်တွင်ဖြစ်သည့် ကမ္ဘာပေါ်တွင် သွေးထွက်သံယိုအများဆုံးဖြစ်သည့်စစ်ကြီးများသည်လည်း၊ ကြုံကြိုက်၍မတော်တဆဖြစ်ခဲ့ခြင်းမဟုတ်ချေ။ ဒါဝင်ဝါဒက နောက်ဆုံးစစ်ဖြစ်ခြင်းဖြင့်အဆုံးသတ်မည့် သိပ္ပံနည်းကျသည်ဟူသည့်သီအိုရီကိုစီစဉ်ပြင်ဆင်ခဲ့သည်။ စစ်ဖြစ်ခြင်းသည် လူသားတို့၏တိုးတက်ဖွံ့ဖြိုးမှုတစ်ခုဖြစ်၍ မလွဲမရှောင်သာသောကိစ္စဖြစ်သည်ဟု ယုံကြည်ကြသည့် သူ၏နောက်လိုက်များကလည်း စစ်ကြီးနှစ်ခုစလုံးတွင် လူပေါင်းသန်းပေါင်း ၆၀ ကျော် သတ်ဖြတ်ခဲ့ကြ၏။







ဖခင်တစ်ယောက်က၊ အစိုးရတပ်များစီယက်ကောင်းတပ်များကို လိုက်တိုက်သဖြင့် သေဆုံးသွားသော သူ၏သားအလောင်းကို တောင်စီယက် နမ်စစ်သားများအား ပြသနေစဉ် တွေ့ရပုံ။

အပြစ်တင်ရန်နည်းလမ်းမှာကား လူတို့အပေါ်၌ နှိပ်စက်ကြသောတိုင်းပြည်၌ မတရားသဖြင့်ဆုပ်မှု သောင်းကျန်း ဆိုးသွမ်းသူတို့အပေါ်၌သာလျှင် ရှိပေသည်။ ယင်းကဲ့သို့သောသူတို့၌ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်ရှိချေမည်။
(ရှူရာအလ်ရှုရာ ၄၂:၄၂)

## ဘော့စ်နီယာနှင့်ကိုဆိုဗို

မကြာသေးမီက ဘော့စ်နီယာနှင့် ကိုဆိုဗိုတွင် ဖြစ်ခဲ့သော အဖြစ်အပျက်များကို ဘယ်သောအခါမှ မေ့မရနိုင်ချေ။ မှတ်စလင်မ်ဖြစ်ခြင်း၊ ယဉ်ကျေးမှုမတူခြင်း၊ သနားကြင်နာမှု ကူညီမှုမရှိခြင်းစသည်တို့ကြောင့် ဥရောပတိုက်အလယ်တွင် အပြစ်မဲ့သူတို့အသတ်ခံကြရခြင်းသည်၊ ၂၀ရာစုနှစ်တွင် လူ့ကိုယ်ကျင့်တရားနှင့် ကြင်နာတရားကင်းမဲ့ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်၏။









## ကိုးရီးယားစစ်ပွဲ

၁၉၅၀ခုနှစ်မှ ၁၉၅၃ခုနှစ်အထိ တိုက်ခိုက်ခဲ့သည့် ကိုးရီးယားစစ်ပွဲသည် အပြစ်မဲ့သူ ဇရာအိုများ၊ ခလေးများနှင့် မိန်းမသားများကို ကြီးကျယ်စွာ ဒုက္ခပေးခဲ့၏။ လူသားတို့သည် အပြစ်မရှိသူတို့အပေါ် အတိုင်းတိုင်းကြည့်နေရင်းဘုံးကျဲသတ်ဖြတ်နိုင်သည်အထိ ရက်စက်ကြမ်းကြုတ်လာကြလေပြီ။

# ဂျကာတာမြို့

ဂျကာတာမြို့၌ဖြစ်သော မေလထကြွမှုတွင် ဗလီများ၌လူသေအလောင်းများ ပြည့်နက်လျက်ရှိ၏။ တတိုင်းပြည်လုံးတွင်အဓိကရုဏ်းဖြစ်ခဲ့ရာ မြို့များသည်ပျက်စီးယိုယွင်းကုန်၍ ကားများသည်လည်း မီးရှို့ခံရ၏။









## မြောက်အိုင်ရာလန်

နှစ်ပေါင်းများစွာ ဗြိတိန်နိုင်ငံနှင့် အိုင်ရစ်ရီပါဘလီကင်အာမီတို့ တိုက်ခိုက်ကြခြင်းကြောင့် စုံးခွဲဒဏ်ကြောင့်



လမ်းများလည်းပျက်၊ လူတွေလည်းတကွဲတပြား ထိတ်လန့်တကြား နေထိုင်ကြရ၏။



အထက်ပုံမှာ ၁၉၇၂ခုနှစ်အခြေအနေကိုပြ၍၊ အောက်ပုံမှာ ၁၉၈၆ခုနှစ်ပုံဖြစ်သည်။



## လိုင်ဘေးရီယား

ပြည်တွင်းပဋိပက္ခတွင် မကြာခဏတွေ့ရသော မြင်ကွင်း။





## နီအိုနာဇီများ

ဖက်ဆစ်ဝါဒခေါင်းဆောင်များဖြစ်သည့် ဟစ်တလာနှင့် မိုဆိုလီနီတို့အပြင် နာဇီပါတီအဖွဲ့အစည်းနှင့်ဆက်စပ်သော (အက်စ်အေ၊ အက်စ်အက်စ်၊ ဂျက်စတာပို)စသည်တို့ သို့မဟုတ် မိုဆိုလီနီ၏ “အင်္ကျီနက်”တို့သည်၊ အတိတ်ကာလမှာ ကျန်ရစ်ခဲ့ပြီဟုထင်ရ၏။ သို့သော်လည်း သူတို့၏အတွေးအခေါ်ကို လိုက်နာကျင့်သုံးသည့် နီအိုနာဇီအဖွဲ့က လှုပ်ရှားလျက်ရှိနေသေးသည်။ မကြာခင်နှစ်များတွင်၊ ဥရောပနိုင်ငံအမြောက်အမြားတွင် လူမျိုးရေးနှင့် ဖက်ဆစ်လှုပ်ရှားမှုများ ပြန်လည်အသက်ဝင်လာ၏။ ဂျာမနီနိုင်ငံမှ နီအိုနာဇီလှုပ်ရှားမှုသည် ရှေ့တန်းတွင် ပါဝင်နေပေသည်။

ဖက်ဆစ်ဝါဒသည် ယနေ့တိုင် အသက်ရှင်နေသေးသည်။ နီအိုနာဇီအုပ်စုများက အထူးသဖြင့် ဂျာမနီနိုင်ငံတွင် မကြာခဏ တိုက်ခိုက်ခြင်းနှင့်ငြိမ်ဝပ်ပိပြားရေးကိုနှောင့်ယှက်ခြင်းပြုကြ၏။ ဒါဝင်ကိုချီးကြူးသည့် နီအိုနာဇီတို့၏အင်တာနက်စာမျက်နှာများတွင် တူရကီလူမျိုးများကို အဓိကထား တိုက်ခိုက်ကြသည်။



နီအိုနာဇီများတွင် အလုပ်လက်မဲ့တေလေကျပိုးလူမိုက်များ၊ မူးယစ်ဆေးဝါးစွဲသူများ၊ သွေးဆာသည့်လူမိုက်မျိုးစုံနှင့် ဖက်ဆစ်ဝါဒစိတ်နေစိတ်ထားနှင့်အင်္ဂါရပ်များဖြင့်ပြည့်စုံသူများ ပါဝင်ကြ၏။ သတင်းဆောင်းပါးတစ်ခုတွင် ထိုနီအိုနာဇီလူမိုက်များသည် မည်မျှသွေးဆာကြ၍ အကြမ်းဖက်လိုကြသည့်အကြောင်းကို ရေးသားထား၏။

> ဖက်ဆစ်အိုလံပီယာအုပ်စုအဖွဲ့ဝင်တို့၏တန်ဖိုးအားလုံးကို သွေး၊ ဂုဏ်ကြက်သရေနှင့် အရူးအမူးအယူသန်ခြင်း(blood, honour, and fanaticism) ဟူသည့် စကားသုံးလုံးဖြင့်ခြုံငုံဖော်ပြနိုင်ပေသည်။ ယနေ့အချိန်တွင် အဖွဲ့ဝင်ပေါင်း ၃၅၀၀၀ ရှိနေလေပြီ။ ထကြွလိုသည့်ဆန္ဒ လွှန်လွှန်ကဲကဲဖြစ်နေကြသည်ကို သူတို့၏မျက်လုံးတွင်အတိုင်းသားပေါ်လွင်နေပေသည်။[၇၄]

နီအိုနာဇီတို့သည် သူတို့၏ "ကြီးကျယ်သောခေါင်းဆောင်ကြီး"များကဲ့သို့ ဒါဝင်ဝါဒသဘောတရား၏ဩဇာအောက်တွင်ရောက်နေကြသည်။ နာဇီနှင့်လူမျိုးခွဲခြားရေးဝါဒဖြန့်မှုအတွက် ဖွင့်ထားသော အင်တာနက်စာမျက်နှာများတွင် ဒါဝင်၏စကားများနှင့် ဒါဝင်ကိုချီးကြူးသည့် စကားများတွေ့နိုင်ပေသည်။ ဒါဝင်၏စကားများသည် သူတို့၏လှုပ်ရှားမှုနှင့် အတွေးအခေါ်များကို ထောက်ခံအားပေးနေခြင်းကြောင့်ဖြစ်သည်။ သူတို့၏အင်တာနက်စာမျက်နှာများတွင် ဒါဝင်ဝါဒကို ရှေ့တန်းတင်ဖော်ပြထားပြီး၊ ၎င်းသီအိုရီကို မှန်ကန်ကြောင်းသက်သေသာသကေရှာဖွေနေရန်မလိုအပ်ဘဲ အမှန်တရားအဖြစ်လက်ခံကြရန်လိုအပ်သည်ဟု ဆိုထားသည်။

နီအိုနာဇီတို့၏ဝင်ရောက်တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့သည် အင်မတန်ရက်စက်ကြမ်းကြုတ်ပေသည်။ နီအိုနာဇီတို့သည် လူတို့ကို အရှင်လတ်လတ်မီးရှို့သတ်ခြင်း၊ လူတွေကို ခြောက်လန့်ခြင်း၊ ခလေးငယ်များကို ညှင်းပန်းနှိပ်စက်ခြင်း၊ စသည်တို့ကို အလွန်

သဘောကျအရသာတွေ့ကြသည်။ သူတို့၏အဓိကပစ်မှတ်များသည်လည်း တူရကီလူမျိုးများ ဖြစ်ကြသည်။ သူတို့၏အင်တာနက်စာမျက်နှာတိုင်းတွင် တူရကီလူမျိုးများကို မုန်းတီးခြင်းအကြောင်း ရေးသားထားကြသည်။ ထိုမုန်းတီးခြင်းကို လက်တွေ့လည်းဖေါ်ပြထားပေသည်။ အောက်ပါစာကြောင်းများသည် နီအိုနာဇီတို့၏ အင်တာနက်မှ ကူးယူဖေါ်ပြခြင်းဖြစ်ပါသည်။

> ဥပမာ၊ ယနေ့ကျွန်ုပ်တွင်အာဏာရှိပါက၊ တူရကီလူမျိုးအများစုကို ဓါတ်ငွေ့ခန်းတွင် ထည့်သတ်သည်ကို တွေ့လိုပါသည်။[၇၅]

ဤတစ်ခါ နီအိုနာဇီတို့က တူရကီလူမျိုးများကို ရန်မူခြင်းသည်လည်း ချားလ်စ်ဒါဝင်ကို အခြေခံခြင်းဖြစ်ပေသည်။ နီအိုနာဇီတို့က သူတို့တူရကီလူမျိုးများကို မုန်းတီးရခြင်းအကြောင်းနှင့်ပတ်သက်၍ ဒါဝင်၏မှားယွင်း၍ဉာဏ်တိမ်သောတင်ပြချက်များမှ ကောက်နုတ်ချက်များဖြင့် သိပ္ပံနည်းကျသည်ဟု ရှင်းပြကြသည်။ ဤအခန်း၏ နောက်ဆုံးစာမျက်နှာတွင် နီအိုနာဇီအင်တာနက်များတွင် ဒါဝင်အားချီးကြူးထားပုံနှင့် တူရကီနိုင်ငံနှင့်ပတ်သက်၍ သူတို့ပြောဆိုလိုသည့်အချက်များကို ပြထားပါသည်။

လွန်ခဲ့သည့်မကြာသေးမီအချိန်တွင် တူရကီလူမျိုးများကိုဆန့်ကျင်သည့် အကြမ်းဖက်မှုများပြားလာသည်ကို တွေ့ရ၏။ ၂၀၀၀–ခုနှစ် ဩဂုတ်လ ၁၂–ရက်နေ့ထုတ် တူရကီဘာသာ *ဆဘာနေ့စဉ်* သတင်းစာတွင် ၂၀၀၀–ခုနှစ်နွေရာသီအတွင်း နီအိုနာဇီတို့၏ တိုက်ခိုက်မှုများကို စာရင်းပြုစုတင်ပြထား၏။

– ဇွန်လတွင် တူရင်ဂျင်ပြည်နယ် ဂျီရာမြို့ရှိ အလ်ရဟ်မန်တူရကီဗလီ၏ ပြတင်းပေါက်မှန်များကို ခဲနှင့်ပေါက်၍ ဖျက်ဆီးသည်။

– ဘာဒင်ဂူတင်ဘာဂ်ပြည်နယ် အီပင်ဂျင်မြို့ငယ်မှ တူရကီဗလီတွင် မိုလိုတော့ကောက်တေးနှစ်လုံး ပစ်ထည့်သည်။

– ပင်နီဘာဂ်မြို့ ဥတာဆင်ရပ်ကွက်မှ အစိမ်းရောင်ဗလီသို့ မိုလိုတော့ကောက်တေး တစ်လုံးပစ်ထည့်သည်။

– မီမင်ဂျင်မြို့ရှိ တူရကီများနေထိုင်သည့် အိမ်တစ်လုံးကို မီးရှို့ပစ်သည်။

– ဘိုချော့တွင် တူရကီလွှာက်ရည်ဆိုင်နှင့် လေဘာနွန်သားများနေထိုင်သည့် တိုက်ကို မီးရှို့သဖြင့် လူ ၁၄ ဦးဒဏ်ရာရ၍ တစ်ဦးမှာပြင်းထန်သောဒဏ်ရာရရှိ၏။

– ဂျာမနီနိုင်ငံ အရှေ့ပိုင်းရှိ ချဲမ်နစ်ဇ်မြို့တွင် အီရာက်လူမျိုး အသက် ၇ လရှိ ခလေးငယ်ကို မြေပေါ်သို့ပေါက်ချလိုက်သဖြင့် ခလေးငယ်၏မျက်နှာသည် ကောင်ကရစ်ကြမ်းပြင်နှင့်ရိုက်မိရာတွင် ဒဏ်ရာပြင်းထန်စွာရရှိသွား၏။

မကြာသေးမီက ထို့ထက်ယုတ်ပတ်သောအပြုအမူများရှိသေးသည်။ ဒါဝင်၏ တူရကီလူမျိုးများအပေါ်မုန်းတီးရန်လိုမှုကို သူတို့၏ရှေ့ဆောင်လမ်းပြအဖြစ်ယူ၍၊ ၁၉၉၂–ခုနှစ် နိုဝင်ဘာလတွင် မိုလ်မြို့တွင် တူရကီလူမျိုးများအားဝင်ရောက်တိုက်ခိုက်ကြသည်။ နောင် ၁၉၉၃–ခုနှစ်တွင် နီအိုနာဇီတို့က ဆိုလင်ဂျင်မြို့၌ တူရကီလူမျိုးတို့ကို မီးရှို့သတ်ဖြတ်ကြသည်။[၇၇] သတင်းစာများကလည်း "ဤတိုက်ခိုက်မှုသည် နာဇီခေတ်နောက်ပိုင်းတွင် အပြင်းထန်ဆုံးသော စုပေါင်းစည်းရုံးတိုက်ခိုက်ခြင်းဖြစ်သည်။" ဟု ရေးသားကြပေသည်။ နောင်နှစ်များတွင်လည်း ဤသို့သောတိုက်ခိုက်မှု ဆက်လက်၍ ဖြစ်ပွားလေသည်။ တူရကီလူမျိုးတို့၏အိမ်များကို မီးတင်ရှို့ခြင်း၊ တူရကီလူမျိုးများကို ရိုက်နှက်သဖြင့် ဒဏ်ရာရရှိကြခြင်းများဖြစ်ပွားသည်။ ဂျာမနီနိုင်ငံမှာကဲ့သို့ ဟော်လန်နိုင်ငံတွင်လည်း ထိုနည်းနှင်နှင်ဖြစ်ပွားသည်။ တူရကီလူမျိုးများကို ရည်ရွယ်၍ တိုက်ခိုက်သော အဖြစ်အပျက်တစ်ခုတွင် မိန်းမတစ်ယောက်နှင့် ခလေးငါးယောက် အသတ်ခံရ၏။ တန်းစီ၍အသုဘပို့ရာ၌ ပါဝင်သူများသည် ဆဝပ်တီကာ(စကြာတံဆိပ်)ပါသော စာများဖြင့် ခြိမ်းခြောက်ခြင်းခံကြရသည်။




နီအိုနာဇီတို့ ၁၉၉၂ခုနှစ်တွင်မိုလ်မြို့၌ တူရကီလူမျိုးများကို တိုက်ခိုက်ကြစဉ်။

တူရကီလူမျိုးများကို တိုက်ခိုက်သည့် ဤအဖြစ်အပျက်များမှာ အချို့သာလျှင်ဖြစ်ပါသည်။ ဟစ်တလာကဲ့သို့သော ဖက်ဆစ်ဝါဒီနှင့် ဒါဝင်တို့၏အမွေခံများ သတ်ဖြတ်သည့်ရာဇဝတ်မှုများသည် ဆက်လက်၍ ရှိနေပေသည်။ ဤကဲ့သို့သော လူမဆန်သည့်တိုက်ခိုက်မှုများကို ဥပဒေအရအရေးယူခြင်းတစ်မျိုးတည်းဖြင့်သာ ကုန်ဆုံးနိုင်မည်မဟုတ်ပါ။ သေချာသောနည်းမှာ ဥပဒေအရအရေးယူသည့်အပြင် အတွေးအခေါ်အရတိုက်စစ်ဆင်ခြင်းလည်း ပါဝင်ရန်လိုအပ်ပေသည်။ ဒါဝင်၏အတွေးအခေါ်ကို သိပ္ပံပညာလောကမှ ဖြုတ်ချနိုင်ခြင်းမရှိသမျှကာလပတ်လုံး လူမျိုးခွဲခြားရေးသည် သဘာဝနိယာမတစ်ခုဖြစ်သည်ဟု ယုံကြသူတို့၏ ဒေါသထွက်ဖွယ်ရာ ပြုမူချက်များသည်လည်း ရပ်တန့်သွားမည်မဟုတ်ပေ။




Deutschland im Herbst


Die neue deutsche Welle
NEO-NAZIS

# အခန်း ၄

# ဒါဝင်ဝါဒ –
# ကွန်မြူနစ် ရက်စက်မှု၏
# ပင်ရင်း



ကျွန်ုပ်တို့မကြာသေးမီက ကျော်လွန်ခဲ့သည့် ရာစုနှစ်အတွင်း လူသားတို့အား အကြီးကျယ်ဆုံးသော ရက်စက်ကြမ်းကြုတ်မှုနှင့် ဆုံးရှုံးမှုကို ပေးဆောင်ခဲ့သော၊ ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံး ပျံ့နှံ့ခဲ့သောအတွေးအခေါ်သည်၊ ကွန်မြူနစ်ဝါဒဖြစ်ကြောင်း သံသယဖြစ်စရာ အကြောင်းမရှိချေ။ ယနေ့အချိန်တွင်ပင်၊ တစ်ဦးတစ်ယောက်က ရုရှားနိုင်ငံနှင့်သံကန့်လန့်ကာ နိုင်ငံများအကြောင်းပြောပါက၊ မှောင်မိုက်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း၊ အသက်ကင်းမဲ့သောလမ်းမများ၊ ခက်ခဲမှုနှင့်ကြောက်ရွံ့ထိတ်လန့်မှုစသည်တို့နှင့်ပြည့်နက်နေသောလူ့အဖွဲ့အစည်းပုံကို မျက်စိ၌ချက်ချင်းပေါ်လွင်လာမည်ဖြစ်၏။ ၁၉၉၁–ခုနှစ်တွင် ကွန်မြူနစ်ဝါဒသည် ပျက်စီးကျေမွသွားပြီဟု ထင်ကြသော်လည်း၊ ၎င်း၏အကျွင်းအကျန်အစအနများမှာ ယနေ့အထိ ရှိနေသေးသည်။ တဖက်တွင် "လွတ်မြောက်ပြီ" ဟုဆိုသော်လည်း၊ လူအများကို ဘာသာရေးနှင့်ကိုယ်ကျင့်တရားတို့မှသွေဖြည်သွားစေသည့် နောင်တမရသေးသောကွန်မြူနစ်ဝါဒနှင့်မားက်စ့်ဝါဒတို့၏မဲမှောင်သည့်မျက်နှာက ဩဇာလွှမ်းမိုးနေဆဲဖြစ်ပေသည်။

တကမ္ဘာလုံး၏ ထောင့်တိုင်းသို့ တုန်လှုပ်ခြောက်ခြားမှုကို ဖြန့်ခဲ့သည့်ဤအတွေးအခေါ်သည်၊ ရှေးပဝေသနီကအတွေးအခေါ်တစ်ခုကို ကိုယ်စားပြုခြင်းဖြစ်ပေသည်။ ထိုအတွေးအခေါ်သည်၊ ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့် အမှန်တရားကိုရှာဖွေခြင်း (dialectics)ဖြစ်၍၊ ယင်းအတွေးအခေါ်အရ စကြာဝဠာတစ်ခုလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုသည် ပဋိပက္ခဖြစ်ခြင်းမှပေါ်ပေါက်လာသည်ဟုဆို၏။ ဤအတွေးအခေါ်ကိုအခြေခံ၍ မားက်စ့်နှင့်အင်ဂျဲလ်တို့က ကမ္ဘာ့သမိုင်းကို ဆန်းစစ်ကြလေသည်။ မားက်စ့်က လူ့သမိုင်းသည် ထိုပဋိပက္ခများတွင်တစ်ခုအပါအဝင်ဖြစ်၍၊ လက်ရှိပဋိပက္ခမှာ အလုပ်သမားများနှင့် အရင်းရှင်များအကြားတွင်ဖြစ်သော ပဋိပက္ခဖြစ်သည်ဟု ဆိုသည်။ သူ၏အဆိုအရ အလုပ်သမားများသည် မကြာမီအတွင်း ထကြွလှုပ်ရှားလာကြပြီး ကွန်မြူနစ်တော်လှန်ရေး စတင်လိမ့်မည်ဟု ဆိုသည်။

ကွန်မြူနစ်ဝါဒကို တည်ထောင်ခဲ့သူနှစ်ဦးစလုံးတို့၏အထင်ရှားဆုံးအင်္ဂါရပ်မှာ၊ အခြားရုပ်ဝါဒီများကဲ့သို့ပင်၊ ဘာသာအယူဝါဒကို အကြီးအကျယ်မုန်းတီးသည့်စိတ်ထား မွေးကြလေသည်။ မားက်စ့်နှင့်အင်ဂျဲလ်တို့နှစ်ဦးစလုံးသည် မိစ္ဆာဒိဋ္ဌိများဖြစ်ကြ၍၊ ကွန်မြူနစ်ဝါဒအမြင်အရ၊ ဘာသာအယူဝါဒအားလုံးကို ဖျက်ဆီးပစ်ရန်လိုအပ်သည်ဟု မြင်ကြ၏။

သို့သော်လည်း မားက်စ့်နှင့်အင်ဂျဲလ်တို့သည်၊ အလွန်အရေးကြီးသည့် ချို့ယွင်းချက်တစ်ခုရှိနေကြသည်။ သူတို့၏အတွေးအခေါ်ကို အများလူထုအကြိုက်တွေ့နိုင်အောင် စည်းရုံးနိုင်မည့်အချက်ဖြစ်သည့် သိပ္ပံနည်းဆန်သည့် ပုံစံလိုအပ်နေကြသည်။ မဟာအန္တရာယ်ကြီးဖြစ်၍၊ နှစ်ဆယ်ရာစုနှစ်ကို နာကြည်းဘွယ်ရာသော ဗရမ်းဗတာရှုပ်ထွေးမှု၊ အုပ်စုလိုက်သတ်ဖြတ်မှု၊ ညီအစ်ကိုအချင်းချင်းကို ရန်ဘက်များဖြစ်စေမှု၊ တကွဲတပြားဖြစ်စေမှုများဖြင့်ပြည့်နက်စေသည့် မဟာမိတ်သည် ဤအချက်မှပေါ်ပေါက်လာခဲ့လေသည်။ ဒါဝင်က သူ၏သီအိုရီကို *မျိုးစုများစတင် ပေါ်ပေါက်ခြင်း* ***(The Origin of Species)*** ဟူသောစာအုပ်တွင် တင်ပြထား၏။ သူ၏တင်ပြသော အခြေခံချက်များမှာလည်း မားက်စ့်နှင့်အင်ဂျဲလ်တို့ရှာဖွေနေသည့်ရှင်းလင်းချက်နှင့် အံကိုက်ဖြစ်နေသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ ဒါဝင်က၊ သက်ရှိသတ္တဝါများသည် အသက်ရှင်ရေးအတွက် ရုန်းကန်ကြသဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု တင်ပြထားသည်။ ဆိုလိုရင်းမှာ "dialectical conflict"ခေါ် ပဋိပက္ခကိုဆန်းစစ်ခြင်း၏ရလာဒ်ဖြစ်သည်ဟုဆိုသည်။ ထို့အပြင် ဖန်ဆင်းခြင်းကိုငြင်းပယ်၍ ဘာသာအယူဝါဒကိုပယ်ချလေသည်။ မားက်စ့်နှင့်အင်ဂျဲလ်တို့အတွက် ယင်းတင်ပြချက်သည် လက်လွှတ်၍မဖြစ်သည့် အခွင့်ကောင်းဖြစ်နေပေသည်။

## ဒါဝင်ကို မားက့်စ်နှင့်အင်ဂျဲလ်တို့က ချီးကြူးခြင်း

ဒါဝင်သီအိုရီသည် ကွန်မြူနစ်ဝါဒအတွက်အလွန်အရေးကြီးပေသည်။ ဒါဝင်၏စာအုပ်ရိုက်ထုတ်ပြီး လပေါင်းအနည်းငယ်အတွင်း အင်ဂျဲလ်က မားက့်စ်သို့ စာတစ်စောင်ရေးခဲ့ရာ **"ယ္ခုကျွန်ုပ်ဖတ်နေသော ဒါဝင်၏စာအုပ်သည် သိပ်ကိုကောင်းလွန်းပါတယ်ခင်ဗျာ။"**[၇၉] ဟု ထည့်ရေးခဲ့၏။

၁၈၆၀–ခုနှစ် ဒီဇင်ဘာလ ၁၉–ရက်နေ့တွင် မားက့်စ်က အင်ဂျဲလ်ထံသို့ "ဒီစာအုပ်ထဲမှာ ကျုပ်တို့နှစ်ယောက်ရဲ့ သဘာဝသမိုင်းအမြင်အတွက် အခြေခံတွေပါဝင်နေပါတယ်။"ဟု စာပြန်ရေးခဲ့လေသည်။

ကွန်မြူနစ်ဝါဒကို တည်ထောင်ခဲ့သော
ကာလ်မာက့်စ်နှင့် ဖရက်ဒရစ်အင်ဂျဲလ်



မားက့်စ်၏နောက်ထပ်ယောင်းရင်းတစ်ဦးဖြစ်သူ လာဆေးလ်သို့ရေးသော ၁၈၆၁–ခုနှစ် ဇန္နဝါရီလ ၁၆–ရက်နေ့စွဲပါစာတွင် "ဒါဝင်၏စာအုပ်သည် အလွန်အရေးပါအရာရောက်ပါသည်။ ကျွန်ုပ်အား လူတန်းစားရုန်းကန်လှုပ်ရှားမှုသမိုင်းအတွက် သဘာဝသိပ္ပံအခြေခံကို ပေးပါသည်။"[၈၀]ဟု ကွန်မြူနစ်ဝါဒအတွက် အီဗိုလူးရှင်းသီအိုရီ၏အရေးပါအရာရောက်ခြင်းကို ထုတ်ဖေါ်ထားပေသည်။

မားက့်စ်က သူ၏အရေးကြီးဆုံး ဒါးစ်ကက်ပီတာလ် *(Das Kapital)* စာအုပ်တွင် ဒါဝင်အားရည်ညွှန်း၍ ဂါရဝပြုခဲ့၏။ ဒါဝင်ကိုပေးသော မားက့်စ်၏ထိုစာအုပ်ပထမအစောင်တွင် မားက့်စ်ကသူ့ကိုယ်သူ အင်္ဂလိပ်သဘာဝသိပ္ပံပညာရှင်အား "အသဲနှလုံးမှချီးကြူးနေသူ"ဟု မှတ်ချက်ရေးပေးခဲ့လေသည်။[၈၁]

အင်ဂျဲလ်ကလည်း အခြားတစ်နေရာတွင် ဒါဝင်ကို ချီးကြူးထားသည်ကို တွေ့ရ၏။

> သဘာဝသည် ဒိုင်အာလက်တစ်(အနုပဋိလောမ)ကိုစမ်းသပ်ခြင်းဖြစ်သည်။ ထို့ကြောင့် သဘာဝသည် ဒိုင်အာလက်တစ်အတွေးအခေါ်အတိုင်းပြုမူဖြစ်ပေါ်၍ သဘာဝလွန်အင်အားများဖြင့်

ဖြစ်ပေါ်ခြင်းမရှိချေ။ ဤအချက်တွင် ဒါဝင်သည် အခြားသူများထက် ဦးစွာပထမဆုံးတွေးတောသူဖြစ်သည်ဟု အသိအမှတ်ပြုရပါမည်။[၈၂]

## မာက္စ်ဝါဒ၏ သမိုင်းအမြင် ပျက်သုဉ်းသွားခြင်း

ကွန်မြူနစ်ဝါဒကို တည်ထောင်ခဲ့သော ကားလ်မားက္စ်သည်၊ သမိုင်းကို စဉ်းစားဆင်ခြင် သုံးသပ်ရာတွင် သူ့အပေါ်နက်နက်နဲနဲသြဇာသက်ရောက်ခဲ့သော ဒါဝင်၏အတွေးအခေါ်ကို လိုက်ဖက်ညီထွေမှုရှိအောင် ညှိနှိုင်းပြင်ဆင်ယူထားသည်။ မားက္စ်၏အဆိုအရ၊ လူ့အဖွဲ့အစည်းသည် သမိုင်းတလျှောက် အဆင့်အမျိုးမျိုးဖြတ်သန်းလာခဲ့၍၊ ထိုပြောင်းလဲသောအဆင့်များကို သတ်မှတ်ပေးသောအင်္ဂါရပ်များသည်၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှုအကြားဆက်သွယ်မှုများဖြစ်သည်ဟု ဆိုသည်။ ဤအမြင်အရ စီးပွားရေးသည် အစစရာရာကို ထိန်းချုပ်၏။ လူ့သမိုင်းသည် အီဗိုလူးရှင်းပြောင်းလဲမှုအဆင့်များကို ဖြတ်သန်းခဲ့ရသည်။ ကမ္ဘာဦးလူ့အဖွဲ့အစည်း၊ ကျွန်ခေတ်လူ့အဖွဲ့အစည်း၊ ပဒေသရာဇ်လူ့အဖွဲ့အစည်း၊ အရင်းရှင်လူ့အဖွဲ့အစည်းနှင့် နောက်ဆုံးကွန်မြူနစ်လူ့အဖွဲ့အစည်းတည်းဟူသော အဆင့်များဖြစ်သည်။

သို့သော်လည်း၊ မားက္စ်၏အဆိုပြုချက်ဖြစ်သည့် အီဗိုလူးရှင်းအဆင့်ကာလပိုင်းများသည် ကျိုးကြောင်းညီညွတ်ခိုင်လုံခြင်းမရှိကြောင်း ပြခဲ့လေပြီ။ သမိုင်းတွင် မည်သည့်လူ့အဖွဲ့အစည်းကမှ မားက္စ်တင်ပြထားသော အီဗိုလူးရှင်းအဆင့်များကို ဖြတ်သန်းလာခြင်းမတွေ့ရချေ။ ဆန့်ကျင်ဘက်အဖြစ် လူ့အဖွဲ့အစည်းတစ်ခုခုတွင် မားက္စ်တင်ပြသကဲ့သို့သောအစီအစဉ်မဟုတ်ဘဲ ဖြစ်ပေါ်နိုင်သလို တချိန်တည်းတွင်လည်းဖြစ်ပေါ်သည်ကို တွေ့ရပေသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်းတစ်ပိုင်းက ပဒေသရာဇ်စနစ်ကဲ့သို့သောစနစ်ဖြစ်ပေါ်နေစဉ်၊ အခြားအပိုင်းတွင် အရင်းရှင်စနစ်ကိုကျင့်သုံးနေပေသည်။ ထို့ကြောင့် မားက္စ်ကတင်ပြသကဲ့သို့ အီဗိုလူးရှင်းသီအိုရီအတိုင်း စနစ်တစ်ခုမှနောက်တစ်ခုသို့ပြောင်းလဲသွားခြင်းမရှိချေ။

နောက်တစ်ခုမှာ မားက္စ်ကအနာဂတ်အတွက် ဟောကိန်းထုတ်ထားသလို မဖြစ်လာချေ။ မားက္စ်သေဆုံးပြီး ၁၀ နှစ်အတွင်း မားက္စ်၏သီအိုရီသည်အသုံးချ၍မရကြောင်း ထင်ရှားလာခဲ့လေသည်။ မားက္စ်က တိုးတက်ဆုံးအရင်းရှင်နိုင်ငံများတွင် တစ်နိုင်ငံပြီးတစ်နိုင်ငံ ကွန်မြူနစ်တော်လှန်ရေး ဖြစ်ပေါ်ဖြတ်သန်းကြရလိမ့်မည်ဟု ဟောကိန်းထုတ်ထားခဲ့သော်လည်း၊ ထိုကဲ့သို့မည်သည့်တိုင်းပြည်တစ်ခုတစ်လေမျှမဖြစ်လာခဲ့ချေ။ မားက္စ်၏အကြီးကျယ်ဆုံးသောနောက်လိုက်ဖြစ်သူလီနင်က အဘယ့်ကြောင့် ထိုဟောကိန်းအတိုင်းမဖြစ်လာသည့်အကြောင်းကို ကြိုးစားဖြေရှင်းခဲ့သည်။ ၎င်းနောက် တတိယကမ္ဘာနိုင်ငံများတွင် ဖြစ်ပေါ်လာလိမ့်မည်ဟု ထပ်ဆင့်ဟောကိန်းထုတ်ပြန်သည်။ လီနင်၏ဟောကိန်းအားလုံးသည်လည်း မမှန်ကြောင်း သမိုင်းကသက်သေထူထားလေပြီ။ ယနေ့ကျွန်ုပ်တို့၏ခေတ်တွင် ကွန်မြူနစ်ဝါဒအုပ်ချုပ်နေသည့်နိုင်ငံများကို လက်တစ်ဖက်ဖြင့် လက်ညှိုးချိုးရေတွက်၍ရနိုင်ပေသည်။ ထို့ထက်မက မားက္စ်ဝါဒအာဏာရလာခဲ့သည့်ဒေသများ၌ အကြမ်းဖက်ခြင်းကိုသာ အသုံးပြုခဲ့လေသည်။ မားက္စ်ဝါဒကြွေးကြော်ထားသလို အများအကြိုက်အုံကြွမှုအရ အာဏာရလာခဲ့ခြင်းမဟုတ်ပေ။ အာဏာရှင်စနစ်ဖိနှိပ်သတ်ဖြတ်မှုဖြင့် စိုးမိုးလာခဲ့ခြင်းသာ ဖြစ်ပေသည်။

အကျဉ်းအားဖြင့်ဆိုရသော်၊ မကြာသေးမီက ကျော်လွန်ခဲ့သည့်သမိုင်းက မားက္စ်၏အတွေးအခေါ်အရ ဟောကိန်းထုတ်ထားသည့် သမိုင်း၏အီဗိုလူးရှင်းပြောင်းလဲမှုကို အပြီးပိုင်ပယ်ချချေဖျက်လိုက်ပြီးဖြစ်ပေသည်။

မားက္စ်နှင့်အင်ဂျလ်ကဲ့သို့သော ရုပ်ဝါဒအတွေးအခေါ်ရှင်တို့၏ မြောက်မြားစွာသော ရုပ်ဝါဒနိုင်ငံရေးကျမ်းအစောင်စောင်တွင် ရေးသားထားသော "သမိုင်းကို ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့် အဖြေရှာခြင်း" "the dialectic of history" နှင့် "သမိုင်း၏အီဗိုလူးရှင်းပြောင်းလဲမှု" "historical evolution" တို့သည်၊ စာရေးသူတို့၏ စိတ်ကူးယဉ်သက်သက်သာလျှင် ဖြစ်၏။

အင်ဂျဲလ်က ဒါဝင်နှင့်မားက်စ့်နှစ်ဦးစလုံးသည် တူညီကြသည်ဟု ချီးကျူးထားပြန်သည်။

> "ဒါဝင်က အီဗိုလူးရှင်းနိယာမကို သဘာဝဇီဝအခြေအနေတွင်တွေ့ရှိဖေါ်ထုတ်ခဲ့သလို၊ မားက်စ့်သည်လည်း အီဗိုလူးရှင်းနိယာမကို လူ့သမိုင်းအီဗိုလူးရှင်းပြောင်းလဲမှုတွင် တွေ့ရှိဖေါ်ထုတ်သူ ဖြစ်ပေသည်ဟု ဆိုခဲ့သည်။[၈၃]

အင်ဂျဲလ်က နောက်ထပ်၍ ဒါဝင်၏ ဘာသာရေးကိုဆန့်ကျင်သည့်သီအိုရီကို ထုတ်ဖေါ်ချက်သည် အရေးကြီးကြောင်းရေးသားထားသည်။

> သူ(ဒါဝင်)က သဘာဝနှင့်ပတ်သက်၍ ယနေ့လက်ရှိသဘာဝဇီဝလောကဖြစ်သည့်– အပင်၊ တိရစ္ဆာန်နှင့် နောက်ဆုံးအဆင့်အဖြစ်လူသားများသည် နှစ်သန်းပေါင်းမြောက်မြားစွာအတွင်း တစ်စတစ်စဆင့်ကဲပြောင်းလဲခြင်းအီဗိုလူးရှင်းဖြင့် ပေါ်ပေါက်လာခဲ့ကြောင်း သက်သေထူ၍ ဘာသာအယူဝါဒများ၏ယုံကြည်ချက်ကို တိုက်ဖျက်လိုက်ပေသည်။[၈၄]

တစ်ချိန်တွင် အင်ဂျဲလ်က *"မျောက်ဝံမှလူသားအဖြစ်ပြောင်းလဲရာတွင် အလုပ်သမားတို့၏ပါဝင်မှု"* ဟု ခေါင်းစဉ်တပ်ထားသောဆောင်းပါးတစ်ပုဒ်တွင် ဒါဝင်၏သီအိုရီကို မည်ကဲ့သို့လက်ခံခဲ့သည့်အကြောင်းနှင့် ပတ်သက်၍ ရေးသားထားသည်။

အမေရိကန်လူမျိုးသုတေသနပညာရှင် ကွန်ဝေးဇာကလ်က ကွန်မြူနစ်ဝါဒတည်ထောင်သူတို့ ဒါဝင်၏သီအိုရီကို အဘယ့်ကြောင့် ချက်ချင်းလက်ငင်းလက်ခံကြသည်ကို ရှင်းပြထားပေသည်။

> မားက်စ့်နှင့်အင်ဂျဲလ်တို့သည် ဒါဝင်က *မျိုးစုများစတင်ပေါ်ပေါက်ခြင်း*စာအုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်သည်နှင့်တပြိုင်တည်း အီဗိုလူးရှင်းသီအိုရီကို လက်ခံလိုက်ကြသည်။ အမှန်မှာ ကွန်မြူနစ်တို့အနေဖြင့် အီဗိုလူးရှင်းသီအိုရီသည် လူသားတို့ ကမ္ဘာလောကသို့ရောက်ရှိပေါ်ပေါက်လာခြင်းသည် ဘုရားသခင်ကြောင့် ရောက်လာခြင်းဖြစ်သည်ဟု ပြောရန်မလိုအပ်သည့် ရှင်းလင်းချက်ကို လိုအပ်နေသည်နှင့်အံကိုက်ဖြစ်နေပေသည်။ သူတို့၏ရုပ်ဝါဒအတွေးအခေါ်ကိုလည်း ထောက်ခံအားပေးရာတွင် အသုံးချနိုင်ပေသည်။ ထို့အပြင်၊ ဒါဝင်၏ –အီဗိုလူးရှင်းဖြစ်စဉ်သည် သဘာဝ၏ရွေးချယ်မှုဖြင့် ဖြစ်ပေါ်လာသည်– ဟူသော အီဗိုလူးရှင်းသီအိုရီ အဓိပ္ပါယ်ဖေါ်ချက်ကပင်၊ ထိုခေတ်တွင်လွှမ်းမိုးနေသည့်ရှင်းလင်းချက်ကို၊ သိပ္ပံနည်းကျကျစောင့်ဆိုင်းမှတ်တမ်းတင်ခြင်းမှရရှိသည့်ရှင်းလင်းချက်ဟု တင်ပြထားသည့် "အသက်ဟူသည်ပတ်ဝန်းကျင်အခြေအနေကို လိုက်ဖက်၍ဖြစ်ပေါ်လာသည်" ဟူသောယူဆချက်အသစ်ဖြင့် အစားထိုးနိုင်ပြန်သည်။[၈၅]

ဟာပါမဂ္ဂဇင်းမှ တော်မ် ဘက်တဲလ်က၊ မားက်စ့်နှင့်ဒါဝင်အကြားတွင် ဆက်နွယ်နေသောအခြေခံအချက်ကို အောက်ပါပုံစံအတိုင်း ရှင်းပြထားပေသည်။

> မားက်စ့်က ဒါဝင်၏စာအုပ်ကိုချီးကျူးခြင်းမှာ စီးပွားရေးဘောဂဗေဒအရမဟုတ်ချေ။ ဒါဝင်၏ 'ကမ္ဘာသည် ရုပ်ဝါဒသက်သက်ဖြစ်သည်' ဟူသောအခြေခံကြောင့်ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ အာရုံငါးပါးဖြင့် စောင့်ကြည့်နိုင်ခြင်းနှင့် ရုပ်လောကနှင့်မပတ်သက်သော ပြင်ပလောကတို့နှင့်မပတ်သက်ခြင်းသည် အဓိကအချက်ဖြစ်လေသည်။ ဤအချက်တွင် **ဒါဝင်နှင့်မားက်စ့်တို့သည် ရဲဘော်ရဲဘက်စစ်စစ်** ဖြစ်ကြ၏။[၈၆]

ယနေ့အချိန်တွင်၊ ဒါဝင်နှင့်မားက်စ့်တို့အကြား ဆက်စပ်မှုသည် ထင်ရှား၍ လူတိုင်းလက်ခံသောအချက်ဖြစ်လေပြီ။ မားက်စ့်၏ကိုယ်ရေးရာဇဝင်အတ္ထုပ္ပတ္တိများက ဤအချက်ကို အရှင်းသားဖေါ်ပြလျက်ရှိ၏။ ဥပမာ၊ ကားလ်မားက်စ့်၏အတ္ထုပ္ပတ္တိတွင် ဤဆက်စပ်မှုကို အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> "ဒါဝင်သီအိုရီသည် မားက်စ့်ဝါဒကို အမှန်တကယ်ထောက်ခံအားပေးကြောင်း သက်သေတသီတတန်းကြီး ပေးထားပေသည်။ ဒါဝင်၏အီဗိုလူးရှင်း(တစ်စတစ်စပြောင်းလဲမှု)အတွေးအခေါ်ပြန့်ပွားခြင်းက မားက်စ့်ဝါဒအတွေးအခေါ်၏ အကောင်းဆုံးအခြေစိုက်ရာဖြစ်လာပြီး အလုပ်သမားလောက၏သင်ပုန်းတွင် အသုံးချနေရသည့်အဆင့်ဖြစ်လာခဲ့ပေသည်။ မားက်စ့်၊ အင်ဂျဲလ်နှင့် လီနင်တို့က ဒါဝင်၏အတွေးအခေါ်ကို အထူးတလည်တန်ဖိုးထားကြ၍၊ သိပ္ပံနည်းအရ အရေးပါကြောင်းကို

အစဉ်ညွှန်ပြကြလေသည်။ ဤသို့ဖြင့် ထိုအတွေးအခေါ်များသည်အရှိန်အဟုန်ကြီးစွာဖြင့် ပြန့်ပွားသွားလေတော့သည်။[၈၇]

မားကစ့်နှင့်အင်ဂျဲလ်တို့သည်လည်း ဒါဝင်၏အီဗိုလူးရှင်းခံယူချက်က သူတို့၏ဘုရားမဲ့မိစ္ဆာဒိဋ္ဌိအမြင်ကို သိပ္ပံနည်းဆန်ဆန်ထောက်ခံမှုပေးနေသည်ကို နှစ်ထောင်းအားရစွာ လက်ခံယုံကြည်လိုက်ကြပေသည်။ သို့သော်လည်း ထိုနှစ်ထောင်းအားရမှုသည်လည်း စောလွန်းသွားပေသည်။ မှားယွင်းမှုနှင့်ပြည့်နက်နေသေးသောအီဗိုလူးရှင်းသီအိုရီကို အမှန်တကယ် သိပ္ပံနည်းကျကျသက်သေထူနိုင်ခြင်းမရှိသေးသည့် ရှေးကျ၍ခေတ်မမီသေးသော သိပ္ပံပညာအခြေအနေပတ်ဝန်းကျင်တွင်တင်ပြခဲ့ခြင်းကြောင့် ကျယ်ပြန့်စွာလက်ခံကြခြင်းဖြစ်ပေသည်။ ၂၀ ရာစုနှစ်ဒုတိယပိုင်းတွင် တိုးတက်လာခဲ့သည့်သိပ္ပံပညာက ထိုသီအိုရီသည် မှန်ကန်ခြင်းမရှိ အခြေအမြစ်မရှိကြောင်းဖော်ထုတ်လိုက်လေပြီ။ ဤကား ဒါဝင်အတွေးအခေါ်ကို အပြီးအပိုင်ပယ်ဖျက်လိုက်သည်နှင့်အမျှ ကွန်မြူနစ်ဝါဒနှင့်ရုပ်ဝါဒတို့သည်လည်း မှန်ကန်မှုမရှိတရားမဝင်ပျက်သုဉ်းသွားပြီဖြစ်ကြောင်း ဖော်ထုတ်လိုက်ခြင်းပင်ဖြစ်ပေသည်။ (အသေးစိတ်ကို ဟာရွန်ယဟ်ယာရေးသားသော *အီဗိုလူးရှင်းလိမ်လည်မှု* စာအုပ်တွင်ဖတ်ရှုပါ။) သို့သော်လည်း မိစ္ဆာဒိဋ္ဌိသိပ္ပံပညာရှင်တို့က ဒါဝင်၏အီဗိုလူးရှင်းသီအိုရီပျက်ပျယ်သွားခြင်းသည် သူတို့၏အတွေးအခေါ်များလည်းပျက်သုဉ်းသွားခြင်းဖြစ်နေသောကြောင့် ဒါဝင်ဝါဒပျက်ပျယ်သွားခြင်းကိုတတ်နိုင်သည့်နည်းမျိုးစုံဖြင့် ဖုန်းကွယ်ရန်ကြိုးစားကြပေသည်။

## မားကစ့်နှင့်အင်ဂျဲလ်တို့၏ နောက်လိုက်သားများ ဒါဝင်ကို ချီးကျူးကြခြင်း

လူပေါင်းသန်းပေါင်းများစွာတို့အသက်သေကြေပျက်စီးစေခြင်းနှင့် သန်းပေါင်းရာပေါင်းမြောက်မြားစွာသောလူထုတို့ကို ဒုက္ခပင်လယ်တွင်း၌မျောနေစေခြင်း၊ ထိတ်လန့်ကြောက်ရွံ့စေခြင်း၊ အကြမ်းဖက်ခြင်း စသည်တို့ကိုပြုကျင့်ခဲ့သူ မားကစ့်နှင့် အင်ဂျဲလ်တို့၏နောက်လိုက်သားများသည် အီဗိုလူးရှင်းသီအိုရီကို အလွန်အမင်း နှစ်ထောင်းအားရစွာနှင့်စိတ်ဝင်စားစွာဖြင့် လက်ခံယုံကြည်ကြလေသည်။

ဂျွန် အင် မူးရ်က အီဗိုလူးရှင်းသီအိုရီနှင့် မားကစ့်နှင့်အင်ဂျဲလ်တို့၏ အတွေးအခေါ်များကို ရုရှားနိုင်ငံတွင် လက်တွေ့အကောင်အထည်ဖော်သူတို့၏အကြားဆက်စပ်မှုကို အောက်ပါအတိုင်း ဆိုထား၏။

> ဆိုဗီယက်ရုရှားနိုင်ငံခေါင်းဆောင်များ၏ အတွေးအခေါ်သည် အီဗိုလူးရှင်းသီအိုရီအမြင်တွင် နက်နဲစွာ အခြေခံပေသည်။[၈၈]

မားကစ့်၏ကွန်မြူနစ်ဝါဒအစီအစဉ်ကို အကောင်အထည်ဖော်သူသည် လီနင်ဖြစ်၏။ ရုရှားနိုင်ငံမှ ကွန်မြူနစ်ဗိုလရှီဗစ်လှုပ်ရှားမှုခေါင်းဆောင်ဖြစ်သူ လီနင်က ရုရှားနိုင်ငံ ဇာဘုရင်ကို လက်နက်အသုံးပြု၍ ဖြုတ်ချရန် ရည်ရွယ်သူဖြစ်သည်။ ပထမကမ္ဘာစစ်အပြီးတွင် ဖြစ်ပျက်နေသည့် ဗရမ်းဗတာဖြစ်နေသည့်အရှုပ်အထွေးများကပင် ဗိုလရှီဗစ်တို့ ရှာဖွေမျှော်လင့်နေသောအခွင့်အရေးကောင်းဖြစ်ခဲ့သည်။ ၁၉၁၇–ခုနှစ် အောက်တိုဘာလတွင် လီနင်ခေါင်းဆောင်သော ကွန်မြူနစ်တို့က လက်နက်ဖြင့် အာဏာသိမ်းလိုက်လေသည်။ ထိုတော်လှန်ရေး၏နောက်ပိုင်း ၃ နှစ်တိုင်တိုင် ကွန်မြူနစ်တို့နှင့် ဇာဘုရင်ကိုထောက်ခံသူတို့အကြား စစ်ဖြစ်ခဲ့သည်။




အခြားကွန်မြူနစ်ခေါင်းဆောင်များကဲ့သို့ လီနင်ကလည်း ဒါဝင်၏သီအိုရီသည် ဒိုင်အာလက်တစ်(အနုပဋိလောမ)ရုပ်ဝါဒအတွေးအခေါ်၏အခြေခံအုတ်မြစ်ဖြစ်သည်ဟု မကြာခဏပြောလေ့ရှိ၏။

သူ၏မိန့်ခွန်းတစ်ခုတွင် ယင်းအချက်နှင့်ပတ်သက်၍ ဖေါ်ပြထားပေသည်။

> ဒါဝင်က၊ တိရစ္ဆာန်များနှင့်အပင်များအကြားတွင် ဆက်စပ်မှုမရှိ၊ ၎င်းတို့အား ဘုရားသခင်က ဖန်ဆင်းထားသဖြင့် မျိုးဗီဇ ပြောင်းလဲမှုမဖြစ်နိုင် ဟူသောယုံကြည်ချက်ကို၊ အပြီးပိုင်ပယ်ဖျက်လိုက်လေသည်။[၈၉]

လီနင်၏နောက် ဗိုလရှီဗစ်တော်လှန်ရေးတွင် အရေးကြီးဆုံးပိသုကာအဖြစ်သတ်မှတ်ထားခြင်းခံရသောထရော့စကီကလည်း ဒါဝင်ဝါဒတွင် အလွန်အမင်းတွယ်တာသူတစ်ယောက်ဖြစ်လေသည်။ သူက ဒါဝင်ကို အောက်ပါအတိုင်းချီးကြူးထားလေသည်။




လီနင်
နှင့်
ထရော့စကီ

Lenin and Trotsky

ဒါဝင်၏တွေ့ရှိချက်သည်ဒိုင်အာလက်တစ်အတွေးအခေါ်အရ၊ ဇီဝပစ္စည်းများနှင့်ပတ်သက်သော နယ်ပယ်အတွက် အကြီးကျယ်ဆုံးသောအောင်မြင်မှုဖြစ်ပေသည်။[၆၀]

လီနင်သေဆုံးပြီးနောက်၊ ကမ္ဘာ့သမိုင်းတွင် အရက်စက်ဆုံးအာဏာရှင်တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံရသော စတာလင်သည် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်အဖြစ် ဆက်ခံခဲ့လေသည်။ သူအာဏာရရှိသောသက်တန်းနှစ်ပေါင်း ၃၀ အတွင်း၊ ကွန်မြူနစ်ဝါဒသည် မည်မျှရက်စက်ကြမ်းကြုတ်ကြောင်းကိုသာ သက်သေထူခဲ့လေသည်။

စတာလင်၏ပထမဆုံးခြေလှမ်းမှာ၊ တိုင်းပြည်၏ ၈၀ ရာခိုင်နှုန်းဖြစ်သော တောင်သူလယ်သမားတို့၏ လယ်ယာမြေများကို ပြည်သူပိုင်အဖြစ်သိမ်းယူရန်ဖြစ်သည်။ ပုဂ္ဂလိကပိုင်စနစ်ကို ပယ်ဖျက်ရန်အတွက် စုပေါင်းစနစ်ပေါ်လီစီအရ၊ ရုရှားတောင်သူလယ်သမားများ၏ စပါးသီးနှံများကို လက်နက်ကိုင်တပ်ဖွဲ့များက လိုက်လံသိမ်းယူကြသည်။ ထို့ကြောင့် ငတ်မွတ်ခေါင်းပါးခြင်း အကြီးအကျယ်ဖြစ်ပေါ်လေသည်။ မည်သည့်စားသောက်စရာ အစားအစာကိုမျှ ရှာမရနိုင်သော မိန်းမ၊ ခလေး၊ ဇရာအိုများ ဦးရေသန်းနှင့်ချီ၍ ငတ်ပြတ်ရင်း အသက်သေဆုံးခဲ့ကြ၏။ ကော့ကေဆပ်တစ်ဒေသတည်းတွင် ထိုသို့ငတ်သေခဲ့သူပေါင်း ၁ သန်းရှိခဲ့လေသည်။

စတာလင်က သူ၏ယင်းပေါ်လီစီကို ဆန့်ကျင်သူ လူပေါင်းသိန်းပေါင်းများစွာကို အလွန်ဆိုးဝါးလှသော ဆိုင်ဘေးရီယားစခန်းသို့ ပို့ခဲ့လေသည်။ အကျဉ်းသားများကို အလုပ်လုပ်ခိုင်းရန်ပို့ထားသည့် ထိုစခန်းသည် အပို့ခံရသူအများအားဖြင့်၏ သင်္ချိုင်းဖြစ်ခဲ့လေသည်။

နောက်တစ်ဖက်တွင်၊ စတာလင်၏လျှို့ဝှက်ပုလိတ်များက လူပေါင်းသိန်းနှင့်ချီ၍ သတ်ဖြတ်ကြ၏။ လူဦးရေပေါင်းသန်းနှင့်ချီ၍ ရုရှားနိုင်ငံ၏ အဝေးဆုံးအစွန်းဆုံးနယ်မြေသို့ အပို့ခံခဲ့ကြရသည်။ ထိုလူများအနက် ခရီမင်လူမျိုးများနှင့် တာကစ္စတန်မှတူရကီလူမျိုးများ အများဆုံးပါဝင်ခဲ့လေသည်။


ဤကဲ့သို့သောပေါ်လီစီအရ၊ စတာလင်သည် လူဦးရေပေါင်း သန်းပေါင်း ၂၀ ကို သတ်ဖြတ်ခဲ့လေသည်။ စတာလင်သည် သူ၏ရက်စက်ကြမ်းကြုတ်မှုအပေါ်တွင် အလွန်တရာ နှစ်ထောင်းအားရ ကျေနပ်မှုရှိခဲ့သည်ဟု သမိုင်းပါရဂူတို့က ဆိုကြသည်။ ကရင်မလင်နန်းတော်ရှိ စားပွဲပေါ်တွင်ထိုင်၍ အကျဉ်းစခန်းများတွင်သေဆုံးသွားသူတို့၏စာရင်းနှင့် သူ့အမိန့်ဖြင့် သေဒဏ်ပေး၍သတ်ဖြတ်လိုက်သည့်လူသေစာရင်းကို စစ်ဆေးရင်း အလွန်ကျေနပ်စွာ ပြုံးရွှင်နေသည်ဟု ဆိုကြသည်။

သူ၏စိတ္တဇအခြေအနေအပြင် သူယုံကြည်သော ရုပ်ဝါဒအတွေးအခေါ်က ထိုကဲ့သို့အလွန်အမင်းရက်စက်ကြမ်းကြုတ်သူဖြစ်အောင် ဩဇာသက်ရောက်ခြင်းဖြစ်၏။ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီသည် သူ၏အခြေခံအတွေးအခေါ်ဖြစ်သည်ဟု စတာလင်ကိုယ်တိုင် ဖွင့်ဟပြောဆိုခဲ့ပေသည်။ သူ့အနေဖြင့် ဒါဝင်၏အတွေးအခေါ်တွင် မည်မျှအရေးတကြီးတွယ်တာသည့် အကြောင်းကို အောက်ပါအတိုင်း ရှင်းပြထားလေသည်။

> ကျုပ်တို့က ခရစ်ယာန်ကျမ်းစာသင်ကျောင်းသားများရဲ့စိတ်ထဲမှာရှိတဲ့အစွဲတွေကို နည်းသုံးမျိုးအသုံး ပြုပြီးချွတ်ကြပါတယ်။ သူတို့ကို ကမ္ဘာမြေကြီးရဲ့သက်တန်း၊ ဘူမိဗေဒမူလအစနှင့် ဒါဝင်ရဲ့သင် ကြားချက် စသည်တို့ကို သင်ပေးရတယ်။[၆၁]

စတာလင်အသက်ထင်ရှားရှိနေစဉ်အတွင်း၊ သူ၏ငယ်သူငယ်ချင်းတစ်ယောက်က စတာလင် မည်ကဲ့သို့ဘုရားမဲ့မိစ္ဆာဒိဋ္ဌိဖြစ်လာခဲ့သည့်အကြောင်း *Landmarks in the Life of Stalin* ဟူသောစာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

သူအသက်ငယ်စဉ်အရွယ် ခရစ်ယာန်ဓမ္မကျမ်းစာသင်တန်းကျောင်းတွင်နေစဉ်ကပင် တော်လှန်ရေးစိတ်ဓါတ် မွေးမြူလာခဲ့ပေသည်။ ဒါဝင်၏စာအုပ်များကိုဖတ်ရှုရင်း ဘုရားမဲ့ဝါဒီမိစ္ဆာဒိဋ္ဌိဖြစ်လာခဲ့ပေသည်။[၆၂]



လူ့အသက်သန်းပေါင်းမြောက်မြားစွာကို သတ်ဖြတ်၍၊ သန်းပေါင်းမြောက်မြားစွာကို အစာရေစာငတ်မွတ်ခြင်းကြောင့်သေကြေပျက်စီးစေသူ၊ လူပေါင်းသန်းပေါင်းမြောက်မြားစွာကို အိမ်မဲ့ယာမဲ့ အလုပ်လက်မဲ့ဘဝသို့ပို့ခဲ့သူ၊ သမိုင်းတွင် အရက်စက်ဆုံးတစ်ဦးအမည်တစ်ခုကိုခံထားသော စတာလင်၏ပုံ။

၎င်းစာအုပ်တွင် စတာလင်၏ငယ်သူငယ်ချင်းဖြစ်သူ ဂျီ ဂလါဒ်ဂျိဇ်က၊ စတာလင်မည်ကဲ့သို့ဘုရားသခင်ကိုယုံကြည်ခြင်း၌ ရပ်စဲပစ်ပယ်ခဲ့သည့်အကြောင်းရင်းကိုဖော်ပြရာတွင်၊ ဒါဝင်၏စာအုပ်ကိုဖတ်ခြင်းကြောင့်ဖြစ်သည်ဟု ရေးထားသည်။ သူ့ကိုလည်း ထိုစာအုပ်ကိုဖတ်ရန်အတင်းခိုင်းခဲ့သည်ဟု ဆိုသည်။[၆၃]

အီဗိုလူးရှင်းသီအိုရီတွင် စတာလင်၏မျက်စိမှိတ်ယုံကြည်ခြင်းကို ညွှန်ပြသည့်အချက်မှာ၊ ဆိုဗီယက်ပညာရေးစနစ်တွင် မင်းဒဲလ်၏မျိုးဗီဇဆိုင်ရာနိယာမ(genetic laws)ကို သူအာဏာရနေချိန်ကာလအတွင်း ပယ်ချထားခြင်းပင်ဖြစ်သည်။ ၂၀ ရာစုနှစ်အစပိုင်းမှစ၍ ဤနိယာမကို တကမ္ဘာလုံးကလက်ခံပြီးဖြစ်၍၊ လာမက်၏ "ကျင့်ယူ၍ရရှိသောဉာဉ်ကို နောင်လာမည့်မျိုးဆက်များသို့ အမွေဆက်ခံပေးသည်"ဟူသောအဆိုကို ငြင်းပယ်လိုက်သည်။ ရုရှားလူမျိုးသိပ္ပံပါရဂူ လိုင်ဆင်ကိုက ဤနိယာမသည် အီဗိုလူးရှင်းသီအိုရီကို အလေးနက်ဆုံးထိခိုက်စေ၍

အလွန်အန္တရာယ်ရှိကြောင်း စတာလင်ကိုပြောပြလေသည်။ စတာလင်ကလည်း လိုင်ဆင်ကို၏ အတွေးအခေါ်ကို အင်မတန်စိတ်ဝင်စားပြီး နိုင်ငံတော်အစိုးရအောက်ရှိ သိပ္ပံပညာအသင်းများ အားလုံး၏ အကြီးအကဲအဖြစ် ခန့်အပ်လိုက်လေသည်။ အီဗိုလူးရှင်းသီအိုရီကို အကြီးအကျယ် ထိခိုက်စေသော ဤမျိုးဗီဇဆိုင်ရာနိယာမကို ဆိုဗီယက်ပြည်ထောင်စုနိုင်ငံများရှိ သိပ္ပံပညာအ သင်းများနှင့်ကျောင်းများတွင် စတာလင်မသေဆုံးမီကာလတစ်ခုလုံးအတွင်း လက်မခံခဲ့ကြချေ။

စတာလင်၏ခေတ်တွင် ဆိုဗီယက်ပြည်ထောင်စုသည် ဗရမ်းဗတာရှုပ်ထွေးပွေလီလျက် ရှိသောအခြေအနေပတ်ဝန်းကျင်အဖြစ်သို့ရောက်သွားသည်။ လူပေါင်းသန်းနှင့်ချီ၍ အစဉ်တ စိုက်ခြိမ်းခြောက် ခြင်းခံနေကြရသည်။ သူတို့သည် မည်သည့်ပြစ်မှုမျှမကျူးလွန်ကြသော်လည်း၊ အချိန်မရွေးဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရနိုင်၍၊ မတွေးတောရဲလောက်အောင်ကြောက်မက် ဖွယ်ကောင်းသောနှိပ်စက်ခြင်းကို ခံကြရနိုင်သည်။ ယင်းကဲ့သို့သောအခြေအနေသည် ကွန်မြူ နစ်ဝါဒအောက်တွင်သာလျှင်ဖြစ်သည်မဟုတ်၊ ဖက်ဆစ်ဝါဒအောက်တွင်လည်း ထိုနည်းနှင်နှင် ပင် ဖြစ်၏။

အချို့သောဝေဖန်ရေးသမားများသည်၊ ထိုအဖြစ်အပျက်များကို မှားယွင်းစွာဆန်းစစ်ကြ ပေသည်။ ထိုကဲ့သို့သော သနားကြင်နာခြင်းကင်းမဲ့စွာ ရက်စက်ကြမ်းကြုတ်ခြင်း၏ အခြေခံအ ကြောင်းရင်းမှာ၊ လီနင်၊ စတာလင်၊ မော်၊ ဟစ်တလာနှင့် မိုဆိုလိုနီတို့သည် စိတ်ဝေဒနာကြောင့် ကြမ်းတမ်း၍ ရန်မူလိုသောစရိုက်လက္ခဏာဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု တင်ပြလိုကြပေသည်။ တကမ္ဘာလုံးရှိလူတို့သည် ထိုကဲ့သို့သော ထိန်းမနိုင်သိမ်းမရသော စိတ္တဇရောဂါသည်လူဆိုးတွေ ၏လက်ထဲသို့ တခေတ်တည်းတပြိုင်တည်းတွင်ကျရောက်ခဲ့ရခြင်းသည်၊ မည်ကဲ့သို့သောကြုံ ကြိုက်မှုဖြစ်ပါသနည်း။

ထိုပုဂ္ဂိုလ်တို့သည်၊ အတွေးအခေါ်မိုးခါးရေတွင်းတစ်တွင်းတည်းမှ ခပ်သောက်ခဲ့ကြပြီး ထိုအတွေးအခေါ်မိုးခါးရေကပင် သူတို့၏မသမာမှုလုပ်ရပ်များကို တရားဝင်သည်ဟုသတ်မှတ် ပေးထားသောကြောင့်ဖြစ်ပေသည်။ အကျဉ်းအားဖြင့် ထိုပြစ်မှုများ၏နောက်ကွယ်တွင် နောက် ထပ်လူတစ်စုရှိနေသေးသည်။ ထိုလူသားမဆန်သည့် သွေးဆာနေသည့်အရူးတစ်ပိုင်းခေါင်း ဆောင်တို့က သူတို့နှင့်အတူ သန်းနှင့်ချီသောလူတို့ကို အပါဆွဲခေါ်၍ သူတို့ကျူးလွန်လိုသော ပြစ်မှုဒုစရိုက်တို့ကို ကျူးလွန်စေခြင်းသည်၊ သိပ္ပံနည်းကျသည်ဆိုသောအင်အားကြီးနှင့် ဒါဝင် ၏အတွေးအခေါ်က ထောက်ခံအားပေးခဲ့သောကြောင့် ဖြစ်ပေသည်။

## မော်စီတုံး – ဒါဝင်နှင့်မားက့်စ်တို့၏ တရုတ်ပြည်သို့လွှတ်သောသံအမတ်

စတာလင်က အာဏာရှင်စနစ်တည်ထောင်နေစဉ်၊ ဒါဝင်ဝါဒ၏ သိပ္ပံနည်းကျသည်ဟူ သောကျောထောက်နောက်ခံအဖြစ်ရယူထားသောကွန်မြူနစ်အာဏာရှင်အစိုးရတစ်စုကလည်း တရုတ်နိုင်ငံတွင် အခြေစိုက်ခဲ့လေသည်။ မော်စီတုံးခေါင်းဆောင်သော ကွန်မြူနစ်ဝါဒီတို့သည် ၁၉၄၉–ခုနှစ်တွင် အချိန်အားဖြင့် ရှည်ကြာလှသောပြည်တွင်းစစ်၏နောက်ပိုင်းတွင် အာဏာ တည်ဆောက်နိုင်ခဲ့ကြသည်။ မော်စီတုံးသည် သူ့အားအကြီးကျယ်ဆုံးထောက်ပံ့မှုပေးခဲ့သော စတာလင်ကဲ့သို့ပင် ဖိနှိပ်ချုပ်ချယ်၍ရက်စက်ကြမ်းကြုတ်သောအစိုးရကို တည်ထောင်ခဲ့သည်။ တရုတ်ပြည်သည် မရေမတွက်နိုင်အောင်များပြားသော နိုင်ငံရေးသတ်ဖြတ်မှုယင်ပြင်ကြီးအဖြစ် သို့ ပြောင်းလဲသွားလေသည်။ နောင်နှစ်များတွင်၊ ခေါင်းဆောင်ကြီးမော်၏ လူငယ်လူကြမ်းများ ဖြစ်သော "သွေးသောက်တပ်နီရဲဘော်" (Red Guards)များက တိုင်းပြည်ကို ကြောက်မက် ဖွယ်အကောင်းဆုံးအခြေအနေသို့ ဆွဲခေါ်သွားခဲ့ကြသည်။

မော်စီတုံးက သူတည်ထောင်ခဲ့သောစနစ်၏ အတွေးအခေါ်ပိုင်းအခြေခံအုတ်မြစ်ကို **"တရုတ်ဆိုရှယ်လစ်ဝါဒသည် ဒါဝင်နှင့်အီဗိုလူးရှင်းသီအိုရီအပေါ်တွင် အုတ်မြစ်ချတည်ထောင်ထားသည်။"**[၉၄] ဟု ပွင့်ပွင့်လင်းလင်း ကြေညာခဲ့၏။

မားက်စ်ဝါဒီဖြစ်သည့်အပြင် အီဗိုလူးရှင်းသီအိုရီကို အကြွင်းမဲ့ယုံကြည်လက်ခံသူ ဘုရားမဲ့မိစ္ဆာဒိဋ္ဌိဖြစ်သည်နှင့်အညီ၊ မော်စီတုံးသည် ထိုကွန်မြူနစ်တော်လှန်ရေးအစဦးပိုင်းနှစ်များတွင် "ကြီးကျယ်သောရှေ့သို့"စာပေများ၌ ချားလ်စ်ဒါဝင်နှင့် အီဗိုလူးရှင်းသီအိုရီဥဒါဟရုန်များကို အထောက်အကူပြုသည့်စာသားများကိုသာ ရေးသားဖြန့်ဖြူးရန်အမိန့်ချခဲ့လေသည်။[၉၅]



၁၉၅၀–ခုနှစ်တွင် တရုတ်ကွန်မြူနစ်တို့ အာဏာရလာသောအခါ၊ အီဗိုလူးရှင်းသီအိုရီကို သူတို့၏အတွေးအခေါ်အခြေခံအုတ်မြစ်အဖြစ်ခံယူကြသည်။ အမှန်မှာ၊ တရုတ်ပညာရှိများက အီဗိုလူးရှင်းသီအိုရီကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက လက်ခံကြပြီးဖြစ်သည်။

> ၁၉–ရာစုနှစ်များတွင် အနောက်နိုင်ငံများက တရုတ်ပြည်သည် သူတို့၏ရှေးဟောင်းရိုးရာထုံးဓလေ့တွင်နစ်မြုပ်၍ အိပ်ပျော်နေသောနဂါးကြီးအဖြစ် ယူဆကြသည်။
>
> တရုတ်ပညာရှင်များက ဒါဝင်၏အီဗိုလူးရှင်းအတွေးအခေါ်ကို သူတို့၏တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြောင်းလဲမှုအတွက် တွန်းအားဖြစ်နိုင်မည့်မျှော်လင့်ချက်ဖြင့် စိတ်အားထက်သန်စွာ လက်ခံခဲ့ကြသည်ကို အနောက်နိုင်ငံသားအနည်းငယ်သာလျှင် သတိထားမိကြလေသည်။ တရုတ်စာရေးဆရာဟူရှီ(Living Philosophies, 1931)အရ၊ ၁၈၉၈–ခုနှစ်တွင် သောမတ်ဟပ်စလေ၏ *Evolution and Ethics)*စာအုပ်ကို ထုတ်ဝေလိုက်သည်နှင့်တပြိုင်တည်း၊ တရုတ်ပညာရှင်တို့က ချက်ချင်းလက်ခံလိုက်ကြသည်။ ချမ်းသာကြွယ်ဝသူတို့က ထိုစာအုပ်တရုတ်ဘာသာပြန်ကို စျေးသက်သာစွာ ရိုက်ထုတ်၍ အများလူထုဖတ်ရှုနိုင်ရန် ဝေငှကြလေသည်။[၉၆]

ထို့ကြောင့်၊ အများလူထုက ကွန်မြူနစ်ဝါဒကို လက်ခံ၍ ကွန်မြူနစ်ဝါဒတော်လှန်ရေးကို အုံးအုံးကြွက်ကြွက်ရှေ့ဆောင်ခဲ့ကြခြင်းမှာ၊ ဒါဝင်၏အတွေးအခေါ်က ဤပညာရှင်တို့၏စိတ်အားထက်သန်မှုအပေါ် ဩဇာညောင်းခဲ့သောကြောင့်ဖြစ်သည်။

တရုတ်နိုင်ငံတွင် မြောက်မြားစွာသောယုံကြည်မှုအယူဝါဒများရှိခဲ့သော်လည်း၊ တရုတ်နိုင်ငံအနေဖြင့် ဒါဝင်ဝါဒနှင့်ကွန်မြူနစ်ဝါဒတို့၏ ကဏ္ဍနဲ့လက်မကြီးတွင် ညှပ်မိသွားရန် ခက်ခဲမှုမရှိလှချေ။ သိပ္ပံပညာရှင်သစ် *(New Scientist)* ဟူသောမဂ္ဂဇင်းတွင် ကနေဒါနိုင်ငံသား ဒါဝင်အတွေးအခေါ်ရှင် မိုက်ကယ်ရုစ်က၊ နှစ်ဆယ်ရာစုနှစ်တရုတ်နိုင်ငံနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးထား၏။

> အနောက်နိုင်ငံများမှာကဲ့သို့၊ တရုတ်ပြည်တွင် မွေးရာပါအသိဉာဏ်နှင့်ဘာသာအယူဝါဒဟန့်တားမှုမရှိသောကြောင့် ဤအတွေးအခေါ်တို့က ချက်ချင်းအမြစ်တွယ်နိုင်ခဲ့လေသည်။ အမှန်မှာ ဒါဝင်ကိုက တရုတ်ဆန်သလိုလိုပင်ဖြစ်နေပေသည်။ တောဝ်နှင့်ကွန်ဖူးရှပ်အတွေးအခေါ်သစ်တို့က လူသားတို့၏ "အရှိတရား" ကို အလေးထားကြပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့လူသားအနေဖြင့် တိရစ္ဆာန်နှင့်တစ်မျိုးတည်းဖြစ်ခြင်းအဆိုမှာ တရုတ်လူမျိုးများအတွက် အံ့သြထိတ်လန့်ဖွယ်မဖြစ်ချေ။ ယနေ့အစိုးရ၏တရားဝင်အတွေးအခေါ်မှာ မားက်စ့်နှင့်လီနင်ဝါဒ(တစ်မျိုး)ဖြစ်သည်။ သို့သော်လည်း၊ ဒါဝင်ဝါဒ၏လောကီရေးသီးသန့်ရှုပ်ဝါဒ (ဆိုလိုရင်းမှာ ကျယ်ပြန့်သော လူမှုရေးအတွေးအခေါ်)ကို အသုံးမပြုဘဲ၊ မော်စီတုံးအတွက် တော်လှန်ရေးမျိုးစေ့များကို အောင်မြင်စွာပျိုးနိုင်မည့်မြေ မပြုပြင်ထားဘဲ၊ ထိုတော်လှန်ရေးအောင်မြင်မှုသီးနှံကို ရိတ်သိမ်းနိုင်ခဲ့မည်မဟုတ်ပေ။[၆၇]

အထက်တွင် မိုက်ကယ်ရုစ်ပြောခဲ့သလို၊ အကယ်၍ ဒါဝင်အတွေးအခေါ်က အခြေခိုင်အောင်စွဲထားခြင်းမရှိခဲ့ပါက၊ တရုတ်နိုင်ငံသည် ထိုမျှလောက်လွယ်ကူစွာ ကွန်မြူနစ်ဝါဒကို ကောက်ယူထွေးပိုက်မည်မဟုတ်ပေ။ ဒါဝင်အတွေးအခေါ်၏မှိုင်းမိနေခဲ့ကြသော တရုတ်လူထုသည်၊ သမိုင်းတွင် အထိန်းအချုပ်မရှိဆုံးဖြစ်ခဲ့သော လူသတ်သမားမော်စီတုံး၏ သတ်ဖြတ်မှုများကို လက်ပိုက်၍သာ ကြည့်နေခဲ့ကြပေသည်။

သို့သော်လည်း၊ ကွန်မြူနစ်ဝါဒသည် တရုတ်ပြည်တွင်သာမက နိုင်ငံအမြောက်အမြားတွင်၊ ပြောက်ကျားတိုက်ပွဲများ၊ သတ်ဖြတ်မှုများ၊ အကြမ်းဖက်မှုများနှင့် ပြည်တွင်းစစ်များ၏ အရင်းခံဖြစ်ခဲ့သည်။ တူရကီနိုင်ငံသည် ထိုသို့သောနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပေသည်။ ၁၉၆၀–ခုနှစ်များနှင့် ၁၉၇၀–ခုနှစ်များတွင် တူရကီအစိုးရကိုတော်လှန်၍ ကွန်မြူနစ်နိုင်ငံတည်ထောင်ရန်စိတ်ကူးယဉ်သည့်အုပ်စုများက တူရကီနိုင်ငံကို မှောင်မိုက်သည့်အကြမ်းဖက်မှုအခြေအနေသို့ ဆွဲသွင်းခဲ့ကြလေသည်။ ၁၉၈၀–ခုနှစ်တွင် ထိုကွန်မြူနစ်အကြမ်းဖက်သမားများက၊ လက်ရှိခွဲထွက်ရေးသမားများနှင့်ပူးပေါင်းကြခြင်းသည်၊ တူရကီလူမျိုးများနှင့် ပုလိပ်နှင့်စစ်သားများအပါအဝင် ဦးရေသိန်းနှင့်ချီ၍ သေကြေခဲ့ကြရခြင်း၏ အရင်းခံ ဖြစ်ခဲ့ပေသည်။

ဤကမ္ဘာမြေကြီးပေါ်တွင် သွေးထွက်သံယိုမှုအများဆုံးပေးဆောင်ခဲ့သောကွန်မြူနစ်ဝါဒသည်၊ ဒါဝင်ဝါဒနှင့် အမြဲတစေတွဲဖက်ခဲ့ပေသည်။ ယနေ့အချိန်တွင်ပင်၊ ကွန်မြူနစ်ဝါဒီတို့သည် ဒါဝင်အတွေးအခေါ်ကို ရှေ့တန်းမှထောက်ခံအားပေးနေကြသူများဖြစ်သည်။ မည်သည့်နိုင်ငံတွင်မဆို၊ အီဗိုလူးရှင်းသီအိုရီကိုခေါင်းမာမာနှင့်ထောက်ခံအားပေးနေသူများကိုကြည့်ပါက၊ ရှေ့တန်းခေါင်းဆောင်များသည် မားက်စ့်ဝါဒီများသာလျှင်ဖြစ်နေသည်ကို တွေ့ရှိရ၏။ အဘယ့်ကြောင့်ဆိုသော်၊ ကားလ်မားက်စ့်က၊ သဘာဝသိပ္ပံအမြင်အရ အီဗိုလူးရှင်းသီအိုရီသည် ကွန်မြူနစ်အတွေးအခေါ်၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု မိန့်ဆိုထားသောကြောင့်ဖြစ်၏။ ကွန်မြူနစ်ဝါဒကိုလည်း ဘာသာအယူဝါဒကင်းမဲ့အောင် မမှန်ကန်သောသိပ္ပံပညာဆိုင်ရာထောက်ခံမှု ပေးထားသောကြောင့်ဖြစ်ပေသည်။

## ဘာသာအယူဝါဒကို မုန်းတီးခြင်း –
## ဒါဝင်ဝါဒနှင့်ကွန်မြူနစ်ဝါဒတို့ မဟာမိတ်ဖြစ်ခြင်း၏အခြေခံ

အထက်တွင်ရှင်းလင်းခဲ့သည့်အတိုင်း၊ ရုပ်ဝါဒီနှင့်ကွန်မြူနစ်တို့ ဒါဝင်ဝါဒကို တွယ်ဖက်ထားကြခြင်းသည်၊ ဒါဝင်ဝါဒက ဘုရားမဲ့အယူကို ထောက်ခံအားပေးခြင်းကြောင့်ဖြစ်သည်မှာ အရေးကြီးဆုံးအချက်ဖြစ်ပေသည်။ ရုပ်ဝါဒအတွေးအခေါ်သည် လူ့သမိုင်းတလျှောက်လုံးတွင်ရှိခဲ့ပေသည်။ သို့သော်လည်း၊ ၁၉–ရာစုနှစ်မတိုင်မီကာလများတွင်မူ၊ အတွေးအခေါ်အများစုတို့သည် သီအိုရီစာအုပ်များတွင်သာ ကျန်ရစ်ခဲ့ကြလေသည်။ ဒါဝင်၏သီအိုရီမှာ သဘာဝသိပ္ပံလောကတွင် အသုံးချစပြုခဲ့သည်။ ဒါဝင်ဝါဒသည် ၁၉–ရာစုနှစ်များတွင် ၎င်း၏ခြေရာလက်ရာအထင်းသားကျန်ရစ်စေခဲ့သော ဘုရားမဲ့ရုပ်ဝါဒယဉ်ကျေးမှုအတွက် အကြီးကျယ်ဆုံးသောအခြေခံဖြစ်ပေသည်။ ၎င်းထိခိုက်နစ်နာချက်များကိုလည်း ၂၀–ရာစုနှစ်ကျမှ ဖော်ထုတ်နိုင်ခဲ့ပေသည်။

ကျွန်ုပ်တို့မကြာမီက ဆန်းစစ်ခဲ့ကြသော ဤရုပ်ဝါဒယဉ်ကျေးမှုမှ မွေးထုတ်လိုက်သည့်အတွေးအခေါ်များက၊ ကမ္ဘာစစ်ကြီး၏မီးကို မွေးပေးခဲ့၍၊ မရေမတွက်နိုင်သော ပြည်တွင်းစစ်များ၊ အကြမ်းဖက်မှုများ၊ မျိုးဖြုတ်သတ်ဖြတ်မှုများ၊ အပြီးအပိုင်ရှင်းလင်းသုတ်သင်မှုများနှင့် ရိုင်းစိုင်းရက်စက်ကြမ်းကြုတ်မှုမီးများကိုလည်း မွေးခဲ့လေသည်။ ထိုပျက်စီးယိုယွင်းခြင်းကပ်ဘေးကြီးကြောင့် လူ့အသက်ပေါင်း သန်းပေါင်းများစွာဆုံးရှုံးခဲ့၍၊ သန်းပေါင်းမြောက်မြားစွာသောလူတို့သည်လည်း အရှက်ကင်းမဲ့စွာဖိနှိပ်စော်ကားခံခဲ့ကြရသည်။ လူ့သမိုင်းတွင် အဆိုးရွားဆုံးသော နှိပ်စက်ခြင်းကိုလည်း ခံခဲ့ကြရ၏။

ဒါဝင်ဝါဒ၏သြဇာညောင်းခြင်းခံရသော အကြမ်းဖက်သမားများသည်၊ သူတို့ကိုယ်သူတို့ တိရစ္ဆာန်မှဆင်းသက်လာကြသည်ဟု ယုံကြည်ကြသည့်အားလျော်စွာ၊ တောတောင်ဂူတွင်းများ၌ အလွန်ဆိုးရွားသည့်အခြေအနေဖြင့် နေထိုင်နိုင်ကြပေသည်။ သူတို့သည် လူ့အသက်များကို ဒုတိယတစ်ကြိမ်ထပ်မံစဉ်းစားခြင်းမပြုဘဲ ကလေးငယ်များ၊ ဇရာအိုများနှင့် အပြစ်မဲ့သူများကို သတ်ဖြတ်နိုင်ကြပေသည်။

သူတို့သည်၊ သူတို့ကိုယ်ကိုလည်းကောင်း၊ အခြားသူတို့ကိုလည်းကောင်း၊ ထာဝရဘုရားသခင်ဖန်ဆင်းထားသော ဝိညာဉ်၊ စိတ်၊ အသိတရား၊ နားလည်သဘောပေါက်ခြင်းများရှိသည့်သတ္တဝါအဖြစ် မမြင်ကြချေ။ ထို့ကြောင့် တိရစ္ဆာန်များအချင်းချင်းဆက်ဆန်ပြုကျင့်ကြသည့်အတိုင်း ဆက်ဆံကြပေသည်။ စတာလင်က ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့်ဗလီအမြောက်အမြားကို ဖေါက်ခွဲဖျက်ဆီးပစ်ခြင်းသည်ပင်၊ ကွန်မြူနစ်ဝါဒသည် ဘာသာအယူဝါဒကို မည်မျှမုန်းတီးကြောင်း ညွှန်ပြလျက်ရှိနေပေသည်။

*ထာဝရဘုရားသခင်ကိုဆန့်ကျင်သည့် ရှည်လျားသောစစ်* **(*The Long War Against God*)** အမည်ရှိစာအုပ်ရေးသားသူ ဟင်နရီ မောရစ်က ထိုဆက်စပ်မှုကို အောက်ပါအတိုင်း ဖေါ်ပြထား ပေသည်။

> သိပ္ပံနည်းမကျသော်လည်း၊ အီဗိုလူးရှင်းသီအိုရီ၏ သိပ္ပံပညာလက္ခဏာပါသယောင်ရှိခြင်းကို၊ ဘုရားသခင်နှင့်ဆန့်ကျင်သည့်စနစ်နှင့် ကျင့်စဉ်အားလုံးကို တရားဝင်စေရန်အသုံးပြုကြသည်။ ထိုသို့ပြုရာတွင်၊ ယခုအချိန်အထိ အအောင်မြင်ဆုံးမှာ ကွန်မြူနစ်ဝါဒ ဖြစ်၏။ ၎င်းနှင့်ဆက်နွယ်သည့် အတွေးအခေါ်များအားလုံးတို့ကို ကွန်မြူနစ်ဝါဒသည် သိပ္ပံပညာအပေါ်အခြေခံသောကြောင့် မှန်ကန်ရမည်ဟု ထင်စေပေသည်။[၉၈]

ကွန်မြူနစ်ဝါဒနှင့် ရုပ်ဝါဒတို့က ဘာသာအယူဝါဒကိုမုန်းတီးသည့်အခြင်းအရာများကို ဗိုလရှီဗစ်ထကြွတော်လှန်ရေးတွင် အကြမ်းဖက်ဖျက်ဆီးခြင်းများဖြင့် ပေါ်လွင်စေခဲ့ပေသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့်ဗလီများကို လုံးလုံးလျားလျားဖြိုဖျက်ပစ်ကြသည်။ အသစ်

ဖြစ်သော "ဆိုရှယ်လစ်လူ့အဖွဲ့အစည်း"၏ပြင်ပသို့ ပထုတ်နှင်ထုတ်ရမည့်သူများအနက် ဘာသာရေးနှင့်ပတ်သက်သူများသည် ထိပ်တန်းရှေ့တန်းတွင်ပါဝင်ကြလေသည်။ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းသည် ဘာသာရေးကိုင်းရှိုင်းသူများသာဖြစ်သော်လည်း၊ ဘာသာရေးတာဝန်များကိုထမ်းဆောင်ရန် အဟန့်အတားများလုပ်ကြလေသည်။ ခရစ်ယာန်များ ဘုရားရှိခိုးကျောင်းသွားရမည့် တနင်္ဂနွေနေ့နားရက်ကို ရုတ်သိမ်းလိုက်သည်။ လူတိုင်း တစ်ပါတ်တွင် ငါးရက်အလုပ်လုပ်ရသော်လည်း နားရက်မှာ မည်သည့်ရက်မဆို ဖြစ်နိုင်သည်။ ဤအစီအစဉ်ကို ကွန်မြူနစ်တို့







ဗိုလရှီဗစ်တော်လှန်ရေးအတွင်းနှင့်နောက်ပိုင်းတွင် ဘာသာရေးကိုတိုက်ခိုက်ခဲ့ကြသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် ဗလီများကို ဖြိုဖျက်ပစ်ကြသည်။ ပုံတွင်တွေ့ရသည့်အတိုင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းများမှ အနုပညာလက်ယာပစ္စည်းများကို လုယက်ဖြုတ်ယူကြ၏။

က "ဘာသာရေးကိုတိုက်ဖျက်သည့်စစ်"အတွက် တမင်တကာ စီစဉ်ခြင်းဖြစ်လေသည်။[၉၉] ထို့နောက် ၁၉၂၈–ခုနှစ်နှင့် ၁၉၃၀–ခုနှစ်တွင် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တို့ပေးရသည့် အခွန်ကို ၁၀ဆတိုးလိုက်လေသည်။ သူတို့၏ အစားအစာကူပွန်ကို သိမ်းယူလိုက်သည်။ ကျန်းမာရေးအခွင့်အရေးခံစားခွင့်များကို ပိတ်လိုက်သည်။ ပြည်သူ့အခွင့်အရေးတစ်ခုမျှခံစားခွင့်မရှိကြတော့ချေ။ သူတို့ကိုဖမ်းဆီး၍ သူတို့၏ရာထူးမှဖြုတ်ကာ ပြည်ပသို့နှင်ထုတ်လိုက်ကြသည်။ ၁၉၃၆–ခုနှစ်လောက်တွင် ဗလီပေါင်း ၆၅ ရာခိုင်နှုန်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၇၅ ရာခိုင်နှုန်းကို ဖျက်ဆီးပစ်လိုက်လေပြီ။

ထိုပြင်တစ အရှေ့ဘက်အရှင်မြတ်၏ ဗလီကျောင်းတော်များနှင့် ထိုအရှင်မြတ်၏ နာမံတော်ကို ထုတ်ဖေါ်တသ စီးမြန်းသရစ္စုယ်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းကို တားဆီးပိတ်ပင် ကန့်ကွက်ကြရုံမျှမက ထိုဗလီကျောင်းတော်များ၏ ပျက်စီးရာပျက်စီးကြောင်းကိုလည်း ကြံစည်အားထုတ်ကြကုန်သော သူတို့ထက် သာလွန်ဆိုးယုတ်သော သူသည် အဘယ်မှာလျှင် ရှိနိုင်ပါဦးအံ့နည်း။ (ဗလီကျောင်းတော်များကို ဖျက်ဆီးဘို့ရာ စေ၍) ထိုသူတို့ကိုယ်တိုင်ပင်လျှင် အရှေ့ဘက်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသောစိတ်ဖြင့် ထိုဗလီကျောင်းတော်များအတွင်းသို့ ဝင်ရောက်ရာ၏။ ထိုကဲ့သို့ ဖျက်ဆီးရန် ကြံစည်နဲ့ကြသောသူတို့၏ အဘို့ရာကား ဤလောက၌ပင် ဂုဏ်သရေဆုတ်ယုတ်ခြင်းဖြစ်သည့်ပြင် နောင်တမလွန်ဘဝ၌လည်း ထိုသူတို့အဘို့ ကြီးလေးသော အပြစ်ဒဏ် (အဆင်သင့်စီမံပြီး) ရှိလေသတည်း။
(ကုရာအလ်ဘက္ကရာ ၂း၁၁၄)








ဘာသာရေးကိုတိုက်ခိုက်ရာတွင် အလ်ဘေးနီးယားတွင် အပြင်းထန်ဆုံးဖြစ်ခဲ့၏။ အလ်ဘေးနီးယားကွန်မြူနစ်ခေါင်းဆောင်သည် အင်ဗာ ဟော့ဒ်ဂျာအမည်ရှိ ဘုရားမဲ့ဝါဒီဖြစ်၍ ၁၉၆၇–ခုနှစ်တွင် အလ်ဘေးနီးယားကို ပထမဦးဆုံးသော "ဘာသာအယူဝါဒမဲ့"နိုင်ငံအဖြစ်ကြေညာခဲ့လေသည်။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များကို မည်သည့်ကျိုးကြောင်းမျှမပြဘဲ ဖမ်းဆီးချုပ်နှောင်ကာ အချို့ကိုမူ သတ်ဖြတ်ပစ်လေသည်။ ၁၉၄၈–ခုနှစ်တွင် ဘိရှော့ဘုန်းတော်ကြီးနှစ်ပါးနှင့်ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ပေါင်း ၅၀၀၀ ကို ပစ်သတ်လိုက်လေသည်။ မွတ်စလင်မ်တို့ကိုလည်း ထိုနည်းအတိုင်းပြုကျင့်ကြသည်။ *နင်ဒိုရီ* လစဉ်စာစောင်တွင် ဗလီနှင့် ခရစ်ယာန်ဘုရား

ရှိခိုးကျောင်းပေါင်း၂၁၆၉ လုံးကို ပိတ်လိုက်ကြောင်း ကြေညာခဲ့ရာ၊ ၃၂၇ လုံးမှာ ကာသောလစ် ဘုရားရှိခိုးကျောင်းများဖြစ်လေသည်။

ဤကဲ့သို့ပြုကျင့်ကြခြင်းမှာ၊ ကွန်မြူနစ်ဝါဒ၏ရည်ရွယ်ချက်သည်၊ ဘုရားသခင်ရှိခြင်းကို မျက်စိမှိတ်၍ ငြင်းပယ်သောလူ့အဖွဲ့အစည်းကိုတည်ထောင်၍၊ ဘာသာအယူဝါဒကိုလုံးဝ ရောနှောဆက်စပ်ခြင်းမပြုစေဘဲ ရုပ်ဝတ္ထုပစ္စည်းများကိုသာ ယုံကြည်တန်ဘိုးထားစေရန်ဖြစ်သည်မှာ ယုံမှားသံသယဖြစ်စရာမရှိချေ။ အမှန်မှာ၊ ယင်းသည်ကပင် ကွန်မြူနစ်ဝါဒ၏အဓိက ပစ်မှတ်တစ်ခုဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ကွန်မြူနစ်ခေါင်းဆောင်များက လူတွေကို စက်ရုပ်ကဲ့သို့ စိတ်ခံစားမှုကင်းမဲ့၍ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းမရှိသည့်လူ့အဖွဲ့အစည်းကို တည်ထောင်နိုင်မှသာလျှင်၊ သူတို့ကြိုက်သလိုအုပ်ချုပ်နိုင်မည်ဖြစ်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။ သို့မှသာလျှင် သူတို့အလိုရှိသလောက်သတ်ဖြတ်ဖိနှိပ်နိုင်မည်ဖြစ်၏။ ဘုရားမဲ့မိစ္ဆာဒိဋ္ဌိအယူကိုထောက်ခံအားပေး၍၊ ဘာသာအယူဝါဒများက တားမြစ်ထားသော ဖိနှိပ်မှုမျိုးစုံ၊ ရက်စက်မှုမျိုးစုံ၊ ပဋိပက္ခမျိုးစုံ၊ သတ်ဖြတ်မှုစသည်တို့ကို တရားဝင်စေသော ဒါဝင်ဝါဒ၏တင်ပြချက်သည်၊ ၂၀–ရာစုနှစ်အတွင်း လူ့အသက်ကိုတန်ဘိုးမထားဘဲ သွေးချောင်းစီးစေသည့် အတွေးအခေါ်အားလုံးကို အားပေးအားမြှောက်ပြုခဲ့ပေသည်။ ထို့ကြောင့် လွန်ခဲ့သည့် ၂၀–ရာစုနှစ်သည်၊ မရပ်မနားသောစစ်ပွဲများ၊ သတ်ဖြတ်မှုများ၊ တော်လှန်ပုန်ကန်မှုများ၊ အကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများနှင့် ရန်ဘက်ဖြစ်ခြင်းများဖြင့် ပြည့်နှက်ခဲ့လေသည်။

## ဒါဝင်ဝါဒီကွန်မြူနစ်များက ကမ္ဘာပေါ်တွင် သက်ရောက်စေခဲ့သော ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုများ

မင်းမဲ့စရိုက်နှင့် အကြမ်းဖက်ခြင်းနှစ်မျိုးစလုံးသည် မားက့်စ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့၏ မရှိမဖြစ်သော အသုံးပြုလက်နက်ကရိယာဖြစ်ပေသည်။ မားက့်စ်ဝါဒ၏အကြမ်းဖက်ခြင်းလက္ခဏာသည် မားက့်စ်အသက်ထင်ရှားနေစဉ်အတွင်းပင် ပါရစ်မြို့တော်ကွန်မြူန်းတွင် လက်တွေ့ဖြစ်ခဲ့လေသည်။ အထူးသဖြင့်၊ အကြမ်းဖက်ခြင်းသည် မားက့်စ်၏သီအိုရီကို လက်တွေ့အကောင်အထည်ဖေါ်သူ လီနင်၏ကွန်မြူနစ်အတွေးအခေါ်အတွက် မရှိမဖြစ်သောအပိုင်းဖြစ်ခဲ့ပေသည်။ ကွန်မြူနစ်တို့သည် တကမ္ဘာလုံးနေရာတကာတွင် သွေးချောင်းစီးစေခဲ့ကြ၍၊ လူတို့အား အကြမ်းဖက်ဂိုဏ်းအဖွဲ့များတည်ထောင်၍ နာကျင်နာကြည်းမှု၊ ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်စေသည်။ ယနေ့အချိန်တွင် ကွန်မြူနစ်ခေါင်းဆောင်အားလုံးကို သူတို့ကျူးလွန်ခဲ့ကြသော ဖိနှိပ်မှုနှင့် သတ်ဖြတ်မှုများ၏တရားခံများအဖြစ် မှတ်သားထားကြသည်ကို ရှေ့လာမည့်စာမျက်နှာများတွင် တွေ့ရှိကြပါလိမ့်မည်။ သို့သော်လည်း အချို့အသိုင်းအဝိုင်းများတွင် သနားကြင်နာမှုကင်းမဲ့၍ လက်များတွင်သွေးပေနေသောလူသတ်သမားများ၏ပုံများကို ခေါင်းရင်းတွင်ချိတ်ထားသူများလည်းရှိသေးသည်။ ထိုကဲ့သို့ လူသတ်ခြင်းနှင့်ရက်စက်ခြင်းတွင် ပျော်မွေ့သူတို့ကို သူတို့၏ ဆရာသမားများအဖြစ်လက်ခံနေကြသေးသည်။

ကွန်မြူနစ်တို့က ရက်စက်ကြမ်းကြုတ်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့သည် ကွန်မြူနစ်တို့၏လုပ်ရိုးလုပ်စဉ်မဟုတ်ဟု ဆိုသည့်ပြင်၊ အချို့ပုဂ္ဂိုလ်များက ကွန်မြူနစ်ဝါဒကို လက်တွေ့ကျင့်သုံးရာတွင် ပြုကျင့်ကြခြင်းသာဖြစ်သည်ဟု မည်မျှပင်ထုချေပြောဆိုကြစေကာမူ၊ သူတို့က ကွန်မြူနစ်ဝါဒကို ဖြူစင်သန့်ရှင်းအောင် မည်မျှပင်ကြိုးစားဆေးကြောကြစေကာမူ၊ ငြင်းဆန်၍ မရသောအမှန်တရားက ရှိနေပြီးသား ဖြစ်ပေသည်။ **ကွန်မြူနစ်ဝါဒကို တည်ထောင်ခဲ့သူတို့က ရက်စက်မှုနှင့်အကြမ်းဖက်မှုများကို ကာကွယ်ပြောဆိုခဲ့ကြ၍၊ သူတို့၏အတွေးအခေါ်အတွက် လိုအပ်ချက်များ ဖြစ်သည်ဟု မြင်ကြ၏။** အမေရိကန်လူမျိုး နိုင်ငံရေးသိပ္ပံပါရဂူဖြစ်သူ ဆယ်မြူရယ် ဖရန်းစစ် က ယင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားထားပေသည်။

မားက့်စ်နှင့်အင်ဂျဲလ်တို့က တော်လှန်ရေးသည် အစဉ်အမြဲရက်စက်မှုရှိရမည်၊ တော်လှန်ရေးသမားတို့သည် အုပ်ချုပ်သူတို့ကိုရက်စက်ရမည်ဟု ယေဘုယျအားဖြင့်ခြုံငုံ၍ အတိအကျအလေးထားမိန့်ကြားခဲ့ကြသည်။ တစ်ခါတစ်ရံ အကြမ်းဖက်မှုကိုလည်း ထောက်ခံအားပေးကြ၏။[၁၀၀]

ကားလ်မားက့်စ်က၊ ဒန်တန်၏ ရှေးဦးအကျဆုံး "တော်လှန်ရေးဆိုင်ရာနိုင်ငံရေးသိပ္ပံ" ဖြစ်သည့် "de l'audace, de l'audace, encore de l'audace" (တိုက်ခိုက်ပါ၊ တိုက်ခိုက်ပါ၊ နောက်ထပ်တိုက်ခိုက်ပါ) ဟူသောမူဝါဒကိုယူ၍ "တော်လှန်ပုန်ကန်ခြင်းသည် စစ်ပညာတစ်မျိုးဖြစ်ပေသည်။" ဟု ဆိုခဲ့၏။[၁၀၁] လီနင်ကလည်း အကြမ်းဖက်မှုကို အစီအစဉ်ကျကျ စနစ်တကျဆောင်ရွက်ရန် လိုအပ်သည်ဟု ရှင်းရှင်းဘွင်းဘွင်းပင် ပြောခဲ့လေသည်။ အောက်ပါတို့မှာ လီနင်၏ မိန့်ခွန်းများမှ ကောက်နုတ်ချက်အချို့ဖြစ်ပါသည်။



ကွန်မြူနစ်တော်လှန်ရေးသည် သွေးထွက်သံယိုမှုများပြားလွန်း၏။ လူပေါင်းသန်းပေါင်းများစွာကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ကြသည်။ ကွန်မြူနစ်ခေါင်းဆောင်များက၊ သူတို့ကို ဆန့်ကျင်သူတိုင်းကို သတ်ပစ်ရမည်ဟု အမိန့်ချကြသည်။

> အမှန်စင်စစ် နိုင်ငံတော်အစိုးရသည် အခြားမဟုတ်ဘူး၊ လူတန်းစားတစ်မျိုးက အခြားလူတန်းစားတစ်မျိုးကို ဖိနှိပ်တဲ့ယန္တရားတစ်မျိုးသာဖြစ်တယ်။ အာဏာရှင်စနစ်ဟာ အင်အားသုံးခြင်းမှာ တိုက်ရိုက်အခြေခံပြီး ဘယ်ဥပဒေကမှ ထိန်းကွပ်ထားခြင်းမရှိဘူး။ ပစ္စည်းမဲ့လူတန်းစားရဲ့ တော်လှန်ရေးမှာ အာဏာရှင်စနစ်နဲ့အနိုင်ရရှိရေးစနစ်သာရှိပြီး ဘူဇွါတို့အပေါ် ရက်စက်ကြမ်းကြုတ်ခြင်းကို လက်ကိုင်ထား ကျင့်သုံးရမယ်။ အဲဒီလိုဆောင်ရွက်ခြင်းကို ဘယ်ဥပဒေကမျှ ကန့်သတ်ထိန်းချုပ်ထားတာမရှိဘူး။[၁၀၂]

> **ကျုပ်တို့က နိုင်ငံရေးအရ သတ်ဖြတ်ခြင်းကို ဆန့်ကျင်ခြင်းလုံးဝမရှိဘူး။** မျက်မှောက်မှာ လူထုအုံကြွလှုပ်ရှားမှုနဲ့ တိုက်ရိုက်ဆက်စပ်ပြီး တစ်ဦးချင်းအကြမ်းဖက်မှုဖြစ်ခြင်းဟာ အကျိုးရှိတယ်။[၁၀၃]

> အာဏာရရှိဘို့အတွက် လူတန်းစားအသိရှိတဲ့ အလုပ်သမားအများစုကို ကိုယ့်ဘက်ပါအောင်လုပ်ရမယ်။ ရက်စက်ကြမ်းကြုတ်ခြင်းမရှိသမျှကာလပတ်လုံး အာဏာရဘို့လမ်းမရှိဘူး။[၁၀၄]

အလုပ်သမားများအစည်းအဝေးတွင် လီနင်က အကြမ်းဖက်ခြင်းသည် သူတို့အတွက် မည်မျှအထိမလွဲမရှောင်သာ လိုအပ်ကြောင်း ကြောက်မက်ဖွယ်ကောင်းသော မိန့်ခွန်းကို ပေးခဲ့သည်။

> အကယ်၍ လူထုတစ်ခုလုံးအုံကြွပြီး ဆူပူထကြွခြင်းမရှိရင် ဒါတွေဟာ ဘာမှအကျိုးရှိမှာမဟုတ်ဘူး။ ဘေးမှာရပ်ကြည့်နေကြတဲ့လူတွေရဲ့ခေါင်းမှာ ကျည်ဆံမပေးဘဲ ဒီအတိုင်းထားထားရင်၊ ကျုပ်တို့ဟာ ဘယ်ကိုမှ ခရီးရောက်မှာမဟုတ်ဘူး။[၁၀၅]




ရုရှားနိုင်ငံ အောက်တိုဘာတော်လှန်ရေးတွင် အရေးကြီးဆုံးခေါင်းဆောင်တစ်ဦးဖြစ်သူ ထရော့စကီက လီနင်၏စကားလုံးများကို အတည်ပြုခဲ့၏။

> တော်လှန်ရေးတွင် ပန်းတိုင်ရောက်ဘို့ လိုအပ်သည့်အခွင့်အရေးအားလုံးကို အသုံးပြုတတ်တဲ့ တော်လှန်ရေးလူတန်းစား လိုအပ်တယ်။ လိုအပ်ရင် လက်နက်ကိုင်တော်လှန်ရမယ်။ လိုအပ်သေးရင် အကြမ်းဖက်ခြင်းလဲလုပ်ရမယ်။[၁၀၆]

ထရော့စကီက နောက်ထပ် အောက်ပါမိန့်ခွန်းကို ပြောခဲ့သည်။

> ကျုပ်တို့အတွက် ဒီအချိန်မှာ ရွေးစရာဆိုလို့ ပြည်တွင်းစစ်ဘဲရှိတော့တယ်။ ပြည်တွင်းစစ်ဆိုတာ အစားအစာအတွက် စစ်တိုက်ရခြင်း ဖြစ်တယ်။--ပြည်တွင်းစစ် သက်တော်ရှည်ပါစေ။[၁၀၇]

လီနင်နှင့် ထရော့စကီတို့ကဲ့သို့သော ကွန်မြူနစ်သီအိုရီသမားများသည်၊ ရုရှားနိုင်ငံတွင် ဗိုလရှီဗစ်တော်လှန်ရေးဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။ ၁၉၁၇–ခုနှစ်နွေဦးကာလ တော်လှန်ရေးကာလတွင် အကျယ်ပြန့်ဆုံး သတ်ဖြတ်ခြင်း၊ လုယက်ခြင်းနှင့် မတွေးနိုင်လောက်သော ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပေါ်ခဲ့၏။ တော်လှန်ရေးကို ဆန့်ကျင်သူတို့နှင့် ဆန့်ကျင်သည်ဟု ထင်ရသောသူတို့ကို မည်သည့် အကြောင်းမျှ မပြဘဲ ဖမ်းဆီး၍ ပစ်သတ်လိုက်ကြသည်။ သူတို့၏အိမ်ကို လုယက်ယူပြီးနောက် ဖျက်ဆီးလိုက်ကြလေသည်။ အကြမ်းဖက်မှုများသည်၊ လီနင်နှင့် ထရော့စကီတို့မှစတင်ခဲ့၍ စတာလင်၏ခေတ်တွင် ပို၍ဆိုးရွားခဲ့လေသည်။



၁၉၂၁–၁၉၂၂ခုနှစ်အတွင်း ကွန်မြူနစ်အစိုးရယူဆောင်ခဲ့သော အငတ်ဘေးမှာ အဆိုးရွားဆုံးနားကြည်းဖွယ်ဖြစ်၏။ ပုံတွင် လူများတော်ပြတ်၍သေကျေကြသည်ကို တွေ့ရ၏။

နယူးယောက်တိုင်းသတင်းစာမှ ဟယ်ရီဆန် အီ ဆာလစ်ဘာရီက ဆိုဗီယက်စနစ်၏ အကျဉ်းစခန်းများကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> ––(ဥရောပ)တိုက်ကြီးတတိုက်လုံး အကြမ်းဖက်မှုနှင့်ပြည့်နက်နေသည်။––ဆိုဗီယက်အကြမ်းဖက်စနစ်တွင် လူပေါင်းသိန်းနှင့်ချီ၍ သတ်ဖြတ်လိုက်ပြီး သန်းပေါင်းမြောက်မြားစွာ သေကြေပျက်စီးခြင်းနှင့်နှိုင်းယှဉ်လိုက်ပါက၊ ဇာဘုရင်တို့သည် အင်မတန်နူးညံ့ပျော့ပြောင်းကြပေသည်။ စနစ်တကျ စီစဉ်ထားသော ဖြစ်ရိုးဖြစ်စဉ်ယုတ်မာမှုများကိုတွေ့၍ ကျွန်ုပ်တို့၏စိတ်များသည် အံ့အားသင့်ခြင်း ကြောက်ရွံ့ထိတ်လန့်ခြင်းတို့ဖြင့် ထုံကြင်သွားပေသည်။ နှစ်စဉ်လူပေါင်း သုံးသန်း လေးသန်းခန့်ကို အလုပ်ကြမ်းနှင့်ထောင်ဒဏ်အပြစ်ချမှတ်၍ တသက်တာလုံးပြန်လမ်းမရှိသည့် အလုပ်ကြမ်းစခန်းသို့ပို့ကြသည်။ တရားခံအများအားဖြင့် မည်သည့်ပြစ်မှုကြောင့် ထိုပြစ်ဒဏ်ခံရသည်ကိုပင် မသိရသည်မှာလည်း ရှိနေသောကိစ္စပင်ဖြစ်ပေသည်။[၁၀၈]

ရုရှားလူမျိုးမဟုတ်သူ၊ အထူးသဖြင့် ခရီမီယံတူရကီလူမျိုးများ၊ အာရှအလယ်ပိုင်း တူရကီလူမျိုးများနှင့် ကာဇက်လူမျိုးများသည် ဆိုဗီယက်အကြမ်းဖက်မှုများကို အပြင်းအထန်ခံခဲ့ကြရသည်။ *ထရွယ်ကာ*ခေါ် အထူးခုံရုံးများကို ဖွဲ့စည်း၍ ရုရှားလူ့အဖွဲ့အစည်းမှ ကာဇက်လူမျိုးတို့ကို ဖယ်ရှားရှင်းလင်းပစ်ကြ၏။ ၁၉၂၀–ခုနှစ် အောက်တိုဘာလ တစ်လတည်းတွင် *ထရွယ်ကာ*က လူပေါင်း ၆၀၀၀ ကို သေဒဏ်ပေးခဲ့လေသည်။ ထိုသေဒဏ်အမိန့်များကိုလည်း ချက်ချင်းဆောင်ရွက်လိုက်ကြသည်။ တော်လှန်ရေးအစိုးရကိုဆန့်ကျင်သူတို့၏ မိသားစုများ၊ တခါတရံ

အိမ်နီးနားချင်းတို့ကိုလည်း ဖမ်းဆီးပြီး စုပေါင်းအလုပ်ကြမ်းစခန်းများသို့ပို့လိုက်ကြသည်။ ယူကရိမ်းပြည်နယ်ရှိ ထိုသို့သောစခန်းများ၏ စခန်းမှူးတစ်ဦးဖြစ်သူ မာတင် လက်စစ်က ထိုစခန်းများသည် သေမင်းစခန်းများသာဖြစ်သည်ဟု အောက်ပါအတိုင်းဝန်ခံခဲ့၏။



ရုရှားအစိုးရက ရွာသားများထံမှ ဆန်စပါးအစားအစာများကို သိမ်းယူသည့်အတွက် ယူကရိန်းပြည်နယ်တွင် လူများသေကြ၏။

အသင်တို့သည် မည်သည့်အကြောင်းကြောင့် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌လည်းကောင်း၊ အကြင်အင် အားချိနဲ့သော ယောက်ျား မိန်းမနှင့် ကလေးသူငယ်တို့အား ကယ်တင်ရန်အလို့ငှာလည်းကောင်း၊ စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ခြင်း မပြုကြသနည်း။ ထိုသူတို့သည်ကား၊ ‘အို–ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤအကြင်မြို့ရွာမှ ထုတ်ဆောင်တော်မူပါ။ ထိုမြို့သူမြို့သားများသည် မတရားနိုပ်စက်ညှဉ်းပန်းသူများဖြစ်ကြပါ၏။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဘို့ မိမိအထံတော်မှ အဆွေခင်ပွန်းတစ်ဦးဦးကို ဖန်တီး၍ပေးသနားတော်မူပါ။ ထိုနည်းတူစွာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဘို့ မိမိအထံတော်မှ ကာကွယ်စောင့်ရှောက်မည့်သူ ဖန်တီး၍ ပေးသနားတော်မူပါ’ ဟု လျှောက်ထားပန်ကြားလျက်ရှိကြကုန်သတည်း။ (စူရာအန်နီဆာ ၄း၇၅)

> မိုင်ကော့မြို့အနီးရှိ အကျဉ်းစခန်းသို့ ဖမ်းဆီးလာခဲ့သော မိန်းမ၊ ကလေးသူငယ်နှင့်ဇရာအိုများသည် အောက်တိုဘာလ ရွံ့နွံအတွင်း အအေးဒဏ်နှင့် တုန်လှုပ်ခြောက်ခြားဖွယ်အခြေအနေတွင် အသက်ရှင်နေကြရ၏။ သူတို့သည် သေလုနီးသော ယင်ကောင်များကဲ့သို့ဖြစ်နေကြသည်။ သေခြင်းမှလွတ်မြောက်ရန် မိန်းမများသည် ဘာမဆိုလုပ်ကြ၏။ ထိုစခန်းကို စောင့်ကြပ်နေသည့်စစ်သားများက အခွင့်ကောင်းယူ၍ သူတို့ကို ပြည့်တန်ဆာအဖြစ် ဆက်ဆံကြသည်။[၁၀၉]

ဒါဝင်၏သြဇာအောက်တွင်ကျရောက်နေကြသော ကွန်မြူနစ်တော်လှန်ရေးသမားများသည် လူတွေကို အရှူးအမူးထိန်းမနိုင်သိမ်းမရသတ်ဖြတ်နေကြသည်။ ထိုခေတ်က စာပေစာတမ်းများကိုကြည့်ခြင်းဖြင့် သူတို့၏အဓိကရည်ရွယ်ချက်မှာ အပြီးအပိုင်သုတ်သင်ရှင်းလင်းပစ်ရန်ဖြစ်ပုံရ၏။ သူတို့က လူများများသတ်လေ၊ သူတို့၏ရည်ရွယ်ချက်အောင်မြင်လေ ဖြစ်သည်ဟု ယုံကြည်ကြဟန်တူပါသည်။ သူတို့၏တော်လှန်ရေးကို ဆန့်ကျင်သူတိုင်းကို သတ်ဖြတ်ရှင်းလင်းပစ်ရန်စီမံကိန်းရှိခဲ့ကြောင်း သူတို့၏ဆုံးဖြတ်ချက်များက ဖေါ်ပြလျက်ရှိနေပေသည်။

> ပယာတီဂေါစ် ချက်ကာ(တော်လှန်ရေးဆန့်ကျင်သူတို့ကို တိုက်စစ်ဆင်ရေးအထူးကော်မီတီ)က နေ့စဉ် လူ ၃၀၀ သတ်ပစ်ရန်ဆုံးဖြတ်ချက်ချ၏။ မြို့ကိုအကွက်များချ၍ ထိုအကွက်များတွင် သတ်ဖြတ်မည့်ကိုတာခွဲတမ်းချပေးကာ ပါတီစိတ်များကို သတ်ပစ်မည့်လူစာရင်းပြုစုခိုင်းသည်။ ကစ်စလိုဗေါ့မြို့တွင် စဉ်းစားမပေါက်သဖြင့် နောက်ဆုံးတွင် ဆေးရုံရှိလူနာများကို သတ်ပစ်ရန်ဆုံးဖြတ်ကြလေသည်။[၁၁၀]

ကွန်မြူနစ်ကိုအားပေးထောက်ခံသည့် *Krasnyi Mech ကရာစ်ညီမက်*(ဒါးနီ)သတင်းစာခေါင်းကြီးပိုင်းတွင်ကြေညာခဲ့သည့်အတိုင်း၊ ကွန်မြူနစ်တို့ အရာအားလုံးခွင့်ပြုချက်ရှိသည်၊ သွေးယိုစီးရန်လိုအပ်သည်၊ သွေးသည် အလံနီ၏အရောင်ဖြစ်သည်ဟု ယုံကြည်ကြ၏။

> ကျုပ်တို့အတွက် အရာအားလုံးခွင့်ပြုချက်ရှိတယ်။ ကျုပ်တို့ရဲ့ဒါးကို မြှောက်တာဟာ လူတွေကိုကျွန်သပေါက်ဘဝရောက်နေတဲ့လူမျိုးဖြစ်သွားသည်အထိ ဖိနှိပ်ဘို့မဟုတ်ဘဲ လူသားများကို ခတ်ထားတဲ့ လက်ထိတ်သံခြေချင်းများကို ဖြုတ်ဘို့ဖြစ်တယ်။ **သွေး၊ သွေးတွေရေလိုစီးပါစေ။ ဘူဇဝါတွေလွှင့်တဲ့အလံနက်ကို သွေးစွန်းပါစေ။ ကျုပ်တို့ရဲ့အလံ အမြဲတစေနီနေပါစေ။** အိုမင်းပြီ ဖြစ်တဲ့ ကမ္ဘာကြီး သေဆုံးပျက်သုဉ်းသွားမှသာလျှင် အဲဒီမြေခွေးတွေ ပြန်မထလာတော့ဘဲ ကျုပ်တို့ကိုယ်ကို ထာဝရလွတ်မြောက်အောင် လုပ်နိုင်ကြလိမ့်မယ်။[၁၁၁]

ဤကဲ့သို့သောနှိပ်စက်ညှဉ်းပန်းမှုများအပြင်၊ စတာလင်က “ချောဆွဲရေးတပ်ဆွယ်” များကိုလည်း တောင်သူလယ်သမားများ၏ သီးနှံထွက်ကုန်များကို သိမ်းယူရန် ထပ်မံဖွဲ့စည်းထားသေးသည်။ ဤတပ်ဆွယ်များသည် ဖိနှိပ်မှုဟူသမျှ၏ အဓိကတရားခံဖြစ်ပေသည်။ ၁၉၂၂ –ခုနှစ် ဖေဖေါ်ဝါရီလ ၁၄ ရက်နေ့တွင်၊ စစ်ဆေးရေးအရာရှိတစ်ဦးက အောက်ပါအတိုင်း ရေးသား၏။

> ဤချောဆွဲရေးတပ်ဆွယ်၏ပြစ်မှုကျူးလွန်ခြင်းအဆင့်သည်၊ ရှင်းရှင်းပြောရသော်၊ မယုံကြည်နိုင်လောက်သည့်အဆင့်များသို့ရောက်နေလေပြီ။ အစီအစဉ်ရှိရှိ၊ တောင်သူလယ်သမားများကို ဖမ်းဆီး၍ အနွေးငွေ့မပေးထားသောစပါးကျီတွင် ပွတ်သိပ်၍ လှောင်ထားကြသည်။ ထို့နောက် သူတို့ကို ကြိမ်ဒဏ်ခတ်ကြ၏။ သတ်ပစ်မည်ဟု ခြိမ်းခြောက်ကြသည်။ ချထားပေးသည့် ကိုတာမပြည့်သေးသူတို့ကို ကိုယ်လုံးတီးချွတ်၍ ရွာလမ်းမတွင် ပြေးခိုင်းသည်။ ထို့နောက် အနွေးငွေ့မပေးထားသော အခြားအခန်းတွင် လှောင်ထားကြပြန်သည်။ မိန်းမအမြောက်အမြားကို မေ့မျောသွားသည်အထိ ရိုက်နှက်ပြီး နှင်းတောထဲတွင် တူးထားသောတွင်းထဲသို့ ပစ်ချလိုက်ကြ၏။[၁၁၂]

စတာလင်က စပိန်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုအတွက် အလားအလာရှိသောနိုင်ငံဖြစ်၍၊ ယင်းနိုင်ငံနှင့်ရောနှောဆက်ဆံခြင်းသည်အကျိုးရှိလိမ့်မည်ဟု ယုံကြည်လေသည်။ ထို့ကြောင့် စပိန်နိုင်ငံပြည်တွင်းစစ်တွင် ကွန်မြူနစ်တို့ကို ထောက်ပံ့ခဲ့သည်။ ထိုသို့ဖြင့် ဆိုဗီယက်ပြည်ထောင်စုမှ အကြမ်းဖက်မှုများသည်လည်း စပိန်နိုင်ငံအထိ လျှံထွက်သွားလေတော့၏။ ထိုဖိနှိပ်မှုနှင့်နှိပ်စက်မှုတို့၏ဥပမာတစ်ခုသည် ၁၉၃၈–ခုနှစ်ဦးပိုင်းတွင် စတာလင်ဝါဒ

ဆန့်ကျင်ရေးသမားများကို အကျဉ်းစခန်းတစ်ခု၌ ချုပ်နှောင်ထားခြင်းပင်ဖြစ်ပေသည်။ ထိုအကျဉ်းစခန်းရောက် အကျဉ်းသားတစ်ဦးက–



စတာလင်က "ချောဆွဲရေးတပ်ဆွယ်" များကိုဖွဲ့စည်းပြီး နှိပ်စက်ကြသည်။ တောင်သူလယ်သမားတို့၏ သီးနှံထွက်ကုန်များကို သိမ်းယူကြသည်။ ဤတပ်ဆွယ်သည် လူထုကို နည်းမျိုးစုံဖြင့် နှိပ်စက်ကြ၏။ အစိုးရအမှုထမ်းများကို သီးနှံလုံလောက်အောင် မပေးနိုင်သူတို့သည် သေသည်အထိနည်းမျိုးစုံဖြင့်နှိပ်စက်ခံရကြသည်။ ဘေးပုံသည် ကွန်မြူနစ်အုပ်ချုပ်ရေးအောက်တွင် ထိတ်လန့်ခြောက်ခြားဖွယ်သောလူထု၏အခြေအနေကိုပြ၏။





"စတာလင်ဝါဒီတို့ ချက်ကာစခန်းဖွင့်ဘို့ဆုံးဖြတ်လိုက်တာနဲ့၊ အနားမှာရှိတဲ့ သင်္ချိုင်းတစ်ခုကို ရှင်းကြတယ်။ ချက်ကာအဖွဲ့ဝင်တို့သည် အလွန်ဆိုးယုတ်တဲ့အတွေးရှိကြတယ်။ သင်္ချိုင်းအပေါ်ပိုင်းကို ဖွင့်ပြီးအရိုးစုတွေ လူသေအလောင်းပုတ်တွေကို ဖွင့်ပြထားကြတယ်။ အခက်ဆုံးအမှုတွေမှာ တရားခံဖြစ်မဲ့လူကို အဲဒီသင်္ချိုင်းမှာချုပ်ထားကြတယ်။ သူတို့မှာ သီးခြားသူမတူတဲ့ရက်စက်နည်းတွေနဲ့ နှိပ်စက်နည်းတွေရှိကြတယ်။ အကျဉ်းသမားအမြောက်အမြားကို တနေကုန်ပြောင်းပြန်ဆွဲထားလေ့

> ရှိတယ်။ တချို့ကိုတော့ ဘီဒိုကျဉ်းကျဉ်းမှာလှောင်ထားပြီး မျက်နှာနားမှာအသက်ရှုဖို့အပေါက်ငယ်ကလေးဘဲဖေါက်ထားပေးတယ်။ အဆိုးဆုံးနည်းကတော့ "အံဆွဲနည်း"လို့ခေါ်တယ်။ အကျဉ်း



> သမားကို သေတ္တာငယ်ထဲမှာ ရက်ပေါင်းများစွာထည့်ထားတယ်။ နဲနဲမှလှုပ်ရှားလို့မရတဲ့သေတ္တာထဲမှာ ရှစ်ရက်ကနေ ဆယ်ရက်အထိ ထည့်ထားကြတယ်။[၁၁၃]

၁၉၃၁–ခုနှစ်တွင် ဧကဒဿမမြောက်ပုပ်ရဟန်းမင်းကြီး ပိုင်းယပ်စ်က ကမ္ဘာကြီးကို ဒုက္ခပေးသည့် ကွန်မြူနစ်ဝါဒနှင့်ပတ်သက်၍ နှစ်စဉ်ပထမတနင်္ဂနွေနေ့ထုတ် အမိန့်စာစောင် *Quadragesimo Anno* တွင် အောက်ပါအတိုင်း ကြေညာခဲ့လေသည်။

> ကွန်မြူနစ်ဝါဒသည်၊ ရည်ရွယ်ချက်နှစ်ခုကိုသင်ကြားပေး၍ ဆောင်ရွက်သည်။ မရပ်မနားအလျှော့မပေးသော လူတန်းစားစစ်ပွဲနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အပြီးအပိုင်းဖျက်သိမ်းရေးဖြစ်သည်။ ထိုရည်ရွယ်ချက်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ကွယ်ဝှက်၍မလုပ်တော့ဘဲ၊ အဆိုးဆုံးအကြမ်းဖက်ခြင်းများအပါအဝင် ရရှိသည့်နည်းအားလုံးဖြင့် ဖြောင်တင်းတင်း ပွင့်ပွင့်လင်းလင်း ဆောင်ရွက်ကြသည်။ ထိုရည်ရွယ်ချက်များကို ဖြည့်တင်းရန်အတွက် သူတို့မည်သည့်အရာကိုမျှလုပ်ရန်မကြောက်ရွံ့ကြချေ။ မည်သည့်အရာကိုမျှ လေးစားကိုင်းရှိုင်းနေခြင်းလည်းမရှိချေ။ အာဏာရသည်နှင့်တပြိုင်တည်း ခက်ထန်ကြမ်းတမ်း၍ လူမဆန်အောင်ရက်စက်ကြမ်းကြုတ်လေသည်။ အရှေ့ဥရောပပိုင်းကျယ်ဝန်းလှသည့်နယ်မြေများတွင် ကြောက်ခမန်းလိလိ သတ်ဖြတ်ဖျက်ဆီးထားခဲ့သည့် အကြွင်းအကျန်များက သက်သေထူနေပေသည်။[၁၁၄]

အထက်ပါစာသားအရ၊ ကွန်မြူနစ်ဝါဒ၏ အခြေမူဝါဒသည်၊ သနားကြင်နာခြင်းကင်းမဲ့သော လူတန်းစားစစ်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို အပြီးအပိုင်ဖျက်ဆီးပစ်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ဒါဝင်က ဇီဝလောကတွင်အသုံးပြုသည့် အီဗိုလူးရှင်းသီအိုရီကို လူ့လောက လူ့အဖွဲ့အစည်းတွင် လက်တွေ့ကျင့်သုံးရန်ရည်ရွယ်ချက်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် လူသားတို့သည်လည်း တိရစ္ဆာန်များကဲ့သို့ အစဉ်တစိုက်ပဋိပက္ခဖြစ်ကြ၍ အမြဲစစ်တိုက်ကြရမည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်၏။

ကွန်မြူနစ်ဝါဒသည် ရုရှားနိုင်ငံ၌သာ ရပ်တန့်သွားခြင်းမရှိခဲ့ချေ။ ကွန်မြူနစ်ဝါဒပြန့်ပွားသွားခြင်းကြောင့် နစ်နာပျက်စီးခြင်းအများဆုံးရှိသည့်နိုင်ငံများတွင် တရုတ်နိုင်ငံသည် တစ် ခုအပါအဝင်ဖြစ်၏။

# ဒါဝင်ဝါဒီ မော်စီတုံးနှင့် သူ၏သတ်ဖြတ်မှုများ

တရုတ်နိုင်ငံ၏ခေါင်းဆောင်ဖြစ်သူ မော်စီတုံးတွင် ရှေ့ဆောင်ဆရာသမားနှစ်ဦးရှိခဲ့၏။ တစ်ဦးမှာ ဒါဝင်ဖြစ်၍ နောက်တစ်ဦးမှာ စတာလင်ဖြစ်သည်။ ဤသေမင်းတမန်အမည်နှစ်ခုတို့သည်၊ မော်စီတုံး၏ကိုယ်တစ်ခုတည်းတွင် စုပေါင်းပါဝင်ခဲ့၍၊ တရုတ်နိုင်ငံ၏သမိုင်းတွင် ဝမ်းနည်းကြေကွဲဖွယ် ကြာရှည်လွန်းသောအမှောင်ခေတ်ကြီးအဖြစ် အမဲကွက်ချန်ထားခဲ့လေသည်။ လူပေါင်း ၆ သန်းမှ ၁၀ သန်းအထိ မော်စီတုံး၏တိုက်ရိုက်ညွှန်ကြားချက်ဖြင့် သတ်ဖြတ်ခဲ့သည်။ နောက်ထပ်သန်းပေါင်းမြောက်မြားစွာသော တန်ပြန်တော်လှန်ရေးသမားတို့က သူတို့၏ဘဝအများဆုံးအပိုင်းကို အကျဉ်းထောင်ထဲ၌ အချိန်ကုန်ခဲ့ကြ၏။ ၎င်းတို့အနက် သန်းပေါင်း ၂၀ သေခဲ့သည်။ ၁၉၅၉–မှ ၁၉၆၁–ခုနှစ်အထိ "ကြီးကျယ်သောရှေ့သို့ခြေလှမ်း" (The Great Leap Forward)ခေါ် မော်၏ရက်စက်ကြမ်းကြုတ်သည့်အစွန်းထွက်ပေါ်လစီများဖြင့် လူဦးရေ သန်းပေါင်း ၂၀ နှင့် ၄၀ အကြား ငတ်မွတ်၍သေကြေကြကုန်၏။ ၁၉၈၉–ခုနှစ်တွင် တီယံအန်မင်ယင်ပြင်သတ်ဖြတ်မှုတွင် လူပေါင်း ၁၀၀၀ ကျော်သေခဲ့ခြင်းသည်လည်း တရုတ်နိုင်ငံ၏မကြာသေးမီက ကျော်လွန်ခဲ့သောသမိုင်းအထောက်အထားဖြစ်ပေသည်။ အရှေ့တာကစ္စတန်နယ်တွင် မွတ်စလင်မ်တူရကီလူမျိုးများကို လူမျိုးဖြုတ်သတ်ဖြတ်နေခြင်းသည်လည်း ဆက်လက်၍ဖြစ်ပွားနေသေးသည်။

တရုတ်နိုင်ငံတွင်ဖြစ်ခဲ့သည့် ကွန်မြူနစ်တော်လှန်ရေးတွင် မယုံကြည်နိုင်လောက်အောင် ရိုင်းစိုင်းသည့်အဖြစ်အပျက်များ ရှိခဲ့လေသည်။ ထိုရိုင်းစိုင်းရက်စက်စွာသတ်ဖြတ်နေသည်ကို ဘေးမှအော်ဟစ်ထောက်ခံအားပေးနေခဲ့ကြသည့်လူထုတခုလုံးမှာ ညှို့ဓါတ်တစ်မျိုးမျိုး မိနေကြသည်ဟုပင် ထင်ရပေသည်။

သမိုင်းပါရဂူနှင့်သမိုင်းဆရာကြီးအချို့စုပေါင်းရေးသားထုတ်ဝေသော *Le Livre Noir du Communisme* (ကွန်မြူနစ်ဝါဒ၏ အနက်ရောင်စာအုပ်)ခေါ်စာအုပ်တွင်၊ ကွန်မြူနစ်တို့၏ ရိုင်းစိုင်းယုတ်မာသည့်လုပ်ရပ်များကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> မလွဲတန်းသေဒဏ်ချမှတ်ကြမည့်အကျဉ်းသားဖြစ်သည့် "တန်ပြန်တော်လှန်ရေးသမားများ"ကို ခုံရုံးတင်စစ်ဆေးရာသို့ ဒေသခံလူထုတစ်ခုလုံးကို ဆင့်ခေါ်ကြည့်ခိုင်းကြသည်။ ထိုအကျဉ်းသားများကို သတ်ပြီးနောက် အလောင်းများကိုအပိုင်းပိုင်းဖြတ်ကြမည့် Red Guards ခေါ် တပ်နီရဲဘော်တို့ကို၊ သေဒဏ်ပေးသည့်ခုံရုံးသို့တက်ရောက်လာသည့်လူထုက ဘေးမှနေ၍ "သတ်လိုက်၊ သတ်လိုက်"ဟု ဝိုင်းအော်ကြသည်။ တခါတရံ ထိုလူသေအပိုင်းများကို ချက်ပြုတ်၍စားသုံးကြလေသည်။ သို့မဟုတ် အသက်ရှင်နေသေး၍ ထိုစစ်ဆေးရေးခုံရုံးသို့လာရောက်ကြည့်ရှုကြရသည့်အကျဉ်းသား၏အိမ်ထောင်စုဆွေမျိုးသားချင်းတို့ကို အတင်းစားခိုင်းကြသည်။ ထို့နောက် ရပ်ကြည့်နေသည့်လူထုကို စားပွဲရှည်တွင်ထိုင်ခိုင်း၍ ချက်ထားပြီးသော အကျဉ်းသားမြေပိုင်ရှင်၏အသဲနှလုံးများကို ဝေငှပေးလေသည်။ အာဏာသားခေါင်းဆောင်က သတ်ဖြတ်ထားသည့်ကျုန်အကျဉ်းသားများ၏ လတ်လတ်ဆတ်ဆတ်ဦးခေါင်းများကို ရှေ့တွင်အစီအရီတံကျင်လျှိုစီထားး၍ မိန့်ခွန်းပြောလေသည်။ ထိုကဲ့သို့ လူသားစား၍ ကလဲ့စားချေသည့်အလေ့အထသည်၊ နောင်တွင် ပွန်ပွတ်အစိုးရလက်ထက်တွင်လည်း လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်ခဲ့ပေသည်။ ယင်းအလေ့အထသည် အရှေ့အာရှတိုက်တွင် ရှေးပဝေသဏီမှစ၍ပြုကျင့်လာခဲ့ကြရာ ပဲ့တင်ထပ်သကဲ့သို့ တရုတ်သမိုင်းတွင် မကြာခဏကြိုးကြား ပေါ်လာလေ့ရှိ၏။[၁၁၅]






မော်၏ ကွန်မြူနစ်ထောက်ခံသူတို့က၊ ပြည်တွင်းစစ်အတွင်း သူတို့ကိုဆန့်ကျင်သူတို့အား ရက်စက်ကြမ်းကြုတ်စွာ နည်းမျိုးစုံဖြင့်ပြစ်ဒဏ်ပေးကြသည်။ လူထုရှေ့တွင် သိက္ခာချပြီးနောက် သတ်ပစ်လိုက်ကြသည်။




အရင်းရှင်ဖြစ်သည်ဟု စွပ်စွဲခံရသောတရုတ်ပါတီခေါင်းဆောင်များကို လူထုရှေ့တွင် ပထမခေါင်းကတုံးရိတ်ပစ်ပြီးနောက် သတ်ပစ်လိုက်ကြသည်။





ဝန်စောချင် ခေါ်တရုတ် အမျိုးသမီးတစ်ဦးကို သတ်နေစဉ်။ တရုတ်နိုနိုင်ငံတွင် အကျဉ်းသားကို ပစ်သတ်မည့် ကျည်ဆံခငွေကို အကျဉ်းသား၏ ဆွေမျိုးများထံမှ ညှစ်ထုတ်ယူကြသည်။





=====================================================

## ပွန်ပွတ်နှင့် ခမာနီ၏ “သတ်ဖြတ်မှု ယင်ပြင်များ”



၁၉၇၅–ခုနှစ်မှ ၁၉၇၉–ခုနှစ်အတွင်း၊ ပွန်ပွတ်အုပ်ချုပ်မှုအောက်တွင် ကမ္ဘောဒီယားနိုင်ငံမှလူဦးရေ ၇ သန်းအနက် ၂ သန်းကို သတ်ဖြတ်ခဲ့သည်။ ပွန်ပွတ်က ကွန်မြူနစ်နိုင်ငံတည်ထောင်ရန်စိတ်ကူးယဉ်ဖြင့် သတ်ဖြတ်ခဲ့သောလူဦးရေကို ရာခိုင်နှုန်းအရတွက်ပါက ဟစ်တလာနှင့် စတာလင်သတ်ဖြတ်ခဲ့သည့်ဦးရေထက် ပို၍များပြားနေပေသည်။ ပွန်ပွတ်သတ်ဖြတ်မည့်သူများသည် ကမ္ဘောဒီယားလူမျိုးများမှ ပညာရှင်ပိုင်းဖြစ်ကြသည့် ဆရာဝန်၊ အင်ဂျင်နီယာ၊ သိပ္ပံပညာရှင်စသည်တို့ အဓိကဖြစ်လေသည်။ ပွန်ပွတ်က မျက်မှန်တပ်သူတိုင်းကို သတ်ပစ်ရန်ပင် အမိန့်ချခဲ့၏။ ဤကဲ့သို့သော လူမဆန်သည့် သတ်ဖြတ်မှုများကြောင့် နှစ်ပေါင်းများစွာ ကြာရှည်ခဲ့သော “လူသတ်မှု ယင်ပြင်များ” ပေါ်ပေါက်ခဲ့ပေသည်။

ခမာရူ့ဂ်ခေါ် ခမာနီတို့၏ သတ်ဖြတ်မှုများအတွက် တရားဝင်ကြောင်း ကျိုးကြောင်းပြချက်များကို “အသင့်ကိုထားရှိခြင်းဖြင့် ဘာမျှအကျိုးမရှိ၊ အသင့်ကို ဆုံးရှုံးခြင်းဖြင့် မည်သည့်အရှုံးမျှမရှိ” ဟူသောစကားလုံးများဖြင့် အတိုချုံးထားနိုင်၏။ သူတို့က အသုံးမကျ သို့မဟုတ် အန္တရာယ်ရှိသည်ဟုထင်သူတိုင်းကို သတ်ပစ်ကြသည်။ ထိုသတ်ဖြတ်မှုများတွင်၊ ကမ္ဘောဒီယားလူထု အိမ်ထောင်စုတိုင်းတွင် အနည်းဆုံးတစ်ဦး အသတ်ခံခဲ့ရသည်။

လူ့အသက်ကို တန်ဖိုးလုံးဝမထားသောပွန်ပွတ်သည် သူစိတ်ကူးယဉ်သောဆိုရှယ်လစ်လောကအတွက် အိမ်ထောင်စုသည် အဟန့်အတားဖြစ်သည်ဟု ယုံကြည်၏။ ထို့ကြောင့် အိမ်ထောင်စုများကိုတကွဲတပြားခွဲထားလိုက်ခြင်းဖြင့် လူသားများကို ကွန်မြူနစ်ခေါ်ဘုံအဖွဲ့စနစ်တွင် နေထိုင်စေလိုခြင်းဖြစ်သည်။ ၎င်းပေါ်လစီမျိုးကို စတာလင်ကလည်း ရုရှားနိုင်ငံတွင် ချမှတ်ဆောင်ရွက်ခဲ့၏။ ပထမဆုံး တောင်သူလယ်သမားများ၏ မြေယာများကို သိမ်းလိုက်သည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး ဝေးလံသောနေရာရှိ မြေယာအနည်းငယ်စီကို ဝေငှပေးသည်။ ထိုမြေယာခွဲတန်းများတွင် အလုပ်လုပ်ကြရန် မိမိ၏အိမ်ထောင်စုသားချင်းများနှင့် ခွဲခွာနေကြရ၏။

Robert Templer, *Pol Pot's Legacy of Horror*,
The Age, April 18, 1998,
http://dithpran.org/PolPotlegacy.htm

=====================================================



ပွန်ပွတ်နှင့် ခမာနီတို့သည်
တိုင်းပြည်ကို "သတ်ဖြတ်မှု
ယင်ပြင်များ" အဖြစ်
ပြောင်းလဲခဲ့ကြသည်။



## ကွန်မြူနစ်ရိုင်းစိုင်းရက်စက်မှုမှ နာကြည်းဖွယ်သောဆုံးရှုံးမှု

ထိုကဲ့သို့သောရိုင်းစိုင်းရက်စက်မှုအဖြစ်အပျက်များသည် ကွန်မြူနစ်တို့ သိမ်းပိုက်ခဲ့သောတိုင်းပြည်တိုင်းတွင် ခံစားခဲ့ကြရ၏။ ကမ္ဘောဒီယား၊ မြောက်ကိုရီးယား၊ လောနိုင်ငံ၊ ဗီယက်နမ်၊ ဥရောပတိုက်နှင့်အာဖရိကတိုက်နိုင်ငံများတွင်လည်း ဖြစ်ခဲ့၏။ ယင်းသွေးချောင်းစီးဆုံးရှုံးမှုများကို *ကွန်မြူနစ်ဝါဒ၏စာအုပ်နက်*ဟုခေါ်သော *The Black Book of Communism* စာအုပ်တွင် အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> ဤရာဇဝတ်မှုများသည်၊ အစိုးရတစ်ခုနှင့်တစ်ခု၏လက်တွေ့ဆောင်ရွက်ပုံ အနည်းငယ်စီကွဲပြားကြသော်လည်း၊ အားလုံးသည် ထင်ရှားသည့်ပုံစံတစ်ခုအတွင်း၌သာ ရှိကြသည်။ ထိုပုံစံတွင်၊ နည်းအမျိုးမျိုးဖြင့် သတ်ဖြတ်ခြင်းလုပ်ကြသည်။ ဥပမာ တန်းစီထား၍ပစ်သတ်ခြင်း၊ ကြိုးဆွဲချသတ်ခြင်း၊ ရေနှစ်သတ်ခြင်း၊ ရိုက်သတ်ခြင်း၊ ဓါတ်ငွေ့ဖြင့်သတ်ခြင်း၊ အဆိပ်ဖြင့်သတ်ခြင်း၊ ကားတိုက်သတ်ခြင်း၊ လူဦးရေလျှော့ချရန် ငတ်မွတ်ခေါင်းပါးခြင်းကိုလုပ်ကြံဖန်တီးခြင်း၊ အစားအစာများကို ထိန်းချုပ်ထားခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ ထိုသို့ပြည်နှင်ဒဏ်ပေးရာတွင် လမ်းခရီး၌သေစေခြင်း (မောပန်းငတ်ပြတ်၍ဖြစ်စေ၊ ကျဉ်းကျပ်၍လေမဝင်သောယာဉ်အခန်း၊ မီးရထားတွဲစသည်တို့၌သေစေခြင်း)၊ မိမိ၏အိမ်တွင်း၌အသတ်ခံရခြင်း၊ အလုပ်ကြမ်းချောဆွဲရာ၌ (မောပန်းလွန်း၍ဖြစ်စေ၊ ရောဂါဖြင့်ဖြစ်စေ၊ ငတ်မွတ်၍ဖြစ်စေ)သေစေခြင်း၊ စသည်တို့ပါဝင်သည်။ ပြည်တွင်းစစ်ဟုခေါ်သောကာလအတွင်းမှ အဖြစ်အပျက်များသည် ပို၍ရှုပ်ထွေး၏။ အုပ်ချုပ်သူတို့နှင့် တော်လှန်ပုန်ကန်သူတို့အကြားတိုက်ခိုက်ခြင်းနှင့် အုပ်လိုက်စုပြုံ၍ အရပ်သားများကို သတ်ဖြတ်ခြင်းများခွဲခြားရန် ခက်ခဲ့ပေသည်။
>
> သို့သော်လည်း၊ နေရာတကာတွင်စတင်ဆန်းစစ်ရပေမည်။ အောက်ပါတို့သည်၊ အစိုးရတရားဝင်ကြေညာခြင်းမဟုတ်သည့် အကြမ်းဖြင်းခန့်မှန်းချက်များဖြစ်ပါသည်။ ဤခန့်မှန်းချက်များက အနည်းဆုံး ယင်းရာဇဝတ်ပြစ်မှုများ၏ အတိုင်းအတာကို ပြဆိုနိုင်ပါလိမ့်မည်။
>
> ဆိုဗီယက်ပြည်ထောင်စုတွင် သန်းပေါင်း ၂၀ သေခဲ့သည်။
>
> တရုတ်နိုင်ငံတွင် ၆၅ သန်းသေခဲ့သည်။
>
> ဗီယက်နမ်တွင် ၁ သန်းသေခဲ့သည်။
>
> မြောက်ကိုရီးယားတွင် ၂ သန်းသေခဲ့သည်။
>
> ကမ္ဘောဒီယားတွင် ၂ သန်းသေခဲ့သည်။
>
> အရှေ့ဥရောပတိုက်တွင် ၁ သန်းသေခဲ့သည်။
>
> လာတင်အမေရိကတိုက်တွင် ၁၅၀၀၀၀ သေခဲ့သည်။
>
> အာဖရိကတိုက်တွင် ၁ သန်း ၇ သိန်းသေခဲ့သည်။
>
> အဖ်ဂါန်နီစတန်တွင် ၁ သန်း ၅ သိန်းသေခဲ့သည်။
>
> နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုနှင့် ကွန်မြူနစ်ပါအာဏာမရရှိသောဒေသများ၌ ၁၀၀၀၀ သေခဲ့သည်။
>
> စုစုပေါင်း သန်းပေါင်း ၁၀၀ နီးပါးသေကြခဲ့သည်။[၁၁၆]

ဤကွန်မြူနစ်အစိုးရများနှင့် ပါတီအဖွဲ့အစည်းအားလုံးတို့၏စိတ်ဓါတ်သည် အချက်တစ်ချက်တည်းတွင် တူညီကြသည်။ သူတို့တွင် လူသားများ၏ခံစားချက်ဖြစ်သော၊ သနားတတ်ခြင်း၊ တရားမျှတခြင်းနှင့် မေတ္တာတရားတို့ လုံးဝပျောက်ကွယ်ကင်းမဲ့၏။ ချက်ချင်းလက်ငင်း လူ့အဖွဲ့အစည်းသည် တိရစ္ဆာန်များ အသက်ရှင်နေရန်အစာလုစားကြသည့်နည်းတူ၊ အစုလိုက်အအုံလိုက်သတ်ဖြတ်သည့်ယင်ပြင်နှင့် စစ်မြေပြင်ဖြစ်သွားလေသည်။

တိရစ္ဆာန်တစ်ကောင်က အစားအစာနှင့်အာဏာစက်ဒေသအတွက် မိမိနှင့်မျိုးတူအခြားတစ်ကောင်ကို တိုက်ခိုက်လုယက်သကဲ့သို့၊ ကွန်မြူနစ်တို့သည်လည်း "တိရစ္ဆာန်"များကဲ့သို့ ပြုကျင့်ကြပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဒါဝင်မွေးဖွားလာခြင်းက သူတို့သည် အခြေခံအားဖြင့် တိရစ္ဆာန်ဖြစ်သည်၊ အသက်ရှင်နေရန်တိုက်ခိုက်ရမည်ဟု သင်ပေးထားသောကြောင့်၊ သူတို့ကလည်း ထိုနည်းအတိုင်း ပြုကျင့်ကြခြင်းဖြစ်ပေသည်။

ဤလူမဆန်သောလုပ်ရားမှုများတွင် ကွန်မြူနစ်တို့သည် သိပ္ပံပညာမျက်နှာဖုံးအတုတတ်ထား၍ သူတို့သည် လေးစားထိုက်ခြင်းဂုဏ်သရေကို ရရှိကြသည်ဟု ထင်ကြလေသည်။ ဗိုလရှီဗစ်ခေါင်းဆောင်များသည် သူတို့၏ကျူးကျော်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အုပ်စုလိုက်သတ်ဖြတ်ခြင်းများကို ရဲတင်းပွင့်လင်းစွာပြောနိုင်ကြခြင်းမှာ ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီက အသိအမှတ်ပြုခြင်းကြောင့်သာလျှင်ဖြစ်ပေသည်။ *သဘာဝသိပ္ပံပညာရှင်များအတွက် အီဗိုလူးရှင်း* ဟူသော ***Evolution for Naturalists*** စာအုပ်တွင် ပီဂျေ ဒါလင်တန်က၊ အီဗိုလူးရှင်းဝါဒီအနေဖြင့်၊ ထိုရိုင်းစိုင်းရက်စက်မှုများသည် အီဗိုလူးရှင်းသီအိုရီကြောင့်ဖြစ်၍၊ သူတို့၏ကျင့်ကြံမှုအားလုံးကိုလည်း မှန်ကန်တရားဝင်သည်ဟု သတ်မှတ်ကြခြင်းဖြစ်သည်ဟု ဝန်ခံထားပေသည်။

> ပထမအချက်က ကျွန်ုပ်တို့ပင်ကိုအရ လောဘတရားနှင့် ရက်စက်ခြင်းက၊ အင်မတန်ဝေးလံသောတိရစ္ဆာန်ဘိုးဘေးများထံမှ အမွေဆက်ခံထားပြီးဖြစ်သည်။––ထို့ကြောင့် ရက်စက်ကြမ်းကြုတ်ခြင်းသည် လူသားအတွက် သဘာဝဖြစ်ပေသည်။ ယင်းသည်ကား အီဗိုလူးရှင်း(တစ်စတစ်စပြောင်းလဲလာခဲ့ခြင်း)မှ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။[၁၁၆]

ဤအီဗိုလူးရှင်းဝါဒီ၏ဝန်ခံချက်အတိုင်း၊ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီကို ရှေ့ဆောင်လမ်းပြအဖြစ်လက်ခံထားသည့်ကွန်မြူနစ်အတွေးအခေါ်အတွက်၊ အခြားလူသားများကိုတိရစ္ဆာန်အဖြစ်ခံယူခြင်း၊ သူတို့ကို တိရစ္ဆာန်နှင့်ကိုက်ညီအောင်ဆက်ဆံခြင်း၊ ဖိနှိပ်ခြင်း၊ စသည်တို့သည် လုံးဝသဘာဝကျသည်ဟု မှတ်ယူကြောင်းထင်ရှားနေပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ကွန်မြူနစ်ဝါဒ–ဒါဝင်၏အတွေးအခေါ်ကိုလက်ခံသူသည်၊ သူ့မှာဖန်ဆင်းရှင်ရှိသည့်အချက်၊ ဤကမ္ဘာလောကတွင်သူရောက်နေခြင်း၏အကြောင်းရင်း၊ နောင်တမလွန်ဘဝ နောက်ဆုံးတရားစီရင်မည့်နေ့တွင် သူလုပ်ခဲ့သမျှအဖြေပေးရမည့်အဖြစ်၊ စသည်တို့ကိုမေ့ထားလိုက်၏။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရှိသေခြင်းမရှိသူတိုင်းကဲ့သို့ပင်၊ သူ၏ကိုယ်ကျိုးကိုသာကြည့်သည့် လောဘသား၊ သနားကြင်နာမှုကင်းမဲ့သည့်လူမိုက်၊ ရိုင်းစိုင်းရက်စက်သည့် လူသတ်သမား၊ ဖြစ်သွားတော့သည်။ အလ္လာဟ်အရှင်မြတ်က ဤကဲ့သို့သောလူတို့၏အခြေအနေကို အောက်ပါအတိုင်း မိန့်ဆိုထားပေသည်။

> **အပြစ်တင်ရန်နည်းလမ်းမှာကား လူတို့အပေါ်၌နှိပ်စက်ကြသောတိုင်းပြည်၌ မတရားသဖြင့် ဆူပူသောင်းကျန်းဆိုးသွမ်းကြသောသူတို့အပေါ်၌သာလျှင်ရှိပေသည်။ ယင်းကဲ့သို့သောသူတို့၌ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိချေမည်။** (စူရာအရှ်ရှူရာ ၄၂း၄၂)









၁၉၆၈ခုနှစ်တွင် တကမ္ဘာလုံးတွင် လက်ဝဲအတွေးအခေါ်ပြန့်နှံ့ခဲ့၏။ အထူးသဖြင့် တက္ကသိုလ်မှ လူငယ်များတွင်ဖြစ်သည်။ အစည်းအဝေးတွေကျင်းပကြ၍၊ လူငယ်များကို သူတို့၏ယောင်း ရင်းတွေ၊ ပုလိပ်နှင့်စစ်တပ်ကို ဆန့်ကျင်စေသည်။ ဤအဖြစ်အပျက်များကြောင့်၊ ညီအစ်ကို အချင်းချင်း တိုက်ခိုက်ကြ၏။ မြို့ရွာတွေပျက်စီးကုန်၏။ တကမ္ဘာလုံး ဗရမ်းဗတာဖြစ်ကုန်၏။

# အရှေ့တာကစ္စတန်တွင်ဖြစ်သည့်ဖိနှိပ်မှု

ဆိုဗီယက်ပြည်ထောင်စုတွင် ကွန်မြူနစ်အစိုးရပြုတ်ကျသွားပြီဟု မည်သို့ပင်ပြောပြော၊ ကွန်မြူနစ်ဝါဒနှင့်ကျင့်ကြံမှုက ဆက်လက်၍ ရှိနေသေးသည်။ စစ်တပ်နီဥာဉ်စိုးမိုးဆဲဖြစ်သော ရုရှားနိုင်ငံတွင် ချချင်ယာ၌လည်းကောင်း၊ တရုတ်နိုင်ငံတွင် အရှေ့တာကစ္စတန်၌လည်း ကောင်း ဤလက္ခဏာများ ထင်ရှားလျက်ရှိ၏။ အရှေ့တာကစ္စတန်တွင် နေထိုင်လျက်ရှိသော တူရကီလူမျိုး မွတ်စလင်မ်တို့သည်ယနေ့အချိန်တွင် မော်စီတုံး၏တရုတ်နီအတွေ့အကြုံများကို ထပ်တလဲလဲ ခံနေရကြသည်။ အပြစ်မဲ့မွတ်စလင်မ်လူငယ်များကို အစိုးရဆန့်ကျင်သည်ဟုစွပ်စွဲ ပြီးဖမ်းဆီးသတ်ဖြတ်လျက်ရှိသည်။ မွတ်စလင်မ်တို့ကို သာသနာ့တာဝန်ထမ်းဆောင်ခြင်းမှန် သမျှ၊ ဗလီတွင်ဆွလာတ်ဝတ်ပြုခြင်းအပါအဝင်၊ တားမြစ်ပိတ်ပင်ထားသည်။ အစိုးရက အခွန် အကောက် တိုးမြှင့်ခြင်းဖြင့် သူတို့၏ဝင်ငွေကို လုယူနေကြသည်။ မွတ်စလင်မ်လူထုမှာ ငတ် မွတ်ခေါင်းပါးမှုကြောင့် သေကြေပျက်စီးနေကြ၏။ အဆိုးဆုံးမှာ မွတ်စလင်မ်တို့၏ နေရာနယ် မြေတွင် နယူးကလီယားလက်နက်စမ်းသပ်ခြင်းကြောင့် ဆိုးရွားသည့်ရောဂါများ ဖြစ်ပွားစေ လျက်ရှိသည်။

အရှေ့တာကစ္စတန်မှ တူရကီလူမျိုးမွတ်စလင်မ်တို့သည် တရုတ်အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း ၂၅၀ နေထိုင်လာခဲ့ကြပြီ။ အရှေ့တာကစ္စတန်ကို တရုတ်တို့က "စင်ကီယန်"သို့မ ဟုတ် "တိုက်ခိုက်စိုးမိုးရသောနယ်မြေ"ဟု မှည့်ခေါ်ပြီး တရုတ်တို့၏နယ်မြေအဖြစ်ပြောင်းလဲ ထားကြသည်။ မော်စီတုံးခေါင်းဆောင်သော ကွန်မြူနစ်တို့ ၁၉၄၉–ခုနှစ် အာဏာရပြီးနောက်၊ အရှေ့တာကစ္စတန်တွင် မွတ်စလင်မ်တို့ကို ဖိနှိပ်မှု ပိုမို၍ပြင်းထန်ခဲ့လေသည်။ ကွန်မြူနစ်အစိုး ရ၏ပေါ်လီစီမှာ ကွန်မြူနစ်ဝါဒကို လက်ခံခြင်းမပြုသော မွတ်စလင်မ်တို့ကို ဖျက်ဆီးသုတ်သင် ပစ်ရန်ဖြစ်သည်။ သတ်ဖြတ်လိုက်သည့်မွတ်စလင်မ်ဦးရေမှာ ကြောက်ခမန်းလိလိမြင့်မား၏။ ၁၉၄၉–ခုနှစ်မှ ၁၉၅၂–ခုနှစ်အတွင်း ၂၈၀၀၀၀၀၊ ၁၉၅၂–ခုနှစ်မှ ၁၉၅၇–ခုနှစ်အတွင်း ၃၅၀၉၀၀၀၊ ၁၉၅၈–ခုနှစ်မှ ၁၉၆၀–ခုနှစ်အတွင်း ၆၇၀၀၀၀၀၊ ၁၉၆၁–ခုနှစ်မှ ၁၉၆၅–ခုနှစ်အ တွင်း ၁၃၃၀၀၀၀၀ တရုတ်နီစစ်တပ်၏သတ်ဖြတ်မှုနှင့် တရုတ်အစိုးရကဖန်တီးသော ငတ်ပြတ် မှုကြောင့် သေကြေကုန်ကြလေသည်။ ၁၉၆၅–ခုနှစ်နောက်ပိုင်း အစုလိုက်သတ်ဖြတ်မှုဖြင့် အရှေ့တာကစ္စတန် မွတ်စလင်မ်လူဦးရေအားလုံးပေါင်းသည် ၃၅ သန်း သေကြေကုန်ကြလေပြီ။

၁၉၄၉–ခုနှစ်မှစ၍ မွတ်စလင်မ်တို့ကို တစ်ဖက်တွင် သတ်ဖြတ်ရှင်းလင်းရင်း နောက် တစ်ဖက်တွင် တရုတ်လူမျိုးများကို ရွှေ့ပြောင်းနေထိုင်စေသည်။ ၁၉၅၃–ခုနှစ်မှစတင်လာခဲ့ သော တရုတ်အစိုးရ၏ ဤစည်းရုံးလှုံ့ဆော်မှုသည် ရည်ရွယ်ချက်ရှိရှိဖြင့် ရန်စခြင်းပင်ဖြစ်ပေ သည်။ ၁၉၅၃–ခုနှစ်လူဦးရေစာရင်းအရ မွတ်စလင်မ် ၇၅ ရာခိုင်နှုန်းနှင့် တရုတ်လူမျိုး ၆ ရာခိုင် နှုန်းရှိ၏။ ၁၉၈၂–ခုနှစ်တွင် မွတ်စလင် ၄၃ ရာခိုင်နှုန်းနှင့် တရုတ်လူမျိုး ၄၀ ရာခိုင်နှုန်း ရှိလေပြီ။ ၁၉၉၀–ခုနှစ် သန်းကောင်စာရင်းတွင် မွတ်စလင်မ်လူဦးရေ ၄၀ ရာခိုင်နှုန်းနှင့် တရုတ်လူမျိုး ၅၃ ရာခိုင်နှုန်းရှိ၏။ ဤလူဦးရေစာရင်းများက တရုတ်အစိုးရ၏ လူမျိုးဖြုတ် အစီအစဉ်ကို အရှင်းသားဖော်ပြလျက်ရှိပေသည်။

တရုတ်အစိုးရက အရှေ့တာကစ္စတန်မွတ်စလင်မ်တို့ကို နယူးကလီယားလက်နက်စမ်း သပ်သည့် တိရစ္ဆာန်များအဖြစ် အသုံးပြုနေပေသည်။ ၁၉၆၄–ခုနှစ်မှစတင်သည့် ထိုနယူးကလီ ယားလက်နက်စမ်းသပ်မှုကြောင့် ဒေသခံလူများ အင်မတန်ဆိုးရွားသည့်ရောဂါစွဲကပ်ကြ၏။ မစွမ်းမသန်သည့်ခလေးပေါင်း ၂၀၀၀၀ မွေးလေပြီ။ ထိုနယူးကလီယားလက်နက်စမ်းသပ်မှု ကြောင့် မွတ်စလင်မ်လူဦးရေပေါင်း ၂၁၀၀၀၀ ယောက်သေဆုံးကြပြီးဖြစ်ကြောင်း သိရှိရပေ သည်။ လူပေါင်းထောင်ပေါင်းမြောက်မြားစွာ မစွမ်းမသန်ဖြစ်ကြ၍၊ နောက်ထပ်ထောင်ပေါင်း များစွာတို့သည် အသားဝါရောဂါနှင့် ကင်ဆာရောဂါများဖြစ်နေကြသည်။

၁၉၆၄–ခုနှစ်မှ ယနေ့အထိ တရုတ်အစိုးရက အဏုမြူဗုံးနှင့် ဟိုက်ဒြိုဂျင်ဗုံးအလုံး ၅၀ အထိဖေါက်ခွဲခဲ့လေသည်။ ဆွီဒင်နိုင်ငံမှ ကျွမ်းကျင်သူပညာရှင်များက ၁၉၈၄–ခုနှစ်တွင် ဖေါက်ခွဲသော တန်ချိန် ၁၅၀ ရှိဗုံးကြောင့် တုန်လှုပ်မှုရစ်ချ်တာစကေး ၈.၈ ရှိ မြေငလျင်ဖြစ်စေခဲ့သည်ဟု ဆို၏။

အွီဂုရ်တူရကီလူမျိုးများအပေါ် တရုတ်နိုင်ငံ၏ဖိနှပ်မှုများသည် ထိုမျှနှင့်မရပ်တန့်သေးချေ။ အခြေအနေပိုမိုဆိုးရွားလာခဲ့ခြင်းကြောင့် ၁၉၉၇–ခုနှစ် ဖေဖေါ်ဝါရီလအဖြစ်အပျက်က တရုတ်အစိုးရ၏ဖိနှိပ်ရက်စက်မှုကို အထင်းသားထုတ်ဖေါ်ပြသလေသည်။ စက်တင်ဘာလ ၄–ရက်နေ့သတင်းကြေညာချက်အရ၊ မွတ်စလင်ဘာသာရေးပွဲအတွင်း တရုတ်ကာကွယ်ရေးတပ်ဖွဲ့က ဗလီတွင်ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်ရန် စုရုံးနေသောမွတ်စလင်မ်အမျိုးသမီး ၃၀–ကို သံဒုတ်များဖြင့်ဝိုင်းရိုက်ကြပြီး လုံခြုံရေးစခန်းသို့ဆွဲခေါ်သွားကြသည်။ ဒေသခံလူကြီးများက ဌာနချုပ်သို့သွားပြီး ထိုအမျိုးသမီးများကို လွှတ်ပေးရန်တောင်းဆိုခဲ့ကြသည်။ ထိုအချိန်တွင် ရိုက်နှက်နှိပ်စက်၍သတ်လိုက်သော အမျိုးသမီး ၃ ယောက်၏အလောင်းကို သူတို့ရှေ့တွင် ပစ်ချပေးကြသည်။ ထို့ကြောင့် တရုတ်များနှင့်မွတ်စလင်မ်တို့အကြား အဓိကရုဏ်းဖြစ်လေတော့သည်။ စက်တင်ဘာလ ၄ ရက်နေ့အတွင်း အရှေ့တာကစ္စတန်တူရကီလူမျိုး ၇၂၀၀ ယောက်အသက်ဆုံးရှုံးခဲ့ကြ၍၊ အွီဂုရ်တူရကီလူမျိုး ၃၅၀၀ ဦး အကျဉ်းချခံကြရသည်။ စက်တင်ဘာလ ၈ ရက်နေ့တွင် နားနေရက်ဝတ်ပြုရန်ဗလီတွင်စုရုံးနေသောမွတ်စလင်မ်တို့ကို ဝတ်ပြုခွင့်မပေးချေ။ ထိုအဓိကရုဏ်းထပ်မံကြီးထွားလာခဲ့ရာ၊ ဧပြီလတွင် လူပေါင်း ၅၈၀၀၀ ယောက်ကို ဖမ်းဆီးချုပ်နှောင်ခဲ့၍၊ ဒီဇင်ဘာလတွင် လူဦးရေပေါင်း ၇၀၀၀၀ ယောက်အထိကို ဖမ်းဆီးချုပ်နှောင်ထားကြ၏။ လူထုအနားယူသောမြို့လယ်ယင်ပြင်တွင် လူငယ်အယောက်ပေါင်း ၁၀၀ ကျော်ကို ပစ်သတ်လိုက်ကြသည်။ အွီဂုရ်အယောက်ပေါင်း ၅၀၀၀ ကို ကိုယ်လုံးတီးချွတ်၍ အယောက် ၅၀ တစ်စုစီ စီတန်း၍ လူထုရှေ့တွင်ပြသကြသည်။

အရှေ့တာကစ္စတန်မှ ခံစားချက်များသည် ၂၀ ရာစုနှစ်မှအချို့သာဖြစ်ပေသည်။ ကမ္ဘာ့ထောင့်တိုင်း နေရာတကာတွင် ဘာသာအယူဝါဒမတူကြသူများ၊ လူမျိုးမတူကြသူများ သို့မဟုတ် အတွေးအခေါ်မတူကြသူများက အချင်းချင်းသတ်ဖြတ်ရှင်းလင်းနေကြသည်။ ထိုသတ်ဖြတ်သည့်အတွေးအခေါ်များသည် ဒါဝင်၏ကမ္ဘာ့အမြင်နှင့် ရောထွေးနေခြင်းသည် ကံကြုံကြိုက်ခြင်းမဟုတ်ပေ။ အမှန်စင်စစ် ဒါဝင်၏သီအိုရီက ထိုကဲ့သို့လူသားများသတ်ဖြတ်ကြသည့် လုပ်ရပ်ကို တရားဝင်စေခြင်းကြောင့် ပိုမိုလွယ်ကူစွာသတ်ဖြတ်နိုင်ကြခြင်းဖြစ်၏။


---

*ငင်းနောက် (ထိုအချိန်အခါတွင်) ၎င်းတို့၏ကျူးလွန်ခဲ့ကြခြင်းကြောင့်*
*ကတိချိန်းဆိုချက်သည် ၎င်းတို့အပေါ်၌ အတည်ဖြစ်ပြီး ဖြစ်ပေရာ၊*
*၎င်းတို့မှာ (ထုချေရန်)စကားပြောဆိုနိုင်ကြမည် မဟုတ်ပေ။*
(စူရာ အလ်နမလ် ၂၇း၈၅)

*သို့ပါလျက် မတရားပြုလုပ်ကြသောသူတို့မှာမူကား၊*
*သက်သေအထောက်အထားမရှိဘဲလျက်*
*မိမိတို့၏စိတ်အလိုဆန္ဒများကိုသာ လိုက်နာလိုက်စားခဲ့ကြကုန်၏။*
*သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်က လမ်းမှားစေတော်မူခဲ့သောသူအား*
*တရားလမ်းမှန်ကို မည်သူညွှန်ကြားပြသနိုင်မည်နည်း။*
*ထိုမှတပါး ၎င်းတို့၌ ယိုင်းပင်းကူညီသူများဟူ၍လည်း ရှိမည်မဟုတ်ပေတကား။*
(စူရာအရ်ရူးမ် ၃၀း၂၉)

ထို(သူတော်စဉ်)များကား ၎င်းတို့အား အချို့သူများက “ဧကန်စင်စစ် ရန်သူတို့သည် အသင်တို့နှင့် ပြိုင်ဆိုင်(တိုက်ခိုက်)ကြရန်အလို့ငှါ (စစ်ဖက်ပေါင်းစည်းအားလုံးတို့ကို) မချွတ်ဧကန် စုဆောင်းထားရှိကြပြီးဖြစ်လေသည်။ သို့ဖြစ်ရကား၊ အသင်တို့သည် ယင်းသူတို့အား ကြောက်ရွံ့ထိမ်းရှောင်ကြလေကုန်”ဟု ပြောဆိုလေသည်။ ၎င်းတို့၏ပြောဆိုမှုသည် ထိုသူတော်စဉ်တို့၏ အီမာန်သက်ဝင်ယုံကြည်မှုကိုသာ တိုးတက်စေခဲ့လေသည်။ ယင်းသူတော်စင်တို့ကမူ ပြန်လည်ဖြေကြားသည်မှာ “အလ္လာဟ်အရှင်မြတ်သည် အကျွန်ုပ်တို့အလို့ငှါ လုံလောက်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံး အရှင်မြတ်ဝင် ဖြစ်တော်မူပေသည်”ဟု တုံ့ပြန်ဖြေကြားခဲ့ကြကုန်သတည်း။
(စူရာ အာလေဣမ်ရာန် ၃း၁၇၃)









## ချချင်ယာမှ မဆုံးနိုင်သောဖိနှိပ်မှု

ရုရှားနိုင်ငံက ချချင်ယာကို ၁၉၉၁–ခုနှစ်၌ ဝင်ရောက်သိမ်းပိုက်ပြီးနောက်၊ ကွယ်လွန်ပြီးဖြစ်သူ ဗိုကာ ဒူဒါယဲဗ်က ပြန်လည်တွန်းလှန်ခဲ့ပြီးသော်လည်း၊ ၁၉၉၄–ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ တကဲ့စစ်ကြီးဖြစ်ပွားခဲ့၏။ ထိုစစ်ပွဲတွင် ချချင်လူမျိုး ၁၀၀၀၀၀ အသက်ဆုံးရှုံးခဲ့ကြသည်။ လူပေါင်းသောင်းနှင့်ချီ၍ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ချချင်လူမျိုးတို့သည် သမိုင်းဝင်ပစ္စည်းများနှင့် စီးပွားရေးအရင်းအနှီးသယံဇာတ ရာပေါင်းများစွာဆုံးရှုံးခဲ့၏။ ရုရှားနိုင်ငံက ချချင်အရေးသည် "ပြည်တွင်းအရေး"ဖြစ်သည်ဟု ကြေညာလိုက်သဖြင့် ပြင်ပကမ္ဘာမှ မည်သို့မျှ အရေးဆိုခြင်းမရှိတော့ချေ။ ချချင်နိုင်ငံ၏စတုရန်းမိုင်တိုင်းတွင် ဗုံးတန်ချိန်ပေါင်း အမြောက်အမြားချခံရ၏။ ကမ္ဘာပေါ်တွင် ဘယ်သောအခါကမှ မကြုံဘူးသော လူမျိုးဖြုတ်သတ်ဖြတ်မှုများကို ပြုကျင့်နေကြသည်။ ကမ္ဘာကတားမြစ်ထားသော အဆိပ်ဓါတ်ငွေ့ဗုံးများကို ယနေ့အချိန်အထိ ကျဲချနေဆဲဖြစ်သည်။ ချချင်တို့သည်လည်း သူတို့တွင်ရှိသမျှအင်အားဖြင့် ခံတိုက်ကြရာ၊ ၁၉၉၆–ခုနှစ် ဩဂုတ်လတွင် ရုရှားနိုင်ငံက ချချင်တို့ကို စစ်ရှုံးကြောင်း ဝန်ခံလေသည်။

၁၉၉၆–ခုနှစ် ဩဂုတ်လနှင့် ၁၉၉၇ခုနှစ် မေလတွင် ထိပ်တန်းခေါင်းဆောင်များက လက်မှတ်ရေးထိုးသောစာချုပ်အရ ရုရှားနိုင်ငံက ချချင်ယာကိုအခြေအနေအရသီးခြားပြည်နယ် အဖြစ် လက်ခံသယောင်ရှိခဲ့၏။ သို့သော်လည်း ၁၉၉၇ခုနှစ် အောက်တိုဘာလမှစ၍ ချချင်နယ်



မြေသို့ဝင်ရောက်ကျူးကျော်၍ မိန်းမ၊ ကလေး၊ ဇရာအိုများကိုပင်မချန် သတ်ဖြတ်ကြပြန်သည်။ ရုရှားတပ်များက အရပ်သားများနေထိုင်ရာဒေသများကို လပေါင်းများစွာ မရပ်မနားဗုံးကြဲကြ သည်။ လူထု၏တန်ပြန်တိုက်ခိုက်မှုကို ဖြတ်တောက်သည့်အနေဖြင့်၊ ဆေးရုံများ၊ ကလေးမွေး ဖွားရာဌာနများ၊ ဈေးများနှင့် စစ်ပြေးဒုက္ခသည်ကားတန်းများကိုရွေးချယ်၍ လေတပ်မှပစ် ခတ်ခြင်း ဗုံးကြဲခြင်းများပြုကြသည်။ နောက်ဆုံး၊ ရုရှားတပ်မှ ဓါတုဗေဒအဆိပ်ဗုံးများ၊ ဆကပ် နှင့် နာပါမ် အဆိပ်မီဆိုင်ဒုံးပျံဗုံးများကို ချချင်တပ်နှင့် လူထုကိုတိုက်ခိုက်ရာတွင် အသုံးပြုကြ ၏။ ၎င်းပြင် ချချင်ကျေးရွာအမြောက်အမြား သောက်သုံးသော အာဂွန်မြစ်ထဲသို့ အဆိပ်ခပ်ကြ သည်။ မိန်းမနှင့်ကလေးငယ်အများစုတို့သည် ထိုမြစ်ရေကိုသောက်သုံးသဖြင့် သေကြေကြ၏။ ရာပေါင်းများစွာသောချချင်မိန်းမ ကလေးသူငယ်တို့သည်လည်း ဆေးရုံတံခါးဝတွင် လဲသေကြ သည်။ မြစ်ကို အဆိပ်ခပ်ထားသောကြောင့် အရပ်သားလူထုမှသောက်သုံးရန်ရေမရှိသဖြင့် အ ကြီးအကျယ်ဒုက္ခရောက်ကြ၏။

စစ်ပြေးဒုက္ခသည်အခြေအနေသည်လည်း စိုးရိမ်းဖွယ်အဆင့်သို့ရောက်နေပေသည်။ စစ် ပြေးဒုက္ခသည်စခန်းများ၌လေ့လာချက်အရ၊ လူ့အခွင့်အရေးချိုးဖေါက်မှုသည်လည်း အတိုင်း ထက်အလွန်များပြားနေကြောင်းတွေ့ရှိရပေသည်။ ဦးရေ ၂၅၀၀၀၀ ခန့်ရှိသော စစ်ပြေးဒုက္ခ သည်များသည် အင်ဂူရှက်တာနယ်တွင် ခိုလှုံနေကြရပြီး၊ ကျန်သောစစ်ပြေးဒုက္ခသည်များသည် အနီးအနားရှိနယ်များတွင်ခိုလှုံနေကြရသည်။ ရုရှားအစိုးရက ယင်းစစ်ပွဲအတွက် ဒေါ်လာ ၃၈၅ သန်းအသုံးပြုသည်ဟု ကြေညာခဲ့၏။ ချချင်များမှ ထုတ်ဖေါ်ချက်အရ၊ ၁၉၉၉–ခုနှစ် စက်တင် ဘာလမှစ၍ ၂၀၀၀–ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့အထိ ချချင်စစ်သားပေါင်း ၁၄၆၀ ယောက်နှင့် အရပ်သားဦးရေပေါင်း ၄၆၀၀၀ သေကြေခဲ့ကြောင်းသိရှိရပေသည်။ ရုရှားတို့၏စီမံကိန်းမှာ သူတို့ကိုတိုက်ခိုက်နေသော ချချင်စစ်သားအားလုံးကို ၂၀၀၀ ခုနှစ် နိုဝင်ဘာလမတိုင်မီအတွင်း အပြီးအပိုင် သုတ်သင်ရှင်းလင်းပစ်ရန်ဖြစ်ပေသည်။




Dire Tales of a Dirty War
Chechnya: Locals accuse the Russians of atrocities
E U R O P E
THE FATAL FRONTIER


# CHECHEN HELL
On the front lines of Russia's brutal battle for control of the Caucasus

# Morning After the Terror

## ဒါဝင်ဝါဒီ ကွန်မြူနစ်အတွေးအခေါ်၏ ဖမ်းစားလွှမ်းမိုးမှုသည် လွင့်စင်ပျောက်ကွယ်သွားလေပြီ။

ကွန်မြူနစ်ဝါဒသည် ၁၈၀၀–ခုနှစ်များတွင် အသက်ထင်ရှားပေါ်ပေါက်ခဲ့သည့်၊ သိပ္ပံပညာရှုထောင့်အရ "ပညာမဲ့သူများ"က ယူဆောင်လာခဲ့သောအတွေးအခေါ်ဖြစ်ပေသည်။ ဤအတွေးအခေါ်သည် အသေးစိတ်ဆန်းစစ်လေ့လာမှုအဖြေများအရ မှားယွင်းသောအတွေးအခေါ်ဖြစ်ကြောင်း၊ လူ့လောကသို့နောက်ထပ်အန္တရာယ်သာပေးမည့်အတွေးအခေါ်ဖြစ်ကြောင်း၊ သက်သေထူ၍ အကြိမ်ကြိမ်တင်ပြခဲ့ပြီးဖြစ်သော်လည်း နိုင်ငံအမြောက်အမြားမှ လူထုအပေါ်တွင် လျင်မြန်စွာသြဇာညောင်းနိုင်ခြင်းမှာ၊ ထိုသို့လက်ခံသူလူသားတို့ ပညာကင်းမဲ့ခြင်းကြောင့် ဖြစ်သည်မှာ အရေးကြီးသော အချက်ဖြစ်ပေသည်။

စက်မှုတော်လှန်ရေး၏နောက်ပိုင်းတွင်၊ လူ့အဖွဲ့အစည်းတစ်ပိုင်းမှာ အလွန်တရာဆင်းရဲမွဲတေကျ၍၊ တစ်ပြိုင်တည်းတွင် အခြားအုပ်စုတစ်ခုမှာ နှိုင်းယှဉ်၍မရနိုင်လောက်အောင် ကြွယ်ဝချမ်းသာလာကြခြင်းကြောင့်၊ နိုင်ငံတကာတွင် ဒေသခံလူမှုရေးအုပ်စုများကို လှုံ့ဆော်ပေးခြင်းဖြင့် တင်းမာမှုများ ပေါ်ပေါက်လာခဲ့လေသည်။ ထိုကဲ့သို့သောတင်းမာမှုများသည် စိုက်ပျိုးရေးလူ့အဖွဲ့အစည်းအများဆုံးသာရှိနေသေးသည့် ရုရှားနိုင်ငံနှင့်တရုတ်ပြည်တို့တွင် ပို၍ဖြစ်ပေါ်ကြီးထွားလာခဲ့ပေသည်။ လူ့အခွင့်အရေးနှင့် တရားမျှတရေးကို ကြိုးပမ်းနေသောလူမှုအဖွဲ့အစည်းများကလည်း ထိုတင်းမာမှုများတွင် ပါဝင်အားပေးလာခဲ့လေသည်။ သို့သော်လည်း နောက်ဆုံးရလာဒ်မှာ သူတို့မျှော်လင့်သလိုမဖြစ်လာခဲ့ဘဲ သူတို့ထံသို့သာလျှင် မျှားဦးလှည့်လာခဲ့လေသည်။ သူတို့သည် ယခင်လွန်လေပြီးသောအချိန်က စီးပွားရေးအခြေအနေထက် ပိုမိုဆိုးရွားသောအခြေအနေတွင် နေထိုင်ကြရ၏။ နောက်တစ်ဖက်မှာ အစာရေစာငတ်ပြတ်၍မသေရန်ကိုလည်း ထပ်၍ရုန်းကန်ကြရသည်။ အချိန်မရွေးဖမ်းဆီးသတ်ဖြတ်ခံရမည့်ဘေး၊ နှိပ်စက်ခံရမည့်ဘေး၊ ပြည်နှင်ဒဏ် ပေးခံရမည့်ဘေးနှင့် လုယက်ခံရမည့်ဘေးတို့ကိုလည်း ကြောက်ရွံ့စိုးရိမ်ကြရပြန်သည်။

ဘာသာအယူဝါဒကင်းမဲ့သောအခြေခံတွင် တည်ဆောက်ထားသည့် အတွေးအခေါ်တွင်၊ ဖွံ့ဖြိုးတိုးတက်မှု၏အဓိကအခြေခံသည် ပဋိပက္ခ၊ တိုက်ခိုက်ခြင်းနှင့် စစ်ဖြစ်ခြင်းများ ဖြစ်သည်ဟု ယုံကြည်ထားသည့်အပြင်၊ လူသားသည် အခြေခံအားဖြင့် တိရစ္ဆာန်ဖြစ်သောကြောင့်၊ အိမ်ထောင်စု၊ သစ္စာရှိခြင်းနှင့် အချင်းချင်းနီးကပ်ရင်းနှီးမှုစသည်တို့သည် လူသားများအတွက် ငြိမ်းချမ်းသာယာမှု၊ လုံခြုံမှု၊ သာယာပျော်ရွှင်မှုနှင့် တရားမျှတမှုရရှိစေရာတွင် လုံးဝမသက်ဆိုင်ဟု ယုံကြည်ပေသည်။ သို့သော်လည်း ယင်းလူမှုရေးအဖွဲ့အစည်းတို့သည် ဤအချက်များကို အသေအချာဆန်းစစ်ခြင်းနှင့်သဘောပေါက်ခြင်းမရှိကြချေ။ သူတို့က မားက့်စ်နှင့် အင်ဂျဲလ်တို့၏ဓါတ်ပုံကိုသာကြည့်ပြီး –အင်း ဒီပုဂ္ဂိုလ်တွေက "အနက်နဲဆုံး"နှင့် "ပညာအရှိဆုံး"အတွေးအခေါ်ရှင်ကြီးတွေဖြစ်မှာဘဲ– ဟုတွေးတောမှတ်ယူကြပေသည်။ သူတို့အနေနှင့် သိပ္ပံပညာအရေခြုံခြင်း၏ လှည့်စားမှုနှင့် ထိုအတွေးအခေါ်ရှင်တို့ကိုထောက်ခံသူတို့၏ သကာရည်ပျားရည်ဆန်းထားသောအပြောနှင့် ဟန်အမူအရာတို့ကိုသာကြည့်ပြီး ကွန်မြူနစ်ဝါဒနှင့်ရုပ်ဝါဒတို့၏စိုးမိုးမှုတွင် မှိန်သွားကြလေသည်။ အကယ်၍ သူတို့သာလျှင် ယနေ့အထိ အသက်ရှင်နေကြသေးပါက ကွန်မြူနစ်ခေါင်းဆောင်တိုင်းသည် သိပ္ပံပညာကို အပေါ်ယံကျောသာသိထားကြသူများ၊ ပညာမဲ့သူများ ဖြစ်ကြကြောင်း ကောင်းကောင်းသိကြမည်ဖြစ်၏။

သူတို့အနေဖြင့် ခေါင်းဆောင်ကြီးများအဖြစ် လက်ခံယုံကြည်ခဲ့သူတိုင်းသည် ရှေ့ရေးကိုမြော်မြင်သူများမဟုတ်သည့်အပြင် လူမှုရေးအဖွဲ့အစည်းများကို စော်ကားခြောက်လှန့်ခြင်းဖြင့် သာလျှင်သူတို့ဘက်သို့ပါအောင် ဆွဲဆောင်ခဲ့ကြသူများဖြစ်ကြပေသည်။ အကြမ်းဖက်နှိပ်စက်

ကလူပြုခြင်း၊ ရိုင်းစိုင်းရက်စက်ခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း၊ သတ်ဖြတ်လိုစိတ်ကိုသာ မွေးမြူခြင်း စသည့်အကျင့်များနှင့်ပြည့်နက်နေသူများ ဖြစ်ကြပေသည်။ ယနေ့အချိန်တွင် "လွန်ခဲ့သည့်နှစ်ပေါင်းများစွာတုံးက" ကွန်မြူနစ်ဝါဒီဖြစ်ခဲ့သူတို့က မိမိတို့လုပ်ခဲ့သောအမှားများအတွက် ကြီးစွာနောင်တတရား ရနေကြပေပြီ။ ထိုသူတို့တစ်ဦးချင်းသည်၊ အကျိုးမရှိသော ပုံစံစနစ်ကို မျက်စိမှိတ်လိုက်နာခဲ့ကြောင်းကို သိရှိကြပေပြီ။ သကြိန်အမြောက်ကဲ့သို့ အသံသာရှိ၍ အဆံမရှိခဲ့သောဘဝကို သိရှိပေပြီ။ အချို့ကမူ၊ အရှုံးမပေးလိုသေးဘဲ နှစ်ပေါင်းများစွာအချိန်ဖြုန်းခဲ့လင့်ကစား၊ "တစ်ရက်ရက်တော့ အောင်မြင်လိမ့်မယ်"ဟု ပြောနေသေးသူလည်းရှိ၏။

ယနေ့အချိန်သည်၊ ပညာဗဟုသုတမှန်သမျှ အချိန်မရွေးနေရာတကာ ရောက်နိုင်သည့်ခေတ်ကာလဖြစ်နေပေပြီ။ သို့ဖြင့် လူသားတို့သည် အမှန်တရားကို ရှေးယခင်ကထက် ပိုမိုမြန်ဆန်စွာနှင့် ပိုမိုမှန်ကန်စွာ သိရှိနိုင်ခွင့်ရှိပေပြီ။ ဤကဲ့သို့သောအခြေအနေတွင် ကွန်မြူနစ်တို့၊ ရုပ်ဝါဒီတို့နှင့် ဒါဝင်ဝါဒီတို့က အသုံးပြုခဲ့ကြသော မဲဆွယ်နည်းများ၊ သူတို့၏ညို့ဓါတ်ပါသော အပြောစကားများဖြင့် တိုက်ပွဲဝင်ရန်ဆော်အောသံများသည် အင်အားမပါတော့ပေ။ လူသားများအပေါ် ကွန်မြူဝါဒ၊ ရုပ်ဝါဒနှင့် ဒါဝင်ဝါဒစသည့် အဓိပ္ပါယ်ကင်းမဲ့သောအတွေးအခေါ်များ၏ ဩဇာလွှမ်းမိုးမှုများသည်လည်း လျင်မြန်သောနှုန်းဖြင့် အင်အားလျော့နည်းနေလေပြီ။ ယင်းတို့၏ရလာဒ်သည်ကား၊ ပိုမိုပေါ့ပါးငြိမ်းချမ်းသာယာ၍ နေချင်စဖွယ်ကောင်းသော အနာဂတ်နေ့ရက်များက လူသားလောကကို စောင့်မျှော်နေပေသည်။ အရေးကြီးဆုံးအချက်မှာ၊ ဒါဝင်သီအိုရီ၏လိမ်လည်လှည့်ဖြားမှုကို သက်သေသာဓကပြည့်စုံစွာဖြင့် ဖော်ထုတ်လိုက်ခြင်းဖြင့် ထိုအတွေးအခေါ်တို့သည်လည်း ဆုံးခန်းတိုင်သွားတော့မည့် အရေးပင်ဖြစ်ပေသည်။

---

## နိဂုံး။
## ကွန်မြူနစ်ဝါဒသည် ဘာသာအယူဝါဒကင်းမဲ့ခြင်းက ယူဆောင်လာခဲ့သော အကြမ်းဖက်မှုဖြစ်၏။

ကွန်မြူနစ်များ၊ နာဇီများနှင့် နယ်ချဲ့တို့က လူ့လောကတွင်တမင်သက်သက် ပျက်စီးဆုံးရှုံးစေသည့် အုပ်စုလိုက်သတ်ဖြတ်မှုများနှင့်ဒုက္ခများကို တွေးတောဆန်းစစ်သူသည်၊ ထိုအတွေးအခေါ်များကို ထောက်ခံအားပေးသူတို့က သာမန်လူသားများတွင်ရှိသည့် သနားကြင်နာခြင်း မည်သို့ဖြင့်ကင်းမဲ့နိုင်ကြသည်ကို စဉ်းစားတွေးတောမိပေလိမ့်မည်။ ဤခေါင်းဆောင်တို့က ပျက်စီးဆုံးရှုံးမှုများကို သက်ရောက်စေခြင်း၏အဓိကအကြောင်းရင်းမှာ ဘာသာအယူဝါဒကင်းမဲ့ခြင်းဖြစ်၍ ဘုရားသခင်အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းမရှိသောကြောင့်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရှိသေ၍ နောင်တမလွန်ဘဝကိုအခိုင်အမြဲယုံကြည်သူသည်၊ ကျွန်ုပ်တို့အထက်ကဖော်ပြခဲ့သည့် ဖိနှိပ်မှုများ၊ မှားယွင်းမှုများ၊ မတရားမှုများနှင့်သတ်ဖြတ်မှုများကို ပြုကျင့်ဝန့်မည်မဟုတ်ချေ။ မည်မျှပင်သူ့အားဆွဲဆောင်စေကာမူ၊ အလ္လာဟ်အရှင်မြတ်ကို အီမာန်ယူသက်ဝင်ယုံကြည်သူသည် ထိုသို့သော မှားယွင်းလမ်းလွဲသည့်အတွေးအခေါ်နောက်သို့ နားယောင်လိုက်နာလိမ့်မည်မဟုတ်ပေ။

သို့သော်လည်း ဘာသာအယူဝါဒမရှိဘဲ (ထာဝရဘုရားသခင်)အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရှိသေခြင်းမရှိသူတို့သည် ကန့်သတ်မှုမရှိကြချေ။ သူနှင့်အတူ အခြားသက်ရှိသတ္တဝါများသည် သက်မဲ့ဒြပ်ပစ္စည်းမှ မတော်တဆကြုံ၍ပေါ်ပေါက်ဖြစ်ပေါ်လာသည်ဟု အနည်းငယ်မျှ နားသွင်းလိုက်သည်နှင့်တပြိုင်တည်း၊ သူသည် တိရစ္ဆာန်များမှဆင်းသက်လာခဲ့၍၊ ကမ္ဘာပေါ်တွင် ရုပ်ဝတ္ထုပစ္စည်းများကလွဲ၍ အခြားဘာမျှမရှိဟု ချက်ချင်းယုံကြည်လိုက်သဖြင့်၊ ရက်စက်မှုမျိုးစုံကို ပြုကျင့်နိုင်ပေသည်။ အစပိုင်းတွင် ထိုသူတို့သည် အခြားသူများကို အန္တရာယ်မပေး

သလိုလိုရှိသော်လည်း၊ အခွင့်အရေးရသည်နှင့်တပြိုင်တည်း သူတို့၏အတွေးအခေါ်ကို လက်မခံ ရုံတစ်ခုတည်းကြောင့် အုပ်စုလိုက်သတ်ဖြတ်ခြင်း၊ လူများကိုအပြစ်မဲ့ကွပ်မျက်ခြင်း၊ ရိုက်နှက် သတ်ခြင်း၊ အစာရေစာငတ်စေခြင်း စသည့်အပြစ်ကျူးလွန်သူ လူသတ်သမားများဖြစ်လာ ပေသည်။ သူတို့၏စိတ်နှလုံးတွင်း၌လည်း မုန်းတီးမှု၊ မနှစ်မြို့စက်ဆုပ်မှု၊ အကြမ်းဖက်လိုမှု စသည်တို့နှင့်သာ ပြည့်နက်နေလေတော့သည်။ အဘယ့်ကြောင့်ဆိုသော်၊ သူတို့ယုံကြည်သော တန်ဖိုးနှင့် ကမ္ဘာ့အမြင်တို့ကပင် ထိုသို့ပြုကျင့်ရန် လိုအပ်စေသောကြောင့်ဖြစ်၏။

၁၉၇၀–ခုနှစ်နိုဘဲလ်ဆုရ စာပေပညာရှင် အလက်ဇန္ဒာ အိုင် ဆိုလ်ဇင်နစ်ဆင်က ၁၉၈၃–ခုနှစ်တွင် လန်ဒန်မြို့၌၊ သူ၏အမျိုးသားများအပေါ် အဘယ့်ကြောင့်ထိုမျှရက်စက်ကြမ်း ကြုတ်မှုများ ကျရောက်ခဲ့သည့်အကြောင်းကို ကြိုးစားရှင်းပြခဲ့လေသည်။

> လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်တုံးက၊ ကျနော်ငယ်သေးတဲ့အချိန်မှာ၊ ရုရှားနိုင်ငံမှာ ကြီးကျယ်တဲ့ ပျက်စီးယိုယွင်းခြင်းဖြစ်တာနဲ့ပတ်သက်ပြီး လူကြီးသူကြီးတွေက "လူတွေဟာ ဘုရားသခင်ကို မေ့လိုက်ကြတယ်၊ ဒါ့ကြောင့် ဒီလိုဖြစ်လာတာဘဲ။" လို့ ညီးညူကြတာကို သတိရမိပါတယ်။"
>
> အဲဒီအချိန်ကစပြီး၊ နှစ်ပေါင်း ၅၀ နီးပါးလောက် ကျနော်တို့ရဲ့ တော်လှန်ရေးသမိုင်းကို လေ့လာခဲ့ပါ တယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး စာအုပ်ပေါင်းရာချီပြီးဖတ်ခဲ့ပါတယ်။ တစ်ဦးချင်းရဲ့ထွက်ဆိုဝန်ခံ ချက်ပေါင်းတွေလဲ ရာချီပြီးစုဆောင်းထားခဲ့ပါတယ်။ အဲဒီကသောင်းကနင်းဖြောင်းဆန်မှုတွေကို ရှင်းထားရာမှာ စာအုပ်ပေါင်း ရှစ်တွဲအထိပြုစုခဲ့ပါပြီ။ လူ့အသက်ပေါင်း သန်းပေါင်း ၆၀ လောက် ကိုဝါးမြိုခဲ့တဲ့အဖျက်တော်လှန်ရေးကြီးရဲ့အကြောင်းရင်းကို ဒီကနေ့အတိုချုံးနိုင်ဆုံး အတိကျဆုံး ပြောမယ်ဆိုရင် "လူတွေဟာ ဘုရားသခင်ကို မေ့လိုက်ကြတယ်၊ ဒါ့ကြောင့် ဒီလိုဖြစ်လာတာဘဲ။" လို့ကျနော်ထပ်ပြောရမှာပါဘဲခင်ဗျာ။[၁၁၈]

ဆိုလ်ဇင်နစ်ဆင်ရဲ့အဆိုဟာ အင်မတန်မှန်ကန်ပါသည်။ လူ့အဖွဲ့အစည်းတစ်ခုလုံးကို ပြင်းထန်သည့်အကြမ်းဖက်ခြင်းကိုပြုကျင့်ရန် ဆွဲဆောင်သွား၍ ဖိနှိပ်မှုမျိုးစုံကို ဘေးမှရပ်ကြည့် နေနိုင်ခြင်းသည်၊ အမှန်စင်စစ်မှာ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)ကို မေ့လျော့ထား လိုက်ကြခြင်းဖြစ်ပေသည်။ ဘုရားသခင်ကမူကား မေ့လျော့ခြင်းမရှိကြောင်း ယုံမှားသံသယ ကင်းနိုင်ပေသည်။ ကွန်မြူနစ်ခေါင်းဆောင်များက ကမ္ဘာပေါ်တွင် လူ့အဖွဲ့အစည်းများကို သူတို့ ပိုင်ဆိုင်သည့်စနစ်ချမှတ်ထားနိုင်ပြီ၊ ကြီးကျယ်သည့်အာဏာကိုပိုင်ဆိုင်ပြီဟု ထင်မှတ်ခဲ့ကြလေ သည်။ လျှို့ဝှက်အစည်းအဝေးများကျင်းပ၍ သူတို့၏အာဏာပိုမိုတောင့်တင်းစေရန် ထပ်မံတိုး ချဲ့၍ဖိနှိပ်မှုလုပ်ရန် အချင်းချင်းတိုးတိုးတိတ်တိတ်တိုင်ပင်ဆွေးနွေးကြ၏။ သူတို့က ထိုသို့ပြု နေကြစဉ် ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)က သိရှိနေပေသည်။ ထို့နောက် သူတို့ ပြုကျင့်ခဲ့သမျှကိုလည်း ပြန်လည်ပြောပြလိမ့်မည်။ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်း တော်မြတ်တွင် အောက်ပါအတိုင်းကြေညာထားတော်မူ၏။

> **အကြင်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီး နောက် ၎င်းတို့ကျင့်မူခဲ့သမျှတို့ကို ၎င်းတို့အား သိစေတော်မူပေမည်။ အလ္လာဟ်အရှင် မြတ်သည် ထိုအကျင့်အမူကို ရေတွက်မှတ်သား၍ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့ မှာမူကား ယင်းအကျင့်အမူကို မေ့ပျောက်ကြကုန်၏။ အမှန်သော်ကား အလ္လာဟ်အရှင် မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ်မျက်မြင်သက်သေဖြစ်တော်မူ၏။**
>
> (အို–နဗီတမန်တော်) **ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်၌ရှိသည်တို့ ကိုလည်းကောင်း၊ ပထဝီမြေ၌ရှိသည်တို့ကိုလည်းကောင်း၊ သိရှိတော်မူကြောင်း အသင် သည် စဉ်းစားဆင်ခြင်သိမြင်ခဲ့ပြီးမဟုတ်ပါလော။** (လူ)**သုံးဦးလျှို့ဝှက်တိုင်ပင်ကြသည် မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အနက် စတုတ္ထဖြစ်တော်မူ၏။ ထို နည်းတူစွာ** (လူ)**ငါးဦး** (လျှို့ဝှက်တိုင်ပင်ကြသည်)**မဟုတ်ပေ။ သို့ရာတွင် ထိုအရှင် မြတ်သည် ၎င်းတို့အနက် ဆဋ္ဌမဖြစ်တော်မူ၏။ ထို့ပြင် ထို**(သုံးဦး)**ထက်လျော့၍လည်း**


> **ကောင်း၊ (ငါးဦး)ထက်ပို၍လည်းကောင်း** (လျှို့ဝှက်တိုင်ပင်ကြသည်)**မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့မည်သည့်နေရာတွင် ရှိနေကြသည်ဖြစ်စေ ၎င်းတို့နှင့်အတူ ရှိနေတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည် "ကိယာမတ်"ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့အား ၎င်းတို့ကျင့်မူခဲ့သည်တို့ကို သိစေတော်မူပေမည်။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။** (စူရာအလ်ဂျာဒိလဟ် ၅၈း၆–၇)

ထို့နောက် ထိုခေါင်းဆောင်များ၏နောက်တွင် လိုက်ပါကြသောလူများလည်း ရှိ၏။ ယင်းသို့သောအခြေအနေအကြောင်းကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြထားပေသည်။ **"ဧကန်စင်စစ် အလ္လာဟ်အရှင်သည် လူသားတို့အား အနည်းငယ်စိုးစဉ်းမျှ နှိပ်စက်ကလူပြုတော်မူသည်မဟုတ်ပေ။ စင်စစ်မှာမူကား လူတို့သည် မိမိကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ကလူ ပြုကြကုန်သတည်း။** (စူရာ ယူနွတ်စ် ၁၀း၄၄)။ ဆိုလိုရင်းမှာ ထိုသူတို့သည် ဒါဝင်ဝါဒီခေါင်းဆောင်များနောက်ကို လိုက်နာခြင်းဖြင့် သူတို့ကိုယ်သူတို့ နှိပ်စက်ကြခြင်းဖြစ်ပေသည်။ နောက်ထပ် ကုရ်အာန်အာယသ်တော်တစ်ခုတွင်၊ လူသားတို့သည် မကောင်းမှုဒုစရိုက်တို့ကို ကမ္ဘာပေါ်သို့ သူတို့ကိုယ်တိုင်ယူဆောင်လာကြသည်ဟု မိန့်ဆိုထားတော်မူ၏။

> **လူတို့၏လက်များက ဆည်းပူးခဲ့ကြသော**(မကောင်းမှုဒုစရိုက်တို့)**ကြောင့် ကုန်းမြေ၌လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌လည်းကောင်း၊ ပျက်စီးမှု**(ဘေးဥပါဒ်များ)**သည် ဖြစ်ပေါ်၍နေချေပြီ။ နောက်ဆုံးတွင် ထိုအရှင်မြတ်သည် ၎င်းတို့ကျင့်မူခဲ့ကြသောပြစ်မှုအချို့၏အရသာကို ၎င်းတို့အားမြည်းစမ်းစေတော်မူမည်ဖြစ်ပေသည်။ သို့မှသာလျှင် ၎င်းတို့သည်** (မိမိတို့၏ ပြစ်မှုများမှ) **ပြန်လှည့်ကြပေမည်။** (စူရာ အလ်ရူးမ် ၃၀း၄၁)။

ထိုကဲ့သို့သောဘေးဒုက္ခကပ်ဆိုးကြီး လူ့လောသို့ထပ်မံရောက်မလာစေရန်တစ်ခုတည်းသောနည်းလမ်းမှာ၊ လူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်တမလွန်ဘဝကိုယုံကြည်၍ မိမိတို့ကျင့်မူခဲ့သောပြစ်မှုများအားလုံးကို အဖြေပေးအပြစ်ဒဏ်ခံကြရမည့်အရေးကို မေ့လျော့ထားခြင်းမပြုရန်ဖြစ်ပေသည်။ ထို့နောက်၊ လူသားတို့အတွက် ချပေးတော်မူသော ကုရ်အာန်ကျမ်းတော်မြတ်တွင်သွန်သင်အမိန့်ချထားတော်မူသည့်အတိုင်း၊ ချစ်ခြင်းမေတ္တာရှိခြင်း၊ သနားကြင်နာခြင်း၊ ကရုဏာတရားရှိခြင်း၊ စသည့်တို့ဖြင့်ပြည့်စုံကြရန်လိုအပ်ပေသည်။

> **မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့သော်၊ ၎င်းပြင် ထိုသူသည် မုအ်မင်န်သက်ဝင်ယုံကြည်သူလည်းဖြစ်ခဲ့သော် မလွဲဧကန် ငါအရှင်မြတ်သည် ထိုသူအား သန့်ရှင်းစင်ကြယ်သောအသက်ရှင်ခြင်းမျိုးဖြင့် အသက်ရှင်စေတော်မူပေမည်။** (စူရာအလ်နဟ်လ် ၁၆း၉၇)။




ဤပုံများသည် ကွန်မြူနစ်အတွေးအခေါ်က လူ့လောကကိုဒုက္ခပေးခဲ့သည့် အဖြစ်များကို ချုံ့ပြထား၏။ လူတို့မှာ ငတ်မွတ်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း၊ ဆင်းရဲနွမ်းပါးခြင်းနှင့် အကူအညီလိုအပ်ခြင်းများဖြင့် ပြည့်နှက်လျက်ရှိ၏။





# အခန်း ၅

# အရင်းရှင်စနစ်နှင့်စီးပွားရေး လောကတွင် အသက်ရှင်ရေး အတွက် တိုက်ခိုက်ကြရခြင်း



အရင်းရှင်စနစ်ဟူသည့်ဝေါဟာရ၏အဓိပ္ပါယ်မှာ အရင်းအနှီးကို စိုးမိုးပိုင်ဆိုင်ထားကာ၊ အမြတ်အစွန်းပေါ်၌လုံးဝအခြေခံ၍၊ လူ့အဖွဲ့အစည်းသည် ထိုအမြတ်အစွန်းရရှိရန်ပြိုင်ဆိုင်နေကြရသည့် လွတ်လပ်၍ကွပ်ကဲမှုမရှိသောစနစ် ဖြစ်သည်။ အရင်းရှင်စနစ်တွင် အရေးကြီးသည့် အင်္ဂါရပ်သုံးခုပါဝင်သည်။ ထိုအင်္ဂါရပ်များမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုအရေး၊ ယှဉ်ပြိုင်ရေး နှင့် အမြတ်အစွန်းရရှိရေး၊ စသည်တို့ဖြစ်သည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုအရေးသည် အရင်းရှင်စနစ်တွင် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် လူတို့သည် မိမိကိုယ်ကို လူ့အဖွဲ့အစည်း၏အစိတ်အပိုင်းတစ်ခုမဟုတ်ဟုမြင်ပြီး၊ "ပုဂ္ဂလိကတစ်ဦးချင်း" သည် မိမိခြေနှစ်ချောင်းပေါ် တွင်သာ ရပ်တည်နေရသဖြင့်၊ မိမိ၏အစွမ်းကိုသာ အားကိုးကြရမည်ဖြစ်သည်။ "အရင်းရှင်လူ့အဖွဲ့အစည်း" သည် အလွန်ပြင်းထန်၍ ရက်စက်ကြမ်းကြုတ်သောအခြေအနေတွင် ယှဉ်ပြိုင်ရသည့်ပြိုင်ကွင်းတစ်ခုဖြစ်သည်။ ယင်းပြိုင်ကွင်းသည်၊ ဒါဝင်ဖော်ပြခဲ့သော၊ အင်အားကြီးသူက ဆက်လက်အသက်ရှင်သည့်ပြိုင်ကွင်း၊ အင်အားချိနဲ့သူနှင့်အာဏာမရှိသူတို့က နင်းချေဖျက်ဆီးခြင်းခံရသောပြိုင်ကွင်း၊ ရက်စက်ကြမ်းကြုတ်သည့် ယှဉ်ပြိုင်မှုကြီးစိုးသောပြိုင်ကွင်း၊ ဖြစ်သည်။

အရင်းရှင်စနစ်အခြေခံသောအတွေးအခေါ်အရ၊ ပုဂ္ဂလိကတစ်ဦးချင်း –ဤနေရာတွင် လူပုဂ္ဂိုလ်တစ်ဦး၊ ကုမ္ပဏီတစ်ခု၊ နိုင်ငံတစ်နိုင်ငံ– သည်၊ မိမိ၏ဖွံ့ဖြိုးရေးနှင့် အခွင့်သာရေးအတွက် တိုက်ခိုက်ရမည်ဖြစ်သည်။ ဤတိုက်ပွဲတွင် အရေးကြီးဆုံးအင်္ဂါအစိတ်အပိုင်းမှာ ကုန်ထုတ်လုပ်မှုဖြစ်သည်။ အကောင်းဆုံးကုန်ထုတ်နိုင်သူသည် ဆက်လက်အသက်ရှင်နိုင်၍၊ အင်အားချိနဲ့သူနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိသူများသည် ဖယ်ရှားသုတ်သင်ခြင်းခံရမည်ဖြစ်၏။ ဤသည်ကား စနစ်ကြီးတစ်ခုလုံး၏ပုံစံဖြစ်သည်။ ဤကဲ့သို့သောပြင်းထန်စွာယှဉ်ပြိုင်ရုန်းကန်ကြရာတွင်၊ ဖယ်ရှားနင်းချေခြင်းခံရသူတို့သည်၊ "လူပုဂ္ဂိုလ်များ" ဖြစ်သည်ကို မေ့ပျောက်လိုက်ကြပေသည်။ အာရုံစူးစိုက်စိတ်ဝင်စားရမည့်အရာသည် လူသားများမဟုတ်ဘဲ၊ စီးပွားရေးတိုးတက်မှု၊ ဖွံ့ဖြိုးခြင်း၏အကျိုးဖြစ်သည့် ထုတ်ကုန်သာလျှင်ဖြစ်၏။ ထို့ကြောင့်၊ အရင်းရှင်စိတ်နေသဘောထားသည် ကိုယ်ကျင့်တရားစောင့်ထိန်းနေရန်တာဝန်မရှိ၊ သူကထိပ်ဆုံးသို့တက်လှမ်းရာတွင် ခြေဖဝါးအောက် နင်းချေဖယ်ရှားသုတ်သင်လိုက်သော လူပုဂ္ဂိုလ်တို့သည် အခက်အခဲများစွာဖြင့် အသက်ရှင်နေရသည်ကို ငဲ့ညှာနေရန်လည်းမလိုအပ်ချေ။ ဤသည်ကား ဒါဝင်ဝါဒကပေးသော လူ့အဖွဲ့အစည်း၏စီးပွားရေးလမ်းကြောင်းတွင် လက်တွေ့ကျင့်သုံးနည်းပင် ဖြစ်ပေသည်။

လူ့အဖွဲ့အစည်းအတွင်း နေရာတကာတွင် ယှဉ်ပြိုင်မှုကိုအားပေးရန်လိုအပ်ကြောင်းတင်ပြ၍၊ အားနည်းချိနဲ့သူကို၊ ကျန်းမာရေးမှအစ စီးပွားရေးအထိ၊ မည်သည့်အပိုင်းတွင်မျှ အခွင့်အရေးပေးခြင်း ထောက်ပံ့ခြင်းပြုရန် မလိုအပ်ကြောင်း၊ လူမှုရေးဒါဝင်ဝါဒ၏ ဦးစွာသောသီအိုရီထုတ်ဖော်ချမှတ်သူ အတွေးအခေါ်ရှင်များက အရင်းရှင်စနစ်ကို အားပေးသည့် "အတွေးအခေါ်" နှင့် "သိပ္ပံပိုင်းဆိုင်ရာ" ထောက်ခံချက်ကို ပြုစုထားခဲ့ကြပေသည်။ ဥပမာ၊ ဒါဝင်ဝါဒီ–အရင်းရှင်သဘောတရားရေးကို ဦးစွာတင်ပြသူ တီလ္လီက၊ "ရှုံးနိမ့်သူလူတန်းစားများ" ကို ဆင်းရဲနွမ်းပါးခြင်းမှ ကယ်ဆယ်ရန်ကြိုးစားခြင်းသည် ကြီးကျယ်သောအမှားဖြစ်သည်ဟုဆိုသည်။ အဘယ့်ကြောင့်ဆိုသော်၊ ယင်းသို့ကယ်ဆယ်ကူညီခြင်းသည် အီဗိုလူးရှင်းဖြစ်စဉ်အရ သဘာဝ၏ရွေးချယ်မှုကို ဝင်ရောက်နှောက်ယှက်ခြင်းဖြစ်သည်ဟု ဆို၏။[၁၁၉]

လူ့အဖွဲ့အစည်းသက်တန်းများအတွက် ဒါဝင်ဝါဒမှအခြေခံမှုများကိုတင်ပြချမှတ်ပေးသောလူမှုရေးဒါဝင်ဝါဒ၏ အဓိကသီအိုရီချမှတ်သူအတွေးအခေါ်ရှင် ဟားဘတ်စပင်စာက၊ အကယ်၍ တစ်ဦးတစ်ယောက်သည် ဆင်းရဲနွမ်းပါးနေပါက ထိုသူ၏အပြစ်သာလျှင်ဖြစ်သည်။ ထိုသူ၏အခြေအနေ တိုးတက်လာရန် မည်သူကမျှကူညီရန်မလိုအပ်ချေ။ တစ်ဦးတစ်ယောက်က ချမ်းသာကြွယ်ဝလာ၏။ ထိုချမ်းသာကြွယ်ဝမှုသည် ကိုယ်ကျင့်တရားနှင့်မကိုက်ညီသည့်နည်း

လမ်းများဖြင့် ရရှိလာခြင်းဖြစ်စေကာမူ၊ သူ၏အစွမ်းအစကြောင့်ရရှိလာခြင်းဖြစ်သည်။ ဤအကြောင်းရင်းကြောင့် ချမ်းသာကြွယ်ဝသူသည် ဆက်လက်ရှင်နေနိုင်၍ ဆင်းရဲနွမ်းပါးသူသည် ပျောက်ကွယ်သွားမည်ဖြစ်သည်။ ဤအမြင်သည်ကား ယနေ့လက်ရှိလူ့အဖွဲ့အစည်းတွင် စိုးမိုးနေသောအမြင်ဖြစ်၍၊ ဒါဝင်ဝါဒီအရင်းရှင်တို့၏ စိတ်နေသဘောထားအကျဉ်းချုပ်ဖြစ်ပေသည်။

ဤစိတ်နေသဘောထားကို ကာကွယ်ခဲ့သော စပင်စာသည်၊ ၁၈၅၀–ခုနှစ်တွင် သူ၏ *လူမှုရေးစာရင်း* ကိုပြုစုပြီး နိုင်ငံတော်အစိုးရက ပေးနေသည့်ရောဂါကာကွယ်ရေးစနစ်အားလုံးနှင့် ကာကွယ်ရေးဆေးထိုးပေးခြင်းလုပ်ငန်းများကို ဆန့်ကျင်တင်ပြခဲ့လေသည်။ ဆိုရှယ်ဒါဝင်ဝါဒ(လူမှုရေးဒါဝင်ဝါဒ)အရ၊ လူမှုရေးစနစ်သည် အင်အားကြီးသူဆက်လက်ရှင်သန်ခြင်းအခြေခံမှုဖြင့် ကြီးထွားလာသောကြောင့်ဖြစ်သည်ဟု ဆို၏။ ထို့ကြောင့် စပင်စာ၏တင်ပြချက်အရ အင်အားချိနဲ့သူကို ဆက်လက်အသက်ရှင်နေစေခြင်းသည် ထိုအခြေခံမှုကို ဆန့်ကျင်ခြင်းဖြစ်သည်။ ချမ်းသာကြွယ်ဝသူသည် ပိုမိုသင့်တော်သောကြောင့်ကြွယ်ဝ၏။ နိုင်ငံအချို့သည် အခြားနိုင်ငံများကိုစိုးမိုးအုပ်ချုပ်ခြင်းမှာ သာလွန်အင်အား ကြီးသောကြောင့်ဖြစ်၏။ အအခြားလူမျိုးများ၏အောက်တွင် ကျွန်ခံကြရ၏။ ထိုအခြားလူမျိုးများက ပို၍ဉာဏ်ထက်မြက်သောကြောင့်ဖြစ်၏။ စပင်စာက လူ့အဖွဲ့အစည်းနှင့်ပတ်သက်သည့်အယူကို အညိုးကြီးစွာဖြင့် အသုံးချပေသည်။ “သူတို့သည် ပြည့်စုံလုံလောက်စွာအသက်ရှင်နိုင်ပါက အသက်ဆက်၍ရှင်ကြလိမ့်မည်။ အသက်ဆက်၍ လည်းရှင်သင့်၏။ အကယ်၍ သူတို့သည် အသက်ဆက်ရှင်နိုင်ရန်မပြည့်စုံမလုံလောက်ပါက သေကြေသွားကြလိမ့်မည်။ သူတို့အတွက် သေခြင်းသည် အကောင်းဆုံးဖြစ်၏။[၁၂၀]


Herbert Spencer
ဟားဘတ် စပင်ဆာ

ရေးတက္ကသိုလ်မှလူမှုရေးသိပ္ပံနှင့် နိုင်ငံရေးသိပ္ပံပါမောက္ခ ဂရာဟမ်ဆမ်နာသည် အမေရိကန်နိုင်ငံတွင် ဒါဝင်ဝါဒ၏ပြောရေးဆိုခွင့်ရှိသူဖြစ်ပေသည်။ လူ့အဖွဲ့အစည်းနှင့်ပတ်သက်သည့် သူ၏အတွေးအခေါ်ကို အောက်ပါအတိုင်း အတိုချုံးထားပေသည်။

> ––အကယ်၍တစ်ဦးတစ်ယောက်ကို မြှင့်တင်ပါက၊ တန်ပြန်အားအတွက် လည်းချက်ရှိရပေမည်။ **ဆိုလိုရင်းမှာ လူ့အဖွဲ့အစည်းတွင် တစ်ဦးတစ်ယောက်ကို မြှင့်တင်ပါက အခြားသူတစ်ဦးကို ဖိချလိုက်ရမည်။**[၁၂၁]

နယူးယောက်မြို့အမေရိကန်သဘာဝသမိုင်းပြတိုက်၏ *သဘာဝသမိုင်းမဂ္ဂဇင်း* အယ်ဒီတာ ရစ်ချာဒ် မီလ်နာက အောက်ပါအတိုင်းရေးသားခဲ့၏။

> ဆိုရှယ်ဒါဝင်ဝါဒ(လူမှုရေးဒါဝင်ဝါဒ)၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သော ပရင့်စတွန်တက္ကသိုလ်မှ ဝီလီယမ် ဂရာဟမ်က သန်းကြွယ်သူဌေးများသည် လူ့အဖွဲ့အစည်းတွင် အသင့်တော်ဆုံးလက်ရွေးစဉ်များဖြစ်ကြသဖြင့်၊ အထူးအခွင့်အရေးများကို ခံစားထိုက်သည်ဟု ယူဆပေသည်။ သူတို့သည် “ယှဉ်ပြိုင်မှုတည်းဟူသော အရည်ကြိုအိုးကြီးတွင် စစ်ထုတ်အရွေးချယ်ခံရသူများဖြစ်ကြပေသည်” ဟု ဆို၏။[၁၂၂]

ဤကြေညာချက်များကိုကြည့်ခြင်းဖြင့်၊ ဆိုရှယ်ဒါဝင်ဝါဒီတို့သည် ဒါဝင်၏အီဗိုလူးရှင်းသီအိုရီကိုအသုံးပြု၍ အရင်းရှင်လူ့အဖွဲ့အစည်းများအတွက် သုံးသပ်ထားကြောင်း သိရပေသည်။ ထို့ကြောင့် လူသားများသည်၊ ဘာသာအယူဝါဒများကသွန်သင်ထားသော အချင်းချင်းအပြန်အလှန်ယိုင်းပင်းကူညီမှု၊ ပရဟိတစိတ်ဓါတ်နှင့် ပူးပေါင်းဆောင်ရွက်မှု စသည်တို့ ဆုတ်ယုတ်သွားကြပြီး၊ ဤကောင်းခြင်းလက္ခဏာများအစား တစ်ကိုယ်ကောင်းဆန်ခြင်း၊ ဉာဏ်နီဉာဏ်

နက်သုံး၍ စဉ်းလဲခြင်း၊ အခွင့်ကောင်းယူတတ်ခြင်း စသည်တို့တွင် ဂုဏ်ယူကြလေသည်။ အကျော်ကြားဆုံးဆိုရှယ်ဒါဝင်ဝါဒသီအိုရီသမားဖြစ်သူ အမေရိကန်လူမျိုးပါမောက္ခ အီအေရော့စ်က၊ "ခရစ်ယာန်အလှူဂိုဏ်း၏ ဂုဏ်ကြက်သရေသည် လူပိန်းလူ့ငတုံးများခိုလှုံမွေးထုတ်သည့်နေရာ ဖြစ်သည်။"ဟု ဆို၏။ ထို့နောက် "နိုင်ငံတော်အစိုးရကလည်း နားပင်းဆွံ့အသူများကို ခိုလှုံရာ ပေးထားသည့်အတွက်၊ ဆွံ့အ နားပင်းသည့်လူမျိုးတစ်မျိုးပေါ်ထွန်းလာနေပေပြီ။"ဟု ထပ်မံ ပြောဆိုလေသည်။ ဤကောင်းမှုများအားလုံးသည် အီဗိုလူးရှင်းအရ သဘာဝအလျောက် ဖွံ့ဖြိုးမှုကို ဟန့်တားခြင်းဖြစ်သည်ဟု ပစ်ပယ်ရှုတ်ချ၍၊ "ဤကမ္ဘာကို နိဗ္ဗာန်ဘုံအဖြစ်အမြန်ဆုံးဆောက်တည်ရန်နည်းလမ်းမှာ၊ ထိုမျှအထိတိမ်းစောင်းသူတို့ကို သူတို့၏ခြေလှမ်းအတိုင်း ငရဲဘုံသို့ လှမ်းသွားကြအောင် လွှတ်ထားသင့်၏။"[၁၂၃] ဟူ၍လည်း ကြေညာထားပေသည်။

အထက်ကဖော်ပြချက်များမှ ကျွန်ုပ်တို့သိရှိကြပြီးဖြစ်သည့်အတိုင်း၊ ဒါဝင်ဝါဒသည် တကမ္ဘာလုံးရှိ အရင်းရှင်စီးပွားရေးစနစ်အားလုံးနှင့် ၎င်းမှထပ်ဆင့်ပွားလာသည့်နိုင်ငံရေးစနစ်များ၏ အတွေးအခေါ်ပိုင်းဆိုင်ရာ အခြေခံမှုဖြစ်ပေသည်။

ထို့ကြောင့် ဆိုရှယ်ဒါဝင်ဝါဒကို အကြီးကျယ်ဆုံးထောက်ခံသူတို့က ရင်းနှီးငွေအများဆုံးပိုင်ဆိုင်သူများဖြစ်ကြပေသည်။ အင်အားကြီးသူသည် အင်အားချိနဲ့သူကို နင်းချေ၍တက်လှမ်းသည့် စီးပွားရေးပေါ်လီစီသည် သနားကြင်နာမှုကင်းမဲ့ခြင်း၊ ကူညီစောင်မမှုမရှိခြင်း၊ မေတ္တာတရားကင်းမဲ့ခြင်းကြောင့် ရှုတ်ချရမည့်ကိစ္စမဟုတ်တော့ချေ။ အဘယ့်ကြောင့်ဆိုသော်၊ ဤလုပ်ရပ်များနှင့်အင်္ဂါရပ်များသည် "သိပ္ပံနည်းကျသောရှင်းလင်းချက်များ"နှင့် "သဘာဝတရား"အတိုင်းသာဖြစ်သည်ဟု လက်ခံထားကြပြီးဖြစ်သောကြောင့်တည်း။

လူမှုရေးဒါဝင်ဝါဒကို အမေရိကန်ဆန်ဆန်တွေးခေါ်ခြင်းဟု အဓိပ္ပါယ်ရသော *Social Darwism in American Thought* စာအုပ်ကို ရေးသားသူ ရစ်ချာဒ် ဟော့ဖ်စတက်တာက၊ ၁၉ ရာစုနှစ်မီးရထားလမ်းသူဌေးကြီး ချောန်စီ ဒီပြူက နယူးယောက်မြို့တွင် နာမည်ကျော်ကြားသူ ချမ်းသာကြွယ်ဝသူနှင့်အာဏာရှိသူတို့သည် "သူတပါးထက် ပိုမိုသာလွန်သောအစွမ်းအစရှိခြင်း၊ ကြိုတင်မြော်မြင်နိုင်ခြင်းနှင့်အခြေအနေကိုလိုက်ဖက်အောင်လုပ်ဆောင်နိုင်ခြင်း" စသည်တို့ကြောင့် အသက်ရှင်ခြင်းအတွက် အသင့်တော်ဆုံးပုဂ္ဂိုလ်များဖြစ်ကြသည်ဟု ပြောဆိုကြောင်း ရေးသားခဲ့ပေသည်။ အခြားနောက်ထပ်မီးရထားသူဌေးတစ်ဦးဖြစ်သူ ဂျိမ်းစ် ဂျေ ဟီးလ်က "မီးရထားလမ်းကုမ္ပဏီများရရှိသောငွေကြေးအမြောက်အမြားသည် အသင့်တော်ဆုံးသူတို့အသက်ရှင်သန်ခြင်းနိယာမက သတ်မှတ်ပေးခြင်းဖြစ်သည်။"[၁၂၄] ဟုပြောဆိုခဲ့လေသည်။

အမေရိကန်နိုင်ငံမှ နောက်ထပ်အရင်းရှင်ကြီးတစ်ဦးဖြစ်သူ အင်ဒရူး ကာနေဂျီက သူ၏ကိုယ်ရေးရာဇဝင်တွင် "ကျွန်ုပ်သည် အီဗိုလူးရှင်းသီအိုရီ၏ မှန်ကန်ခြင်းကို တွေ့ရှိပါပြီ။"ဟု ရေးသားခဲ့ပေသည်။[၁၂၆] နောက်ထပ်တစ်နေရာတွင် အောက်ပါအတိုင်း ရေးသားခဲ့ပြန်သည်။

> ယှဉ်ပြိုင်ခြင်းနိယာမသည် မျက်မှောက်တွင်ရှိနေသည်။ ရှောင်တိမ်း၍မရနိုင်ချေ။ ၎င်းကို အစားထိုးနိုင်သည့်အရာကိုလည်း မတွေ့ရပါ။ ထိုနိယာမသည် ပုဂ္ဂိုလ်အချို့အတွက် တစ်ခါတစ်ရံ ခက်ခဲကြမ်းတမ်းသည်ဟုထင်ရသော်လည်း၊ လူမျိုးတစ်မျိုးအတွက် အကောင်းဆုံးအင်္ဂါရပ်ပင်ဖြစ်ပေသည်။ ဌာနတိုင်းတွင် အသင့်တော်ဆုံးသူက ဆက်လက်ရှင်သန်သင့်ခြင်းကိုအာမခံသောကြောင့်ဖြစ်၏။[၁၂၇]

အီဗိုလူးရှင်းသိပ္ပံပညာရှင် ကင်းနက် ဂျေ စူးက၊ အမေရိကန်နိုင်ငံ၏ ရှေ့တန်းအရင်းရှင်များ၏ ဒါဝင်ဝါဒအတွေးအခေါ်များကို အောက်ပါအတိုင်း ဖော်ထုတ်ထားပေသည်။

> ဒါဝင်ဝါဒကို အင်္ဂလန်နိုင်ငံနှင့် အမေရိကနိုင်ငံတို့မှ ပုဂ္ဂလိကယှဉ်ပြိုင်မှုစနစ်နှင့် အရင်းရှင်စနစ် စီးပွားရေး၏အကျိုးဆက်များကို ကာကွယ်ရာ၌လည်း အသုံးချကြပေသည်။ အင်ဒရူးကာနေဂျီက၊ "ယှဉ်ပြိုင်ခြင်းနိယာမသည်၊ ကြင်နာမှုရှိသည်ဖြစ်စေ မရှိသည်ဘဲဖြစ်စေ၊ မျက်မှောက်တွင် ရှိနေပေသည်။ ကျွန်ုပ်တို့ ရှောင်ကွင်း၍မရနိုင်ချေ။"ဟုရေးသားခဲ့လေသည်။ ရော့က်ဖဲလားက တစ်ဆင့်

တက်၍၊ "လုပ်ငန်းကြီးများ ကြီးထွားလာခြင်းသည် အသင့်တော်ဆုံးသူတို့ဆက်လက်ရှင်သန်သင့်ခြင်းသာလျှင်ဖြစ်၍၊ သဘာဝနိယာမတရားက ဆောင်ရွက်ခြင်းသာ ဖြစ်ပေသည်။"[၁၂၈] ဟုဆို၏။




**လူများ လမ်းဘေးတွင် အိပ်နေကြသည်။**
ချမ်းသာကြွယ်ဝသောနိုင်ငံတွင် အိမ်မဲ့သူများကို လမ်းဘေးတွင် အိပ်စက်ကြရန် ပစ်ထားကြ၏။

အမေရိကန်နိုင်ငံတွင် ရော့ဖဲလားနှင့် ကာနေဂျီကဲ့သို့သော အရင်းရှင်သန်းကြွယ်သူဌေးများ တည်ထောင်ခဲ့သော ရော့ဖဲလားဖေါင်ဒေးရှင်းနှင့် ကာနေဂျီအင်စတီကြူးရှင်းတို့က အီဗိုလူးရှင်းနှင့်ပတ်သက်သော သုတေသနများတွင် အရေးကြီးသည့်ငွေကြေးထောက်ပံ့မှု ပေးကြရခြင်းသည် အလွန်စိတ်ဝင်စားဖွယ်ကိစ္စတစ်ရပ်ဖြစ်ပေသည်။

အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း အရင်းရှင်စနစ်သည် လူသားတို့ကို ငွေကြေးနှင့်ငွေကြေး၏အာဏာကိုသာ ကိုးကွယ်ရန် ခေါ်ဆောင်သွားကြောင်း တွေ့ခဲ့ကြပေပြီ။ ဘာသာအယူဝါဒများက သွန်သင်ထားသော ကိုယ်ကျင့်တရားများသည် အသုံးမကျဟု ခံယူကြ၍၊ အီဗိုလူးရှင်းသီအိုရီ၏သြဇာအောက်ရောက်နေကြသော လူ့အဖွဲ့အစည်းသည် ရုပ်ဝတ္ထုအင်အားများကိုသာ အလေးထားကြသဖြင့် မေတ္တာတရား၊ သနားကြင်နာခြင်းနှင့် ကိုယ်ကျိုးစွန့်ခြင်းများမှ ဝေးကွာသွားကြ၏။

ယနေ့ကျွန်ုပ်တို့၏ခေတ်တွင် လူ့အဖွဲ့အစည်းအားလုံးလိုလိုသည် ဤအရင်းရှင်စိတ်နေသဘောထား၏ သြဇာလွှမ်းမိုးမှုအောက်တွင် ရောက်နေကြပေသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသူ၊ အကူအညီမဲ့နေသူ၊ မစွမ်းမသန်သူတို့ကို လှူဒါန်းခြင်းမရှိကြတော့ဘဲ အကာအကွယ်မဲ့ပစ်ထားကြခြင်းဖြစ်သည်။ အကယ်၍ သူတို့သည် ပြင်းထန်သောရောဂါစွဲကပ်နေလင့်ကစား၊ မည်သူကမျှ ကြင်နာတရားထား၍ ဆေးကုသပေးမည့်သူမရှိဘဲအသက်သေဆုံးသွားသည်အထိ ပစ်ထားခြင်းခံနေကြရသည်။ နိုင်ငံအတော်များများတွင် ကလေးသူငယ်များကို အလုပ်ခိုင်းစေ၍ ထိုကလေးသူငယ်များသည် လူမှုဖူလုံရေးအခွင့်အရေးကင်းမဲ့နေကြသည်ကို တွေ့ရှိရပေသည်။

ယနေ့ အီသိုယိုပီယားနိုင်ငံတွင် မိုးခေါင်ရေရှားသဖြင့် ငတ်မွတ်ခေါင်းပါးနေကြခြင်းသည်၊ အရင်းရှင်စနစ်စိတ်နေသဘောထား လွှမ်းမိုးနေသောကြောင့်ဖြစ်၏။ ထိုငတ်ပြတ်နေသူတို့ကို နိုင်ငံတကာမှ အစားအစာကူညီထောက်ပံ့သင့်သော်လည်း၊ ငတ်ပြတ်နေသည့်အခြေအနေအတိုင်း ပစ်ထားကြပေသည်။




အရင်းရှင်လူ့အဖွဲ့အစည်း၏ နောက်ထပ်အင်္ဂါရပ်တစ်ခုမှာ ၎င်းအတွင်း၌ မတူညီမမျှတမှုကို ဖန်တီးဖြစ်ပေါ်စေခြင်းဖြစ်သည်။ ဤသို့သောလူ့အဖွဲ့အစည်းတွင် ချမ်းသာကြွယ်ဝသူနှင့် ဆင်းရဲနွမ်းပါးသူအကြား ကွာဟမှုသည် ကြီးမားသထက်ကြီးမားလာ၏။ ဆင်းရဲသူသည် ပို၍ဆင်းရဲပြီး ချမ်းသာကြွယ်ဝသူသည် ပို၍ကြွယ်ဝလာပေသည်။ ကမ္ဘာပေါ်တွင် အတိုးတက်ဆုံးသောနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံမှအစ၊ အရင်းရှင်နိုင်ငံများတွင် အိမ်ယာမဲ့သူသန်းနှင့်ချီ၍ရှိနေခြင်းမှာ၊ အရင်းရှင်ကိုယ်ကျင့်တရားကြောင့် ပစ်ထားကြခြင်းဖြစ်ပေသည်။ အမှန်မှာ အမေရိကန်လူ့အဖွဲ့အစည်းသည်၊ ၎င်း၏နိုင်ငံအတွင်းရှိဆင်းရဲသူဆင်းရဲသားအားလုံးကို ထောက်ပံ့ကာကွယ်ပေး၍ အလုပ်ပေးနိုင်ပေသည်။ သို့သော်လည်း လက်ရှိအများလက်ခံထားသောစိတ်နေသဘောထားကိုက၊ ဆင်းရဲသားများကို အထက်သို့တက်လှမ်းခွင့်မပေးချေ။ သူတို့ပိုမိုကြီးပွားရန်အတွက် ထိုဆင်းရဲသားများ၏ကျောကို နင်းရန်လိုအပ်ပေသည်။ ထို့ကြောင့် ယင်းပြဿနာကိုမဖြေရှင်းကြခြင်းဖြစ်၏။ ဤကား ဆိုရှယ်ဒါဝင်ဝါဒ၏ “အထက်ကိုတက်ရန် နင်းတက်ရမည့် ခုံလိုအပ်သည်”ဟူသောအဆိုကို လက်တွေ့ကျင့်သုံးခြင်းပင်ဖြစ်ပေသည်။

ဤအဆင့်တွင်၊ အရေးကြီးသည့်အချက်တစ်ချက်ကို သတိမူသင့်ပေသည်။ သမိုင်းတလျှောက်လုံးတွင်ဥစ္စာဓနကြွယ်ဝစေရန်အတွက် ဆင်းရဲနွမ်းပါးသူများကို နင်းချေ၍ ရုပ်ဝတ္ထုပစ္စည်းကိုသာအလေးထားခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ကိုယ်ကျိုးကိုသာကြည့်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်းများရှိခဲ့၏။ အတိတ်ကာလများတွင်လည်း ရုပ်ဝတ္ထုဥစ္စာဓနကိုသာ အလေးထားကာ နှစ်သက်မြတ်နိုးထိုက်သည့် ကိုယ်ကျင့်တရားကင်းမဲ့သူများ ရှိခဲ့ကြသည်။

သို့သော်လည်း ၁၉ ရာစုနှစ်ဒုတိယနှစ်ငါးဆယ်ပိုင်းတွင် ထိုသို့သောပုဂ္ဂိုလ်တို့သည် အမြင်အားဖြင့် ကွဲပြားသောခေတ်ကာလသို့ရောက်ကြလေသည်။ လွန်ခဲ့သည့် နှစ် ၁၅၀ အတွင်းရှိ ထိုကဲ့သို့ရက်စက်ကြမ်းကြုတ်သည့်မိတ်ကပ်ချယ်သထားသော လူ့အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များသည် ကဲ့ရဲ့ရှုတ်ချခြင်းမခံကြရတော့ချေ။ ထိုသို့သော လက္ခဏာအင်္ဂါရပ်များကို သဘာဝနိယာမအဖြစ် လက်ခံကြလေသည်။ ဤအချက်ဖြင့် ဒါဝင်ဝါဒသည် ထိုကိုယ်ကျင့်တရားပျက်ပြားခြင်းနှင့်သနားကြင်နာခြင်းကင်းမဲ့သူတို့၏ မှားယွင်းသော အယူဝါဒတစ်ခုဖြစ်ပေသည်။



ရောဘတ် အီဒီ ကလားက်က ယင်းအခြေအနေကို အောက်ပါအတိုင်း ရှင်းပြထား၏။


> အီဗိုလူးရှင်းသည်၊ အတိုချုံးပြောရမည်ဆိုပါက၊ မကောင်းမှုဒုစရိုက်ပြုသူ၏ အသိတရားများကို ခိုလှုံနားနေမှု ပေးထားပေသည်။ မိမိ၏ပြိုင်ဘက်ကို မသမာဆုံး စဉ်းလဲဆုံးအမူအကျင့်တို့ဖြင့် တုံ့ပြန်သူကို ဝေဖန်ပြစ်တင်၍မရတော့ချေ။ မကောင်းမှုဒုစရိုက်ပြုကျင့်ခြင်းကို ကောင်းသည်ဟု သမုတ်ကြပေသည်။[၁၂၉]

အိတ်ချ် အီနေ့ာကလည်း သူ၏ *အီဗိုလူးရှင်းသို့မဟုတ်ဖန်ဆင်းခြင်း (Evolution or Creation)* ဟူသောစာအုပ်တွင် အောက်ပါအတိုင်းရေးသားထားပေသည်။

> ပါမောက္ခ ဂျေ ဟုမ်းက ဤသို့ဆို၏။ "ဒါဝင်ဝါဒသည် ကောင်းမှုများကို ဆက်လက်ရှင်သန်နိုင်ခြင်း တန်ဖိုးဖြင့် တသမတ်တည်းတိုင်းတာပေသည်။"--ယင်းသည်ကား တောတိရစ္ဆာန်များကဲ့သို့ ရိုင်းစိုင်းသောအမူအကျင့် "ကြီးနိုင်ငယ်ညှင်း–အင်အားကြီးသူအနိုင်ရသူသည် မှန်၏။" ဟူသောဥပဒေသ ဖြစ်သည်။ အသင့်တော်ဆုံးသူသည် ဆက်လက်ရှင်သန်ခွင့်ရှိသည် ဟူသောအယူအဆ ဖြစ်၏။ ဉာဏ်နီဉာဏ်နက်ဖြင့်စဉ်းလဲခြင်းနှင့်ရက်စက်ခြင်း၊ သူရဲဘောနည်းခြင်းသို့မဟုတ်ကလိမ်ကျ လိမ်လည်ခြင်း အစရှိသဖြင့် မိမိဆက်လက်ရှင်သန်နိုင်အောင်ပြုခြင်းသည် ထိုပုဂ္ဂိုလ် သို့မဟုတ် ထိုလူ့အဖွဲ့အစည်းအတွက် ကောင်း၏ မှန်ကန်၏။[၁၃၀]

ကျွန်ုပ်တို့တွေ့ခဲ့ကြသည့်အတိုင်း၊ လွန်ခဲ့သည့် နှစ် ၁၅၀ အတွင်း ကမ္ဘာပေါ်သို့ ပူပင်သောကများ၊ ခက်ခဲမှုများ၊ နာကြည်းမှုနှင့်မျှော်လင့်ချက်ကင်းမဲ့ခြင်းများကို ယူဆောင်လာခဲ့ကြသူများ၊ စနစ်များနှင့်အတွေးအခေါ်များ၏နောက်ကွယ်တွင် ဘာသာအယူဝါဒကင်းမဲ့ခြင်းနှင့် ဒါဝင်ဝါဒတို့က ဩဇာညောင်းလှုံ့ဆော်နေခဲ့ပေသည်။ ထိုမကောင်းမှုဒုစရိုက်မျိုးစုံကို ယူဆောင်လာခဲ့သူများသည် ဘာသာအယူဝါဒကင်းမဲ့သူများဖြစ်သည့်အားလျော်စွာ သူတို့၏ တစ်ကိုယ်ကောင်းလောဘအတွက် ရက်စက်ကြမ်းကြုတ်မှုများကို ကာကွယ်ရန် ဒါဝင်ဝါဒကို ကယ်တင်ရှင်အဖြစ်အားကိုးခိုလှုံကြလေသည်။ ဒါဝင်၏ "အင်အားချိနဲ့သူပျောက်ကွယ်၍၊ အင်အားကြီးသူဆက်လက်ရှင်သန်ရမည်"ဟူသော သုတေသနစာတမ်းကို သူတို့၏ဘဝအတွေးအခေါ်အဖြစ်ခံယူကြပေသည်။



*ထိုမှတပါး ထိုသူတို့၏ ပစ္စည်းဥစ္စာများတွင် တောင်းရမ်းသော သူဆင်းရဲအဖို့လည်းကောင်း၊*
*တောင်းရမ်းခြင်းမပြုသောသူဆင်းရဲအဖို့လည်းကောင်း၊ ဝေစုဝေပုံ ရှိ၏။*
(စူရာ အလ်ဇာရိယာတ် ၅၁း၁၉)



ကမ္ဘာ့လူသားများအားလုံးကို ထောင်ချောက်၌ဖမ်းထားသကဲ့သို့ ဖမ်းနိုင်လိမ့်မည်ဟု ထင်ကြပေသည်။ သို့သော်လည်း ထိုထောင်ချောက်များသည် သူတို့ကိုယ်တိုင်အတွက်သာလျှင် ဖြစ်ကြောင်းကို မသိကြပေ။ သူတို့သည် မည်မျှပင်ဆက်လက်အသက်ရှင်နေနိုင်ရန်ကြိုးစားအားထုတ်ကြသော်လည်း၊ အမှန်စင်စစ်သူတို့အတွက်ရော၊ တကမ္ဘာလုံးအတွက်ရော၊ သူတို့ပိုင်ဆိုင်လိုသည့်အရာများအားလုံးအတွက်ရော၊ သူတို့သစ္စာခံယူထားသည့်ခေါင်းဆောင်များအတွက်ရော၊ သို့မဟုတ်သူတို့လက်ခံယုံကြည်သည့်အတွေးအခေါ်များအတွက်ရော၊ စီရင်ချက်ချမည့်တရားသူကြီးတစ်ပါးတည်းနှင့် အရှင်သခင်တစ်ပါးတည်းသာလျှင် ရှိ၏။ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာဏာနှင့်ပြည့်စုံသော တရားသူကြီးဖြစ်တော်မူ၏။ အစဉ်အမြဲထာဝရ တည်ရှိတော်မူသောတရားသူကြီးလည်း ဖြစ်တော်မူ၏။ လူသားများပိုင်ဆိုင်ရရှိသော ဥစ္စာဓနများ၊ အင်အားနှင့်အာဏာများသည်၊ သူတို့၏အစွမ်းအစများဖြင့် ရရှိလာသည်မဟုတ်။ အလ္လာဟ်အရှင်မြတ်က သူတို့အားစမ်းသပ်ရန် ပေးအပ်ခြင်း ဖြစ်၏။ မည်သူမဆို ဤကမ္ဘာလောကသည် အင်အားချိနဲ့သူတို့ကို ဖျောက်ဖျက်သုတ်သင်ပစ်၍ အင်အားကြီးသူက စိုးမိုးရန်ရှုန်းကန်တိုက်ခိုက်ကြရသည့် ယင်ပြင်ဖြစ်သည်ဟု ယုံကြည်သော်လည်း၊ အမှန်မှာ လူသားတိုင်းသည် သူ့အတွက် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပေးထားသော စမ်းသပ်ချက်ဘောင်အတွင်း၌သာလျှင် အသက်ရှင်နေကြခြင်းဖြစ်ပေသည်။ လူသားများကို အခွင့်အလမ်းကောင်းများပေး၍ စမ်းသပ်ကြောင်း အောက်ပါကုရ်အာန်အာယတ်တော်တွင် မိန့်ဆိုထားပေသည်။

**ဧကန်မလွဲ ငါအရှင်မြတ်သည် လူတို့အား ၎င်းတို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှါ၊ ပထဝီမြေပေါ်၌ရှိကုန်သော အရာဝတ္ထုများကို ငါအရှင်မြတ်သည် ယင်းပထဝီမြေ၏ အလှများပြုလုပ်တော်မူခဲ့လေသည်။**
(စူရာ အလ်ကဟ်ဖ် ၁၈း၇)

မိမိတို့ပိုင်ဆိုင်ရရှိသောဥစ္စာဓနများသည် မိမိတို့က "အသက်ရှင်ရေးအတွက် တိုက်ခိုက်၍ရရှိသည်"ဟု သဘောပိုက်ထားသူတို့သည်၊ အစားထိုး၍မရနိုင်သော နာကြည်းမှုများနှင့် ကြုံတွေ့ကြရ၍၊ မိမိတို့သည် ဗလာဟင်းလင်းအသုံးမကျသောအတွေးအခေါ်နောက်သို့ လိုက်ပါခဲ့ကြကြောင်း နောင်တမလွန်ဘဝ၌ အမှန်တရားနှင့်ထိပ်တိုက်တွေ့ဆုံသောအခါသမယတွင် ဝမ်းနည်းကြေကွဲခြင်းကြီးစွာ ဖြစ်ကြလိမ့်မည်။










ငင်းပြင် အသင်တို့အနက် ဂုဏ်အသရေနှင့် ကုံလုံကြွယ်ဝမှုရှိသူများသည် ဆွေရင်းမျိုးရင်းများအားလည်းကောင်း၊ သူဆင်းရဲများအားလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ရွှေ့ ပြောင်းလာခဲ့ကြသော မုဟာဂျိရ်များအားလည်းကောင်း၊ (အကူအညီအထောက်အပံ့)မပေးကြ တော့ပါဟူ၍ ကျိန်ဆိုခြင်းမပြုကြရာ။ စင်စစ် ၎င်းတို့သည် (ထိုသူတို့အား) ခွင့်လွှတ်သင့်ကြ ပေသည်။ ၎င်းပြင် လျစ်လျူပြုသင့်ကြပေသည်။ အသင်တို့သည် မိမိတို့အား အလ္လာဟ် အရှင်မြတ်က အပြစ်မှခွင့်လွှတ်ချမ်းသာပေးတော်မူသည်ကို မနှစ်သက်မလိုလားကြလေသလော။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွှတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင် အလွန်တရာ သနားညှာတာ ကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူပေ သတည်း။ (စူရာအလ်နူးရ် ၂၄း၂၂)

ထို့ပြင်တဝ ဂျန္နတ်အမတ သုခဘုံသားတို့သည် ဂျဟန္နမ်ငရဲသားတို့အား(ဤသို့)ဟစ်ခေါ်(ပြော ဆို)ကြကုန်အံ့။ "ငါတို့သည် ငါတို့၏အရှင်မြတ်က ငါတို့နှင့်ထားရှိတော်မူခဲ့သော ကတိတော် အတိုင်း မှန်ကန်စွာရရှိကြပြီ။ အသင်တို့သည်လည်း အသင်တို့၏အရှင်မြတ်က အသင်တို့နှင့် ထားရှိတော်မူသောကတိအတိုင်း မှန်ကန်စွာရရှိကြပြီလော၊" ထိုအခါ ၎င်း(ဂျဟန္နမ်ငရဲသား)တို့ က "ဟုတ်ကဲ့"ဟု ဖြေကြားကြလတ္တံ့။ ထို့နောက် ဟစ်အော်သူတဦးက ၎င်းတို့၏စပ်ကြား တွင် (ဤသို့)ဟစ်အော်ပြောဆိုအံ့၊ မတရားကျူးလွန်သောသူသည် အလ္လာဟ်အရှင်မြတ်၏ ကရု ဏာတော်မှ ကင်းဝေးကြစေသား"။

၎င်းပြင် "အအ်ရာဖ်"၌ ရှိသူတို့က အကြင်(များပြားစွာသော)သူတို့ကို ဟစ်အော်ကြကုန်အံ့။ ၎င်းတို့သည် ထိုသူတို့အား ထိုသူတို့၏အမှတ်အသားဖြင့် မှတ်မိကြကုန်အံ့။ (ထို့နောက်) ၎င်း (အမြင့်၌ရှိသူ)တို့က (ဤ)သို့ပြောဆိုကြလတ္တံ့။ "အသင်တို့၏ အသင်းအဖွဲ့ လူစုများပြားခြင်း သည်လည်းကောင်း၊ အသင်တို့ မာန်မာနထောင်လွှားခြင်းသည်လည်းကောင်း၊ အသင်တို့အဖို့ အသုံးမဝင်ခဲ့ချေပြီတကား။ (စူရာအလ်အအ်ရာဖ် ၇း၄၄–၄၅၊ ၄၈)

ဒါဝင်ဝါဒ–အရင်းရှင်ဝါဒအတွေးအခေါ်များ၏ဩဇာအောက်သို့မကျရောက်သေးသူတို့ နှင့် သူတို့ဤကမ္ဘာလောက၌ ရောက်ရှိအသက်ရှင်နေကြရခြင်း၏အကြောင်းရင်းများကို မေ့ ပျောက်ခြင်းမရှိကြသေးသူတို့ကမူကား၊ အခြားလူသားများကို အလ္လာဟ်အရှင်မြတ်ကဖန်ဆင်း ထားသူများဖြစ်သည်ဟု မြင်ကြပေသည်။ အလ္လာဟ်အရှင်မြတ်မှအမိန့်ရှိထားသည့်အတိုင်း၊ လူ သားများကို သာသာယာယာ၊ ချစ်ခင်ကြင်နာခြင်းဖြင့် ထိုသူတို့၏အခက်အခဲ စိတ်သောကများ ကို ဖယ်ရှားပေးရန် မိမိတတ်နိုင်သမျှစွမ်းအားဖြင့်ကူညီကြမည်ဖြစ်ပေသည်။ သူတို့သည် သာ ယာနာပျော်ဖွယ်သောပီယဝါစာစကားကိုသာပြောဆိုကြပေသည်။ မိဘမဲ့ကလေးသူငယ်များကို ကူညီစောင့်ရှောက်ကြ၏။ မကျန်းမာသူများနှင့် ဒုက္ခိတများကို ကူညီစောင်မ၍ ကာကွယ်စောင့် ရှောက်ပေသည်။ ဤသို့သောသူတို့သည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားသည့်အ တိုင်း၊ အလ္လာဟ်အရှင်မြတ်၏ မျက်စိအောက်တွင် အမြင့်မြတ်ဆုံးသူများဖြစ်ကြပေသည်။ သူ တို့သည် ဥစ္စာဓနကိုလည်းစိတ်ဝင်စားမှုမရှိကြပေ။ လူမျိုး၊ အသားအရောင်၊ အဆင့်အတန်း လူတန်းစား၊ သူတပါး၏ယုံကြည်မှု အတွေးအခေါ်တို့ကို စိတ်ဝင်စားခြင်းမရှိသည့်အပြင် ၎င်း တို့ကြောင့် ခွဲခြားခြင်းလည်းမရှိကြချေ။

# အခန်း ၆

# ဒါဝင်ဝါဒယူဆောင်ခဲ့သော ကိုယ်ကျင့်တရားပျက်ပြားမှု



ဒါဝင်ဝါဒက လူ့လောကသို့ ယူဆောင်လာခဲ့သောအကြီးကျယ်ဆုံးပျက်စီးယိုယွင်းမှုမှာ လူတို့ကို ဘာသာအယူဝါဒမှကင်းကွာသွားစေခြင်းဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာအကြောင်းမရှိချေ။ ရက်စက်ကြမ်းကြုတ်သည့်ကိုယ်ကျင့်တရားနှင့် စိတ်ဓါတ်ပျက်ပြားခြင်းက လူ့အဖွဲ့အစည်းများကို ဘာသာအယူဝါဒမှ လျင်မြန်စွာ ကင်းကွာစေလေသည်။ ယနေ့ကျွန်ုပ်တို့၏ မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းများတွင် ယင်းပျက်ပြားမှုကိုပြဆိုသည့်ဥဓါဟရဏ်အမြောက်အမြားရှိနေပေသည်။

ဤအချက်နှင့်ပတ်သက်၍ အချို့သောလူတို့က ဘာသာအယူဝါဒကင်းမဲ့သူအမြောက်အမြားတို့သည် ဒါဝင်ဝါဒကိုပင် မကြားဘူးသူများဖြစ်ကြသဖြင့်၊ ဘာသာအယူဝါဒကင်းမဲ့ခြင်းအတွက် ဒါဝင်ဝါဒကို အပြစ်မတင်သင့်ကြောင်းထုချေကြပေသည်။ ဘာသာအယူဝါဒကင်းမဲ့သူအမြောက်အမြားတို့က ဒါဝင်ဝါဒကိုမကြားဘူးကြကြောင်း မှန်ပါသည်။ ယခုခေတ်တွင် ဒါဝင်ဝါဒကို ကာကွယ်ပြောဆိုနေသူ အရေအတွက်မှာ အကန့်အသတ်လောက်သာရှိပေသည်။ သို့သော်လည်း ထိုအကန့်အသတ်လောက်အနည်းငယ်သာရှိသည့်လူနည်းစုသည်၊ လူ့အဖွဲ့အစည်း၏ အတွေးအခေါ်အများဆုံးကို ကြိုးကိုင်ညွှန်ကြားနေသူများဖြစ်ကြ၏။ လူ့အဖွဲ့အစည်းပေါ်တွင်သက်ရောက်သော သူတို့၏ဩဇာသည် မရေမတွက်နိုင်လောက်သော လူတို့ထံသို့ ဆင့်ပွားသက်ရောက်သွားပေသည်။ သူတို့၏ကမ္ဘာ့အမြင်ကို လူ့အဖွဲ့အစည်းအများဆုံးအပိုင်းအပေါ်၌ ပြဋ္ဌာန်းသတ်မှတ်ပေးနိုင်စွမ်းရှိကြပေသည်။ ဥပမာ၊ အကျော်ကြားဆုံးတက္ကသိုလ်ပါမောက္ခများ၊ နာမည်ကျော်ကြားသည့် ရုပ်ရှင်ဒါရိုက်တာအများစု၊ ကမ္ဘာကျော်ကြားလူသိများသော စာပေထုတ်ဝေရာဌာန၊ သတင်းစာနှင့် မဂ္ဂဇင်းအယ်ဒီတာများသည် အများအားဖြင့် အီဗိုလူးရှင်းဝါဒီများ၊ ဘာသာအယူဝါဒကင်းမဲ့သူများဖြစ်ကြသည်။ ထို့ကြောင့် ဤကတ်သီးကတ်သတ်နိုင်သောအတွေးအခေါ်များကို လက်ခံသည့်လူ့အဖွဲ့အစည်းထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ကမ္ဘာ့အီဗိုလူးရှင်းဝါဒီများအနက် ရှေ့တန်းပြေးနေသူ ဟားဗတ်တက္ကသိုလ်မှ ဇီဝဗေဒပါရဂူ အားန် မေယာက လူ့အဖွဲ့အစည်းတွင် အီဗိုလူးရှင်းသီအိုရီက ယူထားသောနေရာကို အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> ဒါဝင်၏ခေတ်မှစတင်၍၊ ကမ္ဘာပေါ်တွင် ပညာအနည်းငယ်ရှိသူတိုင်းသည် လူသားသည် မျောက်ဝံမှ ဆင်းသက်လာသည်ဟု သိပေသည်။--အီဗိုလူးရှင်းသီအိုရီသည် လူတို့၏တွေးခေါ်ရာ အပိုင်းတိုင်းဖြစ်သည့် လူတို့၏အတွေးအခေါ်၊ လူတို့၏ယုံကြည်မှု၊ လူတို့၏ကိုယ်ကျင့်တရား စသည်တို့အားလုံးတွင် ဩဇာသက်ရောက်ပေသည်။[၁၃၁]

ဒါဝင်ဝါဒီတို့၏ ကျယ်ပြန့်သောဩဇာညောင်းခြင်းသည်၊ လူတို့၏ဘဝတစ်ခုလုံးတွင် "မှိုင်းမိ"ထားသကဲ့သို့ဖြစ်နေပေသည်။ ဘဝအတွေ့အကြုံနည်းသေးသဖြင့်၊ ကမ္ဘာ့အမြင်တွင် ပြည့်စုံလုံလောက်စွာ ပြီပြီပြင်ပြင် မတွေးတောတတ်သေးသူ လူငယ်များသည် ဤကဲ့သို့သော မြူဆွယ်မှုတွင် အလွယ်ကူဆုံးမှိုင်းမိနိုင်ကြပေသည်။ ဤကဲ့သို့သောလူငယ်များကို မဂ္ဂဇင်းစာစောင်များ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ ဇာတ်လမ်းတိုများနှင့် တေးသီချင်းများမှတဆင့် သူတို့လိုရာသို့မြူဆွယ် ဆွဲသွင်းရန် အင်မတန်လွယ်ကူပေသည်။ အထူးသဖြင့် လူငယ်များသင်ယူကြရသည့် ကျောင်းသင်ခန်းစာပညာရေးသည် အရေးကြီးဆုံးဖြစ်ပေသည်။ ထို့ကြောင့် အီဗိုလူးရှင်းသီအိုရီသည် သိပ္ပံဆန်ဆန် သက်သေအထောက်အထားအတုများဖြင့် လိမ်လည်လှည့်ဖြားခဲ့သော်လည်း နှစ်ပေါင်း ၁၅၀ လောက် လူအများက မှန်ကန်သည်ဟုယုံကြည်လာခဲ့ကြခြင်း ဖြစ်ပေသည်။ အမှန်မှာ ထိုသက်သေအထောက်အထားများသည် လူတို့ကို လိမ်လည်လှည့်ဖြားရန် သက်သက်ထွင်ထားသည့် သိပ္ပံနည်းလုံးဝမကျသော အထောက်အထားများသာလျှင် ဖြစ်ပေသည်။

ယ္ခုခေတ်တွင် ဘာသာအယူဝါဒဆန့်ကျင်ရေးဝါဒဖြန့်မှုများသည် တိုက်ရိုက်ဆန့်ကျင်ခြင်းမရှိကြကြောင်းကို သတိထားမိကြပါလိမ့်မည်။ မည်သူကမျှ ဘာသာရေးကို မယုံကြည်သင့်ကြောင်း(ရေးကွန်မြူနစ်ဝါဒခေတ်စားနေချိန်ကဲ့သို့)ပွင့်ပွင့်လင်းလင်းမပြောကြတော့ချေ။ ပထမပိုင်းတွင် သတိမထားသဘောမပေါက်နိုင်သည့် ခိုးကြောင်ခိုးဝှက် သွယ်ဝိုက်သောနည်းများကို အသုံးပြုကြပေသည်။ ဘာသာအယူဝါဒများ၊ ဘာသာရေးဆိုင်ရာဘာသာရပ်များ၊ အများကြည်ညိုသော ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ စသည်တို့ကို ပျက်ရယ်ပြုကြသည်။ တေးသီချင်းများ၊ ဝတ္ထုဇာတ်လမ်းများ၊ ရုပ်ရှင်ထဲတွင် ဇာတ်ကောင်များပြောဆိုသောစကားများ၊ သတင်းစာခေါင်းစဉ်များ၊ ဟာသစာပေများ၊ ကာတွန်းစာပေများ စသည်တို့တွင် ဘာသာရေးနှင့် မိမိတို့၏ ကံကြမ္မာကို မယုံမကြည်ပစ်ပယ်စေသည့် အသုံးအနှုန်းများကို မသိမသာထည့်သွင်းထားကြခြင်းသည် နည်းလမ်းအချို့ ဖြစ်၏။

ဒါဝင်ဝါဒဘာသာရပ်သည်၊ ဘာသာအယူဝါဒများကို ဆန့်ကျင်သည့်လက်နက်များတွင် အများဆုံးအသုံးပြုသော လက်နက်ဖြစ်ပေသည်။ အချို့မဆီမဆိုင်ကိစ္စများတွင်ပင် လူသားတို့ဆင်းသက်လာခဲ့သော ဘိုးဘေးများသည် မျောက်နှင့်မျောက်ဝံများဖြစ်ကြောင်း အလေးထား၍ ထည့်သွင်းဖေါ်ပြလေ့ရှိကြသည်။ အီဗိုလူးရှင်းသီအိုရီ၏တင်ပြချက်များကို လူသားများနှင့်သက်ဆိုင်သည့်စိတ်ပညာစာပေနှင့်အချက်အလက်များတွင်ပင် မသိမသာထည့်သွင်းထားသည့် ဝါကျများကို တွေ့နိုင်ပေသည်။ ဤသို့ဖြင့်၊ အလ္လာဟ်အရှင်မြတ်ကိုတကယ်တန်းယုံကြည်ခြင်းရှိမရှိ မေးမြန်းသောအခါ၊ ဘုရားသခင်အလ္လာဟ်အရှင်မြတ်နှင့် ဘာသာအယူဝါဒတွင်ယုံကြည်ပါသည်ဟု ဖြေကြားသော်လည်း၊ ဘာသာအယူဝါဒ၊ နောင်တမလွန်ဘဝနှင့် လူ့ကျင့်ဝတ်ကို စောင့်ထိန်းရန်တာဝန်ရှိခြင်းများကို ပေါ့ပေါ့တန်တန်ယူဆ၍၊ အလ္လာဟ်အရှင်မြတ် ရှိကြောင်းနှင့် အလ္လာဟ်ရှင်မြတ်ကို ကြောက်ရွံ့ရိုသေရမည့်အကြောင်းများကို ဦးနှောက်၌ ထည့်စဉ်းစားခြင်းမပြုကြသည့်လူ့အဖွဲ့အစည်းများ ပေါ်ထွန်းလာခြင်းဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ခြင်းမရှိ၍ ကြောက်ရွံ့ရိုသေခြင်းမရှိသူတို့သည် မည်သည့်ကိစ္စတွင်မဆို အကန့်အသတ်ကိုမသိကြဘဲ မိမိတို့၏ ဘိုးဘေးများသည် တိရစ္ဆာန်များဖြစ်သည်ဟု ယုံကြည်ကြသဖြင့် ဘဝတစ်ခုလုံးတွင်လည်း တိရစ္ဆာန်ကဲ့သို့သာ နေလိုကြပေသည်။

ဥပမာ၊ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းမရှိသူတို့သည် သူတို့၏ကာယကံ ဝစီကံတို့ကို စောင့်ထိန်း၍ စင်ကြယ်လိမ့်မည်ဟု မျှော်လင့်၍မရနိုင်ချေ။ သူတို့တွင် စောင့်ထိန်းရမည့်အကန့်အသတ်ဟူ၍မရှိချေ။ အခြားသူမတွေ့မမြင်ပါက မည်ကဲ့သို့ပင် ယုတ်ညံ့သိမ်ဖျင်း၍ ကိုယ်ကျင့်တရားပျက်ပြားခြင်းကိုမဆို ပြုကျင့်ရန် အဆင်သင့်ရှိကြပေသည်။ ကျွန်ုပ်တို့၏ခေတ်တွင်၊ အထူးသဖြင့် လူငယ်များနှင့် သီးခြားစီဖြစ်သည့်လူ့အဖွဲ့အစည်းများ၌၊ ကန့်သန့်မှု ရှိကြရန်တိုက်တွန်းချက်များနှင့် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အတိုင်း ကိုယ်ကျင့်တရားများကို စောင့်ထိန်းကြရန် နှိုးဆော်ချက်များသည် အရာမရောက်တော့ချေ။ ယင်းသည်ကား ဒါဝင်ဝါဒက ဘာသာအယူဝါဒမှ ကင်းကွာအောင်သင်ပေးနေခြင်း၏ ရလာဒ်ပင်ဖြစ်ပေသည်။ မိမိကိုယ်ကို လက်ဝဲသမားဟုသတ်မှတ်ထားသူတို့သည် သူတို့လုပ်ကြံပြုကျင့်သောအပြစ်များကို မည်သူ့ထံမျှ အဖြေပေးနေရန် မလိုအပ်ဟု ယုံကြည်ကြသဖြင့် ထိန်းကြောင်းမှုလုံးဝမရှိကြချေ။ နေ့စဉ်နှင့်အမျှ အသုံးအဖြုန်းပိုမိုကြီးကြီးဖြင့် ကိုယ်ကျင့်တရားပျက်ပြားမှုများကို ဖေါ်ပြနေကြပေသည်။ လူငယ်လူရွယ်၊ မိန်းမယောကျ်ားမရွေးတို့သည် သူတို့၏ကာမရာဂဆိုင်ရာဘဝနှင့် ပတ်သက်၍၊ သတင်းစာများအား အသေးစိတ်ပြောပြဝန့်ကြ၏။ သတင်းစာများကလည်း ထိုကဲ့သို့သောမဖွယ်မရာ ဟိရိဩတ္တပတရားကင်းမဲ့သည့်ကိစ္စများကို အသေးစိတ်ရေးသားဖေါ်ပြကြပြန်သည်။ သို့သော်လည်း လူထုက မည်သို့မျှအမှားမထင်ကြချေ။ မီဒီယာသတင်းလောက တွင် အိမ်ထောင်ရေးဖေါက်ပြန်နောက်မီးလင်းခြင်းအကြောင်းကို အထူးအလေးထား မြှောက်ပင့်၍ အသေးစိတ်ဖေါ်ထုတ်ကြသည်။ ထိုကဲ့သို့ပြုကျင့်ကြရန်ပင် မြူဆွယ်ရေးသားကြသေးသည်။ ဤကဲ့သို့သော ရေးသားမှုကိုလည်း လူတို့အတွက် ရိုးနေလေပြီ။ မည်သူကမျှ အထူးအဆန်းမ

ထင်ကြတော့ချေ။ အသေးစိတ်စစ်ဆေးဆန်းစစ်ကြည့်ပါက၊ လူသတ်မှုများ၊ ပြည့်တန်ဆာလုပ်ငန်းများ၊ လိမ်လည်မှုမျိုးစုံ၊ လာဘ်ပေးလာဘ်ယူခြင်း၊ စသည့် ကိုယ်ကျင့်တရားပျက်ပြားမှု ဒုစရိုက်အားလုံး၏အခြေခံမှာ ဘာသာအယူဝါဒကင်းမဲ့ခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ ဘာသာအယူဝါဒကင်းမဲ့စေသည့် အဓိကအကြောင်းရင်းမှာ "လူသားသည် မတော်တဆကြုံ၍ဖြစ်ပေါ်လာသည်" ဟူသော ဒါဝင်၏လိမ်လည်ခြင်းကို အကြမ်းဖက်၍ ပျံ့နှံ့စေခြင်းကြောင့်ဖြစ်ပေသည်။

*The Lie: Evolution (လိမ်လည်မှု–အီဗိုလူးရှင်းသီအိုရီ)* ဟူသောစာအုပ်ကိုရေးသားသူ ကင်း ဟဲမ်က ဒါဝင်ဝါဒနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားပေသည်။

> အကယ်၍ ဘုရားသခင်နေရာတွင် မတော်တဆဖြစ်ခြင်းနှင့် ကြိုးကြားပေါ်ပေါက်ခြင်းဖြစ်စဉ် ဟူသည့်ယုံကြည်မှုကို အစားထိုးလိုက်သည်နှင့်တပြိုင်တည်း၊ အမှားအမှန်ကိုခွဲခြားမည့်အခြေခံမှုဟူ၍ မရှိတော့ချေ။ စည်းကမ်းစည်းမျဉ်းတို့သည် သင်ထုတ်ချင်သလိုထုတ်နိုင်လေပြီ။ အခြေခံအဖြစ် ဆုပ်ကိုင်ထားမည့် ပရမတ်တရား၊ မူဝါဒဟူ၍ မရှိတော့ပေ။ လူတို့သည် သူတို့လိုက်နာလိုသည့် စည်းမျဉ်းများကို သူတို့ရေးဆွဲကြတော့သည်။[၁၃၂]

နာမည်ကျော်ကြားသော အီဗိုလူးရှင်းသမား သီအိုဒီယပ်စ် ဒေါ့ဗ်ဇန်စကီ က၊ ဒါဝင်ဝါဒ၏ အခြေခံမှုဖြစ်သည့် "သဘာဝ၏ရွေးချယ်မှု" အတွေးအခေါ်သည်၊ လူ့အဖွဲ့အစည်း၏ကိုယ်ကျင့်တရားပျက်ပြားမှုကို ဆုတ်ယုတ်ပျက်ပြားစေကြောင်း သဘောတူပေသည်။

> လူ့အဖွဲ့အစည်းအားလုံးတို့သည်၊ လူသားတို့တွင်ရှိသည့် မကောင်းမှုဒုစရိုက်ကြူးလွန်ပြုမှုလိုသည့် သဘာဝအင်္ဂါရပ်များကို အုပ်စုလိုက်ဆန့်ကျင်လိုခြင်း သို့မဟုတ် တားမြစ်ခြင်းများပြု၍၊ ၎င်းသဘာဝအင်္ဂါရပ်များနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် သနားကြင်နာခြင်း၊ ရက်ရောခြင်းနှင့် သူတပါး၏ကောင်းကျိုးအတွက်လည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုး၏ကောင်းကျိုးအတွက်လည်းကောင်း၊ လူသားလောကတစ်ခုလုံး၏ကောင်းကျိုးအတွက်လည်းကောင်း၊ ကိုယ်ကျိုးစွန့်နိုင်သည့်ကိုယ်ကျင့်တရားများကို အသားပေး သြဘာပေးနေကြစဉ်၊ သဘာဝ၏ရွေးချယ်မှုအတွေးအခေါ်က ဘဝတွင်ပျော်ရွှင်မှုကိုသာပဓာနထားခြင်း၊ ရဲရင့်ခြင်းအစား သူရဲဘောကြောင်ခြင်း၊ လိမ်လည်ခြင်းနှင့်ခေါင်းပုံဖြတ်ခြင်း၊ စသည်တို့ကို အားပေး၏။ [၁၃၃]

ယနေ့ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကိုကြည့်ပါက၊ အရေးကြီးဆုံးနှင့် အနက်နဲဆုံးကိုယ်ကျင့်တရားယိုယွင်းပျက်ပြားခြင်းများတွင် ဒါဝင်ဝါဒကြောင့်ပေါ်ပေါက်လာသည့်ခြေရာလက်ရာများကို ချက်ချင်းတွေ့မြင်နိုင်ပေသည်။ လူ့အဖွဲ့အစည်းများကို၊ လူတို့အချင်းချင်းယိုင်းပင်းခြင်းနှင့်အချင်းချင်းဆက်စပ်မှုမရှိဘဲ ကင်းကင်းကွာကွာနေထိုင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားချစ်ခင်မှုကင်းမဲ့ခြင်းသာရှိသည့် တိုးတက်ကြီးထွားမှု၊ ဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုခေတ်အတွေးအခေါ်ဖြင့် အတင်းရိုက်သွင်းလျက်ရှိနေပေသည်။ ထိုကဲ့သို့သောဘာဝကို ထုတ်လုပ်မှုကြီးထွားတိုးတက်ရေးအတွက်ဖြစ်သဖြင့် လက်ခံရမည်ဟု အကြောင်းပြလေ့ရှိကြသည်။ အမှန်မှာ ဤရလာဒ်မျိုးသည် လူသားကို "တိရစ္ဆာန်အဆင့်" သို့သာရောက်စေပြီး၊ တိုးတက်ရေးနှင့်ယဉ်ကျေးမှုခေတ် အလျဉ်းမဟုတ်ချေ။

အမှန်တရားမှာ၊ လူသားသည် တိရစ္ဆာန်တစ်မျိုးမဟုတ်သည့်အပြင်၊ မည်သည့်တိရစ္ဆာန်မှတဆင့် ဆင်းသက်လာခဲ့ခြင်းလည်း မဟုတ်ချေ။ လူသားကို အလ္လာဟ်အရှင်မြတ်က၊ အသိဉာဏ်၊ ကျိုးကြောင်းဆင်ခြင်တတ်ခြင်း၊ ကောင်းကျိုးဆိုးပြစ်ခွဲခြားတတ်သောအသိတရား၊ ဝိညာဉ် စသည်တို့အပြည့်အစုံပေးထား၍ သီးခြားဖန်ဆင်းထားသော ဝေနေယျဖြစ်သဖြင့်၊ အခြားသတ္တဝါများနှင့် မွန်မြတ်မှုအရလည်းကောင်း၊ အရည်အချင်းအရလည်းကောင်း၊ အရည်အသွေးအရလည်းကောင်း၊ မတူညီကွာခြားပေသည်။ သို့သော်လည်း ဒါဝင်ဝါဒနှင့်ရုပ်ဝါဒကိုယ်ကျင့်တရားတို့၏ မှိုင်းမိသွားသောလူသားတို့သည်၊ ယင်းအရည်အချင်း အရည်အသွေးများကို မေ့လျော့ထားလိုက်ပြီး၊ မိမိကိုယ်ကို တိရစ္ဆာန်များတွင်ပင် မတွေ့ရသည့် ယုတ်ညံ့သိမ်ဖျင်းခြင်း၊ ကိုယ်ကျင့်တရားကင်းမဲ့ခြင်း၊ အသိတရားကင်းမဲ့ခြင်း အဆင့်သို့နှိမ့်ချယူလိုက်ပေသည်။ "ကျုပ်တို့က တိရစ္ဆာန်ကနေဆင်းသက်လာတယ်ဆိုတော့၊ ဘယ်လိုဘဲဖြစ်ဖြစ် တိရ

စ္ဆန်မျိုးဗီဇကိုတော့ ဆက်ခံထားကြမှာပါဘဲ။”ဟု ပြောကြ၍၊ မိမိ၏ အသိတရားကင်းမဲ့ခြင်းနှင့် လူ့စိတ်ဓါတ်အင်အားဆုတ်ယုတ်မှုအတွက် သိပ္ပံအခြေခံကို ရှာကြံပြင်ဆင် ကြလေတော့သည်။

ဒါဝင်ဝါဒီ–အပြုအမူဆိုင်ရာသိပ္ပံပညာရှင်များသည်၊ သူတို့၏အတွေးအခေါ်များကို ဤအချက်မှ စတင်ကြ၍၊ လူသားတို့၏ ရာဇဝတ်ပြစ်မှုကျူးလွန်လိုစိတ်သည် တိရစ္ဆာန်ဘိုးဘေးများမှ ဆက်ခံခဲ့ခြင်းဖြစ်သည်ဟု အဆိုပြုကြပေသည်။ ဤအဆိုကို ကျော်ကြားသောအီဗိုလူးရှင်းဝါဒီ စတီဖင် ဂျေ ဂေါလ်က အီတလီလူမျိုး ရူပဗေဒပညာရှင် လောမ်ဘရိုဆို၏အကြံပေးချက်အရ၊ သူ၏ *Ever Since Darwin (ဒါဝင်မှစ၍ နောက်ပိုင်း)* ဟူသောစာအုပ်၏ စကားဦးတွင် အောက်ပါအတိုင်း အဆိုတင်သွင်းထားပေသည်။

> ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်သည့် ဇီဝဗေဒသီအိုရီများမှာ အင်မတန်ရှားပါးလှပေသည်။ သို့သော်လည်း လောမ်ဘရိုဆိုက အီဗိုလူးရှင်းလှည့်ကွက်ဖြင့် ဇာတ်လမ်းပမာဆွေးနွေးထားပေသည်။ မွေးရာပါ ရာဇဝတ်ကောင်များသည် စိတ္တဇရောဂါဖြစ်ခြင်းနှင့်စိတ်မနှံ့ခြင်းသာမဟုတ်ပေ။ သူတို့၏ လွန်ခဲ့ပြီးသော အီဗိုလူးရှင်းအဆင့်သို့ ပြန်ရောက်သွားကြခြင်းဖြစ်ပေသည်။ ကမ္ဘာဦးခေတ်နှင့်မျောက်ဝံများဖြစ်သော ဘိုးဘေးများ၏အင်္ဂါရပ်များပါရှိသော မျိုးဗီဇများကိုဆက်ခံလာခဲ့ခြင်းဖြစ်သည်။ ကံဆိုးသူအချို့မှာ မွေးလာစကတည်းက ထိုမျိုးဗီဇဆက်ခံလာခြင်း၌ အမြောက်အမြားကျန်ရှိနေကြပေသည်။ သူတို့၏အမူအကျင့်များမှာ ရှေးယခင် ရိုင်းစိုင်းနေသေးသည့်ခေတ်ကာလတွင် လိုက်ဖက်သင့်လျော်မည်ဖြစ်သော်လည်း၊ ယနေ့ကျွန်ုပ်တို့၏ခေတ်တွင် သူတို့ကို ဒုစရိုက်ရာဇဝတ်ကောင်များအဖြစ်သတ်မှတ်ကြပေသည်။ သူ့ကိုယ်သူ မည်သို့မျှထိန်းသိမ်းနိုင်ခြင်းမရှိသဖြင့် သနားသင့်ပေသည်။ သို့သော်လည်း သူ၏လုပ်ရပ်များကိုမူ ကျွန်ုပ်တို့က သည်းမခံနိုင်ကြပေ။[၁၃၄]

ဤတင်ပြချက်အရ၊ လူသားအချင်းချင်းသတ်ဖြတ်ကြခြင်း၊ အခြားသူကိုနာကြင်စေခြင်း၊ ခိုးဝှက်ခြင်းနှင့်ရန်ဖြစ်တိုက်ခိုက်ကြခြင်းသည်၊ မျောက်ဝံဘိုးဘေးများမှ မျိုးဗီဇအရ ဆက်ခံလာခဲ့ရခြင်းဖြစ်သည်ဟု ဆိုလိုပေသည်။ ထို့ကြောင့် ထိုပြစ်မှုဒုစရိုက်သည် ပြစ်မှုကျူးလွန်သူနှင့်မသက်ဆိုင်သောကြောင့် ထိုသူကို ခွင့်လွှတ်သင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤတင်ပြချက်ကို ဆက်၍သုံးသပ်ကြည့်ပါက၊ လူသားတို့သည် ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် အကောင်းအဆိုးတို့ကို ခွဲခြားဆုံးဖြတ်နိုင်သည့် အသိတရားနှင့်စိတ်ဓါတ်အင်အားများသည် အရာမရောက်တော့ဘဲ တိရစ္ဆာန်များကဲ့သို့ အသိတရားကင်းမဲ့၍ မိမိတို့၏စိတ်ဇောအလိုအတိုင်းသာ ပြုကျင့်လုပ်ဆောင်သူများဖြစ်သည်ဟု လက်ခံယုံကြည်ခြင်းဖြစ်ပေသည်။ ဤအမြင်အတိုင်းဆိုပါက၊ ခြင်္သေ့တစ်ကောင်သည် သူ၏ရိုင်းစိုင်းသောဒေါသကိုမထိန်းနိုင်ဘဲ သည်းခံခြင်းဟူသောကောင်းမြတ်ခြင်းကိုမသိသကဲ့သို့၊ လူသားသည်လည်း ထိုနည်းအတိုင်းပြုကျင့်သည်ဟု ဆိုလိုရင်းဖြစ်၏။ ထိုကဲ့သို့သောအတွေးအခေါ် အမြင်ရှိသူများကို ခိုလုံခွင့်ပေးထားသည့် လူ့အဖွဲ့အစည်းသည် မည်သို့မျှ အေးချမ်းသာယာမှုနှင့် လုံခြုံမှုရှိမည်မဟုတ်သည့်အပြင်၊ စည်းကမ်းပျက်ပြား ဖရိုဖရဲဖြစ်ခြင်း၊ အဆက်မပြတ်သောပဋိပက္ခရှိခြင်း၊ တိုက်ခိုက်နေကြခြင်းများဖြင့် ပြည့်နက်နေသည့် လူ့အဖွဲ့အစည်းဖြစ်မည်မှာ ထင်ရှားနေပေသည်။

## ဒါဝင်ဝါဒက လူ့လောကသို့တင်ပြသည့် ဆိုးယုတ်ရက်စက်သည့်လူနေမှုပုံစံ

ဒါဝင်ဝါဒီများနှင့်ရုပ်ဝါဒီတို့၏အဆိုအရ၊ လူသားများအပါအဝင်၊ စကြာဝဠာတစ်ခုလုံးသည် ဖရိုဖရဲဖြစ်ခြင်းနှင့်ကြုံကြိုက်တိုက်ဆိုင်မှုများသာဖြစ်သည်ဟု ဆို၏။ လူ့အဖွဲ့အစည်းအတွင်း ဤအမြင်၏ဩဇာညောင်းမှု များပြားလာသည်နှင့်အမျှ၊ မိမိတို့အပေါ် မည်သည့် ထိန်းကျောင်းကန့်သတ်မှုမျှ မရှိဟု ယုံကြည်သည့် တာဝန်မဲ့သူတို့ပေါ်ပေါက်လာလေသည်။

ရည်မှန်းချက်ကင်းမဲ့သူတစ်ယောက်သည်၊ မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်အောင်လုပ်မည့် ရည်ရွယ်ချက်ရှိမည်မဟုတ်ပေ။ ထိုသူသည်၊ မည်သည့်ကိစ္စကိုမျှဂရုမစိုက်ခြင်း၊ အရာရာကိုပျက်

ရယ်သာပြုခြင်း၊ ခံစားမှုကင်းမဲ့ခြင်း၊ သူ၏အသိတရားကို အသုံးမပြုတတ်ခြင်း၊ စည်းကမ်းစည်းမျဉ်းအကန့်အသတ်များကို အသိအမှတ်မပြုခြင်း၊ စသည်တို့ဖြင့်ပြည့်နက်နေလိမ့်မည်။ ထိုသူ့တွင် သူတော်ကောင်းတရားနှင့် ကောင်းမွန်သည့်လက္ခဏာရှိမည်မဟုတ်ပေ။ ထိုသူသည်၊ ဖွံ့ဖြိုးလာသောတိရစ္ဆာန်တစ်ကောင်ဖြစ်သည်ဟူသော သူ၏မလျော်ကန်သည့်အမြင်အရ၊ အခြားသက်ရှိသတ္တဝါများကဲ့သို့ အစားအစာရှိခြင်းနှင့်မျိုးပွားရန်သာဆောင်ရွက်၍၊ သူလိုအပ်သည်ကိုရရှိသည့်အခါ၊ ပျော်မြူးမှုကိုအတတ်နိုင်ဆုံးရှာဖွေ၍ သေဆုံးမည့်ရက်ကိုသာ စောင့်မျှော်နေလိမ့်မည်။ လူအများစုတို့သည် ဒါဝင်ဝါဒကို အသေးစိတ်မသိကြသော်လည်း သူတို့သည် လူ့လောကအတွက် ဒါဝင်ဝါဒက ကြိုတင်မြင်ထားသောဘဝအတိုင်း နေထိုင်ကြသည်ကို တွေ့မြင်နိုင်ပေသည်။

သူတို့သည် နောက်ဆုံးတွင် ဆုံးခန်းတိုင်သွားမည့် ဆိုးယုတ်ရက်စက်သောဘဝတွင် နေထိုင်အသက်ရှင်ကြရသဖြင့်၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း၊ အဆိုးကိုသာမြင်ခြင်းနှင့် ဝမ်းနည်းကြေကွဲမှုဖြင့်ပြည့်နက်လျက်ရှိနေလိမ့်မည်။ မိမိသည် အသက်သေဆုံးသည်နှင့်တပြိုင်တည်း အစစအရာရာသည် ဆုံးခန်းတိုင်သွားမည့်အဖြစ်ကို တွေးနေသူသည် သူ၏စိတ်နှလုံးအတွင်း၌ ဝမ်းနည်းကြေကွဲမှု အစဉ်ကိန်းအောင်းလျက်ရှိနေလိမ့်မည်။ မိမိကိုယ်ကိုသတ်သေခြင်း၊ စိတ္တဇရောဂါပြဿနာများနှင့် စိတ်အားညှိုးငယ်စိတ်ပျက်လက်ပျက်ဖြစ်ခြင်းတို့သည် လူတို့၏စိတ်ပိုင်းဆိုင်ရာ၌ ထိခိုက်စေသော ဒါဝင်ဝါဒမှိုင်းမိခြင်း၏ အနှုတ်လက္ခဏာများပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ခေတ်တွင်၊ အီဗိုလူးရှင်းသီအိုရီကို အပြင်းထန်ဆုံးကာကွယ်သူ ရစ်ချာဒ်ဒေါကင်စ်က၊ ဥပါဟရုဏ်တစ်ခုကို ဖော်ပြထား၏။ လူသားများသည် မျိုးဗီဇစက်များသာ ဖြစ်၍ လူသားများ၏အသက်ရှင်နေခြင်းသည် ထိုမျိုးဗီဇများကို နောင်လာမည့်မျိုးဆက်များသို့ ဆက်လက်ပို့ပေးရန်တာဝန်သာလျှင်ရှိသည်ဟု ဒေါကင်စ်က အဆိုပြု၏။ ဒေါကင်စ်၏အမြင်အရ၊ လူသားများနှင့် စကြာဝဠာတစ်ခုလုံး၏တည်ရှိခြင်းသည် မည်သည့်ရည်ရွယ်ချက်မျှ မရှိချေ။ စကြာဝဠာတစ်ခုလုံးနှင့် လူသားများသည်၊ ဖရိုဖရဲဖြစ်ခြင်းနှင့်ကြုံကြိုက်တိုက်ဆိုင်မှုများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုလို၏။ ထိုကဲ့သို့သော အဆို၏လိမ်လည်လှည့်ဖြားမှုတွင် မိသွားသူတို့သည်၊ စိတ်အားညှိုးငယ်၍ မျှောင်လင့်ချက်ကင်းမဲ့ကြပေသည်။ နောင်လာမည့်မျိုးဆက်များသို့ မျိုးဗီဇများကို ဆက်လက်ပို့ဆောင်ပေးရန်တာဝန်သာရှိသည်၊ အစစအရာရာ သည်သေဆုံးချိန်တွင် ဆုံးခန်းတိုင်သွားသည်၊ ဤကမ္ဘာလောကတွင် သူလုပ်သမျှ အားလုံးသည် အဓိပ္ပါယ်ကင်းမဲ့သည်၊ မိတ်သင်္ဂဟဖြစ်ခြင်း၊ ချစ်ခင်ခြင်း၊ ကောင်းမွန်ခြင်းနှင့်လှပခြင်းတို့သည် တန်ဖိုးမဲ့သည်၊ စသည်ဖြင့်ယုံကြည်သူသည်၊ ဘဝဟူသည် သနားကြင်နာခြင်းကင်းမဲ့၍ လိုအပ်မှုလည်းမရှိသည့်ပြင် မည်သည့်အရာမှလည်း ပျော်ရွှင်မှုရရှိမည်မဟုတ်ချေ။ ဒေါကင်းစ်က သူ၏ *Unweaving the Rainbow (သက်တန့်ကို ဖြေဖြုတ်ခြင်း)* ဟူသောစာအုပ်တွင် သူတင်ပြခဲ့သော လူ့သက်တန်းနှင့်ပတ်သက်သည့်အချက်များသည် အဆိုးမြင်သဘောပါရှိ၍ မည်မျှအထိ ထိခိုက်နိုင်သည်ကို ဝန်ခံထားပေသည်။

> ကျွန်ုပ်၏ပထမဆုံးစာအုပ်ကို ပုံနှိပ်ထုတ်ဝေသူ နိုင်ငံခြားမှပုဂ္ဂိုလ်တစ်ဦးက၊ ကျွန်ုပ်၏စာအုပ်ကိုဖတ်ပြီး၊ စာအုပ်ပါအချက်အလက်များသည် အလွန်ဆိုးဝါး၍ စိတ်ဓါတ်ကျစရာကောင်းသောသတင်းစကားကြားရသလိုဖြစ်သဖြင့်၊ သုံးညဥ့်တိုင်တိုင် အိပ်မပျော်နိုင်ဟု ပြောပါသည်။ အခြားလူတွေက ဒီစာအုပ်ရေးပြီးနောက်နံနက်မှာ နိုးလာသည့်အခါ အဘယ့်ကြောင့်ခံနိုင်ပါသနည်းဟု မေးကြပါသည်။ ရပ်ဝေးတိုင်းပြည်တစ်ပြည်မှကျောင်းဆရာတစ်ယောက်က၊ သူ၏တပည့်တစ်ယောက်က ကျွန်ုပ်၏စာအုပ်ဖတ်ပြီးနောက်တစ်ရက်တွင် စာအုပ်ပါအချက်အလက်များသည် ဘဝတွင် အဓိပ္ပါယ်ကင်းမဲ့၍ ရည်ရွယ်ချက်မရှိ ဟာလာဟင်းလင်းဖြစ်ကြောင်းညွှန်ပြထားသဖြင့် ဝမ်းနည်းကြေကွဲနေရသည်ဟု မျက်ရည်မျက်ခွက်နှင့်လာပြောကြောင်း စာရေးလာပါသည်။ ထိုကျောင်းသူကဲ့သို့ ထပ်၍မဖြစ်စေလိုသဖြင့် ထိုစာအုပ်ကို အခြားသူငယ်ချင်းများအား မပေးဖတ်ရန်ညွှန်ကြားလိုက်သည်ဟုဆိုပါသည်။ ယေဘုယျအားဖြင့် သိပ္ပံပညာနှင့်ပတ်သက်၍ အကျိုးမရှိသည့်အနိဋ္ဌာရုံများသာဖြစ်သည်၊ ဝမ်းသာစရာမရှိသည့်စကားတွေသာဖြစ်သည် စသည်ဖြင့် စွပ်စွဲလေ့ရှိကြ၏။ သိပ္ပံ

ပညာရှင်တို့ကလည်း သူတို့ကို လွယ်ကူစွာဖြေရှင်းနိုင်ကြပေသည်။ ကျွန်ုပ်၏ ယောင်းယင်းဖြစ်သူ ပီတာ အက်ကင်က သူစတင်ရေးသားနေသော The Second Law (1984)စာအုပ်တွင် ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းပြထားပါသည်။

ကျွန်ုပ်တို့သည် ဖရိုဖရဲဖြစ်ခြင်း၏သားသမီးများဖြစ်ကြပါသည်။ ပြောင်းလဲခြင်း၏အနက်နဲဆုံးပုံစံမှာ ဆွေးမြေ့သွားခြင်းဖြစ်၏။ ပျက်စီးယိုယွင်းဖေါက်ပြန်ခြင်းနှင့် တားမြစ်၍မရနိုင်သော ဖရိုဖရဲဖြစ်ခြင်းသည် ၎င်း၏ဇစ်မြစ်ဖြစ်ပေသည်။ ရည်ရွယ်ချက် ရည်မှန်းချက်လည်းကင်းမဲ့၏။ ဦးတည်ရာတစ်ခုတည်းသာလျှင်ကျန်ရှိတော့သည်။ စကြာဝဠာအတွင်းသို့နက်နက်နဲနဲအာရုံစိုက်ကြည့်ပါက မက်မောစရာဟူ၍ လုံးဝမရှိသည်ကို စိတ်ပျက်လက်ပျက်ဖြင့်လက်ခံကြရမည်ဖြစ်ပေသည်။[၁၃၅]

ဟစ်တလာကို လူမျိုးကြီးဝါဒအတွက် အတွေးအခေါ်ဆိုင်ရာထောက်ခံမှုပေးခဲ့သော ဂျာမာန်လူမျိုး ဒါဝင်ဝါဒီအတွေးအခေါ်ရှင် နစ်ဇ်ချေက လူ့ဘဝနှင့်ပတ်သက်၍ သူ၏ “ဘုရားတရားမဲ့နတ္ထိကဝါဒ” "nihilism" ဟုခေါ်သောအတွေးအခေါ်ဖြင့် တင်ပြထားသည်။ အခြေခံအားဖြင့်၊ လူသားအသက်ရှင်ခြင်းသည် အကြောင်းရင်းတစ်ခုခုတော့ရှိရမည်ဟုဆိုသည်။ သို့သော်လည်း၊ နစ်ဇ်ချေသည် ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်) တည်ရှိခြင်းကိုငြင်းပယ်သည့် မိစ္ဆာဒိဋ္ဌိဖြစ်သည့်အားလျော်စွာ၊ ထိုအကြောင်းရင်းသည် ထာဝရဘုရားသခင်က လူသားများကို ဖန်ဆင်းထားခြင်းနှင့် လုံးဝမပတ်သက်ဟုဆိုသည်။ ထို့ကြောင့်၊ နစ်ဇ်ချေ၏ အတွေးအခေါ်အရ၊ လူသားသည် ထိုအကြောင်းရင်းကို မရပ်မနားရှာဖွေနေရပေသည်။ နောက်ဆုံးရှာမရသောအခါ မွေးရာပါ မျှော်လင့်ချက်ကင်းသောဘဝအဖြစ်နှင့်သာ အသက်ရှင်ကြရသည်ဟုဆို၏။ သို့သော်လည်း၊ အခြေခံအကျဆုံးအမှန်တရားဖြစ်သည့် အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခြင်းကိုလက်မခံဘဲ အခြားအကြောင်းရင်းကိုရှာဖွေနေသူသည် ဘယ်သောအခါမှ ထိုအကြောင်းရင်းကို ထပ်၍တွေ့ရှိမည်မဟုတ်ပေ။ နစ်ဇ်ချေသည်လည်း နောက်ဆုံးတွင် ရူးသွပ်၍ သေဆုံးသွားခဲ့၏။

အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းကို မေ့လျော့ထားသည့်လူ့အဖွဲ့အစည်းသည် စိတ်ဓါတ်ရေးရာနှင့်ကိုယ်ကျင့်တရားများ ပျက်ပြားသွားကြမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ဥစ္စာဓနကြွယ်ဝခြင်း၊ လူမှုဖူလုံရေးပြည့်စုံမှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတို့သည် ၎င်းတို့အား ငြိမ်းချမ်းသာယာမှုနှင့် လုံခြုံမှုပေးနိုင်မည်မဟုတ်ပေ။ မိမိ၏ကိုယ်ပိုင်အသိတရားနှင့်ကျိုးကြောင်းဆင်ခြင်ခြင်းတရားများ၏ စေ့ဆော်မှုများကိုလိုက်နာခြင်းမပြုသူတို့သည်၊ မိမိတို့ကိုယ်ကို အထိန်းအကြောင်းမရှိ ရည်ရွယ်ချက်ကင်းမဲ့သည့် သတ္တဝါများအဖြစ်ထင်မြင်ယူဆကြသဖြင့်၊ ပျော်ရွှင်မှုကင်းမဲ့ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် အရာရာကို အဆိုးသာမြင်ခြင်းများသို့ တွန်းပို့ခြင်းသာလျှင် ခံကြရပေသည်။ အသက်သေဆုံးခြင်းဖြင့် သူတို့၏ဘဝဆုံးခန်းတိုင်သွားလိမ့်မည်ဟု ယူဆသူတို့သည်၊ သေလွန်ပြီးနောက်မှသာလျှင် အမှန်တရားနှင့်ကြုံတွေ့သည့်အခါသမယတွင် ဝမ်းနည်းကြေကွဲစွာ နောင်တရကြမည်ဖြစ်၏။

အလ္လာဟ်အရှင်မြတ်နှင့် နောင်တမလွန်ဘဝကို ယုံကြည်သူသည်၊ ဤကမ္ဘာလောကတွင် သူအသက်ရှင်နေရခြင်း၏ အကျိုးကျေးဇူးနှင့် သူအသက်ရှင်နေခြင်းသည်၊ မည်သို့အရေးပါအရာရောက်သည်ကို သိထားပေသည်။ ထိုသူသည်၊ အလ္လာဟ်အရှင်မြတ်၏ ချစ်ခင်နှစ်သက်မှုနှင့် ဂျန္နတ်သုခဘုံကို ရရှိရန်မျှော်လင့်ချက်ဖြင့် ပျော်မွေ့နေ၏။ ဖြစ်သမျှအကြောင်းစုံအတွက် ထိုသူသည် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်နေမည်ဖြစ်၏။ ထို့ကြောင့်၊ ထိုသူသည် မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် အဆိုးမြင်ဘဝမှ လွတ်မြောက်မည်ဖြစ်၏။


နိဂုံး
ဒါဝင်ဝါဒတည်းဟူသော
ညွှံ့တောကြီးကို ခြောက်သွေ့
သွားအောင် ဖေါက်ထုတ်ပစ်ရမည်

ကမ္ဘာ့ သမိုင်းတလျှောက်လုံးတွင်၊ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ပဋိပက္ခများရှိခြင်းတို့နှင့်ပြည့်နက်ခဲ့ပေသည်။ သို့သော်လည်း၊ လွန်ခဲ့သည့်ရာစုနှစ်အတွင်း၌ ရောမကြီးကျယ်လွန်းသည့် ပျက်စီးယိုယွင်းမှုရှိခဲ့ ခြင်းသည် ဒါဝင်ဝါဒက ထိုသတ်ဖြတ်မှုများ၊ ဖိနှိပ်မှုများနှင့် ပဋိပက္ခများကို သိပ္ပံနည်းကျသည်ဟု တရားဝင်အောင် ထောက်ခံခြင်းကြောင့်ဖြစ်ပေသည်။ ဒါဝင်ဝါဒ၏ လူ့သဘာဝနှင့်ပတ်သော လုံးဝမှားယွင်းသည့်အခိုင်အမာအဆိုပြုချက်သည်၊ လူသတ်သမားများ၊ အာဏာရှင်များနှင့်ညှင်းပန်းရက်စက်ခြင်းဖြင့်သာယာမှုကိုယူသည့်အတွေးအခေါ်ရှင်များက သူတို့ပြုကျင့်သမျှနှင့်ပေါ်လီစီများကို "လူ့အဖွဲ့အစည်းတွင် သဘာဝ၏နိယာမတရားကိုလက်တွေ့ကျင့်သုံးခြင်းဖြစ်သည်" ဟု သူတို့၏အမှားများကို အမှန်တရားဖြစ်သယောင်၊ ပြောဆိုခွင့်ပြုထားပေသည်။

ကျွန်ုပ်တို့၏ခေတ်တွင်၊ အီဗိုလူးရှင်းသီအိုရီကို အတွေးအခေါ်များအတွက် ကာကွယ်ထားကြသေးသည်။ ၁၉ ရာစုနှစ်တွင် အီဗိုလူးရှင်းသီအိုရီကြောင့် တွင်ကျယ်ပျံ့နှံ့ခဲ့သောကိုလိုနီနယ်ချဲ့စနစ်၊ ဂျာမာန်နာဇီဝါဒနှင့် ဆိုဗီယက်ပြည်ထောင်စု စသည်တို့သည် အတိတ်ကာလတွင်ကျန်ရစ်ခဲ့လေပြီ။ သို့သော်လည်း ယင်းတို့၏ အခြေခံမူဝါဒဖြစ်သည့် ဒါဝင်ဝါဒ–ရုပ်ဝါဒအတွေးအခေါ်ကိုမူ၊ အချို့အသိုင်းအဝိုင်းမှ ပြင်းပြင်းထန်ထန်ကာကွယ်နေကြသေးသဖြင့်၊ ၎င်းကြောင့်ထိခိုက်နစ်နာသည့်အချက်များကိုလည်း တကမ္ဘာလုံးက ဆက်လက်ခံစားနေကြရပေသည်။

ကင်းနက်ဂျေစူးသည် သူကိုယ်တိုင်က အီဗိုလူးရှင်းသမားတစ်ဦးဖြစ်သော်လည်း၊ ဒါဝင်ဝါဒကြောင့် လူ့လောကတွင်ပျက်စီးယိုယွင်းမှုမည်မျှသက်ရောက်စေခဲ့သည်ကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> ကျွန်ုပ်တို့သည်၊ တစ်ဦးချင်း၊ လူတန်းစားအချင်းချင်း၊ တိုင်းနိုင်ငံအချင်းချင်းနှင့် လူမျိုးအချင်းချင်းတို့ယှဉ်ပြိုင်တိုက်ခိုက်ကြခြင်းသည် ဘဝ၏သဘာဝတရားဖြစ်သည်၊ ၎င်းပြင် အင်အားကြီးသူသည် အားနည်းသူကိုဖျောက်ဖျက်ပစ်ခြင်းသည် ဘဝ၏သဘာဝတရားဖြစ်သည်ဟု ယူဆသော ရက်စက်သည့် ဆိုရှယ်(လူမှုရေး)အတွေးအခေါ်၏ တန်ဖိုးခံများဖြစ်ကြပေသည်။ သဘာဝကရွေးချယ်ခြင်းနိယာမသည် သိပ္ပံပညာမဟုတ်ဟု ကျွန်ုပ်ကခံယူပါသည်။ ၎င်းသည် အတွေးအခေါ်တစ်ခုသာဖြစ်၍၊ ဆိုးယုတ်ကောက်ကြစ်သော အတွေးအခေါ်ပင်ဖြစ်၏။[၁၃၆]

တရားဥပဒေနှင့်ကိုယ်ထိလက်ရောက် ကြိုတင်ကာကွယ်မှုတော့ လိုအပ်ပေသည်။ သို့သော်လည်း ဤကြိုတင်ကာကွယ်မှုများသည် ထိုအတွေးအခေါ်များက ပေးဆောင်ခဲ့သောဒဏ်ရာများကို ကုစားခြင်းသာဖြစ်ပေလိမ့်မည်။ အစဉ်အမြဲထာဝရအတွက်ဖြေရှင်းနည်းမှာ ယဉ်ကျေးမှုနှင့် သိပ္ပံနည်းကုစားမှုသာလျှင်ဖြစ်ပေသည်။

ယဉ်ကျေးမှုနှင့်သိပ္ပံပညာအမြင်တို့မှ ဒါဝင်ဝါဒပျက်ပြယ်ဆုံးခန်းတိုင်သွားသည်နှင့်အမျှ၊ ၎င်းကိုအခြေခံ၍ထွက်လာသောအတွေးအခေါ်များသည်လည်း ပျောက်ကွယ်သွားမည်ဖြစ်၏။ ယင်းသည်ကား ကမ္ဘာလောကကြီးသည် ဖိနှိပ်ချုပ်ချယ်ရမ်းကားခြင်းများမှ ဧကန်မလွဲ လွတ်မြောက်သွားခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် အသိတရားရှိသူနှင့် ဘုရားတရားတွင်ယုံကြည်မှုရှိသူတို့တွင် ကြီးလေးသောတာဝန်ကျရောက်နေပေသည်။ ကမ္ဘာပေါ်သို့ ဒါဝင်ဝါဒက ယူဆောင်လာခဲ့သော ပျက်စီးယိုယွင်းမှုများကို သေးငယ်သည်ဟုအထင်မသေးသင့်ပါ။ အထူးသဖြင့် လွန်ခဲ့သည့်ရာစုနှစ်အတွင်းတွင် လူ့အဖွဲ့အစည်းက ခံစားဖြတ်သန်းခဲ့ရသော ဒုက္ခများကို လစ်လျူရှုခြင်းမပြုသင့်ပါ။ နှစ်ပေါင်း ၁၅၀ တိုင်တိုင် ကြာမြင့်ခဲ့သော ဤလိမ်လည်မှုကြီးကို အပြီးပိုင်သုတ်သင်ရှင်းလင်းပစ်ရန်

ဤကိစ္စသည် အရေးတကြီးအလျင်အမြန်လိုအပ်နေကြောင်းကို သိမြင်သူအားလုံးတို့သည် ယဉ်ကျေးမှုအရ မိမိတို့တတ်နိုင်သည့်အတိုင်းအတာဖြင့် တိုက်ပွဲဆင်နွှဲကြရန်လိုအပ်ပါသည်။

ဤလိမ်လည်လှည့်ဖြားခြင်းကို အမှန်တကယ်ဆုံးခန်းတိုင်ဖျောက်ဖျက်၍၊ လူသားတို့ ဧချမ်းစွာနေထိုင်နိုင်မည့်အခြေခံမှုကို ရရှိနိုင်မည့်ဖြေရှင်းနည်းမှာ၊ ကုရ်အာန်ကျမ်းတော်မြတ်ရှိ ကိုယ်ကျင့်တရားအတိုင်း နေထိုင်ခြင်းပင်ဖြစ်ပေသည်။ လူသားတို့သည် ဘာသာအယူဝါဒသို့ မျက်နှာပြန်လှည့်ကြပါက၊ ထိုပျက်စီးယိုယွင်းမှုများသည်လည်း ရပ်တန့်သွားမည်ဖြစ်ပေသည်။ ထိုအခါ၊ ကုရ်အာန်ကျမ်းတော်မြတ်က ညွှန်ကြားထားသည့်ဘဝနေထိုင်ရေးအတိုင်း၊ လုပခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ တရားမျှတခြင်း၊ သစ္စာရှိခြင်း၊ အချင်းချင်းယိုင်းပင်းကူညီခြင်း၊ သည်းခံခြင်း စသည်တို့နှင့်ပြည့်စုံမည်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ အမိန့်ရှိတော်မူသည့်အတိုင်း၊ "အမှန်သည်ရောက်ရှိလာ"၍ "အမှားသည် ပျောက်ကွယ်"သွားမည်ဖြစ်၏။

> ထို့ပြင် အသင်သည် ဤသို့ပြောကြားပါလေ။ "အမှန်သည် ရောက်ရှိလာခဲ့ချေပြီ။ ၎င်းပြင် အမှားသည် ပျောက်ကွယ်သွားခဲ့ချေပြီ။ ဧကန်မလွဲ အမှားသည် ကွယ်ပျောက်မည့် အရာပင် ဖြစ်ခဲ့ပေသတည်း။ (စူရာ ဘနီအစ္စရာအီလ် ၁၇း၈၁)


နောက်ဆက်တွဲ
အီဗိုလူးရှင်းသီအိုရီ၏
မှားယွင်းသောခံယူချက်

ဒါဝင်ဝါဒ သို့မဟုတ် အီဗိုလူးရှင်းသီအိုရီသည်၊ ဖန်ဆင်းခြင်းအမှန်တရားကို ငြင်းပယ်ရန် တင်ပြထားသော၊ သိပ္ပံပညာကိုအခြေခံသည့်မှားယွင်းသော အယူအဆတစ်ခုဖြစ်ပေသည်။ သို့သော်လည်း ထိုအယူအဆမှာ အောင်မြင်မှုမရှိခဲ့ချေ။ ဤသီအိုရီမှာ အသက်ဟူသည် အဇီဝမူလဖြစ်သော ဒြပ်ဝတ္ထုပစ္စည်းများမှ မတော်တဆကြုံကြိုက်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာခဲ့သည်ဟု တင်ပြထားသောအတွေးအခေါ်ဖြစ်၏။ စကြာဝဠာတစ်ခုလုံးနှင့် ၎င်းအတွင်း၌ရှိရှိသမျှအရာခပ်သိမ်းကို ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားခြင်းဖြစ်ကြောင်းကို သက်သေထူခြင်းဖြင့် ထိုသီအိုရီ၏အခြေခံမှုရင်းကို ပယ်ဖျက်လိုက်လေပြီ။ စကြာဝဠာကို အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားတော်မူ၍၊ အသေးစိတ်အချက်များအထိ အမိန့်ချမှတ်ထိန်းသိမ်းထားတော်မူ၏။ ထို့ကြောင့်၊ အီဗိုလူးရှင်းသီအိုရီက အသက်ရှိခြင်းကို အလ္လာဟ်အရှင်မြတ်ကဖန်ဆင်းထားခြင်းမဟုတ်ဟု ငြင်းပယ်၍၊ သက်ရှိပစ္စည်းများသည် မတော်တဆသူ့အလိုလိုဖြစ်ပေါ်လာခဲ့သည်ဟူသော တင်ပြထားချက်သည် မှန်ကန်ခြင်း မရှိနိုင်ချေ။

အမှန်မှာ၊ အီဗိုလူးရှင်းသီအိုရီကို ကျွန်ုပ်တို့လေ့လာကြည့်သောအခါ၊ သိပ္ပံပညာသုတေသနတွေ့ရှိချက်များက ၎င်းသီအိုရီကိုပယ်ဖျက်ပြီးဖြစ်နေပေသည်။ သက်ရှိပစ္စည်းများတွင်ပါဝင်ဖွဲ့စည်းနေသည့် တည်ဆောက်မှုများသည်၊ သက်မဲ့ဒြပ်ဝတ္ထုပစ္စည်းကမ္ဘာတွင် ပါဝင်ဖွဲ့စည်းနေသောတည်ဆောက်မှုများထက် မြောက်မြားစွာပိုမို၍ ခက်ခဲရှုပ်ထွေးနေကြောင်းတွေ့ရှိရပေသည်။ ဥပမာ၊ သက်မဲ့ဝတ္ထုပစ္စည်းများအတွင်း အဏုမြူအတမ်များသည် မည်ကဲ့သို့အဏုစိတ် တည်ဆောက်ဖွဲ့စည်းစီစဉ်ထားသည်ကို လေ့လာနိုင်သကဲ့သို့၊ ထိုအတမ်များသည် သက်ရှိပစ္စည်းတွင်းရှိ ပရိုတင်း၊ အင်ဇိုင်းမ်နှင့်ဆဲလ်များတွင် မည်မျှလောက် သူမတူအောင်ခက်ခဲရှုပ်ထွေး၍ ဖွဲ့စည်းတည်ဆောက်နေသည်ကိုလည်း လေ့လာသိရှိနိုင်ပေသည်။

ထို့ကြောင့်၊ ယင်းသူမတူအောင်ခက်ခဲရှုပ်ထွေးနေသည့် ဖွဲ့စည်းတည်ဆောက်ပုံများက အီဗိုလူးရှင်းသီအိုရီသည် သိပ္ပံပညာအရ မမှန်ကန်တရားမဝင်ကြောင်း ၂၀ ရာစုနှစ်ကုန်ပိုင်းတွင် ပယ်ဖျက်လိုက်ပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်ရေးသားသော အခြားစာအုပ်များတွင် အသေးစိတ်ဖော်ပြထားပြီးဖြစ်သော်လည်း၊ အလွန်အရေးကြီးသည့်အကြောင်းရပ်ဖြစ်သဖြင့်၊ ဤနေရာတွင်လည်း အကျဉ်းချုပ်၍ ထပ်မံဖော်ပြသင့်သည်ဟု ယူဆပါသည်။

## ဒါဝင်၏သီအိုရီကို ပယ်ဖျက်လိုက်သည့် အခက်အခဲများ

အီဗိုလူးရှင်းသီအိုရီသည် ရှေးဂရိလူမျိုးများ၏ခေတ်အထိ ကြာညောင်းခဲ့သောအတွေးအခေါ်သွန်သင်ချက်ဖြစ်၍၊ ၁၉ ရာစုနှစ်အလယ်ပိုင်းလောက်တွင် တဟုန်ထိုးကျော်ကြားခဲ့ပေသည်။ အီဗိုလူးရှင်းသီအိုရီကို ကမ္ဘာ့သိပ္ပံပညာလောကသို့ ရောက်သွားစေသည့် အရေးကြီးဆုံးအချက်မှာ၊ ၁၈၅၉–ခုနှစ်တွင် ထုတ်ဝေသည့် ချားလ်စ်ဒါဝင်ရေးသားသော *The Origin of Species* ခေါ် *မျိုးစုများစတင်ဖြစ်ပေါ်ခြင်း* စာအုပ်ဖြစ်ပေသည်။ ဤစာအုပ်တွင် သက်ရှိသတ္တဝါအမျိုးမျိုးတို့ကို အလ္လာဟ်အရှင်မြတ်က တစ်မျိုးစီသီးခြားဖန်ဆင်းထားတော်မူကြောင်းကို ဒါဝင်က ဆန့်ကျင်ထားပေသည်။ ဒါဝင်၏အဆိုအရ၊ သက်ရှိသတ္တဝါအားလုံးတို့သည်၊ ဘိုးဘေးတစ်မျိုးတည်းမှ ဆင်းသက်လာကြ၍၊ အချိန်ကာလကြာမြင့်လာခဲ့သည်နှင့်အမျှ တစ်မျိုးစီသည် တစ်စတစ်စအနည်းငယ်စီပြောင်းလဲလာခဲ့ခြင်းဖြင့် ကွဲပြားသောသတ္တဝါများဖြစ်ပေါ်လာသည်ဟု ဆို၏။ ဒါဝင်၏သီအိုရီသည်၊ ဒါဝင်ကိုယ်တိုင်ဝန်ခံထားသည့်အတိုင်း၊ ခိုင်လုံသောသိပ္ပံပညာတွေ့ရှိချက်တွင် အခြေခံခြင်းမဟုတ်ဘဲ "ဆင်ခြင်တွေးခေါ်မှု အစဉ်အဆက်"တစ်ခုသာလျှင်ဖြစ်ပေသည်။ ဒါဝင်ကိုယ်တိုင်က သူ၏စာအုပ်တွင် **"သီအိုရီ၏ အခက်အခဲများ"**ဟူ

သောခေါင်းစဉ်အောက်တွင်၊ သူ၏သီအိုရီတွင် အရေးကြီးသည့်မေးခွန်းပြဿနာများ၏အဖြေ မရှိသေးကြောင်း ရှည်လျားစွာရေးသားဝန်ခံထားပေသည်။

ဒါဝင်က သူ၏သီအိုရီမှန်ကန်ရေးအတွက် ရင်ဆိုင်နေရသောအခက်အခဲများကို သိပ္ပံပညာ ပိုမိုတိုးတက်လာသောအချိန်တွင် အသစ်အသစ်သောတွေ့ရှိချက်များက ထပ်မံအင်အားဖြည့်စွက်ပေးနိုင်လိမ့်မည်ဟု ဆိုထား၏။ သို့သော်လည်း၊ ဒါဝင်၏မျှော်လင့်ချက်နှင့်ဆန့်ကျင်၍၊ သိပ္ပံပညာတိုးတက်မှုတိုင်းက အီဗိုလူးရှင်းသီအိုရီ၏အခြေခံတင်ပြချက်တစ်ခုစီသည် အခြေအမြစ်မရှိကြောင်းကိုသာ ဖော်ထုတ်လျက်ရှိပေသည်။

ဒါဝင်ဝါဒ (အီဗိုလူးရှင်းသီအိုရီ)၏ သိပ္ပံပညာလောကတွင် ရှုံးနိမ့်သွားခြင်းကို ခေါင်းစဉ် သုံးခုခွဲ၍ လေ့လာနိုင်ပေသည်။

၁။ ဤသီအိုရီသည်၊ ကမ္ဘာပေါ်တွင် အသက် သို့မဟုတ် သက်ရှိပစ္စည်း ပထမဆုံး မည်သို့ပေါ်ပေါက်လာခဲ့သည်ကို မရှင်းပြနိုင်ချေ။

၂။ ဤသီအိုရီကတင်ပြသော "အီဗိုလူးရှင်းယန္တရားများ"သည်၊ အီဗိုလူးရှင်းဖြစ်စဉ်၌ မည်သို့သောသက်ရောက်မှုမျှ မရှိချေ။

၃။ ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းများသည် ဤသီအိုရီ၏မျှော်လင့်ချက်များနှင့် လုံးဝဆန့်ကျင်လျက် ရှိနေပေသည်။

ဤအခန်းတွင် ဤခေါင်းစဉ်သုံးခုဖြင့် အရေးကြီးသည့်အချက်များကို အကျဉ်းချုပ်၍ ဆန်းစစ်ပါမည်။

## ကျော်လွှား၍မရနိုင်သော ပထမဆုံးအတားအဆီး – အသက်၏အစမူလဘူတ

အီဗိုလူးရှင်းသီအိုရီက၊ သက်ရှိသတ္တဝါတို့သည် လွန်ခဲ့သည့် နှစ်သန်းပေါင်းသုံးသောင်းရှစ်ထောင်ကျော်ခဲ့သောအချိန်ကာလ၌၊ ဖြစ်ပေါ်ခဲ့သော သက်ရှိဆဲလ်တစ်ခုမှ ဆင်းသက်လာခဲ့သည်ဟု တင်ပြထားပေသည်။ ထိုတစ်ခုတည်းသောသက်ရှိဆဲလ်သည် မည်ကဲ့သို့အမျိုးပေါင်းသန်းနှင့်ချီသည့်သက်ရှိသတ္တဝါများ မည်သို့ဖြစ်ပေါ်လာခဲ့သည်၊ အကယ်၍ ထိုသို့ဖြစ်ခဲ့ပါက အဘယ့်ကြောင့် ကျောက်ဖြစ်ရုပ်ကြွင်းများ၌ ယင်းတို့တစ်ဆင့်စီဖြစ်လာခဲ့သည့်သဲလွန်စများကို မတွေ့ရှိရသည် စသည့်အကြောင်းများကို အီဗိုလူးရှင်းသီအိုရီက ရှင်းပြနိုင်ခြင်းမရှိချေ။ ထိုကိစ္စအားလုံးကို မဆွေးနွေးမီ အဆိုပါအီဗိုလူးရှင်းဖြစ်စဉ်၏ ပထမဆုံးအဆင့်ကို ဆန်းစစ်ကြည့်ကြပါစို့။ အဆိုပါ "ပထမဦးဆုံးသက်ရှိဆဲလ်"သည် မည်သို့ဖြစ်ပေါ်လာခဲ့ပါသနည်း။

အီဗိုလူးရှင်းသီအိုရီက၊ ဖန်ဆင်းခြင်းကိုငြင်းပယ်ထား၍၊ မည်သည့်သဘာဝလွန်အင်အား၏ ဝင်ရောက်စွက်ဖက်ခြင်းကိုမျှ လက်မခံသောကြောင့်၊ ထို "ပထမဦးဆုံးဆဲလ်"သည်၊ ကြိုတင်စီမံထားသောပုံစံနှင့်စီမံကိန်းမရှိဘဲ သဘာဝနိယာမတရားအရ မတော်တဆကြုံကြိုက်၍ ဖြစ်ပေါ်လာခဲ့သည်ဟု ဆို၏။ တစ်နည်းအားဖြင့်၊ သက်မဲ့ဒြပ်ပစ္စည်းများက ထိုသက်ရှိ ဆဲလ်ကို ကြုံကြိုက်တိုက်ဆိုင်မှုအရ ဖြစ်ပေါ်စေသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ ဤအဆိုမှာ လက်ရှိ သိရှိထားပြီးဖြစ်သော ဇီဝဗေဒနိယာမများအားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။

## "အသက်သည် အသက်မှသာဆင်းသက်လာ၏"

ဒါဝင်က သူ၏စာအုပ်တွင် အသက်၏မူလဘူတအကြောင်းကို ရေးသားဖော်ပြထားခြင်း မရှိချေ။ သူ၏ခေတ်တွင် ရှိခဲ့သော ရှေးကျနေသေးသည့်သိပ္ပံပညာအရ ဒါဝင်ကလည်း အသက်

ရှိခြင်းသည် အလွန်ရှင်းလင်းရိုးစင်းသောကိစ္စအဖြစ် သဘောပေါက်ခဲ့ပေသည်။ အလယ်ခေတ်များမှစ၍ ယုံကြည်ခဲ့ကြသော "အလိုအလျောက်ဖြစ်ပေါ်ခြင်း" သီအိုရီအရ၊ သက်မဲ့ပစ္စည်းများ စုပေါင်းခြင်းဖြင့် သက်ရှိပစ္စည်းများမတော်တဆအလိုအလျောက်ဖြစ်ပေါ်လာနိုင်သည်ဟု ယုံကြည်ကြပေသည်။ ထိုခေတ်တွင် အစားအစာအကြွင်းအကျန်များမှ ပိုးမွှားများအလိုလိုဖြစ်ပေါ်လာ၍၊ ကြွက်များသည်လည်း ဆန်စပါးဂျုံများမှ ဖြစ်ပေါ်ပေါက်ဖွားလာသည်ဟု လူတိုင်းကယုံကြည်ကြလေသည်။ ထိုယုံကြည်ချက်ကို သက်သေထူရန် စိတ်ဝင်စားဖွယ်ကောင်းသော စမ်းသပ်ချက်များလည်း လုပ်ကြ၏။ ဂျုံစေ့အနည်းငယ်ကို အဝတ်စများတွင်ဖြန့်ကျဲထားခြင်းဖြင့် မကြာမီအတွင်း ၎င်းတို့ပေါင်းစပ်ခြင်းဖြင့် ကြွက်ကလေးများပေါ်ပေါက်လာသည်ဟု ထင်ကြသည်။

အသားစများမှ လောက်ကောင်များဖြစ်ပေါ်လာသည်ကိုကြည့်၍၊ အသက်ဟူသည် သက်မဲ့ပစ္စည်းများမှ အလိုလိုပေါ်ပေါက်လာသည်ဟူသော ယုံကြည်ချက်ကိုထောက်ခံသော သက်သေသာဓကဖြစ်သည်ဟု ယူဆကြပေသည်။ နောင်သောအခါတွင်၊ ထိုလောက်ကောင်များသည် အသားစများ၏မျက်နှာပြင်မှ အလိုလိုဖြစ်ပေါ်လာခြင်းမဟုတ်ကြောင်း၊ ကျွန်ုပ်တို့၏မျက်စိဖြင့် မမြင်နိုင်သော ယင်ကောင်များဥချထားခဲ့သောဥများမှ လောက်ကောင်များပေါက်ဖွားလာခြင်းဖြစ်ကြောင်း သိရှိလာကြလေသည်။

ဒါဝင်က *မျိုးစုများစတင်ဖြစ်ပေါ်လာခြင်း* စာအုပ်ကို ရေးသားသည့်အချိန်တွင်၊ ဘက်တီးရီးယားပိုးများသည် အဇီဝဝတ္ထုပစ္စည်းများမှ ဖြစ်ပေါ်လာနိုင်သည်ဟု သိပ္ပံလောကတစ်ခုလုံးက လက်ခံယုံကြည်ကြပေသည်။

ဒါဝင်၏စာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီးနောက် ငါးနှစ်အကြာတွင် နာမည်ကျော်ကြားသည့် ဇီဝဗေဒပါရဂူ လူးဝိစ် ပါစချာက အီဗိုလူးရှင်းသီအိုရီ၏ အဓိကအခြေခံဖြစ်သော ၎င်းယုံကြည်ချက်ကို အပြီးပိုင်ဖျက်ဆီးလိုက်လေသည်။ သူ၏နှစ်ပေါင်းများစွာ သုတေသနပြုခဲ့ခြင်းမှအဖြေကို နောက်ဆုံးစုပေါင်းလိုက်ခြင်းဖြင့် "သက်မဲ့ပစ္စည်းများမှ အသက်ဖြစ်ပေါ်လာနိုင်သည်ဟူသောအဆိုပြုချက်ကို သမိုင်းတွင်အပြီးအပိုင် မြှုပ်နှံပစ်လိုက်လေပြီ။" ဟု ကြေငြာခဲ့လေသည်။[၁၂၇]

အီဗိုလူးရှင်းသီအိုရီကို ကာကွယ်သူတို့က ပါစချာ၏တွေ့ရှိချက်များကို နှစ်ပေါင်းအတန်ကြာအထိ ဆန့်ကျင်ခဲ့ကြသည်။ သို့သော်လည်း၊ သိပ္ပံပညာဆက်လက်တိုးတက်မှုများက သက်ရှိဆဲလ်၏ နက်နဲရှုပ်ထွေးသော တည်ဆောက်မှုများကိုဖော်ထုတ်သဖြင့် အသက်ဟူသည် သူ့အလိုလို ဖြစ်ပေါ်လာနိုင်ခြင်းအဆိုသည် မဖြစ်နိုင်ကြောင်းပိုမို ထင်ရှားလာပေသည်။

## ၂၀ ရာစုနှစ်အတွင်းမှ အကျိုးမရှိသောကြိုးပမ်းမှုများ

၂၀ ရာစုနှစ်အတွင်း အီဗိုလူးရှင်းသီအိုရီမှ အသက်ရှင်ခြင်း၏မူလဘူတအကြောင်းကို ဦးဆုံးကိုင်တွယ်သူသည် ရုရှားလူမျိုးနာမည်ကျော်ဇီဝဗေဒပါရဂူ အလက်ဇန္ဒား အိုပါရင် ဖြစ်ပေသည်။ ၁၉၃၀–ခုနှစ်များတွင် သက်ရှိဆဲလ်သည် အလိုအလျောက်ဖြစ်ပေါ်လာကြောင်း သက်သေထူနိုင်ရန် အိုပါရင်က ကြိုးပမ်းခဲ့ပေသည်။ ထိုကြိုးပမ်းမှုများသည် အလဟဿဖြစ်ခဲ့သဖြင့် အိုပါရင်သည်လည်း နောက်ဆုံးတွင် အောက်ပါအတိုင်း ဝန်ခံရလေသည်။ **"သက်ရှိဆဲလ်၏ အစမူလဘူတအကြောင်းသည်၊ ရှာဖွေဖော်ထုတ်၍မရသေးသောအချက်အဖြစ် ကျန်နေသေးသည်မှာ ကံဆိုးသည်ဟု ဆိုရပေမည်။ အမှန်မှာ ယင်းအချက်သည် အီဗိုလူးရှင်းသီအိုရီအတွက် မှောင်မိုက်ဆုံး အချက်ပင်ဖြစ်ပေသည်။"**[၁၂၈]

ပါမောက္ခအိုပါရင်၏ခြေရာနောက်ကိုလိုက်၍ အသက်ရှိခြင်း၏ မူလဘူတအကြောင်းကို ဖြေရှင်းနိုင်ရန် အီဗိုလူးရှင်းဝါဒီများက ဆက်လက်၍ ကြိုးပမ်းကြလေသည်။ လူသိအများဆုံး အမေရိကန်လူမျိုး ဓါတုဗေဒပါရဂူဖြစ်သူ စတင်လေမီလ္လာက ဓါတ်ငွေ့များကို စုပေါင်းခြင်းဖြင့် ဓါတ်ခွဲခန်းလက်တွေ့စမ်းသပ်ချက်ပြုလုပ်ခဲ့သည်။ စတင်လေမီလ္လာ၏အဆိုအရ ကမ္ဘာ

ဦးလေထုအခြေအနေတွင်ရှိနိုင်သည့် သူရောစပ်ထားသောဓါတ်ငွေ့များကို စွမ်းအားပေးခြင်းဖြင့် ပရိုတင်းထုတ်လုပ်နိုင်သည့် ဇီဝအခြေခံဖြစ်သောဓါတ်ပေါင်းမော်လီကြူများ(အမိုင်နိုအက်ဆစ်များ)အချို့ကို ထုတ်လုပ်နိုင်သည်ဟု အဆိုပြုတင်ပြလေသည်။

ထိုစမ်းသပ်ချက်ကို ထိုခေတ်ကာလတွင် အီဗိုလူးရှင်းသီအိုရီ၏ အရေးကြီးသောအဆင့်တစ်ခုအဖြစ် သြဘာပေးခဲ့ကြပေသည်။ ထိုသို့ကြွေကြော်ပြီးနောက်ပိုင်း မကြာမီအတွင်း၊ သိပ္ပံပညာရှင်အမြောက်အမြားတို့က မီလ္လာတင်ပြသောဓါတ်ရောအခြေအနေသည် ကမ္ဘာဦးလေထုတွင် အမှန်တကယ်ရှိခဲ့သောအခြေအနေနှင့် မကိုက်ညီကြောင်း ထောက်ပြခြင်းဖြင့် ယင်းတင်ပြချက်ကို ပယ်ဖျက်လိုက်ကြလေသည်။[၁၃၉]

နှစ်ပေါင်းအတန်ကြာသည်အထိ မီလ္လာက တိတ်တဆိတ်နေခဲ့ရာမှ နောက်ဆုံးတွင် သူ၏ဓါတ်ခွဲခန်းစမ်းသပ်ချက်တွင်အသုံးပြုခဲ့သော ဓါတ်ငွေ့ဓါတ်ရောသည် ကမ္ဘာဦးလေထုတွင် အမှန်တကယ်ရှိနိုင်ခဲ့သော လေထုနှင့် မကိုက်ညီနိုင်သဖြင့်၊ သူ၏စမ်းသပ်ချက်သည်လည်း မှန်ကန်ခြင်းမရှိကြောင်း ဝန်ခံရပေသည်။[၁၄၀]

အီဗိုလူးရှင်းဝါဒီတို့က ၂၀ ရာစုနှစ်အတွင်း အီဗိုလူးရှင်းသီအိုရီနှင့် ကိုက်ညီသော အသက်၏မူလဘူတနှင့်ပတ်သက်သည့် ကြိုးပမ်းချက်များအားလုံးမှာလည်း အရှုံးနှင့်သာ နိဂုံးချုပ်ကုန်ကြလေသည်။ ဆန်းဒီယာဂိုရှိ စကရိဘ်တက္ကသိုလ်မှ ဘူမိဓါတုဗေဒပါရဂူ ဂျက်ဖရီဘာဒါသည်လည်း၊ ယင်းအမှန်တရားကို လက်ခံကြောင်း၊ ၁၉၉၈–ခုနှစ်တွင်ထုတ်ဝေသော *Earth* မဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ်၌ အောက်ပါအတိုင်းရေးသားခဲ့ပေသည်။

> ယနေ့ ကျွန်ုပ်တို့သည် ၂၀ ရာစုနှစ်ကို ကျော်လွန်နေပါပြီ။ ၂၀ ရာစုနှစ်အဝင်စတွင် ကြုံခဲ့သော အကြီးကျယ်ဆုံးပြဿနာကို ယနေ့လည်း ဖြေရှင်း၍မရကြသေးပါ။ ယင်းပြဿနာမှာ – **ကမ္ဘာမြေကြီးမည်ကဲ့သို့စတင်ခဲ့သနည်း** ဟူသောမေးခွန်းပင်ဖြစ်ပေသည်။[၁၄၁]

## အသက်ရှင်ခြင်း၏ နက်နဲရှုပ်ထွေးသောတည်ဆောက်မှု

အသက်၏မူလဘူတနှင့်ပတ်သက်၍ အီဗိုလူးရှင်းသီအိုရီအခက်အခဲကြုံ ချောင်ပိတ်မိနေရသည့်အဓိကအချက်မှာ၊ အလွယ်ဆုံးအရိုးဆုံးတည်ဆောက်မှုရှိသည်ဟု ထင်ရသောသက်ရှိအရာပင်လျှင် အလွန်တရာနက်နဲရှုပ်ထွေးသည့် တည်ဆောက်မှုများရှိနေသောကြောင့်ဖြစ်ပေသည်။ သက်ရှိဆဲလ်တစ်ခုသည် လူသားတို့၏ တက်နိုလိုဂျီအတတ်ပညာများမှ ထုတ်လုပ်သောစက်ကိရိယာများထက် ပိုမို၍ခက်ခဲနက်နဲပေသည်။ ကမ္ဘာပေါ်ရှိအတိုးတက်ဆုံးခေတ်အမှီဆုံး ဓါတ်ခွဲခန်းတွင် အဇီဝပစ္စည်းများကိုယူဆောင်လာ၍ သက်ရှိဆဲလ်တစ်ခုကို ထုတ်လုပ်ကြမည်ဆိုလျှင်ပင် မဖြစ်နိုင်ချေ။

သက်ရှိဆဲလ်တစ်ခု ဖြစ်ပေါ်လာနိုင်မည့်လိုအပ်သည့်အခြေအနေသည်၊ သူ့အလိုလိုကြုံကြိုက်၍ဖြစ်ပေါ်လာနိုင်သည်ဟု ရှင်းပြနိုင်ခြင်းထက် ပိုမိုနက်နဲနေပေသည်။ ပျမ်းမျှအားဖြင့် အမိုင်နိုအက်စစ် ၅၀၀ ပါရှိသည့် ပရိုတင်းတစ်ခု သူ့အလိုလိုဖြစ်ပေါ်လာနိုင်ရန်အခွင့်အလမ်းသည် အပုံပေါင်း $၁၀^{၉၅၀}$ ပုံ၏ ၁ ပုံသာရှိပေသည်။ သင်္ချာဘာသာအရ အခွင့်အလမ်းပေါင်း $၁၀^{၅၀}$ ပုံ၏ ၁ ပုံသာရှိခြင်းကို သုညအခွင့်အလမ်း သို့မဟုတ် မဖြစ်နိုင်ဟု သတ်မှတ်ကြပေသည်။

သက်ရှိဆဲလ်၏ နျူးကလိယက်တွင်ပါရှိသည့် မျိုးဗီဇဆိုင်ရာအချက်အလက်များပါရှိသော ဒီအင်အေ(DNA)မော်လီကြူသည်၊ မယုံကြည်လောက်သော အချက်အလက်စုဆောင်းရာဘဏ်တိုက်ကြီးဖြစ်ပေသည်။ အကယ်၍ လူသား၏ဒီအင်အေမျိုးဗီဇလျှို့ဝှက် အချက်အလက်များကို စာရွက်ပေါ်တွင်ရေးချပါက စာမျက်နှာပေါင်း ၅၀၀ ပါသည့် စာအုပ်စောင်ရေပေါင်း ၉၀၀ ရှိသည့်စာကြည့်တိုက်တစ်ခု ရရှိမည်ဖြစ်ပေသည်။

နောက်ထပ်စိတ်ဝင်စားဖွယ်အချက်တစ်ချက်ကို ထပ်မံဖြည့်စွက်ရပါမည်။ ဒီအင်အေသည်၊ အထူးစီမံထားသော ပရိုတင်း(အင်ဇိုင်းမ်)များ၏အကူအညီဖြင့်သာလျှင် ပုံတူကူး ပွားများနိုင်ပေသည်။ သို့သော်လည်း ထိုအင်ဇိုင်းမ်များကို ထုတ်လုပ်နိုင်မည့် အချက်အလက်များသည်လည်း၊ ဒီအင်အေတွင် ပါရှိနေပေသည်။ ထိုအရာနှစ်ခုစလုံးသည် အချင်းချင်းမှီခိုနေရသဖြင့် သူတို့နှစ်မျိုးစလုံးသည် တပြိုင်တည်း ပေါ်ပေါက်ရမည်ဖြစ်ပေသည်။ ဤအချက်ကပင် အသက်ဟူသည် သူ့အလိုလိုဖြစ်ပေါ်လာနိုင်သည် ဟူသောဇာတ်လမ်းအတွက် လမ်းပိတ်သွားလေသည်။ ဤအမှန်တရားနှင့်ပတ်သက်၍ စန်းဒီယာဂိုတက္ကသိုလ်မှ အီဗိုလူးရှင်းဝါဒီ ပါမောက္ခလက်စလေ အိုဂျဲလ်က ၁၉၉၄–ခုနှစ် အောက်တိုဘာလထုတ် *Scientific American (အမေရိကန် သိပ္ပံပညာ)* မဂ္ဂဇင်းတွင် အောက်ပါအတိုင်း ဝန်ခံထားပေသည်။

> တည်ဆောက်မှုနက်နဲရှုပ်ထွေးလွန်းသော ပရိုတင်းနှင့်နျူးကလီယက်အက်စစ်နှစ်မျိုးစလုံးသည်၊ တနေရာတည်း တစ်ချိန်တည်းတွင် ဖြစ်ပေါ်နိုင်မည့်အချက်သည် အလွန်တရာမသင့်တော်သော အချက်ဖြစ်ပေသည်။ တစ်ချိန်တည်းတွင်လည်း ထိုအရာနှစ်ခုတို့သည် တစ်ခုမရှိလျှင် နောက်တစ်ခုလည်းမရှိနိုင်ချေ။ ထို့ကြောင့်၊ ပထမဆုံးအချက်အနေနှင့်၊ အသက်ဟူသည် ဓါတုဗေဒနည်းအရ ပေါ်ပေါက်လာနိုင်ခြင်းမရှိဟု နိဂုံးချုပ်ရမည်သာ ဖြစ်ပေသည်။[၁၄၂]

အသက်ဟူသည် သဘာဝအလျောက် သူ့အလိုလိုပေါ်ပေါက်လာနိုင်ခြင်းမရှိပါက၊ အသက်ဟူသည် သဘာဝလွန်အဖြစ်ဖြင့် "ဖန်ဆင်းထားခြင်း"ဖြစ်ကြောင်းကို လက်ခံရမည်သာဖြစ်ပေသည်။ ဤအမှန်တရားက၊ အီဗိုလူးရှင်းသီအိုရီ၏အခြေခံရည်ရွယ်ချက်သည် ဖန်ဆင်းခြင်းကိုငြင်းပယ်ရန်သာဖြစ်ကြောင်းပြဆို၍၊ အီဗိုလူးရှင်းသီအိုရီ တရားမဝင်ကြောင်း ပယ်ဖျက်လိုက်ပေသည်။

## အီဗိုလူးရှင်း၏စိတ်ကူးယဉ်ယန္တရားများ

ဒါဝင်၏သီအိုရီသည် တရားမဝင်ကြောင်းဖော်ပြပယ်ဖျက်လိုက်သည့် ဒုတိယအချက်မှာ၊ ယင်းသီအိုရီ၏ "အီဗိုလူးရှင်း၏ယန္တရားများ"ဟု ခေါ်သောခံယူချက်နှစ်ခုတို့သည်၊ အမှန်စင်စစ်အားဖြင့် အီဗိုလူးရှင်း(တစ်စတစ်စအလိုအလျောက်ဆင့်ကဲပြောင်းလဲခြင်း)အင်အား မရှိခြင်းပင် ဖြစ်ပေသည်။

ဒါဝင်က သူ၏အီဗိုလူးရှင်းသီအိုရီကို တင်ပြရာတွင် "သဘာဝအလျောက်ရွေးချယ်ခြင်း"၌သာလျှင် ဆက်စပ်ထားပေသည်။ ထိုရွေးချယ်မှုယန္တရားသည် မည်မျှအရေးကြီးသည်ကို သူ၏စာအုပ်မှ *The Origin of Species, By Means of Natural Selection...*ဟူသောခေါင်းစဉ်တွင် တွေ့ရှိနိုင်ပေသည်။

အသက်ရှင်ရေးအတွက် ရုန်းကန်ကြရာတွင် အင်အားကြီးသူသည် သဘာဝအခြေအနေများကို လိုက်ဖက်သင့်လျော်အောင်နေနိုင်သူသည်သာလျှင် ဆက်လက်၍အသက်ရှင်နိုင်သည်ဟုဆို၏။ ဥပမာ၊ သမင်ဒရယ်အုပ်တစ်ခုကို သားရဲတိရစ္ဆာန်များက လိုက်လံဖမ်းစားသဖြင့် ထွက်ပြေးကြရ၏။ အပြေးသန်သောအကောင်သာလျှင် အသက်ချမ်းသာရာရ၍ ဆက်လက်အသက်ရှင်နိုင်ပေသည်။ ထို့ကြောင့် ထိုသမင်ဒရယ်အုပ်တွင် အပြေးအသန်ဆုံးအကောင်များသာ ကျန်ရစ်၍ ဆက်လက်အသက်ရှင်ကြပေမည်။ သို့သော်လည်း ထိုသမင်ဒရယ်ကောင်များသည် မည်သို့မျှ တစ်စတစ်စပြောင်းလဲလာခြင်းမရှိနိုင်ချေ။ အခြားတိရစ္ဆာန်အမျိုး၊ ဥပမာ မြင်းအဖြစ်၊ ပြောင်းလဲသွားခြင်းမရှိနိုင်ချေ။

ထို့ကြောင့်၊ သဘာဝအလျောက်ရွေးချယ်မှုဟုခေါ်သော ယန္တရားသည် အီဗိုလူးရှင်းပြောင်းလဲမှုအင်အားမရှိချေ။ ဒါဝင်ကိုယ်တိုင်က ဤအချက်ကို သိထားပြီးဖြစ်သဖြင့်၊ သူ၏ *မျိုးစုများစတင်ဖြစ်ပေါ်ခြင်း* ဟူသောစာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားပေသည်။

သဘာဝအလျောက်ရွေးချယ်မှုသည်၊ သင့်တော်သော ကွဲပြားမှုအခွင့်အလမ်းဖြစ်ပေါ်လာခြင်းမရှိမချင်း မည်သို့မျှ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိချေ။[၁၄၃]

## လာမက်၏ဩဇာသြောင်းခြင်း

ထို "သင့်တော်သည့် ကွဲပြားမှု" မည်သို့ဖြစ်ပေါ်လာပါသနည်း။ ဤမေးခွန်းနှင့်ပတ်သက်၍၊ ဒါဝင်သည် သူ၏ခေတ်ရှိ ရေးကျနေသေးသောသိပ္ပံပညာအမြင်ဖြင့် လာမက်၏အဆိုတွင် ကြိုးစားအခြေခံခဲ့လေသည်။ ဒါဝင်၏အလျင် ပေါ်ပေါက်ခဲ့သောပြင်သစ်လူမျိုး ဇီဝဗေဒပညာရှင် လာမက်က၊ သက်ရှိသတ္တဝါများသည် သူတို့အသက်ရှင်နေစဉ်အတွင်း ရရှိထားသောရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများကို နောင်လာနောက်သားမျိုးဆက်များသို့ လက်ဆင့်ကမ်းဆက်ခံမှုဖြစ်စေ၍၊ နောက်မျိုးဆက်များတွင် အသစ်အသစ်သော မျိုးစုများထပ်မံပေါ်ပေါက်လာပေသည်ဟုဆိုသည်။ ဥပမာ၊ လာမက်၏အမြင်တွင်၊ သမင်များသည် မြင့်မားသောအပင်များမှ အရွက်များကိုစားသောက်ရန်ကြိုးစားကြခြင်းကြောင့်၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လည်ပင်းရှည်သထက်ရှည်လာပြီး သစ်ကုလားအုပ်အဖြစ် ပြောင်းလဲလာခဲ့သည်။

ဒါဝင်ကလည်း၊ ထိုပုံစံအတိုင်း *မျိုးစုများစတင်ပေါ်ပေါက်လာခြင်း* စာအုပ်တွင်၊ ဝက်ဝံအချို့သည် ရေထဲသို့ဆင်း၍ အစာရှာရင်း အချိန်ကြာမြင့်လာသည်နှင့်အမျှ နောက်ဆုံးတွင် ဝေလငါးကြီးအဖြစ်သို့ ပြောင်းလဲသွားသည်ဟု ဥပမာပေး ရေးသားထားပေသည်။[၁၄၄]

သို့သော်လည်း၊ ၂၀ ရာစုနှစ်တွင် မင်းဒဲလ်ဖေါ်ထုတ်ထားသည့် မျိုးဗီဇဗေဒပညာတိုးတက်လာသည်နှင့်အတူ ကျင့်ယူရယူသောဉာဉ်လက္ခဏာများသည် နောင်မျိုးဆက်များသို့မျိုးဗီဇအားဖြင့် ကူးစက်သွားခြင်းမရှိ ဟူသောတွေ့ရှိချက်ဖြင့် ယင်းစိတ်ကူးယဉ် အဆိုကို ပယ်ဖျက်ပစ်လေသည်။ ဤသို့ဖြင့်၊ သဘာဝအလျောက်ရွေးချယ်မှုယန္တရားသည်လည်း တစ်ကြိမ်တည်းဖြင့် ဇာတ်သိမ်းခန်းသို့ရောက်သွားလေတော့သည်။

## ဒါဝင်ဝါဒသစ်နှင့် မြူတေးရှင်း(သန္ဓေပြောင်းလဲမှု)များ

ဤသို့အကျပ်ရိုက်နေသည့်အခြေအနေကို ဖြေရှင်းရန်အတွက်၊ ဒါဝင်ဝါဒီတို့သည် ၁၉၃၀–ခုနှစ်ကုန်ပိုင်းတွင် "ခေတ်သစ်အတုလုပ်သီအိုရီ" သို့မဟုတ် "ခေတ်သစ် သမ္ဘာရနည်းသီအိုရီ" သို့မဟုတ် အများအခေါ် နီအိုဒါဝင်ဝါဒကို တီထွင်ကြပြန်သည်။ သဘာဝအလျောက်ရွေးချယ်မှုအပြင်၊ နီအိုဒါဝင်ဝါဒတွင် "သင့်လျော်သည့်ကွဲပြားမှုအခြေအနေ" ခေါ် သန္ဓေပြောင်းလဲမှုကိုထပ်၍ ဖြည့်စွက်ကြသည်။ မြူတေးရှင်းခေါ်သန္ဓေပြောင်းလဲမှုဆိုသည်မှာ သတ္တဝါများ၏ မျိုးဗီဇ၌ ရောင်ခြည်လွှတ်ခြင်းစသည့် ပြင်ပဩဇာတစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ မျိုးဗီဇပွားများခြင်း၌ မှားယွင်းခြင်းကြောင့်ဖြစ်စေ၊ ကွဲပြားခြင်းများဖြစ်လာသဖြင့် မိခင်နှင့်မတူသောသတ္တဝါအသစ်တစ်မျိုး မွေးဖွားပေါ်ပေါက်လာနိုင်သည်ဟု ဆိုလိုသည်။

ယနေ့အချိန်အထိ အီဗိုလူးရှင်းသီအိုရီကို တရားဝင်အောင် နီအိုဒါဝင်ဝါဒအမည်ဖြင့် ကာကွယ်နေကြသေးသည်။ ဤသီအိုရီအရ အချိန်ကာလနှစ်ပေါင်းများစွာအတွင်း မျိုးဗီဇအတွင်း သန္ဓေပြောင်းလဲမှုဖြစ်ပေါ်လာသဖြင့်၊ နား၊ မျက်စိ၊ အဆုပ်၊ တောင်ပံ စသည်တို့ ပြောင်းလဲခြင်းကြောင့် ကမ္ဘာပေါ်တွင် သတ္တဝါအမျိုးပေါင်းသန်းနှင့်ချီ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုဆိုကြသည်။ သို့သော်လည်း ယင်းသီအိုရီကို သိပ္ပံပညာအချက်အလက်များကပင် လက်နက်ချအရှုံးပေးခိုင်းလိုက်၏။ **မြူတေးရှင်းသန္ဓေပြောင်းလဲမှုသည် သက်ရှိသတ္တဝါပေါ်ပေါက်စေခြင်းမရှိသည့်အပြင်၊ အစဉ်အမြဲ ပျက်စီးခြင်းကိုသာ ပေးဆောင်ပေသည်။**

အကြောင်းရင်းမှာ အလွန်ရှင်းနေသည်။ ဒီအင်အေသည် အင်မတန်နက်နဲရှုပ်ထွေးသောတည်ဆောက်မှုရှိ၏။ ဤမော်လီကြူအတွင်း အနည်းငယ်မျှပြောင်းလဲခြင်းသည် ပျက်စီးခြင်း

သာ ပေးဆောင်ပေသည်။ အမေရိကန်လူမျိုး မျိုးဗီဇပေါရဂူဖြစ်သူ ဘီဂျီ ရန်ဂါနာသန်က အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> မြုတေးရှင်းသည် သေးငယ်၍ကြိုးကြားသာဖြစ်ပေါ်သော်လည်း ပျက်စီးခြင်းကိုသာ ပေးဆောင်၏။ ဖြစ်လေ့ဖြစ်ထ နည်းပါးသော်လည်း ဖြစ်ပေါ်တိုင်း ကောင်းကျိုးမပေးချေ။ ယင်းလက္ခဏာများအရ မြုတေးရှင်းသည် အီဗိုလူးရှင်း(တစ်စတစ်စအလိုအလျောက်ပြောင်းလဲတိုးတက်ခြင်း)ဖွံ့ဖြိုးမှုသို့ ဦးတည်ပေးခြင်းမရှိနိုင်ချေ။ ထူးကဲမှုရှိသည့် ဇီဝဖွဲ့စည်းမှုတွင် ကြိုးကြားပြောင်းလဲမှုသည် အရာမရောက်လျှင်လည်းရှိမည်၊ သို့မဟုတ် အန္တရာယ်လျှင်လည်းပေးလိမ့်မည်။ လက်ပတ်နာရီတစ်လုံးအတွင်း မမျှော်လင့်သော ကြိုးကြားပြောင်းလဲမှုသည် ထိုလက်ပတ်နာရီကို ပိုမိုကောင်းမွန်စေခြင်းမရှိချေ။ ပျက်စီးစေခြင်းသာဖြစ်လိမ့်မည်။ မြေငလျင်လှုပ်ခြင်းသည် မြို့တစ်မြို့ကို ပိုမိုကောင်းမွန်လှပအောင် ဆောင်ကြဉ်းပေးခြင်းမရှိချေ။ ပျက်စီးယိုယွင်းခြင်းသာလျှင် ဖြစ်ပေါ်စေ၏။[၁၄၅]

အမှန်စင်စစ်၊ မျိုးဗီဇသိပ္ပံပညာတွင်၊ အသုံးဝင်အကျိုးရှိသော မြုတေးရှင်းဖြစ်ရပ်ကို မတွေ့ဘူး မကြုံဘူးသေးချေ။ တွေ့ရှိသမျှ မြုတေးရှင်းအားလုံးသည် အန္တရာယ်ပေးခြင်းကိုသာ တွေ့နေရပေသည်။ အီဗိုလူးရှင်းသီအိုရီက "အီဗိုလူးရှင်းယန္တရား"အဖြစ် တင်ပြသော မြုတေးရှင်းသည်၊ အမှန်စင်စစ် မစွမ်းမသန်ဒုက္ခိတသတ္တဝါများကိုသာ မွေးဖွားပေါ်ပေါက်စေ၏။ (လူသားတွင် အများဆုံးတွေ့ရှိရသော မြုတေးရှင်းသန္ဓေပြောင်းလဲမှုသည် ကင်ဆာရောဂါဖြစ်ပေသည်။) ထို့ကြောင့် ပျက်စီးယိုယွင်းခြင်းကိုသာ ပေးဆောင်သောယန္တရားသည် "အီဗိုလူးရှင်းယန္တရား"မဖြစ်နိုင်ချေ။ သဘာဝ၏ရွေးချယ်မှုသည် သူ့ဖါသာသူဘာမျှမတတ်နိုင်ဟု ဒါဝင်က လက်ခံထားပေသည်။ ထို့ကြောင့် ဤအချက်ကပင် သဘာဝတွင် "အီဗိုလူးရှင်းယန္တရား"မရှိကြောင်းကို ပြလျက်ရှိပေသည်။ အီဗိုလူးရှင်းယန္တရားမရှိသည်နှင့်တပြိုင်တည်း၊ အီဗိုလူးရှင်း – တစ်စတစ်စအလိုအလျောက်ဆင့်ကဲပြောင်းလဲခဲ့သည်ဆိုသော စိတ်ကူးယဉ်ကာလပိုင်းသည်လည်း ရှိမည်မဟုတ်ချေ။

## ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်း – ကြားကာလပုံစံများမရှိ

အီဗိုလူးရှင်းသီအိုရီဇာတ်လမ်း လုံးဝမရှိခဲ့ကြောင်းကို ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းတွင် မတွေ့ရခြင်းသည် အရှင်းဆုံးသက်သေခံ ဖြစ်ပေသည်။

အီဗိုလူးရှင်းသီအိုရီအရ၊ သက်ရှိသတ္တဝါများသည် တစ်မျိုးမှနောက်တစ်မျိုးအစဉ်အဆက် ပေါ်ပေါက်လာခဲ့သည်ဟု ဆိုသည်။ ယခင်ကရှိနေပြီးသော သတ္တဝါသည် အချိန်ကာလကြာမြင့်လာသောအခါ နောက်တစ်မျိုးအဖြစ်သို့ တဖြေးဖြေးချင်း ပြောင်းလဲလာခဲ့သည်ဟု ဆို၏။ အီဗိုလူးရှင်းသီအိုရီအရ၊ ထိုသို့တစ်ဆင့်စီပြောင်းလဲခဲ့သည့်အချိန်ကာလသည် နှစ်ပေါင်းသန်းပေါင်းများစွာ ကြာမြင့်ခဲ့ပေသည်။

အကယ်၍ ဤအဆိုအတိုင်း ဖြစ်ခဲ့ပါက၊ အဆိုပါပြောင်းလဲခဲ့သည့်ကာလအတွင်း မရေမတွက်နိုင်လောက်အောင် များပြားသော "ကြားကာလ မျိုးစုများ"ရှိခဲ့မည်သာဖြစ်၏။

ဥပမာ၊ အတိတ်ကာလတွင်၊ ငါးသည် ငါး၏လက္ခဏာများကျန်ရှိနေသေးစဉ် တွားသွားသတ္တဝါ၏လက္ခဏာများလည်းရှိလာရမည်ဖြစ်သဖြင့်၊ ငါးတစ်ပိုင်း ဖွတ်တစ်ပိုင်းသတ္တဝါလည်း ရှိမည်သာ ဖြစ်သည်။ ထိုတွားသွားသတ္တဝါသည်လည်း သူ၏ကြွင်းအင်လက္ခဏာများရှိနေစဉ်အတွင်း ငှက်အဖြစ်ပြောင်းလဲနေစဉ် ငှက်၏ကြွင်းအင်လက္ခဏာများလည်း ရှိလာရမည်ဖြစ်၏။ ထို့ကြောင့် ဖွတ်တူငှက်တူသတ္တဝါလည်း ပေါ်ပေါက်ခဲ့ရမည်ဖြစ်သည်။ ထိုကဲ့သို့ပြောင်းလဲနေသည့်သတ္တဝါများသည်လည်း၊ သိပ္ပံပညာအရဆိုပါက၊ ဒုက္ခိတသတ္တဝါများသာလျှင် ဖြစ်ကြပေမည်။ အီဗိုလူးရှင်းဝါဒီများက ထိုကဲ့သို့သော သူတို့အခေါ်"**ကြားကာလပုံစံ**" သတ္တဝါများ ရှိခဲ့သည်ဟု ယုံကြည်ကြပေသည်။

အကယ်၍ ဤကဲ့သို့သော သတ္တဝါများသာလျှင် အမှန်တကယ်ရှိခဲ့ပါက၊ အရေအတွက်အားဖြင့် သန်းပေါင်းမြောက်မြားစွာရှိမည်ဖြစ်သည်။ ထို့ကြောင့်၊ အလွန်ထူးဆန်းသောသတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း မှတ်တမ်းတင်ထားမည်သာ ဖြစ်သည်။ *မျိုးစုများ စတင်ပေါ်ပေါက်လာပုံ* စာအုပ်တွင် ဒါဝင်က အောက်ပါအတိုင်း ရေးသားထားပေသည်။

> အကယ်၍ ကျွန်ုပ်၏သီအိုရီမှန်ကန်ပါက၊ အနီးစပ်ဆုံးမျိုးစုများအကြား၏ ကြားမျိုးကွဲများ အမှန်တကယ် ရှိခဲ့မည်ဖြစ်ပေသည်။--ထို့ကြောင့်၊ လွန်လေပြီးသောကာလများတွင် ပေါ်ပေါက်ခဲ့သော သတ္တဝါများ၏သက်သေခံအထောက်အထားမှာ ကျောက်ဖြစ်ရုပ်ကြွင်းများပင် ဖြစ်ပေသည်။[၁၄၆]

## ဒါဝင်၏မျှော်လင့်ချက် ဆိတ်သုဉ်းသွားခြင်း

၁၉ ရာစုနှစ်မှစ၍ ယနေ့အထိ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကမ္ဘာ့နေရာတကာတွင် အပတ်တကုတ် ရှာဖွေစုဆောင်းလာခဲ့ကြသော်လည်း၊ ယနေ့တိုင် မည်သည့်ကြားပုံစံသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုတစ်လေမျှပင် မတွေ့ရှိသေးချေ။ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေရေး သုတေသနလုပ်ငန်းအားလုံး၏ တွေ့ရှိချက်များအရ၊ အီဗိုလူးရှင်းဝါဒီတို့ မျှော်လင့်သည့် ကြားပုံစံမတွေ့ရသည့်ပြင်၊ သတ္တဝါများသည် ရုတ်တရက် အင်္ဂါရပ်အပြည့်အစုံဖြင့်သာ ပေါ်ပေါက်လာခဲ့ကြကြောင်း ဖော်ထုတ်ထားပေသည်။

နာမည်ကျော်ကြားသော ဗြိတိသျှလူမျိုး ကျောက်ဖြစ်ရုပ်ကြွင်းပါရဂူဖြစ်သူ Derek W. Ager က၊ သူကိုယ်တိုင် အီဗိုလူးရှင်းဝါဒီဖြစ်သော်လည်း အောက်ပါအတိုင်း ဝန်ခံထားပေသည်။

> ကျောက်ဖြစ်ရုပ်ကြွင်းများကို စစ်ဆေးကြည့်သောအခါ၊ ၎င်းတို့၏ မျိုးနွယ်အဆင့်တွင်ဖြစ်စေ၊ သို့မဟုတ် မျိုးစိတ်များအဆင့်တွင်ဖြစ်စေ၊ တစ်စတစ်စပြောင်းလဲလာခဲ့ကြခြင်းမရှိဘဲ၊ တစ်မျိုးဆိတ်သုဉ်းပျောက်ကွယ်သွားပြီး နောက်တစ်မျိုးရုတ်တရက်ပေါ်ပေါက်လာခဲ့ခြင်းကိုသာ၊ ထပ်ခါတလဲလဲ တွေ့ရှိရပေသည်။[၁၄၇]

ဆိုလိုရင်းမှာ၊ သက်ရှိသတ္တဝါတို့၏ မျိုးစုမျိုးစိတ်များသည်၊ ကြားသတ္တဝါမျိုးမရှိဘဲ တစ်မျိုးချင်းအင်္ဂါအပြည့်အစုံဖြင့်သာ ရုတ်တရက်ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ယင်းသည်ကား ဒါဝင်၏အမြင်နှင့် တိကျစွာဆန့်ကျင်ဘက်ဖြစ်နေပေသည်။ ထို့ထက်မက၊ ဤအချက်သည် သက်ရှိသတ္တဝါများကို ဖန်ဆင်းထားခြင်းဖြစ်ကြောင်း အခိုင်လုံဆုံးသက်သေသာဓကဖြစ်ပေသည်။ သတ္တဝါတစ်မျိုးသည်၊ ဆင်းသက်လာခဲ့သောယှဉ်အဆင့်သတ္တဝါမျိုးမရှိဘဲ ချို့ယွင်းချက်ကင်းမဲ့၍ ရုတ်တရက်ပေါ်ပေါက်လာခဲ့သည် ဟူသောအချက်သည် ထိုသတ္တဝါကို ဖန်ဆင်းထားခြင်းဖြစ်ကြောင်း ပြဆိုလျက်ရှိပေသည်။ ဤအမှန်တရားကို အီဗိုလူးရှင်းဝါဒီ ဇီဝဗေဒပညာရှင် ဒေါက်ကလပ် ဖူတူယာမာကလည်း လက်ခံပေသည်။

> သက်ရှိသတ္တဝါများ၏ အစမူလဘူတကိစ္စနှင့်ပတ်သက်၍ ဖန်ဆင်းခြင်းနှင့်အီဗိုလူးရှင်းအဆိုနှစ်မျိုးအကြား နောက်ထပ်ရှင်းလင်းချက်ပေးစရာ မရှိတော့ပါ။ သက်ရှိပစ္စည်းများသည် ကမ္ဘာပေါ်တွင် အင်္ဂါလက္ခဏာအားလုံး အပြည့်အစုံဖြင့် ပေါ်ပေါက်လာခဲ့ခြင်း ဟုတ်မဟုတ်ကိုသာ ကြည့်ရမည်။ ထိုကဲ့သို့မဟုတ်ပါက၊ ယှဉ်ရှိပြီးသားသတ္တဝါဘိုးဘေးတစ်မျိုးမျိုးမှ တစ်စတစ်ပြောင်းလဲလာခြင်းဖြင့် ဆင်းသက်လာခဲ့ခြင်းဖြစ်ရပေမည်။ အကယ်၍ ၎င်းတို့သည် အင်္ဂါလက္ခဏာအားလုံးအပြည့်အစုံဖြင့် ရုတ်တရက်ပေါ်ပေါက်လာပါက၊ ၎င်းတို့ကို အရာရာကိုစွမ်းဆောင်နိုင်သော အနန္တတန်ခိုးတော်ရှင်၊ ဉာဏ်ပညာနှင့်ပြည့်စုံတော်မူသောအရှင်က ဖန်ဆင်းထားခြင်းသာ ဖြစ်ရမည်။[၁၄၈]

ကျောက်ဖြစ်ရုပ်ကြွင်းများသည် ကမ္ဘာပေါ်တွင် အင်္ဂါလက္ခဏာများအပြည့်အစုံဖြင့်သာ ပေါ်ပေါက်လာခဲ့ကြကြောင်း ထုတ်ဖော်ထားပေသည်။ တစ်နည်းအားဖြင့်ဆိုရသော်၊ **"သတ္တဝါမျိုးစုတို့ ဖြစ်ပေါ်လာခြင်း"သည်၊ ဒါဝင်ထင်သကဲ့သို့ အီဗိုလူးရှင်းနည်းဖြင့် ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ဘဲ၊ ဖန်ဆင်းခြင်းဖြင့် ပေါ်ပေါက်လာခဲ့ပေသည်။**

## လူသားများ၏ အီဗိုလူးရှင်း စိတ်ကူးယဉ်ဒဏ္ဍာရီ

အီဗိုလူးရှင်းသီအိုရီကို ကာကွယ်သူများက မကြာခဏ တင်ပြလေ့ရှိသောအချက်မှာ လူသားများ၏ အစမူလဘူတအကြောင်းပင်ဖြစ်ပေသည်။ ဒါဝင်ဝါဒီများက ခေတ်သစ်လူသားများသည်၊ မျောက်ဝံကဲ့သို့သော သတ္တဝါအမျိုးမျိုးမှ ဆင်းသက်လာခဲ့ကြသည်ဟု တင်ပြကြပေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄–၅သန်းခန့်အတွင်း ၎င်းမျောက်ဝံဘိုးဘေးများနှင့် ခေတ်သစ်လူသားများအကြားရှိ သတ္တဝါများ အသက်ထင်ရှားနေထိုင်ခဲ့ကြသည်ဟု ဆိုကြသည်။ ဤစိတ်ကူးယဉ်ဇာတ်လမ်းတွင်၊ အခြေခံအားဖြင့် အဆင့်လေးဆင့်ခွဲထားကြ၏။

၎င်းတို့မှာ၊

၁။ ဩစတြိုလိုပိသိကပ်စ်

၂။ ဟိုမိုဟာဘီလစ်

၃။ ဟိုမိုအီရက်တပ်စ်

၄။ ဟိုမို ဆေပီယံ စသည်တို့ဖြစ်ပေသည်။

အီဗိုလူးရှင်းဝါဒီတို့က "ဩစတြိုလိုပိသိကပ်စ်"သို့မဟုတ် "တောင်ပိုင်း မျောက်ဝံ"ဟု အမည်ပေးထားသောမျောက်ဝံနှင့်တူသည့်သတ္တဝါသည် လူသားတို့၏ ပထမဆုံးဘိုးဘွား ဖြစ်သည်ဟု ဆိုသည်။ အမှန်မှာ၊ ထိုသတ္တဝါများသည် မျိုးသုဉ်းခဲ့ပြီဖြစ်သော မျိုးကွဲအမြောက်အမြားရှိခဲ့သည့် မျောက်ဝံစစ်စစ်များသာဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး ခန္ဓာဗေဒပညာရှင်ဖြစ်ကြသော ဗြိတိသျှလူမျိုး လော့ဒ်ဆိုလ်လီ ဇူကာမန်နှင့် အမေရိကန်လူမျိုး ပါမောက္ခချားလ်စ်အောက်စ်နာဒ်တို့က ဩစတြိုလိုပိသိကပ်စ်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာပြုလုပ်ခဲ့သောသုတေသနအရ၊ ၎င်းသတ္တဝါများသည် မျိုးသုဉ်းခဲ့ပြီးဖြစ်သော မျောက်ဝံစစ်စစ်များသာဖြစ်၍ လူသားများနှင့် မည်သည့်အရာမျှ နီးစပ်ခြင်းမရှိကြောင်း ဖော်ထုတ်ထားပေသည်။[၁၄၉]

အီဗိုလူးရှင်းဝါဒီတို့က နောက်ထပ်အဆင့်ကို လူသားများ၏ တစ်စစီပြောင်းလဲခြင်း အီဗိုလူးရှင်းအဆင့်အဖြစ် "ဟိုမို"အဆင့်များအဖြစ် ခွဲခြားထားပေသည်။ သူတို့၏သတ်မှတ်ချက်အရ "ဟိုမို"အဆင့်သည် ဩစတြာလိုပိသိကပ်စ်အဆင့်ထက် ပိုမိုဖွံ့ဖြိုးသောသတ္တဝါများဖြစ်သည်ဟု ဆိုသည်။ အီဗိုလူးရှင်းဝါဒီတို့က ဤကျောက်ဖြစ်ရုပ်ကြွင်းများဖြင့် စိတ်ကူးယဉ်အီဗိုလူးရှင်းအစီအစဉ်ကို ဆွဲကြပေသည်။ အမှန်မှာ ၎င်းအဆင့်များအကြား ဆက်စပ်မှုကို သက်သေထူပြထားခြင်းမရှိသဖြင့် စိတ်ကူးယဉ်အစီအစဉ်သာလျှင်ဖြစ်ပေသည်။ ၂၀ ရာစုနှစ်အတွင်း အီဗိုလူးရှင်းသီအိုရီကို ကာကွယ်ပြောဆိုသူများအနက် အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည့် အာန်းစ်မေယာက ဤအချက်ကို "ဟိုမိုဆေပီယံအထိ ဆက်စပ်မှုကွင်းဆက် အမှန်ပင် ပျောက်နေပါသည်"ဟု လက်ခံပေသည်။[၁၅၀]

ဩစတြာလိုပိသိကပ်စ်>ဟိုမိုဟာဘီလစ်>ဟိုမိုအီရက်တပ်စ်>ဟိုမိုစေပီယံ စသည့်အစီအစဉ်တွင် အလျင်တစ်မျိုးသည် နောက်လာသည့်တစ်မျိုးပေါက်ဖွားလာခဲ့သည့် ဘိုးဘေးအမျိုးဖြစ်သည်ဟု အီဗိုလူးရှင်းဝါဒီတိုက ဆိုသည်။ သို့သော်လည်း ကျောက်ဖြစ်ရုပ်ကြွင်းသုတေသနအရ နောက်ဆုံးတွေ့ရှိချက်မှာ ဩစတြာလိုပိသိကပ်စ်၊ ဟိုမိုဟာဘီလစ်နှင့် ဟိုမိုအီရက်တပ်စ်တို့သည် တခေတ်တည်းတချိန်တည်းတွင် ကမ္ဘာ့အပိုင်းတစ်နေရာစီ၌ အသက်ရှင်ထင်ရှားခဲ့ကြသောသတ္တဝါများ ဖြစ်ကြောင်းသိရှိရပေသည်။[၁၅၁]

ထို့ထက်မက၊ ဟိုမိုအီရက်တပ်စ်သတ္တဝါများသည် လွန်ခဲ့သည့်မကြာသေးမီကာလအထိ အသက်ထင်ရှားနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပေသည်။ ဟိုမိုစေပီယံနီယံဒါတာလင်းစစ်နှင့်

ဟိုမိုစေပီယံ(ခေတ်သစ်လူသား)များသည်လည်း တစ်ပြိုင်တည်းတခေတ်တည်းတွင် အသက်ထင်ရှား နေထိုင်ကြကြောင်း ထပ်မံတွေ့ရှိရပေသည်။[၁၅၂]

အမှန်စင်စစ်၊ ဤအချက်များကပင် ယင်းသတ္တဝါအဆင့်များသည် တစ်မျိုးသည် နောက်တစ်မျိုးမှ ပေါက်ဖွားပြောင်းလဲလာခဲ့ခြင်းမဟုတ်ကြောင်းကို သက်သေထူလျက်ရှိနေပေသည်။ ဟားဗတ်တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ ပါမောက္ခ စတီဖင် ဂျေဂေါလ်က၊ သူကိုယ်တိုင် အီဗိုလူးရှင်းဝါဒီဖြစ်နေသော်လည်း၊ ဒါဝင်၏သီအိုရီ အကြပ်ရိုက်နေခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> ဟိုမိုမျိုးနွယ်စုများဖြစ်သည့် A. africanus, robust australopithecines နှင့် H. habilis တို့ တစ်ချိန်တစ်ကာလတည်းမှာ ပြိုင်တူအသက်ထင်ရှားပေါ်ပေါက်ခဲ့သည်ဆိုလျှင်၊ တစ်မျိုးစီက နောက်တစ်မျိုးမှ ဆင်းသက်လာကြောင်း ထင်ရှားစွာဖော်ပြနိုင်ခြင်းမရှိပါက၊ ကျွန်ုပ်တို့ထပ်မံတက်လှမ်းမည့်လှေကားမှာ မည်သို့ဖြစ်သွားတော့မည်နည်း။ ထို့ထက်မက၊ ထိုသုံးမျိုးစလုံးအနက် တစ်ခုမျှကမ္ဘာပေါ်တွင် အသက်ရှင်နေစဉ်အတွင်း အီဗိုလူးရှင်းလက္ခဏာ ပြသသည့်အလားအလာမရှိခြင်းကပိုဆိုးနေပေသည်။[၁၅၃]

အတိုချုံး၍ပြောရမည်ဆိုလျှင်၊ မီဒီယာသတင်းလောကနှင့် ကျောင်းသုံးစာအုပ်များတွင် ရေးဆွဲဖော်ပြထားသည့် စိတ်ကူးယဉ် “မျောက်တစ်ဝက် လူတစ်ဝက်”ပုံများသည်၊ တစ်နည်းအားဖြင့် လူသားတို့၏အီဗိုလူးရှင်း တစ်စတစ်စအလိုအလျောက်ပြောင်းလဲဆင်းသက်လာခဲ့သည့် ဖြစ်စဉ်စိတ်ကူးယဉ်ဇာတ်လမ်းကို သက်ဆိုးရှည်နေအောင် ဝါဒဖြန့်နေသည့်နည်းများသာဖြစ်၍၊ သိပ္ပံ ပညာအခြေခံမရှိသော ဒဏ္ဍာရီဇာတ်လမ်းများသာလျှင် ဖြစ်ပေသည်။

ဗြိတိန်နိုင်ငံမှ အများဆုံးလေးစားခြင်းခံရသည့် သိပ္ပံပညာရှင်တစ်ဦးဖြစ်သော လော့ဒ်ဆိုလ္လီဇူကာမန်သည်၊ ဤကိစ္စနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ လေ့လာခဲ့သည့်ပြင်၊ သြစတြာလိုပိသိကပ်စ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၅ နှစ်တိုင်သုတေသန ပြုခဲ့ရာမှ၊ အီဗိုလူးရှင်းဝါဒီဖြစ်သော်လည်း၊ နောက်ဆုံးတွင် မျောက်ကဲ့သို့သောသတ္တဝါများမှ လူသားအကြားဆက်နွယ်ပေါက်ဖွားမှုမတွေ့ရှိရကြောင်း နိဂုံးချုပ်အဖြစ် တင်ပြခဲ့ပေသည်။

ဇူကာမန်က စိတ်ဝင်စားဖွယ်ကောင်းသော“သိပ္ပံပညာဆိုင်ရာနယ်ပယ်”အစီအစဉ်တစ်ခုကိုလည်း ရေးဆွဲခဲ့ပေသည်။ သိပ္ပံနည်းကျသောဘာသာရပ်များဟု သူ့အနေဖြင့်လက်ခံသည့် ဘာသာရပ်များနှင့် သိပ္ပံနည်းမကျသောဘာသာရပ်များကို အစီအစဉ်အလိုက် နယ်ပယ်သတ်မှတ်ထားပေသည်။ ခိုင်လုံသည့်အထောက်အထားများကို အခြေခံသော ဓါတုဗေဒနှင့် ရူပဗေဒဘာသာရပ်များကို ပထမတန်းထိပ်ဆုံးတွင်ထား၍၊ ၎င်းနောက်တွင် ဇီဝဗေဒဆိုင်ရာဘာသာရပ်များနှင့် လူမှုရေးဘာသာရပ်များ စသည်ဖြင့် အစီအစဉ်ဆွဲထားပေသည်။ ထို“နယ်ပယ်”သတ်မှတ်သည့်အစီအစဉ်နောက်ဆုံးပိုင်းတွင်၊ သိပ္ပံနည်းမကျသောဘာသာရပ်များကို ဆက်လက်ဖော်ပြထားပေသည်။ ဇူကာမန်အနေဖြင့် သိပ္ပံနည်းမကျသောဘာသာရပ်များမှာ အာရုံငါးပါးပြင်ပ သိရှိမှုများဖြစ်သည့်၊ တယ်လီပသီခေါ်ဇာန်ဝင်ခြင်း၊ ဆဋ္ဌမအာရုံ စသည်တို့ဖြစ်၍ နောက်ဆုံးတွင် အီဗိုလူးရှင်းသီအိုရီ ဖြစ်ပေသည်။ ထို “သိပ္ပံပညာဆိုင်ရာ နယ်ပယ်”၏နောက်ဆုံးတွင်၊ ဇူကာမန်က အောက်ပါအတိုင်း ဖြည့်စွက်ရေးသားထားပေသည်။

> ဤအစီအစဉ်တွင်၊ ဓမ္မဒိဋ္ဌာန်ကျသောအမှန်တရားများ၏နောက်ပိုင်းတွင် ဇီဝဗေဒဘာသာရပ်ဟုဆိုသောဘာသာရပ်များဖြစ်သည့် အာရုံငါးပါးပြင်ပအသိများ သို့မဟုတ် ကျောက်ဖြစ်ရုပ်ကြွင်းများကိုအဓိပ္ပါယ်ဖော်ခြင်းများ၊ စသည်တို့တွင်၊ အီဗိုလူးရှင်းသီအိုရီကို သစ္စာခံထားသူအတွက် ဘာမဆိုဖြစ်နိုင်ပေသည်။ အီဗိုလူးရှင်းသီအိုရီတွင် စိတ်ထက်သန်သူတစ်ဦးအတွက် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေသော အရာများကိုပင် တစ်ပြိုင်တည်းတွင် ယုံကြည်နိုင်ပေသည်။[၁၅၄]

ထို့ကြောင့်၊ လူသားများဆိုင်ရာအီဗိုလူးရှင်း (လူသားများတစ်စတစ်စပြောင်းလဲဖြစ်ပေါ် လာခြင်း)ဇာတ်လမ်းတွင်၊ သူတို့တွေ့ရှိသော ကျောက်ဖြစ်ရုပ်ကြွင်းအချို့ပေါ်အခြေခံထားသော သီအိုရီကို မျက်စိမှိတ်ယုံကြည်သူအချို့၏ သုံးသပ်ဝေဖန်ချက်များသာ ဖြစ်ပေသည်။

## မျက်စိနှင့် နားတွင်ရှိသည့် နည်းပညာ

အီဗိုလူးရှင်းသီအိုရီက အဖြေမပေးနိုင်သေးသောအရာနှစ်ခုမှာ၊ မျက်စိနှင့်နား တွင်ပါရှိသည့် အထူးကောင်းမွန်သည့် အာရုံခံစားမှုအရည်အသွေးပင်ဖြစ်ပေသည်။

မျက်စိနှင့်ပတ်သက်၍ မဆွေးနွေးမီ၊ ကျွန်ုပ်တို့ "မည်သို့မြင်ရသည်"ကို အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။ အရာဝတ္ထုတစ်ခုမှလာသော ရောင်ခြည်တန်းများသည် ရက်တီနာခေါ် မျက်စိ၏နောက်ပိုင်းတွင်ရှိသည့် ကားချပ်ပေါ်တွင်ကျရောက်ပြီး ပြောင်းပြန်ပုံရိပ်ပေါ်စေသည်။ ဤနေရာတွင် ဆဲလ်များက လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲပေးပြီး ဦးနှောက်၏ မြင်ခြင်းအပိုင်းသို့ ထိုလှိုင်းများကို ပို့ပေးလိုက်သည်။ ဦးနှောက်၏ ထိုအပိုင်းတွင် မျက်စိရှေ့တွင်ရှိသည့်အရာဝတ္ထုများ၏ပုံရိပ်အဖြစ် အစီအစဉ်အတိုင်း အဓိပ္ပါယ်ဖော်ပေးလေသည်။ ဤလက်တွေ့ကျသည့် အခြေခံအပေါ် ဆက်လက်၍ စဉ်းစားကြည့်ကြပါစို့။

ဦးနှောက်သည် အလင်းရောင်မှ ကာကွယ်ထားပေသည်။ ဆိုလိုရင်းမှာ၊ ဦးနှောက်တည်ရှိရာနေရာ၌ အလင်းရောင်မရောက်နိုင်သဖြင့်၊ မှောင်မိုက်လျက်ရှိ၏။ အမြင်ဆိုင်ရာအပိုင်းသည် အလင်းရောင် မရောက်နိုင်သော မှောင်မိုက်လျက်ရှိသည့်နေရာဖြစ်ပေသည်။ အသင်ကြုံဘူး သိဘူးသည့် အမှောင်များထက် ပိုမို၍မှောင်မိုက်သောနေရာလည်းဖြစ်ပေလိမ့်မည်။ သို့သော်လည်း၊ အသင်သည် ထိုပိန်းပိတ်အောင်မှောင်နေသောနေရာ၌ လင်းထင်းလျက်ရှိသော ကမ္ဘာကို တွေ့မြင်နေရပေသည်။

မျက်စိဖြင့်မြင်ရသည့် ပုံရိပ်သည် အလွန်အမင်းထင်ရှားပြတ်သားလေရာ၊ ၂၀ ရာစုနှစ်ရှိ နည်းပညာတက်နိုလိုဂျီကပင် ထိုမျှပြတ်သားသောပုံရိပ်ကို ရရှိအောင်မပြုလုပ်နိုင်သေးချေ။ အသင်ဖတ်နေသောစာအုပ်ကို မြှောက်၍သေချာစွာကြည့်ပါ။ သင့်ပတ်ဝန်းကျင်ကိုလည်း တဖန်လှည့်၍ကြည့်ပါ။ အသင်သည် ထိုကဲ့သို့ထင်ရှားပြတ်သားသောပုံများကို မည်သည့်နေရာတွင် တွေ့မြင်ဘူးပါသနည်း။ တိုးတက်ဖွံ့ဖြိုးဆုံးစက်ရုံမှ ထုတ်လုပ်သည့် ရုပ်မြင်သံကြားစက်၏ ဖန်ကားချပ်တွင်ပင် ထိုမျှထင်ရှားပြတ်သားသောပုံကို မပြသနိုင်သေးချေ။ မျက်စိဖြင့် တွေ့မြင်ရသည့် ပုံရိပ်များသည်လည်း သုံးဖက်တန်ပုံရိပ်များဖြစ်၍၊ အင်မတန်ပြတ်သားသော ရောင်စုံပုံရိပ်များလည်း ဖြစ်ပေသည်။ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ဦးရေထောင်နှင့်ချီသောအင်ဂျင်နီယာတို့က မျက်စိဖြင့်မြင်ရသည့်ပုံရိပ်အတိုင်း ဖော်ပေးနိုင်သည့် စက်ကိရိယာကို ကြိုးစားတီထွင်ကြသော်လည်း မအောင်မြင်ကြသေးချေ။ ဤကိစ္စနှင့်ပတ်သက်၍ ကြီးမားသောစက်ရုံများဆောက်လုပ်၍ စီမံကိန်းအမျိုးမျိုးချမှတ်ကာ သုတေသနအမျိုးမျိုးပြုကြပေသည်။ သင်၏ ရုပ်မြင်သံကြားစက်ကို တဖန်လှည့်ကြည့်ပါဦး။ ထို့နောက် အသင်ကိုင်တွယ်ထားသော စာအုပ်ကိုလည်း ထပ်မံ၍ကြည့်ပါ။ ထင်ရှားပြတ်သားမှု၌ အကြီးအကျယ်ကွာခြားနေသည်ကို တွေ့မြင်ရပါမည်။ ထို့ထက်မက၊ ရုပ်မြင်သံကြားကားချပ်တွင် အလျားအနံသာပါဝင်သည့် နှစ်ဖက်တန်ပုံရိပ်ကိုသာ မြင်ရ၍၊ အသင့်မျက်စိဖြင့်မြင်ရသောပုံရိပ်များမှာ အလျားအနံအနက်(သို့မဟုတ် အမြင့်)သုံးမျိုးလုံးပါဝင်သည့် သုံးဖက်တန်ပုံရိပ်ဖြစ်ပေသည်။

တကမ္ဘာလုံးရှိ အင်ဂျင်နီယာပေါင်း ထောင်သောင်းမကတို့သည် နှစ်ပေါင်းများစွာအတွင်း မျက်စိဖြင့်မြင်ရသည့်ပုံရိပ်အတိုင်း ပြတ်သားရှင်းလင်းသောပုံရိပ်ဖော်နိုင်သည့် ရုပ်မြင်သံကြားစက်ကို ထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြပေသည်။ သုံးဖက်တန်ပုံရိပ်ကို ဖော်နိုင်သော်လည်း အထူးစီမံထားသည့် မျက်မှန်တပ်၍ကြည့်မှသာလျှင်မြင်နိုင်၍ တွေ့မြင်ရသည့် ပုံရိပ်သည်လည်း ပုံရိပ်အတုဖြစ်ပေသည်။ နောက်ခံပုံရိပ်သည်လည်း ကြည်လင်ပြတ်သားခြင်းမရှိဘဲ မှုန်ဝါးနေ

သည်။ မျက်စိဖြင့် တွေ့မြင်ရသည့် ပုံရိပ်အတိုင်း ဘယ်သောအခါမှ ထုတ်ဖော်နိုင်ခြင်းမရှိကြချေ။ ကင်မရာနှင့် ရုပ်မြင်သံကြားစက်နှစ်မျိုးလုံးတွင် ပုံရိပ်၏အရည်အသွေးများ လျော့နည်းလျက်သာရှိနေပေသည်။

အီဗိုလူးရှင်းဝါဒီတို့က ထိုကဲ့သို့ကြည်လင်ထင်ရှားပြတ်သားသောပုံရိပ်ကို ဖော်ထုတ်နိုင်သည့်ယန္တရားသည် မတော်တဆကြုံကြိုက်၍ အလိုအလျောက်ဖြစ်ပေါ်လာခဲ့သည်ဟု အဆိုပြုကြပေသည်။ ကောင်းပြီ၊ အသင်၏ ရုပ်မြင်သံကြားစက်သည်၊ ဒြပ်ပစ္စည်းအတမ်အဏုမြူများအလိုလိုလာရောက်စုရုံးပြီး အလိုအလျောက်မတော်တဆဖြစ်လာသည်ဟု ပြောပါက အသင်မည်သို့ထင်မည်နည်း။ ထောင်သောင်းမကသော လူတို့က ထုတ်လုပ်နိုင်ခြင်းမရှိသည့်အရာသည် အတမ်များ အလိုအလျောက်လာရောက်စုရုံး၍ သူ့အလိုလို ဖြစ်ပေါ်လာပါမည်လော။

မျက်စိဖြင့် တွေ့မြင်ခြင်းလောက်ကြည်လင်ပြတ်သားသောပုံရိပ်ကို ထုတ်ဖော်ပေးနိုင်စွမ်းမရှိသည့်၊ မျက်စိလောက်ခေတ်မမီသေးသည့် စက်များသည်ပင် အလိုအလျောက်ဖြစ်ပေါ်လာနိုင်ခြင်းမရှိပါက၊ ကြည်လင်ပြတ်သားဆုံးပုံရိပ်ကို ထုတ်ဖော်ပေးနိုင်သည့် မျက်စိသည်လည်း သူ့အလိုအလျောက် ကြုံကြိုက်၍ဖြစ်ပေါ်လာခဲ့ခြင်း မဖြစ်နိုင်ပေ။ နားသည်လည်း ထိုနည်းနှင်နှင် ဖြစ်ပေသည်။ နား၏ပြင်ပပိုင်းသည် အသံကိုဖမ်းယူ၍ အသံလှိုင်းများကို နား၏အလယ်ပိုင်းသို့ပို့လိုက်သည်။ ထိုအလယ်ပိုင်းတွင် အသံကိုချဲ့ပေး၍ လျှပ်စစ်လှိုင်းများအဖြစ်ပြောင်းလဲပေးကာ ဦးနှောက်သို့ ပို့ပေးလိုက်သည်။ မျက်စိကဲ့သို့၊ အသံသည်လည်း ဦးနှောက်တွင်းရှိ ကြားခြင်းအပိုင်းတွင် အသံကို ခွဲခြားပေးဖြင့် ကြားရသည်။

နားနှင့်ပတ်သက်၍လည်း၊ မျက်စိကဲ့သို့သော အခြေအနေအတိုင်းပင်ဖြစ်ပေသည်။ မြင်ခြင်းအပိုင်းကို အလင်းမှကာကွယ်ထားသကဲ့သို့၊ ဦးနှောက်တွင်းရှိ ကြားခြင်းအပိုင်းသည် လည်း အသံမရောက်နိုင်အောင်ကာကွယ်ထားသဖြင့် တိတ်ဆိတ်နေပေသည်။ သို့သော်လည်း ကြည်လင်ပြတ်သားဆုံးသောအသံကို ဦးနှောက်၏ကြားခြင်းအပိုင်းတွင် ကြားရပေသည်။ အသံမရောက်နိုင်အောင်ကာကွယ်ထားသောဦးနှောက်တွင်း၌၊ အသင်သည် သာယာနာပျော် ဘွယ်ကောင်းသောတေးသီချင်းသံများနှင့် ဆူညံသံများကို ပြတ်သားစွာကြားနေရပေသည်။ အ ကယ်၍ အသံတိုင်းတာသည့်ကိရိယာဖြင့် ထိုအချိန်သမယတွင် ဦးနှောက်တွင်းရှိကြားခြင်းအပိုင်းကို တိုင်းတာကြည့်ပါက၊ အသံဟူ၍လုံးဝမရှိဘဲ လုံးဝတိတ်ဆိတ်နေခြင်းနှင့် ကြုံရပေမည်။

ပုံရိပ်နှင့်ပတ်သက်၍ကြိုးပမ်းကြသလို၊ အသံ၏နကိုယ်အရည်အသွေးအတိုင်းရရှိနိုင်ရန် နှစ်ပေါင်းများစွာကြိုးပမ်းလာခဲ့ကြလေပြီ။ ထိုသို့ကြိုးပမ်းကြ၍ ရရှိခဲ့ကြသော အသံဆိုင်ရာကိရိယာများမှာ အသံဖမ်းစက်များ၊ ဟိုင်ဖိုင်စနစ်များ၊ အသံခွဲခြားစက်များ စသည်ဖြင့် စက်အမျိုးမျိုးတီထွင်ထားကြပေသည်။ ထိုကြိုးပမ်းမှုများတွင် အင်ဂျင်နီယာပေါင်းထောင်သောင်းမကတို့ ပါဝင်ကြသော်လည်း၊ နားဖြင့်ကြားရသောအသံကဲ့သို့ ရှင်းလင်းပြတ်သားကြည်လင်သောအသံကို မရရှိနိုင် မထုတ်လုပ်နိုင်ကြသေးချေ။

အသံဆိုင်ရာအကောင်းဆုံးစနစ်ဟုသတ်မှတ်ကြသည့် အကြီးဆုံးတူရိယာဆိုင်ရာကရိယာထုတ်လုပ်ရေးစက်ရုံများမှထုတ်လုပ်သည့် ဟိုင်ဖိုင်စနစ်အသံဖမ်းစက်များပင် နကိုအသံအချို့အပိုင်းများ မပါလာဘဲ ပျောက်နေသည်ကို တွေ့ရပေသည်။ မလိုအပ်သည့်အနှောင့်အယှက်သံများလည်း တကျီကျီမြည်၍ အပိုပါလာသေးသည်။ သို့သော်လည်း လူသားတို့၏ကိုယ်ခန္ဓာတွင်းရှိ အသံဖမ်းနည်းပညာသည် အကောင်းဆုံးအကြည်လင်ဆုံးအသံကို ရရှိစေပေသည်။ လူသားတို့၏နားမှ အသံပိုအနှောက်အယှက်သံများ မကြားရပေ။ လူသားကို စတင်ဖန်ဆင်းကတည်းက ထိုအတိုင်း ရှိလာခဲ့ခြင်းပင် ဖြစ်ပေသည်။

ယခုအချိန်အထိ လူသားတို့၏စက္ခုအာရုံနှင့် သောတာရုံတို့မှ လက်ခံရရှိသော မြင်တွေ့ရသည့်ပုံရိပ်နှင့်ကြားရသည့်အသံများလောက် ကြည်လင်ပြတ်သားခြင်းအဆင့်ကို မှီနိုင်သည့် ကိရိယာ စက်ပစ္စည်းမထုတ်လုပ်နိုင်ကြသေးချေ။

စက္ခုအာရုံနှင့် သောတာရုံတို့နှင့်ပတ်သက်၍ အထက်တွင်ဆွေးနွေးခဲ့ကြသည်ထက်မက သော အချက်အလက်များသည်လည်း နောက်ကွယ်တွင်အမြောက်အမြား ရှိနေပါသေးသည်။

## ဦးနှောက်တွင် မြင်ခြင်းနှင့်ကြားခြင်းသည် မည်သူနှင့် သက်ဆိုင်ပါသနည်း။

ဦးနှောက်တွင် မည်သူက လုပသည့်ကမ္ဘာကြီးကို စောင့်ကြည့်နေပါသနည်း။ မည်သူက သာယာနာပျော်ဘွယ်ကောင်းသော တေးဂီတများနှင့် ငှက်ကလေးများ၏တီတီတာတာ အသံများကို နားဆင်နေပါသနည်း။ မည်သူက အနံ့အရသာများကိုခံစားနေပါသနည်း။

လူသားတို့၏ မျက်စိ၊ နားနှင့်နှာခေါင်းများမှလာသောနှိုးဆွပေးခြင်းသည် ဦးနှောက်သို့ လျှပ်စစ်–ဓါတုအာရုံကြောနှိုးဆွမှုအဖြစ် ရောက်ရှိသွားပေသည်။ ဇီဝဗေဒ၊ ဇီဝဓါတုဗေဒနှင့် ဇီဝ ကမ္ဘဗေဒစာအုပ်များတွင် မည်သို့မြင်ရသည်၊ မည်သို့ကြားရသည်၊ မည်သို့အနံ့အရသာခံစားရ သည် စသည့်အကြောင်းရပ်များကို အသေးစိတ်ဖတ်ရှုနိုင်ပါသည်။ သို့သော်လည်း၊ ထိုစာအုပ် များတွင် အရေးကြီးဆုံးအချက်ဖြစ်သည့် – ထိုလျှပ်စစ်ဓါတုအာရုံကြောနှိုးဆွမှုဖြစ်သည့် အာရုံခံ စားမှုများကို မည်သူကလက်ခံ၍ အဓိပ္ပါယ်ဖေါ်ခံစားနေသနည်း ဟူသောအချက်ကိုကား ဖတ်ရှု ရမည်မဟုတ်ပါ။ ဦးနှောက်တွင် ထိုအာရုံကြောနှိုးဆွမှုများကို ၎င်းမျက်စိ၊ နားနှင့် နှာခေါင်း များတွင် ခံစားမှုမရှိဘဲ လက်ခံအဓိပ္ပါယ်ဖေါ်ပေးနေသည့် အသိတရားသီးခြားရှိနေပေသည်။ ထိုအသိတရားသည်၊ အာရုံကြော၊ ဦးနှောက်ရှိအဆီလွှာနှင့်အာရုံဆဲလ်(နျူရွန်)များနှင့်သက်ဆိုင် ခြင်းမရှိသည်မှာ ထင်ရှားနေပေသည်။ ထို့ကြောင့်၊ အစစအရာရာသည် ဒြပ်ဝတ္ထုပစ္စည်းများ ဖြင့်သာ ဖွဲ့စည်းပါဝင်နေသည်ဟု ယုံကြည်သူ ဒါဝင်ဝါဒီတို့က ဤကိစ္စနှင့်ပတ်သက်၍ အဖြေ မပေးနိုင်ကြချေ။

ဤအသိတရားသည် အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားသော **ဝိညာဉ်**ပင်ဖြစ်ပေသည်။ ဝိညာဉ်သည် ပုံရိပ်ကိုကြည့်မြင်ရန်အတွက် မျက်စိမလိုအပ်သလို၊ အသံကြားရန်အတွက် နား လည်းမလိုအပ်ချေ။ ထို့ထက်မက ဝိညာဉ်သည် စဉ်းစားဆင်ခြင်ရန်အတွက် ဦးနှောက်လည်း မ လိုအပ်ချေ။

ဤရှင်းလင်းပြတ်သားပြည့်စုံလုံလောက်၍ သိပ္ပံနည်းကျသောအချက်ကို ဖတ်ရှုမိသူ သည်၊ ပိန်းပိတ်အောင်မှောင်မိုက်နေသော ကုဗစင်တီမီတာအနည်းငယ်မျှသာရှိသည့် နေရာ သေးသေးလေးတွင် စကြာဝဠာတစ်ခုလုံးကို အရောင်အဆင်းနှင့်ပြည့်စုံ၍ လင်းဝင်းတောက်ပ နေသော သုံးဖက်တန်ပုံရိပ်အဖြစ် ဖြစ်ညှစ်ပြသထားနိုင်သော အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက် ၍ စဉ်းစားဆင်ခြင်၊ ကြောက်ရွံ့ရှိသေ၍ ထိုအရှင်မြတ်ထံတော်ပါး၌ ခိုလှုံသင့်ပေသည်။

## ရုပ်ဝါဒီ၏ ယုံကြည်ချက်

ယခုအချိန်အထိ ကျွန်ုပ်တို့လေ့လာခဲ့သမျှအရ၊ အီဗိုလူးရှင်းသီအိုရီသည် သိပ္ပံပညာအ ချက်အလက်များနှင့် တခြားစီဖြစ်နေသည်မှာ ရှင်းနေပေသည်။ အသက်ရှင်ခြင်း၏အစမူလ ဘူတနှင့်ပတ်သက်၍ အီဗိုလူးရှင်းသီအိုရီ၏အဆိုပြုချက်သည် သိပ္ပံပညာနှင့် ဆန့်ကျင်ဘက်ဖြစ် နေပေသည်။ ၎င်းကတင်ပြသည့် အီဗိုလူးရှင်းယန္တရားများသည် အီဗိုလူးရှင်းအတွက် အသုံး မဝင်ဖြစ်နေပေသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများ၌လည်း၊ ၎င်းအတွက်လိုအပ်သည့်ကြားပုံစံ သတ္တဝါများ မရှိချေ။ ဤသို့ဖြစ်နေသဖြင့်၊ အီဗိုလူးရှင်းသီအိုရီကို သိပ္ပံပညာနှင့် ဆန့်ကျင် သည့်အတွေးအခေါ်အဖြစ် စွန့်ပစ်လိုက်ရန်သာလိုအပ်ပေသည်။ အမှန်မှာ၊ သမိုင်းတွင် အီဗိုလူး

ရှင်းပုံစံကဲ့သို့သော ကမ္ဘာနှင့်ပတ်သက်သည့် အတွေးအခေါ်အမြောက်အမြားကို ခိုင်လုံမှုမရှိသဖြင့် သိပ္ပံပညာလောကမှ ပယ်ထုတ်လိုက်လေပြီ။

သို့သော်လည်း၊ အီဗိုလူးရှင်းသီအိုရီကိုမူ သိပ္ပံပညာလောက၌ အတင်းပေကပ်၍ ချန်ထားလျက်ရှိပေသည်။ အချို့က အီဗိုလူးရှင်းသီအိုရီကို ဝေဖန်သူများကိုပင် "သိပ္ပံပညာကို တိုက်ခိုက်ဆန့်ကျင်သည်"ဟု စွပ်စွဲရန်မူကြသေးသည်။ အဘယ်ကြောင့်နည်း။---

ဤကဲ့သို့ဖြစ်ရခြင်း၏အကြောင်းရင်းမှာ၊ အီဗိုလူးရှင်းသီအိုရီသည် အချို့သောပုဂ္ဂိုလ်တို့အတွက် မရှိမဖြစ်သောတရားသေယုံကြည်ချက်ဖြစ်နေပေသည်။ ဤအသိုင်းအဝိုင်းသည် ရုပ်ဝါဒအတွေးအခေါ်တွင် ခေါင်းမာမာတွယ်ကပ်နေကြ၍ ဒါဝင်၏သီအိုရီသည် သူတို့၏ရုပ်ဝါဒယုံကြည်ချက်အရ သဘာဝကိုရှင်းပြနိုင်သည့် တစ်ခုတည်းသောအတွေးအခေါ်လည်း ဖြစ်နေပြန်သည်။

တခါတရံသူတို့က ပွင့်ပွင့်လင်းလင်းပင် ဝန်ခံကြပေသည်။ ဟားဗတ်တက္ကသိုလ်မှ ကျော်ကြားသော မျိုးဗီဇဗေဒပါမောက္ခလည်းဖြစ်၊ တချိန်တည်းတွင်ရှေ့တန်းမှအီဗိုလူးရှင်းဝါဒီလည်းဖြစ်သူ ရစ်ချတ်လီဝန်တင်က သူသည်"ပထမရှေ့တန်းတွင်ရုပ်ဝါဒီဖြစ်၍၊ သိပ္ပံပညာရှင်သည် ဒုတိယအဆင့်ဖြစ်သည်"ဟု အောက်ပါအတိုင်း ဝန်ခံထားပေသည်။

> သိပ္ပံပညာထုံးတမ်းဓလေ့များနှင့် နည်းလမ်းများက အံ့ဖွယ်ထူးကဲသောကမ္ဘာအကြောင်း ရုပ်ပိုင်းဆိုင်ရာရှင်းလင်းချက်များကို အတင်းလက်ခံစေခြင်းမဟုတ်မူဘဲ၊ ကျွန်ုပ်တို့၏ ရှိရင်းစွဲယုံကြည်ချက်များက ရုပ်ဝါဒကိုရှင်းပြနိုင်သည့် အတွေးအခေါ်နည်းပညာများကိုရှာဖွေရန် အတင်းအကြပ်ပြုနေခြင်းဖြစ်သည်။ ထိုသို့ရှာဖွေရာတွင်၊ မိမိတို့အလိုလိုသိနိုင်သော အသိတရားနှင့်ပင် ဆန့်ကျင်နေခြင်းနှင့်၊ မည်မျှပင် စိတ်ကူးယဉ်ဆန်နေခြင်း ရှိသော်လည်း၊ အရေးမကြီးပါ။ ရုပ်ဝါဒကသာလျှင် လုံးဝဥဿုံမှန်ကန်သည်ဟု ခံယူထားပါသည်။ "ဖန်ဆင်းရှင်ဘုရားသခင် ရှိသည်ဟူသော အတွေးအခေါ်သည် ကျွန်ုပ်တို့၏ တံခါးဝသို့ ရောက်မလာရန်"သာ အရေးကြီးဆုံး ဖြစ်ပါသည်။[၁၅၅]

ဤစကားလုံးများက၊ ဒါဝင်ဝါဒသည် ရုပ်ဝါဒအတွေးအခေါ်တွင် တွယ်ကပ်နေရန်အတွက် တရားသေဝါဒတစ်ခုဖြစ်ကြောင်း ထင်ရှားစေပါသည်။ ဤတရားသေဝါဒတွင် ဒြပ်ဝတ္ထုပစ္စည်းမှလွဲ၍ အခြားမည်သည့်အရာမျှ တည်ရှိခြင်းမရှိဟုဆိုသည်။ ထို့ကြောင့်၊ အသိတရားကင်းမဲ့သည့် သက်မဲ့ပစ္စည်းဖြစ်သော ဒြပ်ဝတ္ထုပစ္စည်းသည် အသက်ကိုဖန်တီးနိုင်သည်ဟု ယုံကြည်ခြင်းဖြစ်၏။ ကမ္ဘာပေါ်ရှိ သန်းနှင့်ချီသော သက်ရှိအမျိုးအစားများ၊ ဥပမာ ငှက်များ၊ ငါးများ၊ သစ်ကုလားအုပ်များ၊ ကျားများ၊ ပိုးမွှားများ၊ သစ်ပင်များ၊ ပန်းမာလ်များ၊ ဝေလငါးများနှင့် လူသားများသည်၊ မိုးနှင့်လျှပ်စီးလက်ခြင်းစသည့်သက်မဲ့စွမ်းအင်များကြောင့် ဖြစ်ပေါ်လာသည်ဟု ယုံကြည်ခြင်းဖြစ်သည်။ ဤယုံကြည်ချက်သည်ကား၊ လူ့အသိဉာဏ်နှင့် သိပ္ပံပညာတို့နှင့် အမှန်ပင်ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ သို့သော်လည်း၊ "ဖန်းဆင်းရှင်ရှိသည်ဟူသောအတွေးအခေါ်က တံခါးဝသို့ရောက်မလာစေရန်"အတွက် ဤယုံကြည်ချက်ကို ကာကွယ်ထွေးပိုက်လျက်ရှိကြပေသည်။

ရုပ်ဝါဒကို ကြိုတင်ဘက်လိုက်ခြင်းမရှိဘဲ အသက်အားလုံး၏အစမူလဘူတကို ကြည့်မြင်သုံးသပ်သူသည်၊ သက်ရှိပစ္စည်းအားလုံးကို အနန္တတန်ခိုးတော်ရှင်၊ အလုံးစုံကိုသိရှိတော်မူသည့် သဗ္ဗညုတဉာဏ်တော်ရှင်၊ အသိတရားနှင့်ပြည့်စုံတော်မူသောဖန်ဆင်းရှင်၏ လုပ်ဆောင်ချက်ဖြစ်ကြောင်းကို သိရှိမည်ဖြစ်ပေသည်။ ထိုဖန်ဆင်းရှင်သည်၊ စကြာဝဠာတစ်ခုလုံးကို ဗလာနတ္ထိအလျှင်းမရှိရာမှ ပုံစံချ၍ ပြီးပြည့်စုံဆုံးအဖြစ်သို့ ဖန်ဆင်းထား၍ သက်ရှိသတ္တဝါအားလုံးကိုလည်း ဖန်ဆင်းထားသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။

မှတ်ချက်များ။

## NOTES


1 Robert Wright, *The Moral Animal*, Vintage Books, New York: 1994, p.7

2 Anton Pannekoek, *Marxism and Darwinism*, Translated by Nathan Weiser, Chicago, Charles H. Kerr &Company, 1912, http://csf.colorado.edu/psn/ marx/Other/Pannekoek/Archive/1912-Darwin/

3 Theodore D. Hall, *The Scientific Background of the Nazi "Race Purification" Program*, http://www.trufax.org/avoid/nazi.html

4 Francis Darwin, *The Life and Letters of Charles Darwin*, D. Appleton and Co., 1896, vol. 2, p.294

5 Stephen Jay Gould, *The Mismeasure of Man*, W.W. Norton and Company, New York, 1981, p.72

6 Jacques Barzun, *Darwin, Marx, Wagner*, Garden City, N.Y.: Doubleday, 1958, pp.94-95, cited in Henry M. Morris, *The Long war Against God*, Baker Book House, 1989, p.70

7 A.E. Wilder-Smith, *Man's Origin Man's Destiny*, The Word for Today Publishing, 1993, p.166

8 Charles Darwin, *The Descent of Man*, 2nd edition, New York, A L. Burt Co., 1874, p. 178

9 Charles Darwin, *The Descent of Man*, 2nd edition, New York, A L. Burt Co., 1874, p. 171

10 Godfrey Lienhardt, *Social Anthropology*, Oxford University Press, p. 11

11 Benjamin Farrington, *What Darwin Really Said*, London: Sphere Books, 1971, pp. 54-56

12 James Ferguson, "The Laboratory of Racism", *New Scientist*, vol. 103, (September 1984, p. 18)

13 Lalita Prasad Vidyarthi, *Racism, Science and Pseudo-Science*, Unesco, France, Vendôme, 1983. p. 54

14 David N. Menton, Ph.D., The Religion of Nature: Social Darwinism, *St. Louis MetroVoice*, September 1994, Vol. 4, No. 9

15 Stephen Jay Gould, *Ever Since Darwin*, W. W. Norton & Company, New York 1992, p. 217

16 Stephen Jay Gould, *Ever Since Darwin*, W. W. Norton & Company, New York 1992, p. 220

17 Alaeddin Şenel, *Irk ve Irkçılık Düşüncesi* (The Idea of Race and Racism), Ankara: Bilim ve Sanat Yayınları, 1993, p. 67-68

18 Thomas Gossett, *Race: The History of an Idea in America*, Dallas: Southern Methodist University Press, 1963, p.81 cited in Alaeddin Şenel, *Irk ve Irkçılık Düşüncesi* (The Idea of Race and Racism), Ankara:Bilim ve Sanat Yayınları, 1993, p. 68

19 Jacques Attali, *1492*, Librairie Arthème Fayard, 1991, p.197

20 François de Fontette, *Le Racisme* (Racism), 6th ed. Presses Universitaires de France, 1988, p. 40-41

21 James Joll, *Europe Since 1870: An International History*, Penguin Books, Middlesex, 1990, p. 102-103

22 Kenneth J. Hsü., reply to comment on "Darwin's Three Mistakes", *Geology*, vol. 15, April 1987, p.377

23 Süleyman Kocabaş, *Hindistan Yolu ve Petrol Uğruna Yapılanlar: Türkiye ve İngiltere* (The Road to India and What Has Been Done for the Sake of Oil: Turkey and Britain), 1.baskı, İstanbul: Vatan Yayınları, 1985, p. 231

24 Francis Darwin, *The Life and Letters of Charles Darwin*, Vol.I, 1888. New York D. Appleton and Company, p.285-286

25 Henry M. Morris, *The Long War Against God*, Baker Book House, 1989, p.70

26 Henry M. Morris, *The Long War Against God*, Baker Book House, 1989, p.71

27 Thomas Gossett, *Race: The History of an Idea in America*, Dallas: Southern Methodist University Press, 1963, p.188

28 Alaeddin Şenel, *Irk ve Irkçılık Düşüncesi* (The Idea of Race and Racism), Ankara:Bilim ve Sanat Yayınları, 1993, p. 85-90

29 Henry Fairfield Osborn, "The Evolution of Human Races", *Natural History*, April 1980, p. 129 – reprinted from January/February 1926 issue

30- François de Fontette, *Le Racisme* (Racism), 6th ed. Presses Universitaires de France, 1988, p. 101

31 François de Fontette, *Le Racisme* (Racism), 6th ed. Presses Universitaires de France, 1988, p. 105

32 Jani Roberts, *How Neo-Darwinism Justified Taking Land From Aborigines and Murdering Them in Australia*, http://www.gn.apc.org/inquirer/ausrace.html

33 Jani Roberts, *How Neo-Darwinism Justified Taking Land From Aborigines and Murdering Them in Australia*, http://www.gn.apc.org/inquirer/ausrace.html

34 Jani Robert, *How Neo-Darwinism Justified Taking Land From Aborigines and Murdering Them in Australia*, http://www.gn.apc.org/inquirer/ausrace.html

35 *Creation Ex Nihilo*, Vol 14, No. 2, March-May 1992, p. 17

36 *Philadelphia Daily News*, 28 April 1997

37 Philips Verner Bradford, Harvey Blume, *Ota Benga, The Pygmy in the Zoo*, Canada, October 1993 p. 269

38 Philips Verner Bradford, Harvey Blume, *Ota Benga, The Pygmy in the Zoo*, Canada, October 1993, p. 267

39 Philips Verner Bradford, Harvey Blume, *Ota Benga, The Pygmy in the Zoo*, Canada, October 1993, p. 266

40 Philips Verner Bradford, Harvey Blume, *Ota Benga, The Pygmy in the Zoo*, Canada, October 1993, p.264

41 Philips Verner Bradford, Harvey Blume, *Ota Benga, The Pygmy in the Zoo*, Canada, October 1993, p. 259

42 Bryan Appleyard, *Brave New Worlds*, Harper Collins Publishers, London 1999, p. 49-50

43 Alaeddin Şenel, *Irk ve Irkçılık Düşüncesi* (The Idea of Race and Racism), Ankara:Bilim ve Sanat Yayınları, 1993, pp.62-6

44 *War Against Religion* http://www.geocities.com/Heartland/Meadows/1733/book2-ch3.html

45 J. Tenenbaum., *Race and Reich*, Twayne Pub., New York, p. 211, 1956; cited by Jerry Bergman, Darwinism and the Nazi Race Holocaust, http://www.trueorigin.org/holocaust.htm

46 L.H. Gann, "Adolf Hitler, The Complete Totalitarian", *The Intercollegiate Review*, Fall 1985, p. 24; cited in Henry M. Morris, *The Long war Against God*, Baker Book House, 1989, p. 78

47 K. Ludmerer., *Eugenics, In: Encyclopedia of Bioethics*, Edited by Mark Lappe, The Free Press, New York, p. 457, 1978; cited by Jerry Bergman, Darwinism and the Nazi Race Holocaust, www.trueorigin.org/ holocaust.htm

48 G. Stein., Biological science and the roots of Nazism, *American Scientist* 76(1):p. 54, 1988; cited by Jerry Bergman, Darwinism and the Nazi Race Holocaust, http://www.trueorigin.org/holocaust.htm

49 Adolf Hitler, *Mein Kampf*, München: Verlag Franz Eher Nachfolger, 1993, p. 44, 447-448; cited by A.E. Wilder Smith, Man's Origin Man's Destiny, The Word For Today Publishing 1993, p. 163, 164

50 P. Weindling, *Health, Race and German Policies Between National Unification and Nazism* 1870-1945, Cambridge University Press, Cambridge, MA, 1989, cited by Jerry Bergman, *Darwinism and The Nazi Race Holocaust*, www.trueorigin.org/holocaust.htm

51 Theodore D. Hall, *The Scientific Background of the Nazi "Race Purification" Program*, http://www.trufax.org/avoid/nazi.html

52 Theodore D. Hall, *The Scientific Background of the Nazi "Race Purification" Program*, http://www.trufax.org/avoid/nazi.html

